www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# နီကိုရဲ

ပန်းသီးထဲကနံရိုး ပန်းသီးထဲကပိုး

မောင်မျိုး

စီစဉ်သည်

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံတော်အစိုးရ၏ ဆောင်ပုဒ်များ

မှတ်ချက် — အပိုင်းအောက်တွင် ပါရှိသော စာသားကို စာမျက်နှာပေါ်တွင် ဖော်ပြထားသည့်အတိုင်း ကူးထားသည် —

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး၊ ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီး သူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုး တက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စာမူခွင့်ပြုချက်အမှတ်
၅၀၀၇၉၉၀၇၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၁၀၅၀၈၁၁

**ထုတ်ဝေသူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**
ပထမအကြိမ် ၂၀၁၁ခုနှစ်
အုပ်ရေ ၁၀၀၀၊တန်ဖိုး ၁၀၀၀ကျပ်

ပန်းသီးထဲကနံ့ရိုး/ဖိုး/နီကိုရဲ။ -ရန်ကုန်၊ ၈၉၅.၈၃
ကြောင်နှစ်ကောင်စာပေ၊ ၂၀၁၁။
၂၀၄-စာ ၊ ၁၈.၅ x ၁၃.၅ စင်တီ။ (၁)ပန်းသီးထဲကနံ့ရိုး/ဖိုး

www.burmeseclassic.com

www.burmeseclassic.com

"လူတိုင်းမှားတတ်ကြလို့သာ
ခဲတံတွေမှာ ခဲဖျက်တွေ
တပ်ပေးထားတာပေါ့ . . .
ကျေးဇူးပြုပြီး . . .
နှလုံးသားမှာလည်း
ခဲဖျက်လေးတပ်ပေးပါ . . ."

ကြောင်နှစ်ကောင်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

"မနက်ဆိုရင် ခေတ်မင်္ဂလာဆောင်ပြီ. . .၊ မပိုင်ဆိုင်နိုင်တော့တဲ့ ပစ္စည်းလေးတစ်ခုကို နှမြောမိလိုက်တဲ့ ခံစားမှုလေးလောက်ပဲရှိတာကွ၊ ခေတ်နဲ့ ငါနဲ့က ချစ်သူတွေမှမဟုတ်တာ. . .။

ငါ့ကိုချစ်ဖို့နေနေသာသာ ငါ့ကို ကြည့်လို့တောင်ရတာမဟုတ်ဘူး၊ အခု သူ မင်္ဂလာဆောင်တော့မယ်၊ ငါ မခံစားရပါဘူး ကျောင်းရာ၊ ငါ့နှလုံးသားက ဒီအတိုင်းပုံမှန်ပဲ၊ အပေါ်ခွံလေးပွန်းရုံလောက်ပါကွာ"

ပြောရင်းနှင့် သူရယ်သည်။ တကယ်လည်း သူ ရယ်နိုင်ပါသည်။ သူ့ဘာသာ မင်္ဂလာဆောင်. . . ဆောင်ပေါ့ ဘာဖြစ်လဲ။ ကိုယ့်ကိုပြန်ချစ်တဲ့ ပူစီလေးမှမဟုတ်တာ။ အနေသာကြီး။

သူ့ကိုကြည့်ကာ မျိုးဆွေသန်း ခေါင်းညိတ်သည်။

"မှန်တယ် That's Right မိုးဇက်၊ ဒီလိုပဲခံယူရမှာပဲ၊ မင်းပါးတစ်ဖက်ကို စမ်းကြည့်စမ်း"

သူ ယောင်ပြီးစမ်းကြည့်လိုက်သည်။

"ဘာလဲ ကျောင်း၊ ဝက်ခြံရှိလို့လား၊ မပေါက်ပါဘူးဟ"



www.burmeseclassic.com

www.burmeseclassic.com



"ထပ်သရိုး. . . သုံးထပ်သားပါပဲ၊ အခွံကလည်းထူပ့်"

"မင်းကို ရွှေမြို့တော် ချစ်တီးဆိုင်ရှေ့မှာ ခေါ်ခဲ့တာလေ၊ ခေတ်တ မင်းပါးကိုပိတ်ရိုက်ခဲ့တာလေ၊ အတိတ်မေ့ပြီလား၊ ဖြတ်ပိုင်းကျန်ခဲ့ပြီလား မိုးဇက်"

အခုမှ သတိရလိုက်သည်။ သူ့မျက်နှာကြီးရဲသွားသည်။

ပြုံးစစ အရှက်ပြေ လက်ဘက်ရည်တစ်ငုံစ စီးမြောချလိုက်သည်။

"စာမဖွဲ့ပါနဲ့ကွာ၊ ရာဇဝင်ထဲမှာမှ မရှိခဲ့တဲ့ဟာ၊ ငါကတော့ပျော်ပျော်ပဲသူငယ်ချင်း. . . ဟား. . . ဟား. . . ဟား. . ."

ရယ်တောင်ရယ်လိုက်သေးသည်။ တကယ်လည်း သူ့ရင်ထဲမှာထိထိခိုက်ခိုက် ခံစားမိဟန်မပေါ်။ သူနှင့် မျိုးဆွေသန်း ရယ်မောမိသော်လည်း ရွှေထွန်းကတော့ နံဘေးမှာထိုင်ကာ ဂိန်းဆော့နေသည်။ ညနေခင်း လက်ဘက်ရည်စီးမြောမှုတွင် ရင်သည် ပေါ့ပေါ့လေးလန်းနေ၏။

ဒါပေမယ့် . . .

ခံစားမှုစကားတစ်လုံး၏အနက်သည် ဆယ်မိနစ်ဆိုသောအချိန်အတွင်းမှာ လားရာဆန့်ကျင်သွားတတ်သည်။ ခေတ်အပေါ်မှာခံယူမိသော သူ့နှလုံးသား၏ ခံစားမှုသည် နောက်ဆယ်မိနစ်ဆိုသောအချိန်တွင် လက်ပစ်ဗုံးတစ်လုံးလို 'ဝုန်း'ကနဲကွဲပေါက်ကာ ရင်တစ်ခုလုံးတစ်စစီဖြစ်စေတော့မည်။

နှလုံးသားသည် လက်ပစ်ဗုံးတစ်လုံးမှန်းသူမသိခဲ့။ နရီခေတ်သည် ဘယ်အချိန်ကများ သူ့နှလုံးသားထဲသို့ ယမ်းမှုန့်ယမ်းစတွေဖြည့်သိပ်သွားခဲ့လေသည်မသိ။

"ကောင်းလား. . . အိုးဟိုး. . . ဒီမေးခွန်းကို အချစ်ရယ်မေးခတ်တယ်. . . ကောင်းလား. . . အိုးဟို. . . ဒီမေးခွန်းကို အချစ်ရယ်





ဖြေရမလား. . . ကောင်းလား"

ကချင်အဆိုတော်မလေးက သူ့ဟန်းဖုန်းထဲမှ အော်ဆိုပြီး အသိပေးလိုက်သည်။ နံပါတ်ကိုကြည့်စရာမလို။ မာမီအော့်ဆီမှ ဖုန်းဆက်မှန်း မျက်လုံးကန်းသွားတောင်မှ သိသည်။ မာမီသည် သူတို့အားသူ့ဖုန်းမှန်းသိအောင် သီးခြားခေါ်သံထည့်ပေးထားသည်။ အော်ဇီကြယ်ကြယ်ဆိုသည်မှာ အိုင်တီပညာရှင်တစ်ယောက်ပဲလေ. . .။

"ဟယ်လို. . . ပြောပါကြယ်ကြယ်"

"တား. . . မိုးဇက်. . . အခု. . . တား. . . ဘယ်မှာလဲ"

"လက်ဘက်ရည်ဆိုင်မှာ ဘုရားလမ်းထိပ်ကဆိုင်မှာ အဲဒီဆိုင်ကြယ်ကြယ်သိပါတယ်"

"ဟယ်. . . တိတယ်. . . တိပြီ၊ တားကို အရမ်းကို အရေးကြီးတဲ့စကား မာမီချွေမလို့။ မနက်ကျရင် ခေတ်လေးမြန်မာရုပ်ရှင်တွေထဲကလို ပန်းကလေး ခြေထောက်နဲ့ နင်းတွားတဲ့ ရိုက်ချက်မျိုးဖြစ်တော့မှာ တားတိတယ်နော်"

"သိတယ်ကြယ်ကြယ်၊ ကျွန်တော်တို့ အခုပဲ အဲဒီအကြောင်းကိုပြောပြီး ရယ်နေကြတာလေ"

"ရယ်တယ်. . . အိုး. . . မိုင်ဒီးယားဘရက်ပစ်၊ ရယ်တယ်၊ မရယ်ရဘူး. . . မရယ်ရဘူး၊ တားငိုရတော့မှာ လာပြီ. . . လာပြီ၊ မာမီနာဂစ်ထက်မြန်တဲ့ စပီ Speed နဲ့ လေးဘီးလုံးရွှေ့ပြီ။ စောင့်နေ"

တကယ်လည်း နာဂစ်ထက်ပြင်းတဲ့ ရင်ခွင်းမုန်တိုင်းစကားကို အော်ဇီကြယ်ကြယ် သယ်ချလာပြီဖြစ်ပါသည်။

ဘာမျှပင်မကြာလိုက်။ သူတို့ လက်ဘက်ရည်ဆိုင်လေးရှေ့သို့ အော်ဇီကြယ်ကြယ်၏ ပရာဒိုကြီး တုန့်ကနဲ ကျောက်ချပစ်လိုက်၏။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com



အသားကဖြူဖြူ၊ ပိန်ပိန်သွယ်သွယ်၊ လူပျံက သန့်သန့်နှင့် ပရာဒိုကြီးပေါ်မှ အနက်ရောင်ခွာမြင့်ဖိနပ်နှင့် ခြေထောက်လေးကျ လာကာ သူတို့ရှိရာလှမ်းလာနေ၏။ စင်စစ် အော်ဇီကြယ်ကြယ်၏ ခြေထောက်လေးတွေသည် မအပ်မရာဖြစ်အောင်ပင်လှပါသည်။ အော်ဇီကြယ်ကြယ်၏ CRAZY မှာလည်း ခွာမြင့်ဒေါက်ဖိနပ်လေးများ ဖြစ်သည်။ No Correction စာတမ်းပါ T-Shirt အနက်ရောင်၊ ဂျင်း ဘောင်းဘီကွာတားနှင့် ကြည့်လို့တော့ကောင်းသည်။ နှုတ်ခမ်းဆိုးဆေး လေး ပါးပါးဆိုးထားသည်။ ဆံပင်က ကုတ်ပေါ်ဝဲကျ အူဝဲလို အဖျား မှာ လှိုင်းကြီးတွေခွေလိပ်ကောက်ချလို့။ လှတော့လည်းအတော်လှသည်။

အသက်ကသုံးဆယ်စွန်းစ. . .။ ယောကျ်ားဘသားဆိုပေမယ့် တန်ပန်ကန္တဲ့နွဲ့။ မိန်းကလေးတစ်ယောက်လို Body မျိုးဖြစ်အောင် လည်း မဖန်တီး။ ပကတိအတိုင်း ပါးပါးလျားလျားပဲနေတတ်သည်။ ဣန္ဒြေအေးအေးနှင့် စိန်ကဲလည်း ကျွမ်းသည်။ နတ်လိုလို အကြား အမြင်လိုလိုလည်း လိုင်းပူးသည်။ ယောကျ်ားလေးတွေနှင့် ဟိုကိစ္စ သည်ကိစ္စ ရှုပ်ရှုပ်ယှက်ယှက်မရှိ။ သည်တော့ တကယ့်ကို ဘယ်လို ပြောရမည်မသိ။

နာမည်ရင်း ကြည်ထွန်းဖြစ်သည်။ နည်းပညာတက္ကသိုလ်မှ ကျောင်းပြီးစထိ ယခုလောက် မိန်းမလျာဘဝမရောက်သေး. . .။ ပညာတတ်ဆိုတော့ ဩစတြေးလျမှာ လေးနှစ်ကြာ ပညာသင်ရင်း အလုပ်လုပ်ခဲ့သည်။ အဲဒီကပြန်လာသည်နှင့် အော်ဇီကြယ်ကြယ်ဟူ သော ဝိသေသနှင့် အထက်လွှာစိန်လောကမှာ နေရာတစ်ခုနှင့် အေးဆေး။ သည်လောက်ဆို အော်ဇီကြယ်ကြယ် ကဏ္ဍ ပြည့်စုံပြီ ထင်၏။

ချယ်နယ်ဖိုက်ရနံ့သင်းသင်းလေးက ပဝါပိုးသားဘာစ်စလို ဇော့ သွဲ့မြောယိမ်းကာ ရွှေထွန်း၏လက်တွေကို ပွတ်သပ်တုန့်ရပ်ပစ်လိုက်





သည်။ ရွှေထွန်းက ဂိမ်းကိုပိတ်ကာ ဟန်းဖုန်းကို အိတ်ထဲထည့်သည်။ မြေစွယ်ချိုးရွှေ့မြောမှုနှင့် နေရာပြောင်းထိုင်ပေးသည်။ ဝိုင်းထိပ်မှာ သီးခြားမိန့်မိန့်လေး ကြယ်ကြယ်ထိုင်တော့ ဦးဆုံးခံစားမှုမှာ ရွှေထွန်း ၏ အပြုံးဖြစ်သည်။

"မာကြယ်. . . ဘော. . . ဘော. . . ဘော. . . ဘော. . . ဒီ . . . ဒီ. . . ဒီည သား ဆော့. . . ဆော့မလို့"

ရွှေထွန်းက စကားနည်းနည်းလောလျှင် ထစ်တတ်သည်။

ကြယ်ကြယ် မျက်လုံးလေးပြူးသွားသည်။ ပါးကလေးရဲသွား သည်။

"ကောင်ပဲ့လေး. . . ဘာစကားပြောတာလဲ"

"မာကြယ်. . . မှုတ်. . . မှုတ်. . . မှုတ်. . . မဟုတ်ဘူး. . . မဟုတ်ဘူး မာကြယ်၊ ဘော. . . ဘော. . . မန်. . . မန်. . . မန်ယူ လေ မာကြယ်"

ကြယ်ကြယ် သက်ပြင်းလေးချရင်း မျက်တောင်ကော့ကြီးတွေ ဖျတ်ကနဲပြုသည်။

"ဒီမှာ မိုးဇက်လေးကိစ္စ သေရေးရှင်ရေး ပြေးချလာပါတယ် ဆိုမှ တူက ဘောဆော့ဖို့ ဆီးမေးနေပြန်ပြီ တကတည်း"

"ပြောလိုက်ပါ မာမီရာ၊ သားတို့က အေးဆေးပါ Happy ပါ"

ကြယ်ကြယ် မျက်ဝန်းဝေ့သည်။ ဆိုင်ထဲမှာ သူတို့ဝိုင်းမှလွဲ၍ တစ်ယောက်မျှမရှိကြ။ အချိန်က နေညိုလေပြီနိုး ချိုးရေဆင်းကြချိန် လေ။ ကြယ်ကြယ် လက်ဝါးလေးဖြန့်တော့ ရွှေထွန်းက ငါးထောင် တန်လေးတစ်ရွက် ရိုရိုသေသေထည့်ပေးသည်။

"အယ်. . . ဆင်ဖြူတစ်ကောင်ပဲဆက်ရင် တစ်ဖက်ပဲကြည့်လို့ ရမှာ၊ ခေါ်ရမှာက oversea နော်၊ ဖာကြီးပီကေဖိုးတောင်မရှိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဖာကြီးက မင်းလို ပုသိမ်က ရေမြောကမ်းတင်လွင့်လာတာမဟုတ်ဘူး နော်"

အပြောကညက်တော့ ရွှေထွန်း နောက်ထပ် ဆင်ဖြူတစ်ကောင် ပသလိုက်ရသည်။ မန်ယူနည်းပြကြီး ဖာဂူဆန်ကို ကြယ်ကြယ်က ဖာကြီးဟု လက်ရေးတိုခေါ်သည်။

"ဖာကြီးနဲ့ ဘယ်သူနဲ့လဲ"

"မာကြယ်. . . လီး. . . လီး. . . လီ. . . လီ. . . လီဗာပူး"

"အမလေး. . . ငါက ငါ့ကိုများဆဲနေတာလားလို့ လီဗာပူး ပြောတာများ တကတည်း"

ကြယ်ကြယ် မျက်လုံးလေးမှိတ်ကာ မျက်တောင်ကော့ကြီးတွေ ပိတ်လျက် အာရုံယူနေသည်။ ကြယ်ကြယ့်အာရုံမှာ ဘာတွေရှိနေမည်တော့မသိ။ သူတို့တွေမှာတော့ နားရွက်မခတ် အမြီးမခတ်ရဲကြ။

"အယ်. . . ဘင်နီ. . . ဘင်နီ. . . ငတက်. . . အောက်ဆင်းလာပြီ။ မာမီမြင်နေတယ်။ မိနစ်ရှစ်ဆယ်နီးလာပြီ။ ခုနစ်ဆယ်ကျော် ရွှေထွန်း ကြက်အူချောင်း၊ ဝမ်းဝမ်း. . . ဝမ်းဝမ်းပဲ ရွှေထွန်း၊ အောက်ဆင်းထိုင် အောက်ဆင်းထိုင် အထက်ကမရိုက်နဲ့"

"ဟုတ်. . . ဟုတ်ကဲ့. . . မာကြယ်"

ကြယ်ကြယ်ပြောသည်ကတစ်မျိုး၊ ရွှေထွန်းက အူလည်လည်နှင့် ခုံပေါ်မှဆင်းကာ ကြွေပြားပေါ်ထိုင်အချ. . .

"ရွှေထွန်း. . . တား အောက်မထိုင်နဲ့ဦး၊ ရပ်ထားဦး ရပ်ထား"

ကြယ်ကြယ် ဘာတွေအာရုံမြင်သည်တော့မသိ။ ရွှေထွန်း အမြန်ရပ်လိုက်သည်။ ကြယ်ကြယ်က မျက်စိမှိတ် အာရုံလွှင့်နေဆဲ။

"အယ်. . . ငတက်. . . ငတက်ဘက်က ရပ်. . . ရပ်. . . ရွှေထွန်း ပေါင်. . . ပေါင်ကြီးကား. . . ရပ်နေ ရပ်ထား. . . ဘင်နီငတက်"

မျက်စိမှိတ် အာရုံလွှင့်သူက ဘာတွေမြင်၍ ဘာတွေပြောသည်မသိ။ ရွှေထွန်းက အူကြောင်ကြောင်နှင့် ကြယ်ကြယ်ရှေ့ရပ်နေရင်း ခြေထောက်နှစ်ချောင်းကားလိုက်မိသည်။





"အယ်. . . မြင်ပြီ. . . အတေးလေး. . . အတေးလေးတော့။ ကျည်ဆန်လေး ဟက်ဟက်ဟက်"

ရွှေထွန်း ရှက်ကိုးရှက်ကန်းနှင့် ထိုင်အချ. . .

ကြယ်ကြယ်၏ နောက်ဆက်တွဲစကား. . .

"ကျည်ဆန်လေး. . . ဂိုလီဗာရဲ့ ပေါင်ကြားထဲမှာ ဒိုင်ဗင်လေး ထိုးလိုက်တာ။ အဲတော့ ဝင်သွားပြီ။ ကျည်ဆန်လေး. . . ဝင်သွားပြီ ပက်ကျိဆန်လေး ဒိုင်ဗင်ခေါင်း ဝင်သွားပြီ အဲ. . . အဲ. . . ကော်ဖီမစ် ရွှေထွန်း 2 in 1 ကော်ဖီမစ် တူးဝမ်း တူးဝမ်း ဖာကြီးက တူးဝမ်းနဲ့အငြိမ်ပဲ"

မှတ်ကရော. . . ဖူးကပ်ပါတစ်ခါတည်းချသွားသည်။ အာရုံယူအပြီးမှာ ကြယ်ကြယ် မျက်လုံးလေးတွေ ဖျတ်ကခနဲပွင့်လာသည်။ နည်းနည်းလေးမောသွားဟန်. . .။

ကြယ်ကြယ်ပြုံးသည်။ ပြုံးရာမှ မျက်ခုံးလေးကြုံ့သည်။ သတိတရ တစ်စုံတစ်ခုကို ပြေးမြင်လိုက်ဟန်။

"အယ်. . . မိုးဇက်. . . မိုးဇက်. . . တားကိစ္စပြောရဦးမယ်၊ ဒုက္ခနော် ခေတ်လေးလေ ခေတ်လေး စောစောက မာမို့ဆီ ရောက်လာတယ်၊ ပုလဲတွေခလို့၊ ရှိုက်ကြီးတငင်ငိုလိုက်တာ။ ဒုက္ခနော်၊ ဘာလဲဆိုတော့နော်"

"ဘာ. . . ဘာဖြစ်လို့ ငိုတာလဲကြယ်ကြယ်၊ သူက ဘာလို့ငိုတာလဲ"

"အဲဒါပြောမလို့လေ၊ တားတို့က ဒီမှာရယ်နေ၊ ခေတ်လေးမှာတော့ ဝမ်းနည်းတကြီး မာကြယ့်ကိုဖက်ပြီး ငိုပြောတာလေ၊ ခေတ်အခု လက်ထပ်ရမယ့်လူကို မချစ်ဘူးတဲ့၊ တူတကယ်ချစ်တာ မိုးဇက်



www.burmeseclassic.com

www.burmeseclassic.com



ကိုပါ၊ တူချစ်တာ မိုးဇက်တဲ့တားရဲ့”

“ဗျာ. . . မာ. . . မာမီ. . .

ခေတ်. . . ခေတ်တကယ်ချစ်တာက. . .

ကျ. . . ကျွန်တော်ဟုတ်လား”

အဲဒီမှာတင် စိတ်နဲ့ခန္ဓာဟာ ဒိန်းကနဲ စကြာဝဠာအပြင်ကို လွင့်ထွက်သွားတော့တာပါပဲ။ ဆိုခဲ့ပြီးသည့်အတိုင်းပါပဲ။ စကားတစ်လုံး. . . ဆယ်မိနစ်အတွင်းမှာ ခံစားမှုဆန့်ကျင်သွားသည်။ သူ့ရင်သည် တဆတ်ဆတ်တုန်ခါမောလှိုက်နေသည်။

နှလုံးသားသည် လက်ပစ်ဗုံးတစ်လုံးဖြစ်သွား၏။

ပန်းတစ်ပွင့်သည် ချက်ချင်းပွင့်လာပါမည်တဲ့လား။

အဖူးဘဝ ကာလရှည်ကြာရှိခဲ့ရသည်ကို မင်းမသိခဲ့တာပဲ ဖြစ်မှာပါ မိုးဇက်ရယ်. . .။

✠ ✠ ✠

စိတ်နှင့်ကိုယ်သည် မကပ်။ သူ ငေါင်ငေါင်တောင့်တောင့်ကြီးငေးကြောင်နေဆဲ။ ကြယ်ကြယ်သည် သူ့ကို ကြောင်ကြည့်နေသည်။ မျိုးဆွေသန်းက လှုပ်နှိုးသည်။

“မိုးဇက်. . . မိုးဇက်. . . သတိထားလေ၊ သတိထား သူငယ်ချင်း”

သူသည် ကြယ်ကြယ့်ကို အားမလိုအားမရမေးလိုက်သည်။

“ကြယ်ကြယ်. . . ပြန်ပြောပြစမ်းပါ၊ ခေတ်က ကျွန်တော့်ကိုပဲချစ်တာဟုတ်လား၊ ခေတ်က ကျွန်တော့်ကိုချစ်တယ်တဲ့လား ကြယ်ကြယ်”

ကြယ်ကြယ် ခေါင်းညိတ်အပြမှာ သူ ခေါင်းငိုက်ကျသွား





သည်။

“ဒါနဲ့များဗျာ. . . ခေတ် ကျွန်တော့်ကို ဘာလို့ မုန်းတယ်၊ နင့်မျက်နှာ မကြည့်ချင်ဘူး၊ ဘယ်တော့မှ လိုက်မနှောင့်ယှက်နဲ့လို့ ပြောခဲ့ရတာလဲ၊ ဘာလို့ ကျွန်တော့်ပါးကိုရိုက်ခဲ့ရတာလဲ၊ အဲဒါ အဲဒီမိန်းကလေးဟာ ကျွန်တော့်ကိုပဲချစ်တယ်တဲ့လား ကြယ်ကြယ်”

“အဲဒါပေါ့. . . အဲဒါတွေကို စဉ်းစားမိလေ၊ တူ့ကိုယ်တူ ခွင့်မလွှတ်နိုင်လေပဲတဲ့၊ ခေတ်လေးလေ ငိုလိုက်တာကွယ်၊ တူဟာ မင်းကိုပြန်ချစ်မိတာကြာပြီတဲ့၊ ဒါပေမယ့် မင်းဘက်က အားလုံး ရပ်တန့်သွားတော့ တူ့မှာ မိန်းမတားလေ၊ တူ ဘယ်လို မင်းကို ဇာတ်လမ်းဆက်ရမှာတဲ့လဲ၊ မင်းကလည်း တွေ့လိုက်တိုင်း ဒီဆားလင်းကြီး ငလွင့်နဲ့ပျော်ပျော်ပဲလေ၊ ခေတ်လေးခမြာ ဘယ်လောက် ကြိတ်ခံစားခဲ့ရရှာမလဲ၊ တူ မင်းကို ဘယ်အချိန်မှာချစ်တွားတယ်ဆိုတာ မတိလိုက်ပေမယ့် တူချစ်နေတာကို မင်းကမတိဘဲ နာကျည်းခဲ့မယ်၊ ကဲ အခုကျ တူမချစ်တဲ့ မနှစ်သက်တဲ့တူ့ရဲ့ရင်ခွင်ထဲ ဝင်ရတော့မယ်၊ တူ့မှာ ထွက်ပေါက်မရှိဘူးလေ၊ တေချင်တယ် မာမီရယ်တဲ့၊ ခေတ်လေ မိုးဇက်ကို တိပ်ချစ်တာပဲတဲ့”

“တော်. . . တော်ပါတော့ ကြယ်ကြယ်ရယ်၊

ဖြစ်မှဖြစ်ရလေဗျာ”

သူ့အသံတွေ တုန်ယင်မောလှိုက်နေသည်။ အချစ်ဆိုတာဘယ်လိုကြီးလဲ။ သူနှင့်ခေတ်သည် ချစ်သူတွေလည်း မဟုတ်ခဲ့ကြ။ ရင်းနှီးမှုလည်းမရှိ။ နွေးထွေးမှုလည်းမရှိခဲ့ကြ။ တကယ့်သူစိမ်းတွေလို တလျှောက်လုံးနေလာခဲ့ရာမှ ယခုကျမှ သိလိုက်ရသည့်အဖြေ. . .။

“ငကျောင်း. . . ငကျောင်း ငါဘာလုပ်ရမလဲ၊ ခေတ်က ငါ့ကိုချစ်နေတာတဲ့၊ ငါ. . . ငါ. . . သူနဲ့တွေ့ချင်လိုက်တာ၊ ငါ ဘာလုပ်ရမလဲ ငကျောင်း”



www.burmeseclassic.com

www.burmeseclassic.com



မျိုးဆွေသန်း ခေါင်းခါသည်။ တစ်ချိန်လုံးငြိမ်နေသော ရွှေထွန်းက အဖိုးတန်စွာ စကားဆိုသည်။

"အ. . . အ. . . အချစ်ဆိုတာ နှလုံးသားချင်းလောင်းကြေး ထပ်ကြတာပဲ၊ အ. . . အ. . . အခုဟာက နရီခေတ်က စစ်မျက်နှာဖွင့်လိုက်တဲ့သဘော ရင်ကိုဖွင့်ချ. . . ချ. . . ချလိုက်တာပဲ၊ ဒီအတိုင်းတော့ ရေစုန်မမျောနဲ့ မိုးဇက်၊ ကဲ. . . ငါ. . . ငါ. . . ငါတို့ ဘာ. . . ဘာ. . . ဘာဆက်လုပ်ကြမလဲ"

သူအားတက်သွားသည်။ ရွှေထွန်း၏လက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်လိုက်သည်။ အူကြောင်ကြောင် လွဲတဲတဲ ဖြစ်ခဲ့ရသည်တို့ ယခုမှ ကွင်းဆက်ရုပ်လုံးပြန်ဖော်ရတော့မည်။ ဦးနှောက်တွေ ပွင့်ထွက်အောင် စဉ်းစားရတော့မည်။ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

ဘယ်ချောင်ဘယ်ကြားမှာ အလေနတော အိပ်ပျော်နေသည် မသိသော မြားနတ်မောင်သည် ယခုမှ ကမူးရှူးထိုးနှင့် အသဲပုံအောင်လံကို သူ့လက်ထဲလာထည့်ခြင်းပါလား။ အောင်လံစွဲကိုင်လျက် ရင်ကော့ရပ်နေသော စစ်သူကြီး၏ခန္ဓာအနှံ့မှာ မြားချက်၊ ဓါးချက်၊ လှံချက်တွေက ဗလပွ။ သေမိန့်ကျကြိုးစင်ပေါ်ရောက်မှ ဒီလိုဖြစ်ရတယ်လို့။ အရင်ကတော့ တော့လွဲတွေသာတွေ့ခဲ့ရသည့်ဘဝ။ အခုကျကာမှ မိုးဇက်ကိုချစ်တယ်တဲ့လား၊ ကဲ. . . ခုကျ ဘာမှဆက်လုပ်လို့မရတဲ့ဘဝ။

ပြောရမယ်ဆိုရင်တော့ . . .

ရွှေထွန်းတစ်ယောက် သူ့ကို အော်ဇီကြယ်ကြယ်ဆီခေါ်သွားတဲ့နေရာက စလို့ ပြန်ကောက်ကြည့်လိုက်ကြရအောင်လေ။

✠ ✠ ✠





"ဂျူလီယက်ဆီဇာရဲ့ ရှုံးနိမ့်ခြင်းဟာ
အလှဘုရင်မ ကလီယိုပါထရာကြောင့်ဆိုတာကို
သိမြင်တတ်မယ်ဆိုရင်
တစ်စုံတစ်ယောက်ရဲ့ရှေ့မှာ
ကိုယ့်ရဲ့ဒူးထောက်ရခြင်းဟာလည်း
မင်းအတွက်ကလွဲလို့
ဘာများရှိနိုင်မှာတဲ့လဲ ခေတ်ရယ် . . ."



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်တည်းပဲ။ ဒါပေမယ့် ကြွက်။ တစ်ကောင်ကြွက် ပေါ့။

အဲ. . . တစ်ကောင်ကြွက်ဆိုပေမယ့် အော်ဇီကြယ်ကြယ်မှာ မွေးသမိခင်ကြီး အရှင်လတ်လတ်ရှိနေသေးသည်။ မိခင်ကြီးက သူ့သြစတြေးလျ (အော်ဇီ) မသွားခင်ကတည်းက ဘုရားရိပ်တရားရိပ်ခိုကာ ရိပ်သာမှာ လူ့ဘောင်ကို သံယောဇဉ်တစ်ကဒ်ဖြတ်သွားပြီ။ ဒီတော့လည်း အော်ဇီကြယ်ကြယ်အဖို့ စိတ်ရှက်ဖွင့်လွှင့်လို့ရသည့်ဘဝ။ ကြယ်ကြယ်က အိုင်တီသမားလေ၊ အော်ဇီကပြန်လာတော့ ပါလာသည့်ငွေပွားလေးတွေနှင့် Computer အရောင်းဆိုင်နှင့် Service Centre တစ်ခုဖွင့်သည်။ တတ်သိပြီးသားပညာရှင် ချာတိတ်တပည့်လေးတွေနှင့် လွှဲလို့ရသည်။ အေးဆေးပါပဲ။ ဂဏန်းကငြိမ်သည်။

အော်ဇီကြယ်ကြယ်သည် သူ့ကိုယ်သူ အမြဲတမ်း နံနက်ခင်း၏ နှင်းဆီပွင့်လေးလိုနေတတ်သည်။ ကြယ်ကြယ်သည် အလှဖန်တီးရှင် အဲ. . . အဲ. . . အလှဖန်တီးရှင်တွေလို ဟိုဟာချယ် ဒီဟာချယ် ဟိုဆေးထိုး ဒီဆေးစား အိုဗာပူလောင်ကြီးတွေလိုမဟုတ်။ ကြယ်ကြယ်၏





အလှက ရှင်းသန့်သည်။ အရှုပ်အထွေးမရှိ။ သူ့ကိုယ်သူတော့ မိန်းကလေးတစ်ယောက်လိုပဲ အမြဲဝတ်သည်။ ဖုံးဖိလို့မရသည်က လည်စိ(လည်ပင်းမှအစိ)ကြီးပါပဲ။ ကျန်တာ အားလုံး ချစ်စရာကောင်းသည်။

ဝါသနာပဲပြောရမည်လား။ မာမီတို့၏ဓါတ်သက်လို့ပဲ ဆိုရမည်လားမသိ။ အော်ဇီကြယ်ကြယ်မှာ နတ်လိုလို အကြားအမြင်လိုလို Normal မဟုတ်သော စိတ်လွတ်တတ်ခြင်းမျိုးလည်းရှိသည်။ သူ့အရပ်နှင့်သူ့ဇာတ်၊ သူ့ပရိသတ်နှင့်သူတော့ ဟုတ်တုတ်တုတ်၊ အရောင်းအဝယ်ကိစ္စ၊ လုပ်ငန်းကိစ္စမှအစ လင်ငယ်မယားငယ်ကိစ္စအဆုံး အော်ဇီကြယ်ကြယ်ဆိုသည်မှာ သူတို့တစ်တွေ၏ မဟာကယ်တင်ရှင်ကြီး။ အမ,ကြီးမ,သည့် မမကြီးဖြစ်နေသည်ကတော့ အံ့သြစရာ။ သူတို့တတွေ ဟုဆိုရာ၌ နရီခေတ်တို့တစ်အိမ်လုံးသည်လည်း ပါဝင်သည်။ နရီခေတ်၏အဒေါ်အပျိုကြီးသည် စိန်ရွှေရတနာဆိုင်ဖွင့်ထားသည်။ စိန်အရောင်းအဝယ်ကိစ္စတွင် စိန်ကဲကျွမ်းသော ကြယ်ကြယ့်အား ဆရာကြီးတင်မိရာမှ ဟိုကိစ္စသည်ကိစ္စမှအစ ကြယ်ကြယ့်အား နတ်လိုလို ဘာလိုလို မေးမြန်းပြီးမှ လမ်းညွှန်သမျှခံယူပြီးမှ လုပ်စရာရှိတာ ဆက်လုပ်ကြသည်။

အံ့သြဖို့ကောင်းသည်က အော်ဇီကြယ်ကြယ်ပြောသည့်အတိုင်းလည်း သူတို့လုပ်ခဲ့သမျှ ဖြစ်ထွန်းခဲ့သည်ဆိုတော့လည်း ယုံချင်တိုင်းယုံသည့်သူတွေကို အပြစ်မဆိုတတ်တော့ပြီ။ သည်လောက်ဆိုလျှင် နရီခေတ်တို့အိမ်သည် အော်ဇီကြယ်ကြယ် တံခါးမရှိ ဓါးမရှိဝင်ထွက်နိုင်ရာ။ အော်ဇီကြယ်ကြယ် လက်ညှိုးညွှန်ရာရေဖြစ်ရာ အိမ်ဂေဟာဆိုသည်ကို သဘောပေါက်လောက်ပြီထင်၏။ ဤသည်ကြောင့်လည်း ကြယ်ကြယ်နှင့် ကျွမ်းဝင်ပြီးဖြစ်သော ရွှေထွန်းသည် ကြယ်ကြယ်စံရာ ခန့်ညားထည်ဝါတိုက်တော်မင်္ဂလာသို့ မိုးဇက်ဆိုသောသူအား ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်လာခြင်းဖြစ်ပါသည်။

"အိုး. . . မိုင်ဒီးယားဘရက်ပစ်၊ ဘယ်သူများလဲလို့၊ ရွှေထွန်းလေး. . . ဟာလဝါလေးပါလား၊ Please, Wait, afew minutes မာကြယ့်ကို ခဏလေးစောင့်ပေးနော်၊ မာကြယ် အင်တာနက်ဆော့နေလို့၊ မီချိရေ. . . တားတို့အတွက် ဖရက်ဂျစ်တာထဲက coke နှစ်ဘူးချပေးပါကွယ်"

ရွှေထွန်းကတစ်ခါလာလျှင် တစ်သောင်းပသနေကျဆိုတော့ အော်ဇီကြယ်ကြယ်က ဤသို့ညှော့ဝတ်ကျေသည်။ အိမ်ဖော်ကလေးမလေးအား အအေးချပေးရန်မှာရင်း ကြယ်ကြယ်အခန်းထဲ ပြန်ဝင်သွားသည်။ ကြယ်ကြယ်က အင်တာနက်ကို အလုပ်တစ်ခုလိုအသုံးချသည်။ Google ရဲ့အောက်မှာ အသာလေးဆော့နေတတ်သည်။ စုံမှစုံ. . .၊ ဒီကနေ့ စနေနေ့ညမှာ ကန်မယ့်ဘောလုံးပွဲတွေရဲ့ ခန့်မှန်းတွေ ခဏလေးနဲ့ ကြယ်ကြယ်အလွတ်ရခဲ့ပြီးအောင် ကြယ်ကြယ့်ဉာဏ်ကကောင်းနေသည်။ အခုဟာက အွန်လိုင်းမှာ အော်ဇီမှ မိတ်ဆွေကြီးပရီးမီးယားသရဲကြီး မစ္စတာဂျော့ဒ်နန်နယ်၏ အီးမေးလ်ကို စောင့်နေခြင်းဖြစ်သည်။ ပရီးမီးယားဘောလုံးပွဲတွေမှာ ဒန်နယ်၏ခန့်မှန်းသည် ကြယ်ကြယ့်ကို သူများတွေ တအံ့တဩဖြစ်စေသည့် ဝှက်ဖဲတစ်ချက်ဖြစ်၏။ တက်လာပြီ. . .၊ ဒန်နယ်၏ ခန့်မှန်းကိုဖတ်ရင်း ကြယ်ကြယ့်မျက်နှာလေး လင်းသွားသည်။

ညှော့ခန်းကို ခြေပြန်အချ. . .၊ ချာတိတ်နှစ်ယောက်ရှေ့ကဆိုဖာအိအိကြီးပေါ် ကြွရှုထိုင်အချမှာ ကြယ်ကြယ်၏ ရွှေအိုရောင်ဆံပင်ဖြောင့်စင်းစင်းလေး ဆတ်ကနဲသွဲ့ယိမ်းသွားသည်။

"ကိတ်. . . ကိတ်. . . ကိတ်. . . ကိတ်. . . ကိစ္စနှစ်ခုပါတယ် မာ. . . မာ မာကြယ်. . . ကျ. . . ကျ ကျွန်တော်က ဘော. . . ဘော. . . ဘော. . . ဘော. . . ဘောလုံး. . .၊ သူ. . သူ. . သူက





အ. . . အ. . . အ. . . အ. . . အချစ်ကိစ္စ"

အချစ်ကိစ္စဆိုတော့ ကြယ်ကြယ်က ပြုံးထေ့မျက်စောင်းလေးခဲ့တော့ သူရှက်ပြီး ခေါင်းငုံ့သွားသည်။ ကြယ်ကြယ် ဟက်ကနဲရယ်ဖွဖွပြု၏။ ကြယ်ကြယ် လက်ဝါးလေးဖြန့်တော့ ရွှေထွန်းအိတ်ကပ်ထဲမှ ငွေယားလေးတွေ ပိုင်ရှင်ပြောင်းသွားသည်။ ကြယ်ကြယ် မျက်တောင်ကော့ကြီးတွေပိတ်ကာ အာရုံလွှင့်ဟန်ပြု၏။ သူ့ Key နှင့်သူတော့ ဟုတ်လို့. . .။

"အန်ဆလော့တီ ငါမြင်တယ်. . . ချဲလ်ဆီး. . .၊ ဘော. . . အတန်လေးတော့. . . ဘော်တန်၊ ဖာကြီးမြင်တယ် မန်ယူ. . .၊ ကဲပြော. . . ချဲလ်ဆီးဘာနဲ့လဲ အဲ. . . အဲ. . . ဘာနဲ့ပဲကန်ကန်. . . ဒရော့သောပါး ဒရော့ဘာ အမလေး နှစ်လုံးပြုံးပစ်သွင်းတယ် ညီမျှခြင်းအီးကွယ်ပဲ ချဲလ်ဆီးသရေ. . . . ချဲလ်ဆီးပွဲသရေ ဘော. . . အတန်လေး ဘော်တန်လ် ဘာနဲ့လဲ ဘော်တန်ဘာနဲ့ကန်မှာလဲ. . ."

"မန်. . မန်. . မန်. . မန်. . မန်စီးတီးနဲ့ မာကြယ်"

"မန်စီးတီး. . . တီး. . . တီး. . . တီဗက်. . . တီဗက် လာစမ်းအမလေး သူကလည်း ဒရောသောပါးလို နှစ်လုံးပြုံးကြီးသွင်းတာပါလားအီးကွဲလ်ပဲ. . .၊ ဘော်တန်မန်စီးတီးသရေပဲ. . .၊ နောက်တစ်ယောက်ဖာကြီး. . .၊ ဖာကြီး ဖာဂူဆန်ကြီး မျက်နှာမကောင်းဘူး. . . ပီကေကြီးလည်ပင်းတစ်ပြီးနင်နေတယ်"

မျက်စိမှိတ်ပြီး အာရုံမြင်ရာ စကားပွင့်တွေပေါက်ပေါက်ခြွေချနေသော ကြယ်ကြယ်ကိုကြည့်ကာ သူပါအသက်ရှူမှားနေသည်။

"ချလီချက်ပလင် မျက်နှာနဲ့ အိုဝင်လေး ဘာဂျာတော့. . .၊ ချင်ပင်ဇီ ရွှန်နီ. . . အပေါက်ပျောက်နေတယ်. . . ဂိုးပေါက်မဝင်ဘူးလွဲနေကြပြီ. . . ဒစ်. . . ဒစ်ကလေးတိုက်ပြီ ဗီဒစ် ခေါင်းတိုက်ပြီမဝင်ဘူးတော့ အယ်. . . ဖာကြီးသနားပါတယ်. . . သူ့ချစ်ချစ်လေး



www.burmeseclassic.com

www.burmeseclassic.com



နောက်မီးလင်းတယ်လို့ အာရုံမြင်တယ်. . . အိမ်ကွင်းမှာ သူများရှုံးတာခံလိုက်ရပြီ. . .၊ မန်ယူရှုံးတယ်"

ကြယ်ကြယ် မျက်လုံးလေးဖြတ်ခနဲပွင့်လာတော့ ရွှေထွန်းထိတ်သွားသည်။

"မျက်. . . မျက်. . . မျက်. . . မျက်လုံး မ. . . မ. . . မ. . . မဖွင့်ပါနဲ့ဦး. . . တဲ့ တဲ့ တစ်ပွဲလောက်ပြောပါဦး မာကြယ်"

ကြယ်ကြယ်က ရွှေရောင်ဆံပင်ဖြောင့်ဖြောင့်လေးကို ဆတ်ကနဲခါလိုက်ရင်းပြုံးသည်။

"တော်ပြီ. . . ဟာလဝါလေးရဲ့. . .၊ အဲလောက်ပဲ မာကြယ်မြင်လို့ရတယ်. . . Sorry, လအလေးရဲ့"

(မှတ်မှတ်ရရ အဲဒီညက ချဲလ်ဆီး-အဲဗာတန်-၃-၃၊ ဘော်လ်တန်-မန်စီးတီး ၃-၃-နှင့် မန်ယူ-အက်စတန်ဗီလာ ၀း၁ ဖြစ်ခဲ့သည့်အတွက် မာကြယ့်၏ အာရုံအား သူပါအံ့ဩခဲ့ရသည်။)

ယခုတစ်ခါ အလှည့်ကျသူမှာ သူဖြစ်သည်။ ကြယ်ကြယ်သည်မျက်စချီလျက်မေးဆတ်ကာ သူ့ကိုကြည့်ရင်းဆိုသည်။

"တားကရော. . . အချစ်ကိစ္စ သိချင်လို့ဟုတ်လား. . . ကဲ. . ပြော မာကြယ်ဘာလုပ်ပေးရမလဲ. . . တားက လူချောလေးပဲ. . . မာကြယ်ကူညီမှာပေါ့. . . တားနာမည်ဘယ်လိုခေါ်လဲ"

"ကျွန်တော့်နာမည် မိုးဇက်ပါ"

"မိုးဇက်. . . မိုးဇက်. . .၊ အို. . .၊ မိုးတွေ. . . z...z...z... ဆိုတော့ မိုးတွေအိပ်တဲ့အချိန် ဩဂုတ်လဆန်း LEO BORN သိဟ်ရာသီဖွားပေါ့ ဟုတ်လား"

သူ ပါးစပ်အဟောင်းသားဖြစ်သွားသည်။ တိုက်ဆိုင်သည်ပဲလား။ ကြယ်ကြယ်၏ မနောအာရုံကပဲ ထက်သည်လား။ သူ နည်းနည်းဖြုံသွား၏။





"Let Say ပြောပါဦး၊ တားနဲ့တားကောင်မလေး အခက်အခဲဘာတွေ့နေလို့လဲ"

"ကျွန်တော့်ကောင်မလေးမဟုတ်ပါဘူး၊ ကျွန်တော်ကပဲ ချစ်နေတာ၊ သူက ပြန်မချစ်သေးပါဘူး"

"အိုး. . . ဘုရားသခင်၊ ဖြစ်ရလေတားရယ်၊ တနားစရာ၊ မာကြယ် တဘောပေါက်ပြီ၊ မာကြယ်ကိုယ်ချင်းစာပါတယ်၊ အော်ဇီမှာ မာကြယ်နေတုန်းကလေ မာကြယ့်မှာလည်း ချစ်တူရှိခဲ့ဖူးတယ်၊ တူနဲ့ မာကြယ်က အဲ. . . ဘယ်လိုပြောရမလဲ၊ ဟိုကွာ၊ အော်ဇီမှာ မာကြယ် အလုပ်အားတဲ့ရက်လေး အယ်လ်အေကို ခဏသွားလည်တာ. . .၊

တူကလည်း အယ်လ်အေကို ခဏလာလည်တဲ့အချိန် လူအုပ်ထဲမှာ မာကြယ့်ကို တူပြုံးပြတွားတယ်၊ တေရာပါတဲ့အပြုံးပေါ့၊ မာကြယ့်အူတွေအတဲတွေကလီစာတွေ ကျွမ်းထိုးပစ်သွားတဲ့အပြုံးပေါ့၊ အဲဒီမှာ မာကြယ့်တူ့ကိုခိုက်တွားတယ်၊ မာကြယ် တူ့ကို အရမ်းချစ်သွားတာလေ၊ ဘားလိုပဲနေမှာပေါ့၊ မာကြယ်ကသာ တူ့ကိုချစ်နေတာ၊ တူကတော့ မာကြယ့်ကိုတိမှာတောင်မဟုတ်ဘူးပေါ့နော်၊ အခုဆို ရေခြားမြေခြားမှာ တူမှာအိမ်ထောင်နဲ့လေ၊ ကလေးတောင်ခြောက်ယောက်ရှိတွားပြီတားရဲ့၊ မာကြယ်ကတော့ တူ့ကိုချစ်နေတုန်းပါပဲ"

'ဩော်' ဟု သူ ကိုယ်ချင်းစာလိုက်မိပေမယ့် ရွှေထွန်းကအလိုက်မသိဝင်တောသည်။

"မာ. . . မာ. . . မာ. . . မာကြယ့် ချစ်. . . ချစ်. . . ချစ်. . ချစ်တဲ့သူက. . . ယောက်. . . ယောက်. . . ယောက်ျားလား. . . မိန်းမလား"

ကြယ်ကြယ် ပါးလေးနှစ်ဖက်ရဲအောင်ရှက်ရင်း တိုးတိုးလေးညည်းကာ ရွှေထွန်းကို မျက်စောင်းခွေ့ခွေ့ပြုသည်။

"ယောက်ျားပေါ့ ကောင်စုပ်ကောင်ပုံ့လေးရဲ့၊ တူက ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



ကျော်လေ၊ တူ့နာမည်က ဘရက်ပစ်တဲ့"

သေလိုက်ပါလား. . . အဟုတ်မှတ်လို့ ဘရက်ပစ်တဲ့၊ ကောင်ထီးမကြီးကိုကြည့်ကာ စိတ်ထဲမှ မေတ္တာပို့လိုက်မိသည်။

"ကဲကွယ်. . . အဲတော့လေ. . မာကြယ်တောင်မှ နှလုံးတားရေးရာမှာမတတ်နိုင်တာ၊ တားကို တားကောင်မလေးပြန်ချစ်ဖို့ဆိုတာကျ မာကြယ် မကူညီနိုင်လောက်ဘူးနဲ့တူတယ်ကွယ့်"

"ကူညီနိုင်ပါတယ်၊ ကြယ်ကြယ်ကူညီမှဖြစ်မယ်၊ ကြယ်ကြယ်ကူညီရင်ဖြစ်တယ်၊ ကျွန်တော်ချစ်နေတဲ့ကောင်မလေးကို ကြယ်ကြယ်လည်းသိတယ်၊ သူတို့ တစ်အိမ်လုံးကို ကြယ်ကြယ်ပိုင်တယ်၊ ကြယ်ကြယ်ကူညီရင်ရတယ်၊ ကြယ်ကြယ်. . . ကူ. . . ကူ. . ."

"ဖြည်းဖြည်း. . . ဖြည်းဖြည်းတားရဲ့၊ မာကြယ့်ကို ထိုးမိပါဦးမယ်၊ လက်. . . လက်နဲ့ပြောတာနော်၊ ဟက်. . . ဟက်. . . ဟက်. . . ဆိုပါဦး. . . တားကောင်မလေးက ဘယ်တူမို့လဲ"

"နရီခေတ်ပါ ကြယ်ကြယ်"

"အိုး. . . ဂေါ့၊ ခေတ်လေးလား. . . အမယ်လေးလေး. . . ဘုရား. . . ဘုရား. . . မာကြယ်တော့ ဒီနေ့ကံဆိုးပြီ"

နရီခေတ်ဆိုသည်ကို ကြားလိုက်မိသည်နှင့် ကြယ်ကြယ့်ခမြာလည်း ရင်ကလေးဖိလျက် ခေါင်းနဘမ်းကြီးသွားပါတော့သည်။

✠ ✠ ✠

"အိုဘားမားကတော်ကို ပြောပေးရမလား၊ ကိတ်ဝင်းစလက်ကို ပြောပေးရမလား၊ ရှာရာဗိုဖာ မင်းကြိုက်ရာပြော၊ အွန်လိုင်းက ခဏလေးနဲ့ မာကြယ် အောင်တွယ်ပေးလို့ရတယ်၊ ခေတ်လေးကိုတော့ မအောင်တွယ်ပေးပါရစေနဲ့၊ ကိုယ့်သေတွင်းကိုယ်တူးသလို မာကြယ်





စားပေါက်ပိတ်တွားမယ်တားရဲ့၊ sorry နော်၊ တားကိစ္စ မာကြယ် မကူညီနိုင်ဘူး၊ တားဘာသာတားလုပ်"

"ကြယ်ကြယ်၊ ကျွန်တော့်ကို ကြယ်ကြယ်ပဲ ကူညီလို့ရမှာ၊ ခေတ်က ဘယ်မှမသွားတာ ကြယ်ကြယ်လည်းသိလျက်နဲ့၊ မနက်လင်းတာနဲ့ အဒေါ်အပျိုကြီးနဲ့ ဈေးကဆိုင်ကို လိုက်သွားတာ၊ သူတို့ဆိုင်ကလည်း စိန်ရွှေရတနာဆိုင်၊ ကျွန်တော်တို့ယောကျ်ားလေးတွေ ဘယ်လိုသွားလို့ရမလဲ၊ အဲဒီအိမ်ကိုပိုင်တာ ကြယ်ကြယ်ပဲရှိတာလေ၊ ဒါ့ကြောင့်ကြယ်ကြယ့်ဆီ အားကိုးတကြီးနဲ့လာတာပါ"

ဟုတ်တော့လည်းဟုတ်သား။ စက်ရုပ်မလေးလိုနေသော နရီခေတ်ဆိုသည့် အချောအလှမလေးအား ဘယ်ယောကျ်ားသားကများ ကပ်နိုင်ဖို့ အခွင့်အရေးမှမရှိနိုင်တာလေ၊ ကြယ်ကြယ်တွေးမိပါသည်။ ဒါပေမယ့် ကြယ်ကြယ်ကူညီ၍မဖြစ်ပါ။ တန်ယောက်အစ တစ်ရာအဆုံးတဲ့။ မိုးဇက်ကြောင့် နရီခေတ်တို့အိမ်နှင့်ခွာရလျှင် ကျန်တဲ့အိမ်တွေကပါ ဘရိတ်ဝင်သွားကြလိမ့်မည်။

"Sorry နော် တား၊ အဲဒီကိစ္စတော့ မာကြယ် No ပဲ၊ ကျန်တဲ့ကိစ္စ ဘာပဲဖြစ်ဖြစ် မာကြယ်လုပ်ပေးမယ်၊ ကဲ မာကြယ် Relax ခဏယူလိုက်ဦးမယ်ကွာ"

သိမ်မွေ့စွာနှင်ပြီ။ ကြယ်ကြယ့်အကူအညီရဖို့ နောက်ဆုံးတိုက်ကွက်ကို သုံးရတော့မယ်။ ဘယ်လောက်ပဲခေါင်းမာတဲ့သူဖြစ်ပါစေ။ သူ့ရဲ့အားနည်းချက်ကိုသာ အပိုင်ကိုင်ပြီးတိုက်စစ်ဖွင့်လိုက်ပါတဲ့။ ကြယ်ကြယ့်အားနည်းချက်ကို ရွှေထွန်းထံမှသိခဲ့ပြီးပြီ။ မိုးဇက်၏နောက်ဆုံးတိုက်ကွက်မှာ ဒူးထောက်ခြင်းဖြစ်၏။ ခဲဖျော့ ပင်စယ်ဟီးလေးစီးထားသည့် ကြယ်ကြယ့်ခြေထောက်နုနုလေးရှေ့မှာ မိုးဇက် မိုက်မိုက်မဲမဲ ဒူးထောက်ချလိုက်သည်။ ရှက်လိုက်တာ။ သိက္ခာက ရစရာပင်မရှိတော့။ အခြော်တကောက် အကြော်တကီးကြီးရှေ့မှာ ကိုယ်ဒူးထောက်ရတာ



www.burmeseclassic.com

www.burmeseclassic.com



မင်းကို ချစ်လွန်းလို့ပါခေတ်ရယ်။

ကြယ်ကြယ် မျက်ဝန်းကြီးပြူးကြောင်ကာ မိုးဇက်ကိုကြည့်နေသည်။ ရင်တစ်ခုလုံး ဖြောင်းဆန်သွားသည်။ လောကကြီးတွင် ကြယ်ကြယ်မခံနိုင်ဆုံးသောအရာမှာ ချစ်စရာကောင်းသောယောကျ်ားတစ်ယောက်က သူ့အား ဒူးထောက်ခြင်းပဲဖြစ်သည်။ နှလုံးသားသည် ငရဲမီးကန်ထဲပစ်ကျသွားသည်။ ကြယ်ကြယ့်မျက်ဝန်းမှာ မျက်ရည်တွေဝိုင်းလာသည်။ ကြယ်ကြယ်သည် ကိုယ်ကိုကိုင်းကာ ပျာပျာသလဲနှင့် မိုးဇက်၏လက်မောင်းနှစ်ဘက်ကို အုပ်ကိုင်လိုက်၏။

"တား. . . တား. . . ဘာလို့ အဲလိုလုပ်ရတာလဲ၊ ထ. . . ထ. . . မာကြယ့်နှလုံးသားက ခံနိုင်ရည်မရှိပါဘူးကွယ်၊ တား ဘာလို့ အဲလိုလုပ်ရတာလဲ၊ တား အဲလိုလုပ်တာ မာကြယ့်ရင်ကို တစ်စစီဖွဲ့ချေနေသလိုပါပဲ၊ မာကြယ်ကူညီမယ်၊ တားကိစ္စ မာကြယ်ကူညီမယ်. . . နော်. . . တား. . ."

ကဲ. . . မခက်လား။ အခုကျတော့လည်း အော်ဇီကြယ်ကြယ်ကြီး မိုးဇက်ကို ရင်ချင်းကပ်ဖက်ထားရင်း မျက်ရည်တွေတွေစီးကျ. . . ပုလဲတွေခ,လို့။ ရုပ်ရှင်တွေထဲက ရိုက်ချက်မျိုးနဲ့ပြရရင်တော့ ဒီဘက်က မျက်ရည်ချောင်းလေးစီးနေတဲ့ ကြယ်ကြယ့်ရဲ့မျက်နှာလေးပြ. . .

နောက်တစ်ကဒ်မှာ ဟိုဘက်က မိုးဇက်ရဲ့မျက်နှာကိုပြ။ မိုးဇက်က မျက်ခုံးနှစ်ဘက်ပင့်ရင်း နှုတ်ခမ်းကြီးပြုံးလို့. . .။

✠ ✠ ✠

ကြယ်ကြယ့်အိမ်မှအပြန်၌ နှစ်ဦးသားနှုတ်ဆိတ်နေသည်။ ရွှေထွန်း၏အတွေးထဲမှာ ဒရော်ဘာ၏ နှစ်လုံးပြူးကြီး၊ တိဗက်၏ နှစ်လုံး ပြူးကြီးနှင့် ဖာဂူဆန်ကြီးအိမ်ကွင်း အရှုံးခံရပြီဟူသော ဟော





ကိန်းတွေပွေ့ပိုက်လျက်။ သူ့အတွေးထဲမှာတော့ ကြယ်ကြယ်၏ဇာတ်ညွှန်းတွေ လွှယ်ပိုးလျက်။

"မနက်ဖြန် Sunday ခေတ်လေးတို့ဈေးပိတ်တယ်၊ မနက်ဆယ့်တစ်နာရီလောက်ဆို မာကြယ် အဲဒီအိမ်မှာရောက်နေမယ်၊ တားဆီကိုဖုန်းဆက်မယ်၊ တား ဟန်းဖုန်းနံပါတ် မာကြယ့်ကိုပေးထားခဲ့၊ မာကြယ် ဖုန်းဆက်ပြီး ခဏနေရင် ခေတ်လေး တားရဲ့စတိုးဆိုင်ကို ရောက်လာလိမ့်မယ်။ တူတစ်ယောက်တည်းပဲ လွှတ်လိုက်မှာနော်၊ နေဦး. . . တားရဲ့ဆိုင်မှာ Lily Shoes တွေရှိတယ်မဟုတ်လား၊ အယ်. . . ဟုတ်ပြီ. . . ဟုတ်ပြီ. . . မာကြယ်လိုချင်တဲ့ဒီဇိုင်းနဲ့ မာကြယ့်ရဲ့ နံပါတ်ကို တားကို တစ်ခါတည်းပြလိုက်မယ်၊ တားဆိုင်မှာမရှိလည်း မနက်စောစော တား တွားဝယ်လိုက်နော်"

"အဲဒါလေ. . . ဘယ်လိုပြောရမလဲဆိုတော့ပေါ့နော်၊ ခေတ်လေးက တားဆီရောက်လာပြီး ဖိနပ်ကောင်တာရဲ့ ညာဘက်ဆုံးက အဲ. . . အပေါ်ထပ်မှာထားရမယ်နော်၊ အဲကွယ် ညာဘက်ဆုံးက Lady Shoes ရွှေချည်လေးတွေယက်ထားပြီး တွယ်ထားတဲ့ဒီဇိုင်းလေး၊ အဲဒါလေး လာဝယ်မယ်ပေါ့၊ ဘယ်လောက်လဲလို့မေးရင် တားပြောရမှာက ရောင်းဈေးကတစ်သောင်းခွဲပါ၊ ဒါပေမယ့် ခေတ်ဆီက ကျွန်တော်တစ်ထောင့်ငါးရာပဲရချင်ပါတယ်၊ ခေတ် ကျွန်တော့်ကို တစ်ထောင့်ငါးရာပဲပေးပါ၊ မဆစ်ပါနဲ့တော့လို့ပြော၊ ဒါပဲနော်၊ အပိုတွေ တားမပြောနဲ့၊ ကဲ. . . အဲဒါ မာကြယ့်ရဲ့အိုင်ဒီယာပဲ၊ တား ကျေနပ်ပြီလား၊ ဟက်ဟက်ဟက်"

ကြယ်ကြယ့်စိတ်ကူးကို အတွေးစားမြုံ့ပြန်ရင်း သူ့နှုတ်ခမ်းတွေပြုံးသွားသည်။ သည်လောက်ခက်ခဲသော ခေတ်ကို ဆုံဆည်းနိုင်ဖို့ဆိုသည်မှာ ကြယ်ကြယ်မှလွဲ၍ တစ်ခြားနည်းလမ်းမရှိနိုင်ပါ။ ကြယ်ကြယ် စီစဉ်သည်ကတော့ အကွက်စေ့ပါပေ့။ ဒါပေမယ့်. . . ဒါပေမယ့်. . .



www.burmeseclassic.com

www.burmeseclassic.com



ခေတ်နဲ့ပတ်သက်လို့ မိုးဇက်ရဲ့အလွဲဇာတ်ကလည်း ဒီကနေပြီး စ,တော့တာပါပဲ။

✠ ✠ ✠





"ချစ်သူနဲ့ကိုယ်နဲ့ကြားခံ
လေဒီရှူးတစ်ရံဟာ
အီမယ်လ်ဒါမားကိုစ်ရဲ့
လေဒီရှူးအရံ(၂၇၀၀)ကို
ကိုယ့်ရဲ့သမိုင်းထဲက မှတ်ဉာဏ်အချို့နဲ့အတူ
မောင်းထုတ်ပစ်နိုင်ခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဥာဏ်ချင်းတူရင် ကံရှိတဲ့သူကသာတယ်တဲ့။ အခုဟာက ဥာဏ်ချင်းလည်းမတူပါပဲ ကြယ်ကြယ့်ကံကိုက သူတကာထက်သာနေတဲ့ကိစ္စ။ ကံမှာတော့ ကြယ်ကြယ့်ကိုသွားမယှဉ်လိုက်လေနဲ့၊ ဖြစ်ချင်တော့ ဒီမနက်မှာပဲ နရီခေတ်တို့အိမ်နဲ့ နွယ်စရာတစ်ခုက ကြယ်ကြယ့်ရှေ့ ဟပ်ထိုးရောက်လာခြင်းပါလေ။

နံနက်(၉း၃၀) ရေမိုးချိုးပြီး မှန်တင်ခုံရှေ့ အလှလေးပြင်၊ နောက် အောက်ကိုဆင်းအလာမှာ ဧည့်ခန်းထဲထိုင်နေသော ကောင်လေးတစ်ယောက်နှင့် ဟော့ရှော့မလေးတစ်ယောက်ကို တွေ့လိုက်ရသည်။ ဟော့ရှော့မလေးကို ကြယ်ကြယ်မသိပေမယ့် ကောင်လေးကတော့ ကြယ်ကြယ်၏ Computer Service Centre မှဖြစ်သည်။ ရှေ့ကဆိုဖာပေါ် အိကနဲထိုင်ချရင်း ကြယ်ကြယ်ပြုံးပြလိုက်တော့ ချာတိတ်နှစ်ယောက်လုံး မှန်နှစ်ချပ်ဖြစ်သွား၏။

"Sunday နော်၊ Company လည်းပိတ်လျက်နဲ့ အိမ်ကိုရောက်လာတယ်. . . ဆို. . . တား. . . ဘာကိစ္စဘယ်အရေးပါလိမ့်"

"အင်း. . . ဘယ်လိုစပြောရမယ်တောင်မသိဘူး၊ ဒီလိုမာကြယ်





ဒါက ကျွန်တော့်သူငယ်ချင်း၊ သူက မာကြယ့်ကို စိန်လက်စွပ်တစ်ကွင်းပြချင်လို့တဲ့၊ မြတ်နိုး. . . မာကြယ့်ကို နင့်လက်စွပ်ထုတ်ပြလိုက်လေ"

ဟော့ရှော့မလေးက လက်ကိုင်အိတ်ကိုဖွင့်သည်။ အိတ်ထဲမှဗူးကလေးကိုထုတ်သည်။ ကြယ်ကြယ် မျက်မှောင်တစ်ချက်ကြုံ့ရင်းချက်ချင်း မျက်နှာရိပ်ပြန်ထိန်းလိုက်သည်။ ဒါ. . . စိန်လက်စွပ်ထည့်သည့်ဗူးမှမဟုတ်တာ။ စိန်လက်စွပ်ကို တစ်ကျပ်သားလောက်ရွှေထည်ပစ္စည်းတွေထည့်သည့် ကော်ဗူးလေးနဲ့ထည့်လာရသလား ကလေးမရယ်၊ ဒါပေမယ့် ကော်ဗူးကိုလှပ်ပြီး ကြယ်ကြယ့်မျက်စေ့ရှေ့ ထိုးအပြလိုက်မှာ ကြယ်ကြယ့်ရင်ကလေး "ဒိန်း"ကနဲခုန်လိုက်သွား၏။ မြင်ရုံနဲ့ တန်ဖိုးကြီးမှန်း ကြယ်ကြယ်သိလိုက်သည်။ ပြီးတော့ သံသယလည်းဝင်သွားသည်။

"ကြည့်ပေးပါဦး မာမီ၊ ဒါ မြတ်နိုးရဲ့လက်စွပ်ပါ၊ ဘယ်လောက်တန်လဲ၊ မာမီ ဈေးဖြတ်ပေးပါ"

လက်စွပ်ကိုယူအကြည့်မှာပဲ ကြယ်ကြယ် နှုတ်ခမ်းလေးပြုံးသွားသည်။ ကျေနပ်သောထေ့ထေ့အပြုံး။ စိန်ပွင့်တွေကို အင်္ဂလိပ်အက္ခရာ M စာလုံးစီခြယ်လျက်။ မိမိကိုယ်တိုင် အပ်နှံကိုင်တွယ်ခဲ့သည့်ပစ္စည်း မမှတ်မိဘဲနေပါ့မလား။ ဒါသည် နရီခေတ်တို့ဦးလေး ဆီဆိုင်မန်နေဂျာကြီး ဦးမိုးမြင့်ခေတ်၏စိန်လက်စွပ်။ ကဲ. . . ပွဲကတော့လှမှလှ။

"ဒါ ရှစ်ဆယ်လောက်တန်တယ်၊ မာကြယ့်ကိုရောင်းမယ်ဆိုရင်တော့ ခုနစ်ဆယ်ပေးမယ်"

ကောင်မလေးမျက်လုံးပြူးကာ နှုတ်ခမ်းလေးဟသွားသည်။

"အဲ. . . အဲလောက်တန်မှန်းမသိဘူး၊ မြတ်နိုးလေ ဝတ်သာဝတ်နေတာ အဲလောက်တန်မှန်းမသိဘူး၊ ဒါ. . . ဒါဆို ခုနစ်ဆယ့်ငါးပေးလေ၊ မြတ်နိုး တစ်ခါတည်းရောင်းခဲ့မယ်၊ ဟုတ်တယ်ဟုတ်၊ နော် . . . မာမီ. . . အား. . . ပျော်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ကြယ်ကြယ်သည် သူ၏ဝန်ထမ်းကောင်လေးအား တစ်ချက်ကြည့်လျက် မေးလိုက်သည်။

"မင်းနဲ့မြတ်နိုးနဲ့ ဘယ်လိုပတ်သက်လဲတား"

"ဘယ်လိုမှမပတ်သက်ဘူး မာမီ၊ သူက မြတ်နိုးတို့နဲ့ မျက်နှာချင်းဆိုင်တိုက်ခန်းကလေ၊ မြတ်နိုးနဲ့သူငယ်ချင်းမောင်နှမက ကျောက်မြောင်းမှာ တိုက်ခန်းငှားနေတာ၊ ဒီကောင်က ရယ်ရတယ်သိလား မာမီ၊ ခင်ရုံပဲခင်တာရယ်၊ ဒီကောင်က မြတ်နိုးကိုညှော်ပြီး မာမီ့ဆီလိုက်ပို့ပေးတာရယ်၊ ဟုတ်တယ်ဟုတ်"

"အေး. . . ဒါဆို တား အပြင်ကတွားစောင့်နေ၊ မာကြယ်မြတ်နိုးနဲ့ ဈေးစကားပြောစရာ နှစ်ကိုယ်ကြားပြောမလို့"

ချာတိတ်အပြင်ထွက်သွားသည်။ ကြယ်ကြယ်သည် မြတ်နိုး၏မျက်ခုံးနှစ်ခုကြားသို့ စူးစူးကြည့်လိုက်သည်။ မြတ်နိုး၏မျက်နှာသည် စက်ဝိုင်းပျောက်လေးဖြစ်သွားသည်။ ကြယ်ကြယ့်အသံက တိုးတိုးလေး။ ဒါပေမယ့် သတ္တုသံလိုမျိုး. . .။

"အဲဒီလက်စွပ် ဘယ်တူ့လက်စွပ်လဲဆိုတာ စိန်လောကကအကြီးတန်းတွေအားလုံးသိတယ်၊ တစ်ခြားနေရာတွေ လိုက်ပြဖို့စိတ်မကူးနဲ့ တစ်ခါတည်းဆွဲစိခံရမယ်၊ မာကြယ်တောင်မှ တစ်ပွင့်ချင်းဖြုတ်ပြီး ပုံပြောင်းပစ်ရမှာ၊ အဲဒီတော့ ဘယ်လိုရခဲ့လဲဆိုတာလောက်တော့ မာကြယ် တိဘို့လိုတယ်မြတ်နိုး"

မြတ်နိုးက နှုတ်ခမ်းကို လှိုင်းကလေးလိုကွေးလျက် ခေါင်းတစ်ချက်ကုတ်သည်။ မျက်နှာက ချိုချဉ်မျက်နှာ. . .။

"အဲတော့. . . မာမီကသိနေပါလား၊ ပြောမယ်၊ မြတ်နိုးပြောမယ်၊ ညတုန်းက ဆိုင်မှာ အဲ့လူကြီး အရမ်းမူးနေတဲ့အချိန်မှာ ချွတ်လိုက်တာ၊ အဲ့လူကြီးလည်းမသိဘူး၊ ဘယ်သူမှလည်းမသိဘူး၊ မာမီပေါက်တယ်နော်၊ အယ်. . . ပိုက်ဆံပေးလိုက်တော့မလား"





"ဒီကနေ့ sunday ဘဏ်ပိတ်တယ်၊ ရောင်းချင်ရင် နက်ဖြန်မနက်ဆယ်နာရီကျော်မှလာ၊ အဲဒါမှ သဘောမတူရင်လည်း မမလေးသဘော၊ ကြိုက်ရာချိုကိုပြောင်းကိုင်နိုင်တယ်"

"အယ်. . . ပြောင်းပါဘူး၊ ဘယ်ဂွမှလည်းမခွဘူး၊ မာမီနဲ့ပဲအလုပ်လုပ်မယ်၊ အဲတော့. . . နက်ဖြန်ပေါ့နော်. . . ဟုတ်တယ်ဟုတ်၊ဟား. . . ကတိနော်မာမီ၊ နက်ဖြန်မနက်ဆယ်နာရီခွဲ မြတ်နိုး အရောက်လာခဲ့မယ်"

အပြုံးနှင့်အတူ ကြယ်ကြယ်ခေါင်းညိတ်ပြလိုက်သည်။ မျက်စိထဲမှာ ဦးမိုးမြင့်ခေတ်၏မျက်နှာကြီးကို ပြေးမြင်လိုက်မိ၏။ သေချင်းဆိုးလူပျိုကြီး ပုတီးလိုလို အဲ. . . အဲ. . . ထီးလိုလိုနှင့် ကုတ်ကမြင်းကြီး၊ ခုလောက်ဆို ခေါင်းမီးတောက်နေရော့မည်။ ဦးမိုးမြင့်ခေတ်ကိုအုံလိုက်ဆွဲမကာ အညှာမှ မိမိရရကိုင်တွယ်နိုင်ပြီ။ အဲ. . . ငယ်ထိပ်ကဆံပင်ပြောတာ၊ ဦးမိုးမြင့်ခေတ်၏ကိစ္စကိုလည်း ကြယ်ကြယ် ဝင်ပြီးကယ်မှရတော့မည်။ မိုးဇက်ကိုလည်း ခေတ်လေးနှင့်နီးစပ်ဖို့ ကူညီပေးရမည်။ စစ်တုရင်စကားနှင့်ဆိုရလျှင်တော့ ခွချက်ပေါ့။

မိုးဇက်အတွက် နရီခေတ်တို့အိမ်သို့သွားနေသော ကြယ်ကြယ်သည် ကားမောင်းရင်းနှင့် အပြုံးတစ်ချက်ကို ပန်းတစ်ပွင့်လို ခြွေချပစ်လိုက်၏။

✠ ✠ ✠

ဆင်ဝင်အောက်မှာ ကြယ်ကြယ့်ကားကြီး အိကနဲ ကျောက်ချသွားသည်။ ဦးမိုးမြင့်ခေတ်တစ်ယောက် နှင်းဆီပွင့်တွေကြားမှာ [illegible] လျှောက်နေသည်ကို အမြင်ဆန်းစွာတွေ့လိုက်ရသည်။

အံမယ်. . . ကိုကိုက အတည်ပေါက်. . .။ လက်နှစ်ဘက်



www.burmeseclassic.com

www.burmeseclassic.com



နောက်ပစ်လို့၊ ပါးစပ်က ဘုရားစာရွတ်လို့၊ ကြယ်ကြယ် နှာခေါင်းလေး တစ်ချက်ရှုံ့၊ ကားပေါ်မှဆင်းကာ ဦးမိုးမြင့်ခေတ်ရှိရာ တည့်တည့် လျှောက်လိုက်သည်။ ကြယ်ကြယ့်ကိုမြင်လိုက်သည်နှင့် မိုးမြင့်ခေတ် တစ်ယောက် သင့်ကြောင့်မီးမလောင်ပါစေနှင့် သတိပေးပိုစတာထဲက လက်ညှိုးထိုးမီးသတ်ရဲဘော်၏မျက်လုံးတွေလို မျက်တောင်မခတ် ထိတ်တနဲမျက်နှာသေကြီးဖြစ်သွားသည်။

"နေကောင်းတယ်နော်. . . ကိုမိုး"

နောက်ကိုဖွက်ထားသော ကိုမိုးမြင့်၏လက်နှစ်ဘက် ဖတ်ကနဲ ရှေ့ထွက်လာသည်။ ဘယ်ဘက်လက်သီးဆုပ်ကို ကျစ်လျစ်ဆုပ်။ ညာဘက်လက်က ပိပိရိရိအုပ်လို့၊ နှုတ်ခွန်းဆက်သည့်စကား. . .။

"ကောင်းပါတယ် ကြယ်ကြယ်၊ ဝမ်စွေ့. . . ဝမ်စွေ့. . . ဝမ်ဝမ်စွေ့. . . စွေ့ချင်စွေ့. . . မစွေ့ချင်ခွေ့ . . . ."

ခါတိုင်းဆိုလျှင် သည်လိုနှုတ်ဆက်ပြီးသည်နှင့် မသမ်းချင်ဘဲ သမ်းပြကာ အိပ်ချင်မူးတူးဟန်နှင့် စိန်လက်စွပ်ကြီးဝတ်ထားသော ဘယ်လက်နှင့် ပါးစပ်ကို ဝါးကနဲအုပ်ပြနေကျ။ ယခုကျ ဝမ်စွေ့ ဝမ်စွေ့ဟု စွေ့ချင်ရာစွေ့ကာ လက်သီးဆုပ်ကိုနောက်ဝှက်လို့။

"အယ်. . . ကိုမိုးကိုကြည့်ရတာ အဆန်းပါလား၊ လက်ကြီးက ဘာလို့ နောက်ကိုပို့ထားရတာလဲ"

"အဲ. . . အဲ. . . ဘုရားစာရွတ်နေတာ ကြယ်ကြယ်၊ ညက သူငယ်ချင်းရဲ့ဘုရားကိုးဆူမှာ သမ္ဗုဒ္ဓေကိုးရာကိုးဆယ့်ကိုးခေါက်ရွတ်တာ. . . အဲဒါဗျာ. . . မနက်သုံးနာရီထိမပြည့်သေးတော့ ပြန်လာခဲ့တာလေ၊ အခု အိမ်မှာဆက်ရွတ်နေတာ၊ လက်ချိုးပြီးခေါက်ရေမှတ်နေတာ ကြယ်ကြယ်ရဲ့၊ အဲ. . . ဘယ်ရောက်သွားပါလိမ့်၊ အပ္ပံကာ. . . ဝါဠုကာ . . . ဂင်္ဂါ. . . အနန္တာ. . . နိဗ္ဗုတာ ဇိနာ. . . တေသံ. . . မမ္ဗုဒ္ဓ. . . သံယဥ္ဓ. . . အာဒရေန. . . နမာမဟံ. . ."





"ဘာရယ်. . . အာဒရေန. . . နမာမဟံ. . . ဟုတ်လား၊ ဒါဆို မြစမ်း. . . ကိုမိုးရဲ့ဘက်ဘက်ပြစမ်း. . ."

"အင်း. . . ဘာဆိုင်လို့လဲ ကြယ်ကြယ်၊ ဘာလို့ပြရမှာလဲ"

"မတိဘူး. . . ဆိုင်ဆိုင်. . . မဆိုင်ဆိုင်. . . ပြလေ"

မိုးမြင့်ခေတ် လက်သီးဆုပ်လေးရှေ့ရောက်လာသော်လည်း ညာလက်က အအုပ်မပျက် ခေါင်းလေးရမ်းခါလျက်။

"ဟဲ. . . ဟဲ. . . ပြလို့မဖြစ်ဘူးလေ ကြယ်ကြယ်ရဲ့၊ ဟောဒီထဲမှာ ကောင်ကောင်လေးရှိတယ်၊ ဖြန့်လိုက်ရင်လွတ်သွားမှာ၊ ကဲ. . . မကြည့်နဲ့နော်. . . ဟဲဟဲဟဲ"

"ဟင်. . . ခုနကပြောတော့ သမ္ဗုဒ္ဓေရွတ်နေတာဆို၊ အခုကျ ဘယ်ကအကောင်လေးဆုပ်ထားရတာလဲ"

"သမ်. . . သမ်. . . သမ္ဗုဒ္ဓေရွတ်ရင်းနဲ့ အကောင်လေးပျံနေတာ လှတာနဲ့ ဖမ်းလိုက်တာလေ၊ ဟီးဟီး. . ."

"ဟင်. . . နောက်ပြန်ကြီး အကောင်ဖမ်းတယ်"

"ဟုတ်တယ်လေ. . . အကောင်လေးကလည်း မျက်စိမှိတ်ပြီး နောက်ပြန်ကြီးပျံလာတာ၊ အဲဒီမှာ. . . အဲ. . . ဟိုမှာ. . . မမကြီး တိုက်ထဲကထွက်လာပြီး မမကြီး. . . မမကြီး. . . ဒီမှာ. . . ဒီမှာ. . . ကြယ်ကြယ်ရောက်လာပြီး. . . မမကြီး ကြယ်ကြယ့်ကိုခေါ်လိုက်ပါဦး. . .၊ ကြယ်ကြယ် အိမ်ထဲသွားလေ. . . ကြယ်ကြယ်ကြည့်ချင်တဲ့အကောင်လေး ခဏနေမှကြည့်၊ ကိုမိုး ပုဆိုးနဲ့အုပ်ထားလိုက်မယ်၊ အဲဗျာ. . . ဘာတွေပြောမိမှန်းတောင် မသိတော့ဘူး. . ."

တော်သေးသည်. . .။ နရီခေတ်တို့မေမေ ဒေါ်သော်တာ ဆက် အနားရောက်လာ၍ ဦးမိုးမြင့်ခေတ် အသက်ရှုချောင်သွားခြင်း ဖြစ်သည်။ မမကြီးနှင့်အတူ ကြယ်ကြယ် အထဲပါသွားသည်နှင့် အပြင် ဆစ်နေရာရာကို အသာလေးအမြန်လစ်ရုံပေါ့။ ဒါပေမယ့်. . .



www.burmeseclassic.com

www.burmeseclassic.com



"အယ်. . . ကြည့်စမ်း၊ ကြယ်ကြယ်တို့များ လေစိမ်းတွေတိုက်လိုက်တာ၊ ရောက်တာတောင် မမသော်တာဆီ တန်းမဝင်လာဘူးနော်ဟွန်း. . ."

"ဝင်လာမလို့ပဲ မမသော်တာ၊ ဒီမှာ ကိုမိုးကို လစ်မတွားစေနဲ့၊ ကိုမိုးကို နတ်အုန်းတိုင်ရှေ့ခေါ်ခဲ့တီလား၊ မနက်ကလေ အားလီးမောနင်းမှာ မမနဲ့အိပ်မက်ပေးတယ်. . . တီလား၊ မောင်တော်လေးကိုမိုး ဒုက္ခရောက်နေပြီတဲ့၊ လက်ဗလာနဲ့တဲ့ သိလား၊ အဲဒါ ကြယ်တွားလိုက်လို့ အမိန့်ခြွေတာလေ၊ အဲဒါကြောင့် ကြယ်ရောက်လာတာလေ၊ မမနဲ့ကပြောတယ်၊ မောင်တော်လေးကိုမိုး စိန်လက်စွပ်. . . အု. . . ဖု"

ဦးမိုးမြင့်ခေတ်က ပျာပျာသလဲနှင့် ကြယ်ကြယ့်ကို နောက်မှဖက်လိုက်ကာ ကြယ်ကြယ့်ပါးစပ်ကို သူ့လက်နှင့် ဖိအုပ်ထားလိုက်သည်။

"အခုမပြောနဲ့၊ နတ်အုန်းတိုင်ရှေ့မှ မမနဲ့ကို စစ်ခိုင်းကြယ်ကြယ်၊ ကိုမိုး လစ်မပြေးဘူး၊ ပြေးလို့လဲမရတော့ဘူး၊ လာခဲ့မယ်. . . ကြယ်ကြယ်နဲ့ မမနဲ့ရှိရာ မောင်တော်လေးကြွခဲ့ပါ့မယ်. . . စိတ်ချ"

ပြောပြီးနောက် ဦးမိုးမြင့်ခေတ် သူ့အခန်းရှိရာ ပြေးသွားသည်။ မပြေးလို့လည်းမရ။ သူလည်း ကြိုတင်ပြင်ဆင်တိုက်ပွဲဝင်ရမည်မဟုတ်လား။ သူ့အကြံက လက်ပရိုစီတိုက်ကွက်. . .။

✠ ✠ ✠

နရီခေတ်. . . တဲ့။ အသားအရေက ဖြူဖြူနုနု။ ကိုယ်ဟန်က သူ့နေရာနှင့်သူ ပန်းပုရုပ်တုလေးလိုလှသည့်ကောင်မလေး။ အိမ်နေရင်းဆိုတော့ ယိုးဒယားစပန့်ဘလောက်လက်ပြတ်၊ အဝါဖျော့. . .၊ ပန်း ချယ်ရီပွင့်သေးသေးလေးတွေ ကျဲကျဲဖွဲ့ဖွဲ့ချည်သားစကပ်ဒူးဖုံး။ အဝ





ဖျော့ခွာမြင့်လေးနှင့် သန့်သန့်လေးလှသည့်ကလေးမ. . .။ ခြော်. . . မိုးဇက်ကြိုက်မယ်ဆိုလည်း ကြိုက်ချင်စရာ. . .။ နရီခေတ်သည် ကိုရီးယား SS 501 သကောင့်သားချာတိတ်လေးတွေ၏ Japan Tour - concert DVD အခွေကိုကြည့်နေရာမှ ဆံပင်ပျော့အိအိလေးဖတ်ကနဲခါလိုက်ရင်း ကြယ်ကြယ့်ကို အပြုံးနှင့်ခွန်းဆက်သည်။

"တီတီကြယ်တို့များ ပျောက်ချက်ကွာ၊ နရီတို့အိမ်ကိုရော သတိရသေးရဲ့လား၊ လိပ်စာပျောက်နေလို့လား တီတီကြယ်"

"လိပ်စာလည်းမပျောက်ဘူး၊ ဖိတ်စာရောက်မယ့်ကိစ္စပေါ်လာလို့ တီတီကြယ် ခေတ်လေးဆီရောက်လာတာ၊ တဘောပေါက်။ မမနဲ့က အတိတ်စိမ်းခြွေလို့လေ၊ တီလား. . . တီတီကြယ့်ကို အိပ်မက်ပြတယ်၊ ခေတ်လေး ဖူးစာရှင်တွေ့တော့မယ်တဲ့၊ စစ်ပေးလိုက်တဲ့၊ တီတီကြယ့်ကို လွှတ်လိုက်တာလေ၊ အားလီးမောနင်းကပေ့ါ တီလား"

စကားဆန်းဆိုတော့ နရီခေတ်ပါးစပ်အဟောင်းသား ပါးကလေးရဲ့အသွားမှာ အန်ကယ်မိုးအသံက ကြားဖြတ်ကြော်ငြာဝင်လာသည်။

"အားလီးပြန်ပြီလား. . . မောနင်းပြန်ပြီလား. . . တူမလေးကိုလည်း မမနဲ့က ကိုမိုးအကြောင်းပြောခိုင်းပြန်ပြီလား"

"အယ်. . . မဟုတ်ကဟုတ်က. . . တူကတတ်တတ်. . . ကိုမိုးကတတ်တတ်. . . တစ်ခြားစီနော်. . . ဟင်. . . ကိုမိုးလက်ကဘာဖြစ်တာလဲ. . . ခုနကမှ အကောင်းကြီး၊ အခု ဘာလို့ လက်ပရိုစီဖြစ်တွားရတာလဲ"

မိုးမြင့်ခေတ်ကို ဒီလိုလုပ်လို့ဘယ်ရပ့ါမလဲ၊ မိုးမြင့်ခေတ်က သွက်သည်။ ဘယ်ဘက်လက်ကို ပတ်တီးအဖွေးသားပတ်လာပြီး ကြယ်ကြယ့်ကို တစ်ပတ်ရိုက်ဖို့ကြံသည်။ ရမတဲ့လား။

"ခုနက အကောင်းကြီးပါကွယ်၊ ခုကျ ပတ်တီးကြီးနဲ့. . .



www.burmeseclassic.com

www.burmeseclassic.com



အယ်"

"ခုနက ကိုမိုးလက်သီးနဲ့အုပ်ထားတဲ့ အကောင်လေးလေ၊ အဲဒါကိုမိုးလက်ကိုကိုက်လိုက်တာ ကြယ်ကြယ်ရ. . .၊ အဆိပ်အရမ်းပြင်းတာဗျ၊ လက်ကြီးတစ်ခုလုံးထုံကျင်ပြီး လှုပ်မရတော့ဘူး၊ လက်ကနေခြေထောက်ထိ အဆိပ်တွေပြန့်ပြီး လမ်းတောင်မနည်းလျှောက်ခဲ့ရတာ၊ အား. . . ပြောရင်းနဲ့တောင် ရင်ဘတ်တွေအောင့်ပြီး ခေါင်းတွေမူးလာပြီ၊ ဒီလိုလုပ် ကြယ်ကြယ်၊ ကိုမိုး အခု နီးရာဆေးခန်းတစ်ခုကို ပြေးရတော့မယ်၊ မမနဲ့နဲ့တွေ့မယ့် program ကို coming sunday ရွှေ့လိုက်ရအောင်၊ ကြယ်ကြယ် မမနဲ့ဟန်းဖုန်းကိုဆက်ပြီး အစီအစဉ်ရွှေ့ကြောင်းပြောလိုက်လေ. . . ဟဲဟဲဟဲ"

"မိုးမြင့်ခေတ်က အလွတ်ရှန်းသည်။ ကြယ်ကြယ်ကလည်း ဟန်းဖုန်းကိုထုတ်ကာ မမနဲ့ဆီဖုန်းဆက်သည်။ အတည်ပေါက်ပါပဲ။

"အဲတော့. . . မမနဲ့ဖုန်းက ဆယ်သွယ်မှုဧရိယာပြင်ပ. . . တဲ့၊ ဒါ. . . ဒါဆို. . . မမနဲ့ လင်ခရူဇာနဲ့လာနေပြီ၊ အဲကွန်းဖွင့်ထားရင် တူ့ဖုန်းကရေဒါပျောက်တယ်၊ ခုဆို နတ်အုန်းတိုင်ရှေ့ရောက်နေရောပေါ့. . . လာ. . . လာ. . . မြန်မြန်တွားမှဖြစ်မယ် ကိုမိုး"

သည်မှာပင် ပတ်တီးစီးထားသော လက်ကြီးကို မိမိရရဆုပ်ကိုင်ဆွဲခေါ်သွားသော ကြယ်ကြယ့်နောက်သို့ ဦးမိုးမြင့်ခေတ် တောင့်တောင့်ကြီးလိုက်ပါသွားရရှာပါလေတော့သည်။

✠ ✠ ✠

နတ်အုန်းတိုင်ရှေ့ရောက်တော့ မိုးမြင့်ခေတ်က ဇီးရွက်မျက်နှာနှင့် တိုးတိုးဆိုသည်။

"ကြယ်ကြယ်. . . အောက်ကလူတွေတက်မလာခင် မမနဲ့ကို





မြန်မြန်ပူးခိုင်းပေးပါ၊ တော်ကြာ မမကြီးတို့သိကုန်ရင် ကွိုင်တွေရှုပ်ကုန်မှာစိုးလို့"

"ကြည့်. . . ကိုမိုး မဟုတ်တာလုပ်ထားပြီပေါ့. . . ဟွန်း. . . ပြော. . . ကိုမိုးဘာလုပ်ထားလဲ"

"No....မပြောဘူး၊ ကိုမိုးပါးစပ်ပြောမထွက်ဘူး၊ မမနဲ့သိတယ်၊ မမနဲ့ပြောလိမ့်မယ်၊ မြန်မြန်ပူးခိုင်းပေးပါ ကြယ်ကြယ်၊ ဒီမှာ ခေါင်းမီးတောက်နေပြီဗျ"

ချစ်စရာမျက်စောင်းမြားလေးတစ်စင်း ကြယ်ကြယ် ပစ်လွှတ်၏။

"ဟွန်း. . . ခုနကကျ ဒီလိုဟုတ်ပဲနဲ့၊ ဒီမှာ ပစ္စည်းက တန်ဖိုးကြီးတယ်၊ တစ်ရာလောက်နီးနီးတန်တယ်၊ ရေစင်ဖိုးတစ်ပုံးဆက်မှ ငါပူးနိုင်မယ်၊ မိကြယ်လို့ မမနဲ့ကမှာထားတယ်နော်၊ တဘောပေါက်"

ဤသို့ သဘောပေါက်ခြင်း၏နောက်မှာ မိုးမြင့်ခေတ် ငွေတစ်သိန်း ကြယ်ကြယ့်ကို ပ,သလိုက်ရရှာသည်။ ကြယ်ကြယ်သည် တစ်သိန်းအုပ်လေးကို လက်ကိုင်အိတ်ထဲထည့်လိုက်ပြီး နတ်အုန်းတိုင်ရှေ့မှာ လက်အုပ်ချီလျက် မျက်စိလေးမှိတ်၊ နှုတ်ခမ်းလေးလှုပ်ကာ အသံမထွက်ဘဲ စိတ်စကားဆိုသည်။ ၎င်းစိတ်စကားမှာ 'အရှင်ကြီး အရှင်လေး ဆိုင်ရာပိုင်ရာအားလုံး ကျွန်တော်မ မဟုတ်ကဟုတ်က စိတ်ရှုးထသမျှခွင့်လွှတ်ပေးကြပါ၊ ယခုအချိန်ကစ ဘရုတ်သုက္ခလုပ်သမျှ ခွင့်လွှတ်ကြပါကုန်' ဟူ၍ဖြစ်ပါသည်။ သည့်နောက် ကြယ်ကြယ့်ကိုယ်သည် တဆတ်ဆတ်တုန်လာကာ စက်ဝိုင်းကတော့လို ယိမ်းထိုးလာသည်။ နောက်. . . ကြယ်ကြယ့်အသံသည် သတ္တုသံ. . .။

"ဟား. . . ဟား. . . ဟား. . . ဟား. . . ဒီဘက်က ညီဘွား မိုးမြင့်လားကွ"

"ညီဘွားဟုတ်လား၊ ညီဘွားမဟုတ်ဘူးလေ၊ မောင်တော်လေး



www.burmeseclassic.com

www.burmeseclassic.com



ကိုမိုးလေ. . . မမနဲ့ရဲ့"

"ငါ မမနဲ့မဟုတ်ဘူး၊ ကိုကြီးကျော်ကွ၊ ကဲ. . . ညီဘွား ရှေ့တိုးခစားစမ်း၊ ငါ ညီဘွားဒုက္ခကိုကယ်မကွ"

"ဟား. . . ပိုင်တာပဲ၊ မမနဲ့မကြွလာဘူးဆိုတော့ မမနဲ့ကို ဆက်ထားတဲ့ တစ်ပုံး ကြယ်ကြယ့်ဆီက ပြန်တောင်းရမှာပဲ၊ ကဲ. . . တိုးပါပြီဗျာ"

"ဖျောင်း"

ဖျောင်းကနဲအသံ. . .။ မိုးမြင့်ခေတ် နားရင်းတစ်ချက်အရိုက်ခံလိုက်ရသည်။ လက်သံကပြင်းပါဘိ။

"မော်မကြည့်နဲ့ ညီဘွား၊ မင်းကိုယ်တော်ကြီးကို စမ်းရဲလို့လား၊ ဟားဟားဟား. . . မမနဲ့မအားဘူး၊ မျှော်စင်ကျွန်းမှာ စိုင်းစိုင်းတို့ရှိုးပွဲသွားကြည့်နေလို့ ငါ့ကို လွှတ်လိုက်တာပဲ၊ ငါနဲ့မမနဲ့ ငါးပုလင်းဆိုခွဲယူမှာကို မင်း သဘောမတူရင် မင်းရဲ့စိန်လက်စွပ်ကိစ္စ ငါ မကယ်တော့ဘူး၊ ငါထွက်တော့မယ်. . . ဟားဟားဟား"

"မ. . . မ. . . မထွက်ပါနဲ့ ကိုကျော်ဟိန်း. . . အဲ. . . အဲ. . . ကိုကြီးကျော်. . . မ. . . မထွက်ပါနဲ့. . . အမိုက်အမဲလေးကိုခွင့်လွှတ်ပါ"

"ဟား. . . ဟား. . . ဟား. . . ညီဘွား. . . တဏှာရူး. . . အစုပ်ပလုတ်ကောင်. . . ဟင်. . . မနေ့ညက ဘုရားကိုးဆူမှာ သုံးနာရီထိနေတယ်ဆိုပြီး စင်တင်မှာသန်းခေါင်ယံထိ သေသောက်ကျူးခဲ့တယ်. . . ဟား ဟား ဟား. . . ပြီးတော့ ဆံပင်ညှပ်ဆိုင်ဘန်းပြထားတဲ့ မဒီလေးတွေဆိုင်မှာ ကဲခဲ့ဖြဲခဲ့တယ်မဟုတ်လား. . ညီဘွား၊ အပျက်မတွေရဲ့ဆိုင်မှာ ညီဘွား မူးတူးဘူးခဲ့တာပဲ ဟားဟားဟား"

"ဟုတ်. . . ဟုတ်ပါတယ် ကိုကြီးကျော်၊ ဒါပေမယ့် ကောင်မလေးတွေက အဲလိုမျိုးမလုပ်ပါဘူး၊ ချစ်စရာလေး၊ ကိုယ်တော်ကြီး





အဲဒီဆိုင်ရောက်ရင် ကိုယ်တော်ကြီးတောင်ကြွေသွားမယ်. . . ဟဲ ဟဲ"

"ဖျောင်း"

"အမယ်လေးဗျာ"

ဩော်. . . နောက်တစ်ချက်ပြင်းပြင်းလေး အဆော်ခံလိုက်ရပြန်သည်။

"ဟား ဟား ဟား ဟား သောက်ရူးကောင် အဲဒီဆိုင်က မြတ်နိုးဆိုတဲ့ကောင်မလေးက မင်းဟာကိုဖြုတ်ယူလိုက်တာ ညီဘွားရဲ့ ခု မင်းဟာရှိသေးလား စမ်းကြည့်စမ်း ညီဘွား"

"ရှိ. . . ရှိပါတယ်. . . ညီဘွားဟာ သူ ဘယ်ဖြုတ်ယူလို့ရမှာလဲ"

"စမ်းကြည့်စမ်း. . . မင်းဟာကို. . . မင်းလက်ကို. . ရှိသေးလား. . . စမ်းကြည့်. . . စိန်လစွပ်ရှိသေးလား"

"စိန်လက်စွပ်. . . စိန်လက်စွပ်လို့ပြောပါ ကိုယ်တော်ကြီး၊ မရှိတော့ဘူး၊ ညက မူးမူးနဲ့ ဘယ်ကျခဲ့မှန်းမသိဘူး. . . ညီဘွားကိုကယ်ပါဦးဗျာ"

"အေး. . . မင်းရဲ့လက်စွပ်ကို မြတ်နိုးခိုးထားလိုက်တယ်၊ ဒီကနေ့အားချင်းပဲလိုက်သွား၊ ပြန်မပေးဘူးဘူးခံနေရင် ကြယ်ကြယ့်ကို အားကိုးလိုက်၊ ငါ့သမီးမိကြယ်က သက်သေလိုက်ပြီး ဆိုင်ရာနဲ့ ဖြေရှင်းပေးလိမ့်မယ်၊ ကြားလား. . . ဟား ဟား ဟား"

ပြောရင်းနှင့် ယိမ်းထိုးရာမှ ကြယ်ကြယ်ရပ်သွားသည်။ နောက် ကြယ်ကြယ့်မျက်လုံးတွေ ဖြည်းဖြည်းလေး ပွင့်လာသည်။ ပုံစံက ချေမွခံ ဝက္ကူစပုံသဏ္ဌာန်မျိုး မောဟိုက်နွမ်းလျလျက်. . .။

ရင်ခေါင်းထဲမှလိုက်တက်လာသော ဝမ်းသာစိတ်ကို ဦးမိုးမြင့်ခေတ် ထိန်းလို့မရ. . .၊ ကြယ်ကြယ့်ပါးကလေးအား ဝမ်းသာအားရ



www.burmeseclassic.com

www.burmeseclassic.com



ရွတ်ကနဲ ဖက်နမ်းပစ်လိုက်၏။ ယောက်ျားချင်းပဲလေ. . . ဘာဖြစ်တာမှတ်လို့. . .။

✠ ✠ ✠

"ဖတ်"

"အ. . ."

"အားနွဲ့တူဆိုပြီး အနိုင်ကျင့်မယ်မကြံနဲ့၊ အတက်ချင်းလဲပစ်လိုက်မယ် ကိုမိုး"

"အာ. . . ဘာလို့ အတက်ချင်းလဲရမှာလဲ၊ ကြယ်ကြယ့်အတက်က အသုံးမကျဘူး၊ ကိုမိုးအတက်က အဲ. . . အဲ. . . ဟဲ ဟဲ ဟဲ"

"ဘာ. . . အတက်ကိုပြောတာ. . . အတက်. . အတက်. . အတဲနှလုံးနဲ့အတက်ရှူနေတဲ့အတက်. . . ရှင်တန်ခြင်းလေ၊ အတက်ရှင်တန်ခြင်း. . . ကိုမိုး. . . ဘာလို့ ကြယ့်ကို နမ်းတာလဲ"

"အာ. . . ကြယ်ကြယ့်ကို မနမ်းပါဘူး"

"ဒါဆို. . . မမနဲ့ကိုနမ်းတာပေါ့. . . တွားပြီ. . . အဲဒါ ပြစ်မှုပဲ"

"အာ. . . မမနဲ့မဟုတ်ဘူး ကိုကြီးကျော်၊ ကိုကြီးကျော်ကို နမ်းတာ၊ ကျေးဇူးတင်လွန်းလို့၊ ဘယ်လိုပြောရမလဲဆိုတော့ ဒီလိုကွာ မနေ့ညက ကိုမိုးရဲ့အဝှါကို ကောင်မလေးတစ်ယောက်ကဖြုတ်ယူလိုက်တာ၊ ကိုမိုးက အဲဒီအဝှါလေးပြုတ်ကျခဲ့ပြီ၊ ကိုယ်ကျိုးနည်းပြီဆိုပြီး ဒုက္ခတွေ့နေတာ၊ အခု ကိုမိုးရဲ့အဝှါကို ဘယ်သူဖြုတ်ယူထားတယ်ဆိုတာ ကိုကြီးကျော်ပြောလို့ သိလိုက်ရပြီ. . . ဒါပဲ. . . ဟားဟားဟား"

"အမ်မယ်လေး. . . ကြက်တီးထလိုက်တာ၊ တူများအဝှါတွေ ဖြုတ်လို့မရပါဘူး၊ အဆန်းကြီးနော်. . . ကိုမိုးအဝှါက ဖြုတ်လို့ရတယ်ဟုတ်လား"





"အာ. . . အဝှါဆိုတာ အဝှါလေ၊ စွပ်တဲ့အဝှါ. . . စွပ်တဲ့အဝှါ အဲ. . . အဲ. . ."

"မိုးမြင့်ခေတ်. . . နတ်အုန်းတိုင်ရှေ့ ညစ်ညမ်းတာတွေ ဘာလို့ ပြောရတာလဲ၊ မောင်လေးက မမလတ်တို့ရှေ့တောင်မရှောင်ဘဲ ကြယ်နဲ့ အဖော်တွေ ပုတ်သင်ညှိုတွေ ပြောနေကြတာလား. . . ဟွန်း"

အပျိုကြီးပီပီ ထင်ရာ ဒုတ်ထိုးပြောချတတ်သော အစ်မလတ် ဒေါ်စန္ဒီခေတ် အိမ်ပေါ်တက်လာသည်။ သူ့နောက်မှာ နရီခေတ် ခေါင်းငုံ့ပါလာသည်။ မိုးမြင့်ခေတ် မျက်နှာရဲကြီးနှင့် ထုချေသည်။

"မမလတ်. . . ဘာတွေလျှောက်ပြောနေတာလဲ၊ ကျွန်တော်ပြောတာ လက်စွပ်ဗျ၊ လက်စွပ်. . . အဲ. . . အဲ. . . မဟုတ်ဘူး. . . လက်စွပ်မဟုတ်ဘူး၊ အဲ. . . အဲ. . . ယောင်လို့. . . ဘာမှမဟုတ်ဘူး . . . ဟူး. . . ဒုက္ခပါပဲကွာ"

ဒေါ်စန္ဒီခေတ်နှင့် နရီခေတ်က ကြယ်ကြယ့်နောက်နားမှာ ထိုင်လိုက်သည်။ ကြယ်ကြယ်သည် နရီခေတ်ကို ဝဲ့စောင်းကြည့်လိုက်မိ၏။ လှလိုက်သည့်ကလေးမ. . .။ ဖြူဖြူသန့်သန့်လေး။ ငှက်တစ်ကောင်၏လွတ်လပ်ခြင်းမျိုးမရှိလေသည့် ပင်မြင့်စံ။ တကယ့်ကို ချူရေးမလွယ်လေသည့်ဘဝ။ ဒူးထောက်နေသော မိုးဇက်၏မျက်နှာသည် အာရုံမှာ တိုးဝင်လာ၏။ ကြယ်ကြယ့်ရင်ထဲမှာ လှိုက်ကနဲဖြစ်သွားသည်။

ဘဝမှာ ကြယ်ကြယ်မလုပ်ချင်ဆုံးသောအလုပ်မှာ အောင်သွယ်အလုပ်ဖြစ်သည်။ ဒါပေမယ့်. . . မိုးဇက်နှင့်နရီခေတ်တို့ ချစ်သူတွေဖြစ်ကြဖို့ ကြယ်ကြယ်ဆောင်ရွက်ရရှာတော့မည်"

အော်ဇီကြယ်ကြယ်သည် မျက်လုံးလေးမှေးပိတ်ပစ်လိုက်၏။ လက်ဖဝါးနှစ်ဘက်ကပ်ကာ ကြာဖူးသဏ္ဍာန်ပြုသည်။ နှုတ်ခမ်းလေး လှုပ်ကာ အသံမဲ့ဘာတွေရွတ်နေသည်မသိ. . .။

ကြယ်ကြယ့်ခန္ဓာကိုယ်သည် တဆတ်ဆတ်တုန်လာကာ ညွတ်

www.burmeseclassic.com



ယိမ်းတိမ်းမူးလျက်. . .။ ကြယ်ကြယ့်အသံသည် သေးသေးစူးစူး သတ္တုသံ. . .။

✠ ✠ ✠

"ဟဲ့. . . ကောင်မတွေ တူဝရီးနှစ်ယောက် မမနဲ့ရောက်လာတာတောင် ယပ်တော်မဖွင့်ကြပါလား။ ရှုပိုးထိုးနေပြီလား စန္ဒီခေတ်ရဲ့. . . ဟင်း. . . ဟင်း. . ."

"မ. . . မ. . . မထိုးပါဘူး မမနဲ့၊ အဲကွန်းဖွင့်ထားလို့ ညီမလတ်က ယပ်မဖွင့်တာပါ မမနဲ့. . . ခွင့်လွှတ်ပါ မမနဲ့"

"မမနဲ့. . . မမနဲ့. . . ဟောင်းအာယူဟို့လို့ဟောင်းလောင်း . . . မမနဲ့နေကောင်းတယ်နော်၊ ကျွန်တော်မိုးမြင့်လေ၊ မောင်တော်လေး ကိုမိုးလေ. . . မမနဲ့ရဲ့၊ မမနဲ့ စိုင်းစိုင်းရဲ့ရှိုးပွဲက ပြန်လာခဲ့ပြီလား၊ ဘာသီချင်းတွေဆိုလဲ မမနဲ့"

"အား. . . အား. . . မိန်းကလေးတွေ အရမ်းမိုက်တယ်၊ နှလုံးသားကိုခါတ်လိုက်တယ်. . . ဘုံကြိုးပြတ်တဲ့ဒေဝီနတ်မျိုးနွယ်. . . အား . . . အဲဒါဆိုတယ်. . . ချစ်ကောင်းကို ဒီတစ်ခါအဆစ်မတောင်းဘူး. . ဟေ့. . . မောင်တော်လေးကိုမိုး. . . မိုက်လား. . . မိုက်လား. . . မိုက်လား. . . မိုက်တယ်. . . မိုက်တယ်. . . မိုက်တယ်. . . အား. . . အဲဒါဆိုတယ်. . . . အယ်. . . ကောင်းမြတ်လေ. . . မြောလွင့်နေတဲ့တိမ်ကောင်းမြတ်ရဲ့ မှတ်ဆိတ်ငုတ်စိလေး မမနဲ့ ဂက်စ်မီးခြစ်နဲ့ရှို့ချင်တယ် အယ်. . . အူယားလို့လေ. . . နောက်. . . နောက်. . . အိုးလေးလှူပ်ပါဦး ရေအိုးလေးလှူပ်ပါဦး၊ ကောင်မလေးတွေ အိုးလေးလှူပ်ပါဦး ရေအိုးလေးလှူပ်ပါဦး အား. . . အများကြီး အများကြီး ဆိုတယ် စိုင်းစိုင်းအပြတ်လန်းတယ်"





"မမနဲ့ စိုင်းစိုင်းကို ကြိုက်တယ်ပေါ့ ဟုတ်လား"

"အရမ်းမိုက်တယ် အရမ်းကြိုက်တယ် အဲဒီကလေးငေါက်တောက်လေး နေဦး တီကောင်တွေအများကြီးပဲ မမနဲ့မြင်တယ် ပြင်ဦးလွင်မှာ လားရှိုးလမ်းကနေ ပြည်ချစ်ဘုရားကိုသွားတဲ့လမ်းပေါ်မှာ မနက်ခြောက်နာရီကြီး ဘုရားတက်တဲ့ လမ်းပေါ်မှာ တီကောင်အတုတ်ကြီးတွေ လမ်းအပြည့်ပဲ စိုင်းစိုင်းကားက တီကောင်တွေကို ကြိတ်ပြီးမောင်းချသွားတယ်။ မနက်အစောကြီး သူတို့ ဘုရားရှိခိုးကြတယ်။ သူ့ဘေးမှာ ကောင်မလေးတစ်ယောက်ပါတယ်. . . ဝတ်မှုန်ရွှေရည်. . ."

ကြယ်ကြယ်ဘာတွေလျှောက်ပြီး အာရုံလွင့်နေသည်မသိ။ Discပေါ်မှပုံရိပ်တွေလား၊ အပြင်ဘက်ကပုံရိပ်တွေလား။ ဘာပဲဖြစ်ဖြစ် ပစ္စက္ခမှာတော့ ကြယ်ကြယ်နှင့်အတူ သူတို့မြောလွင့်လိုက်ပါလျက်. . .။

"ဝတ်မှုံရွှေရည်. . . ဝတ်မှုံရွှေရည်. . . ခြေထောက်လေး မင်းကုန်းမကိုက်ချင်ဘူးလား မောင်တော်လေး"

"ကိုက်. . . ကိုက်. . . ကိုက်လိုက်ချင်ပါတယ်. . . မမနဲ့"

"အဲဒီခြေထောက်လေးမှာ စီးထားတဲ့ Shoes လေး. . .၊ မမနဲ့လိုချင်တယ်. . .၊ အဲလိုမျိုးလေး Lily Shoes လေး မမနဲ့ကို ဝယ်ပေး. . . အီး ခုဝယ်ပေး. . . ခုသွားဝယ်ပေး. . . အခုဝယ်ပေး"

"ဝယ်ပေးမယ် မမနဲ့ မောင်တော်လေး ဝယ်ပေးမယ် ဘယ်သွားဝယ်ရမလဲ ပြော နေရာပြော"

"အီး. . . မောင်တော်လေး မဝယ်နဲ့ မောင်တော်လေးက စိန်လက်စွပ်ကြီး ကောင်မတစ်ကောင်ဖြုတ်ယူထားတော့ မမနဲ့သနားတယ်။ မောင်တော်လေး စိန်လက်စွပ်ကြီးပျောက်. . . အု. . . ဖု"

ဦးမိုးမြင့်ခေတ်က လေကဲ့သို့လျင်မြန်ခြင်းနှင့် ဝုန်းကနဲဆောကာ မမနဲ့ဝင်ပူးနေသည်ဆိုသော ကြယ်ကြယ့်ပါးစပ်ကို လက်နှင့်ဖိအုပ်ပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခြင်းပါတည်း။ နှုတ်ပိတ်ခြင်းဆိုသည်မှာ ဒါမျိုးပဲလားမသိ။

"ဟဲ့. . . ဟဲ့ မောင်လေး အဲလိုမလုပ်ရဘူးလေ၊ မမနဲ့ မမနဲ့ ခွင့်လွှတ်ပါ မမနဲ့ အမိုက်မဲလေးကို ခွင့်လွှတ်ပါ မမနဲ့"

ဒေါ်စန္ဒီခေတ် အော်ဟစ်နေသည်ကို သတိမထား. . .၊ မိုးမြင့်ခေတ်က ကြယ်ကြယ်နားကပ်ကာ တိုးတိုးပြောသည်။

"ကိုကြီးကျော်နဲ့ ငါးပုလင်းဆီ ဟပ်ဘောရိုက်ထားတာလေ. . . မမနဲ့ သတိထား. . . သတိထားလေ. . . ဒိုင်လျှိုထား. . . ဇယားတွေပြီး ကျိုင်တွေလိမ်ကုန်လိမ့်မယ်. . . ပေါက်တယ်နော် မမနဲ့. . . ပေါက်တယ်မဟုတ်လား"

"အင်း. . . အင်း. . ."

သည်လောက်ခွစီးကာ နှုတ်ပိတ်သည်ကိုပင် မမနဲ့ခများ ထွက်မသွားနိုင်ရှာသေးပဲ မိုးဇက်အတွက် ကြယ်ကြယ်ဇာတ်လမ်းဆက်နေရဆဲပါလား. . .။"

"အီး. . . မောင်တော်လေး ရက်စက်တယ် မမနဲ့ကိုနှုတ်ပိတ်တယ်၊ အီး ဒီကစေတနာနဲ့ သူ့စိန်လက်စွပ်. . . အဲ. . . အဲ ယောင်ကုန်ပြီ အခုဝယ်ပေး စိန်လက်စွပ်အခုဝယ်ပေး"

"အဝှာမဟုတ်ဘူးလေ မမနဲ့ရဲ့. . Lily ရှူးလေ. . . ဟီး . . . ဟီး. . . Lily Shoes ပါ မမနဲ့ရဲ့"

"Lily Shoes မမနဲ့စီးချင်တယ်. . . အခုစီးချင်တယ်. . .၊ ရွှေချည်လေးတွေယက်ထားတယ်. . .၊ နောက်ကထိုင်နေတဲ့ စနေသမီး ဟန်းဖုန်းထုတ်စမ်း. . . မမနဲ့ နံပါတ်ပြောမယ် ဟန်းဖုန်းထုတ်စမ်း"

ဒေါ်စန္ဒီခေတ်က ပျာပျာသလဲ သူ့ဟန်းဖုန်းကိုထုတ်လိုက်သည်။

"မိန့်ပါမိန့်ပါ မမနဲ့ ညီမလတ် စနေသမီး ဖုန်းဆက်ဖို့အသင့်ပါ"

"အီး. . . နင်မဟုတ်ဘူး ညီမလတ်ကအင်္ဂါသမီး မမနဲ့ပြောတာ





ကျန်တဲ့တစ်ယောက် စနေသမီးကိုပြောတာ အီး"

"ညီမလတ်က စနေသမီးလေ နဒီလေးက အင်္ဂါသမီးလေ မမနဲ့ရဲ့"

ကြယ်ကြယ့်ရင်ထဲ ဒိန်းကနဲဖြစ်သွားသည်။ ဟုတ်ပေသားပဲ သူတို့တစ်အိမ်လုံး နေ့နာမ်နှင့်မှည့်ကြသည်မှမဟုတ်ပဲ. . .၊ မှည့်ချင်ရာ မှည့်ကြသည့်နာမည်တွေ. . .၊ ဒါပေမယ့် ကြယ်ကြယ်တို့ကနပ်သည်။

"အီး မမနဲ့သိတာပေါ့ဟဲ့. . .၊ နင်တို့ပြောမှလား ဒီနှစ်မှာနေ့နာမ်နဲ့ နာမည်ပဲယူရမယ်လို့ ဟို ဘဲဥပွတ်ထိုးထားသလိုမျိုး ကတုံးပြောင်ပေဒင် နက္ခတ်ဆရာပြောထားတယ်လေဟဲ့၊ အီး. . . အငယ်လေး. . . နရီခေတ်. . . ထုတ်. . . ထုတ်. . . နင့်ဟန်းဖုန်းကိုထုတ်. . . မမနဲ့ နံပါတ်ပြောမယ်. . ဆက်စမ်း"

"ဟား. . . ပိုင်တယ်ကွာ၊ မမနဲ့တို့ကတော့ အရမ်းပြေးတာပဲ၊ ဟန်းဖုန်းနံပါတ်တွေတောင် အလွတ်ရလို့ဟေ့"

"အီး. . . မောင်တော်လေး Don't Speak တိတ်တိတ်နေ၊ စိန်လက်စွပ်ကိစ္စ သိကုန်လိမ့်မယ်. . . အီး. . . ပါးစပ်ပိတ်ထား"

ဦးမိုးမြင့်ခေတ် ငြိမ်ကုတ်သွားသည်။ နရီခေတ်က သူမ၏ဟန်းဖုန်းကို အသင့်ဖွင့်လိုက်သည်။

"အီး. . . အငယ်လေး. . . မမနဲ့ပြောတဲ့နံပါတ်ကိုဆက်၊ ဇီးရိုးနိုင်း. . . ဖိုက်ဇီးရိုး. . . ဝမ်းဇီးရိုး ဖိုး (-)(-) အဲဒါကိုဆက်"

"ဟား. . . ပိုင်တယ်ကွာ. . . မမနဲ့က ဘိုလိုလဲမှုတ်. . . မှုတ် . . . အဲ. . . အဲ. . . ပိတ်ထားမယ်. . . မောင်တော်လေး. . . ပါးစပ်ပိတ်ထားမယ်. . . ဟဲဟဲ"

ဤသည်၏နောက်တွင် နရီခေတ်ဆိုသောကောင်မလေးသည် ကြယ်ကြယ်ပြောသည့် ဟန်းဖုန်းနံပါတ်အား ဘုမသိဘမသိနှင့် ဆက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါတော့သည်။ ဤသည်မှာ မိုးဇက်၏ဖုန်းမှတစ်ပါး အခြား ဘာများဖြစ်နိုင်ပါမည်နည်း. . .။

✠ ✠ ✠

တစ်ချိန်လုံး သူ ကြယ်ကြယ်၏ဖုန်းကို မျှော်နေသည်။ ကြယ်ကြယ့်ဆီမှဖုန်းလာပြီး မကြာလှသောအချိန်တွင် ခေတ် သူ့ဆိုင်သို့ ရောက်လာလိမ့်မည်ဟု ကြယ်ကြယ်ကပြောထားသည်။ ယခု ဖုန်းလာပြီ။ ကြည့်လိုက်တော့ ကြယ်ကြယ့်ဖုန်းလည်းမဟုတ်။ ဒါပေမယ့်. . .

"ဟယ်လို. . . အမိန့်ရှိပါခင်ဗျာ"

"မမနဲ့. . . ဟိုဘက်က ဟယ်လိုတဲ့၊ အငယ်လေး ဘာပြန်ပြောရမလဲဟင်"

"စတိုးဆိုင်တစ်ဆိုင်လားလို့မေး၊ ရှူးဖိနပ်တွေ လေဒီရှူးတွေ အများကြီးရှိလားလို့မေး၊ အ,ပ့်ါတော်ရေ့. . အ,ပ့်ါ အငယ်မရဲ့"

"ဟုတ်. . . အဲ. . . ဟိုလေ. . . အခုဖုန်းက စတိုးဆိုင်တစ်ဆိုင်ကပါလားရှင်"

"ဟုတ်ပါတယ်. . . ဝဿန်မိုးစတိုးဆိုင်ကပါခင်ဗျာ၊ အခုဆက်တာ ဘယ်သူပါလဲခင်ဗျာ"

"မမနဲ့. . . မမနဲ့ဆက်တာပါ၊ နတ်ကန္တားပွဲက ကိုယ်ခွဲထွက်လာပြီး ဖိနပ်ဝယ်ချင်လို့ပါ"

"တောက်. . ."

မိုးဇက် 'တက်'ခေါက်လိုက်ရင်း ဖုန်းပိတ်ပစ်သည်။ ကြယ်ကြယ့်ဆီကဖုန်းမလာဘဲ ဘယ်ကလေးမက အနှောက်ဝင်ပေးနေသည်မသိ။ ဒါပေမယ့် သူ ကြာကြာဒေါမပွလိုက်ရ. . .။ အတွေးတစ်ခုခေါင်းထဲဖြတ်ကနဲခြေအချဉ်း သူ့ရင်အစုံသည် ဒိန်းကနဲခုန်လှုပ်သွား၏။





ဖုန်းထဲမှ ကလေးမလှမ်းမေးနေသော မမနဲ့ဆိုသည်မှာ ကြယ်ကြယ်များ ဖြစ်နေမည်လား။ ဒါဆို ယခု ဖုန်းဆက်သူသည် ခေတ်များဖြစ်နေမည်လား. . .။ မိုးဇက် ဒေါသနှင့် သူ့ခေါင်းကိုသူထုပစ်လိုက်၏။ ပြီးတော့ စောစောကနံပါတ်ကို သူပြန်ခေါ်လိုက်၏။

✠ ✠ ✠

နရီခေတ်သည် မျက်မှောင်လေးတွန့်ကွေးရင်း အလိုမကျဟန်နှင့် ခေါင်းကိုတစ်ချက်ကုတ်လိုက်၏။ တီတီကြယ့်ကိုကြည့်လိုက်တော့လည်း မျက်စိမှိတ်ယိမ်းထိုးနေဆဲ. . .။ မထွက်သေးပါလား မမနဲ့ရယ်။ ဝဋ်ကြီးပ့ါ. . .။

"မမနဲ့. . . မမနဲ့. . . ဟိုဘက်က ဒေါသဖြစ်ပြီး ဖုန်းချသွားပြီ. . . အငယ်လေး ဘယ်နံပါတ်ကိုဆက်ရဦးမလဲဟင်"

ကြယ်ကြယ့်ခန္ဓာကိုယ်ကြီးသည် ပိုမိုယိမ်းထိုးလာကာ မျက်စိမဖွင့်ဘဲ နှုတ်ခမ်းတွေတဆတ်ဆတ်လှုပ်လာသည်။

"ဟွန်း. . . ဟွန်း. . . ဟွန်း. . . အဲဒါဟာ လေဒီရှူးတွေရှိတဲ့ စတိုးဆိုင်တစ်ဆိုင်ဆိုတာရော ဟုတ်တယ်တဲ့လား အငယ်မ"

"ဟုတ်. . . ဟုတ်တယ်တဲ့ မမနဲ့"

"ဟွန်း. . . ဒါ. . . ငါ့ကို မလေးမခန့်လုပ်တာပဲ၊ သိကြသေးတာပေ့ါ၊ ဒီကနေ စိတ်လှိုင်းနဲ့ အမိန့်ပေးလိုက်မယ်၊ အဲဒီဆိုင် အငယ်မဆီ ခုချက်ချင်းဖုန်းပြန်ဆက်. . .၊ မမနဲ့ဆီဖုန်းဆက်စမ်း. . . ဆက်စမ်း. . . ဆက်စမ်းဟေ့"

အမိန့်သံမဆုံးမီမှာပဲ နရီခေတ်၏ဟန်းဖုန်းမှ ဖုန်းခေါ်သံထွက်လာသည်။ နံပါတ်ကိုကြည့်လိုက်တော့ သူမ မျက်လုံးလေးပြူးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမနဲ့. . . မမနဲ့. . . ပြန်ဆက်ပြီ. . . ခုနကစတိုးဆိုင်က ပြန်ဆက်ပြီ မမနဲ့"

"ဟွန်း. . . ဟွန်း. . . ဆက်ရမှာပေါ့၊ မဆက်ရင် အကြောင်းသိသွားမဟာ့၊ ပြန်ပြောလိုက် အငယ်မ၊ ဒီအကောင်လေသံပါ ပြောင်းစေရမယ်၊ စပီကာဖွင့်ထား. . . မမနဲ့လည်း ကြားချင်တယ်"

"ဟာ. . . ပိုင်တယ်ကွာ၊ မမနဲ့ပြေးလှချည့်လား၊ စပီကာဖွင့်ဖို့လည်း သိတယ်ဟော့၊ ဖုန်းပြန်ဆက်ဖို့လည်း အမိန့်ပေးလို့ရ. . . ဟား. . . မိုက်တယ်ကွာ၊ လုပ်စမ်းပါဦး၊ အိန္ဒြာကျော်ဇင်ကို မောင်တော်လေးကိုမိုးဆီ ဖုန်းဆက်ဖို့ အမိန့်ပေးပါဦး. . . ဟီးဟီး"

"မောင်တော်လေး Don't Speak လို့ပြောနေတယ်၊ မမနဲ့ကို ဆက်နှောင့်ယှက်ရင် ဒေးဗစ်ကော့ပါးဖီးလ်ကိုခေါ်ပြီး မောင်တော်လေးရဲ့အဝှါကို ဖျောက်ခိုင်းလိုက်ရင် စွပ်စရာမရှိဘဲဖြစ်သွားမယ်၊ နားလည်လား. . .၊ လပ်စ်ဝမ်နိမ်. . . ဒါနောက်ဆုံးဖြစ်ပါစေ. . . ဟွန်း ဟွန်း ဟွန်း. . ."

မိုးမြင့်ခေတ် ကြားဝင်မနှောင့်ရဲတော့ ငြိမ်ကျသွားသည်။

သည်မှာပင် တူမတော်နရီခေတ်က ဟန်းဖုန်းကိုဖွင့် စပီကာဖွင့်လျက် ပြန်ဆက်သွယ်နေပြီ။

"ဟယ်လို. . . အမိန့်ရှိပါရှင်. . . ကျွန်မ နရီခေတ်ပါ"

ဟယ်. . . နာမည်ပြောလိုက်မိပြီ။ အကျင့်က ယောင်ပြီး ထွက်သွားပြီ။

"နရီခေတ်. . . ခေတ်. . . ခေတ်. . . အဲ. . . အဲ. . . ကျွန်တော်. . . မမနဲ့. . . မမနဲ့ဆိုလား. . . အဲ. . အဲ. . . ဟို. . . ဟို. . . ဖိနပ်. . . ရှူးဖိနပ်. . . လေ. . . လေဒီရှူး. . . မမနဲ့. . . ဝယ်. . . ဝယ်. . . အား. . . ဒုက္ခပါပဲ"

"တွေ့လား. . . ငါလုပ်လိုက်တာ ဒီကောင် ကြောက်ဒူးတွေ





တုန်သွားပြီ၊ ပြောလိုက်စမ်းဟော့အငယ်မ၊ ငါ အခု သူ့စတိုးဆိုင်ထဲ ရောက်နေပြီလို့ ဟွန်း ဟွန်း ဟွန်း"

"ဟယ်လို. . . ကြားလား. . . ကြားလား၊ မမနဲ့ ရှင်တို့စတိုးဆိုင်ထဲရောက်နေပြီတဲ့"

"မတွေ့ဘူး. . . ခေတ်. . . အဲ. . . မမနဲ့. . . မမနဲ့က ဘယ်အရွယ်လဲ၊ ဘာအင်္ကျီဝတ်ထားလဲဗျ"

"နှစ်နှစ်သမီးရှင့်. . . ဒါပေမယ့် အခုလောက်ဆို အပျိုကြီးဖြစ်ပြီး သုံးဆယ်လောက်တော့ရှိ၊ အင်. . . ရှင်ဘာတွေမေးနေတာလဲ၊ ကန်တော့. . . ကန်တော့. . . ကျွန်မလည်းမသိဘူးရှင့်. . ."

"သူ. . . သူ. . . ဆိုင်ထဲရောက်လာပြီး Lily Shoes လိုချင်လို့ဆိုလား၊ ခေတ်. . . ခေတ်. . . ကျွန်တော် ဘာပြောရမှန်းမသိဘူးဗျာ"

"ဟဲ့. . . ပြောလိုက်စမ်း အငယ်မ၊ ငါ လေဒီရှူးကောင်တာရှေ့မှာ ရောက်နေတယ်၊ အပေါ်ဆုံးထပ်အစွန်ဆုံးက ရွှေချည်လေးတွေယက်ထားတဲ့ ခွာမြင့်ဖိနပ်လေးကြိုက်တယ်လို့ ဒီကောင်အူကြောင်ကြောင်နဲ့ သေချင်းဆိုး"

"ကဲ. . . ကြားလား. . . မမနဲ့ပြောနေတာ၊ Lily Shoes တွေထားတဲ့ ကောင်တာအပေါ်ဆုံးထပ်အစွန်ဆုံးမှာ ရွှေချည်လေးတွေယက်ထားတဲ့ခွာမြင့်ဖိနပ်လေး. . . တဲ့၊ ရှင်က အူကြောင်ကြောင်ခပ်တုံးတုံးတဲ့. . . ဟုတ်လား"

"ဟုတ်. . . ဟုတ်ပါတယ်. . . ဟာဗျာ ဘယ်ကတုံးရမှာလဲ၊ သူ. . . အဲ. . . မမနဲ့ပြောတဲ့ဖိနပ်လည်းရှိပါတယ်"

"ဟွန်း ဟွန်း ဟွန်း တွေ့တယ်မဟုတ်လား အငယ်မ၊ အဲဒီဖိနပ်ကို အခုပဲလာဝယ်မယ်လို့ပြော၊ ဒီကောင် မမနဲ့ဘာလဲဆိုတာ သိသွားပြီ၊ ဒီကောင် မမနဲ့ကိုကြောက်တာလား၊ ချစ်တာလားမေးစမ်း အငယ်မ၊ ဟွန်း ဟွန်း အလကားအသုံးမကျတဲ့ ကလေကဝကောင်



www.burmeseclassic.com

www.burmeseclassic.com



. . . ထွီ"

"ဟယ်လို. . . ကြားလား. . . မမနဲ့ပြောတာ၊ ကျွန်မ အဲဒီ ဖိနပ်လေး အခုပဲလာဝယ်လှည့်မယ်၊ ရှင်က အသုံးမကျတဲ့ကလေကဝ ဆိုဟုတ်လား"

"ဟုတ်. . . ဟုတ်ပါတယ်. . . ဟုတ်ပါတယ်ပဲထားပါဗျာ"

"ရှင် မမနဲ့ကိုကြောက်တာလား၊ ချစ်တာလား. . . တဲ့၊ ကို အငှါရဲ့"

"ကျွန်တော် ခေတ်ကို ကြောက်လည်းကြောက်တယ်၊ ချစ် လည်း သိပ်ချစ်ပါတယ်ဗျာ"

"ရှင်. . . ဘာစကားပြောတာလဲ"

"အာ. . . မဟုတ်ဘူး. . . မမနဲ့. . . မမနဲ့ကိုပြောတာ၊ ကျွန် . . . ကျွန်တော်ယောင်ကုန်ပြီဗျ"

အယောင်ကောင်းပါလား။ မမနဲ့ကောင်းမှုနဲ့ ခေတ် ရည်းစား စကားအပြောခံလိုက်ရသည်။ ဒေါ်ပွပွနှင့် ဖုန်းကို အင့်ကနဲပိတ်ပစ် လိုက်သည်။ ဟုတ်တယ်လေ. . သူ့လည်း ဒီကဖြင့်မမြင်ဘူးပဲနဲ့။

"အဲတော့. . . မမနဲ့. . . အငယ်မ. . . အဲဒီစတိုးဆိုင် ဘယ် နေရာလဲဆိုတာ မမေးလိုက်ရဘူး. . . ကျိုင်ပဲ"

"ဟွန်း. . . ဟွန်း. . . ခက်လွန်းလို့အငယ်မရယ်၊ အ,ရန်ကော အေ့. . .၊ အဲဒီဖုန်းကိုပဲ ပြန်ဆက်မေးတော့၊ ပြီးရင်သွားလိုက်တော့ မရွှေ့ချောလေးရေ့"

နရီခေတ် နှုတ်ခမ်းလေးမဲ့သည်။ မျက်နှာနုနုထက်မှာ အလို မကျ မိုးရိပ်တွေက အုံ့အုံ့ဖွဲ့ဖွဲ့. . .။

"ခေတ်သွားဝယ်ရမှာဟုတ်လား၊ မေမေရော အန်တီလေးရော ဦးမိုးရော ခေတ်ကို တစ်ယောက်တည်း ဘယ်တုန်းကများ အပြင် လွှတ်ဖူးလို့လဲ၊ အခု ဘယ်သူလိုက်မှာလဲ"





"အံမယ်လေး. . . အံမယ်လေး. . . အငယ်မရယ်. . . မမနဲ့ ခိုင်းတာကို ငြင်းတဲ့သဘောလား၊ အံမယ်လေး ဒါ ငါ့ကို မလေးမခန့် လုပ်တာပေါ့၊ ငါ့စကားနားမထောင်တာပေါ့၊ မိနဲ့ကို ဘာထင်လို့လဲ၊ မိမဆုံးမ ဖမဆုံးမတွေ၊ အံမယ်. . ."

"မဟုတ်ပါဘူး. . . မဟုတ်ပါဘူး. . . ကလေးက အပြော မတတ်လို့ပါ၊ အမိုက်အမဲလေးပါ၊ ခွင့်လွှတ်ပါ မမနဲ့၊ ညီမလတ်တောင်း ပန်ပါတယ် မမနဲ့၊ ဟဲ့. . . တူမကြီးသွားတော့လေ"

"ဟုတ်သားပဲ ငါ့တူမရဲ့၊ သွား. . . သွားလိုက်၊ မမနဲ့ခိုင်းတဲ့ အတိုင်းလုပ်၊ ဦးမိုးခွင့်ပြုတယ်. . . သွား. . . ဝယ်လိုက် ငါ့တူမ"

"အား. . . နားတွေပူလှချည့်၊ ငါ တအားပမ်းနေပြီဟဲ့၊ ဒီနေ့ stress လည်းများတယ်၊ ကမြင်းထီးနဲ့ ကမြင်းမတွေ ငါ့ကိုမညှာမတာ အကြာကြီးဝင်ခိုင်းတယ်၊ နင်တို့လူငွေ့က ပူလွန်းလှချည့်. . . ပူပဲ့. . . ဟင်း. . ."

"ပူရင် ရေခဲသေတ္တာဖရီဂျီတာထဲဝင်နေ မမနဲ့၊ အဲဒီထဲမှာ ဘီယာဗူးတွေအပြည့်၊ အဲ. . . အဲ. . . Sorry မပြောတော့ဘူး၊ မောင် တော်လေး ယောင်သွားလို့နော်. . . အဲ"

ကြွယ်ကြွယ် လက်သီးဆုပ်နှစ်ဘက် တဆတ်ဆတ်ပိုလှုပ်၊ လှုပ် ယိမ်းဝေ့ဝိုက် ခန္ဓာကိုယ်ရပ်အသွား မျက်ဝန်းအစုံ ဖြည်းဖြည်းလေးပွင့် အလာမှာ နရီခေတ် ထထွက်ခဲ့သည်။

စိမ်းပုပ်ရောင် ကရီနာကားလေးကို တံခါးဆွဲဖွင့်လိုက်သည်။ စတီယာရင်ဘီးကို လက်အစုံကိုင်ပြီးကာမှ ဟန်းဖုန်းကိုထုတ်၍ စောစောကအသင်လူသား၏ဖုန်းကိုခေါ်ကာ စတိုးဆိုင်နေရာမေးဖို့ သတိဝင်လာသည်။

ရှီးရဲ့လား တီတီကြွယ်ရယ်. . .၊ တစ်ခုခုတော့ လွဲနေပြီလား



www.burmeseclassic.com

www.burmeseclassic.com



မသိ၊ ကြယ်ကြယ့်အပေါ်တွင် ပထမဦးဆုံးအကြိမ်အဖြစ် သံသယနည်းနည်းဝင်မိလိုက်သည်။

နရီခေတ်ဆိုတာ ခေတ်ပညာတတ်မိန်းကလေးတစ်ယောက်ပဲလေ။

✠ ✠ ✠

ခေတ် သူ့ဆီသို့လာနေပြီ။

နောက်ဆယ်မိနစ်လောက်ဆိုလျှင် သူ့စတိုးဆိုင်သို့ ခေတ်ရောက်လာတော့မည်။ စိမ်းပုပ်ရောင်ကရီနာနှင့် မြန်းကြွလာမည်တဲ့လေ။ ကြယ်ကြယ်ကတာကယ့်ကိုပိုင်ပါပေ့. . .၊ ချစ်ရသူရှိရာသွားစရာမလို။ ချစ်ရပါသောခေတ်ကို သူ့ရှေ့မှောက်အရောက်ပို့လိုက်သည့် ကြယ်ကြယ်ပါလား. . .၊ အမြင်ချင်ဆုံးသော မျက်နှာလေးကို သူမြင်ရတော့မည်။ တွေးရင်းနှင့် သူ ရင်တွေခုန်လာ၏။ 'ဒိန်း'ကနဲ အသံသဲ့သဲ့ သူကြားလိုက်ရသည်။ ကားတစ်စီးတိုက်မိသည့်အသံ. . .၊ ခပ်လှမ်းလှမ်းမှဖြစ်မည်ထင်၏။ သူ့ရင်ထဲမှာ ထိတ်ကနဲဖြစ်သွားသည်။ ဘုရား. . . ဘုရား ခေတ်များဖြစ်နေလေမည်လား. . .၊ ရုပ်ရှင်တွေထဲမှာဆိုသည်လိုဖြစ်တတ်ကြသည်ကိုး. . .၊ သူ ဆိုင်ပြင်ဘက်ထွက်လိုက်သည်။ ခပ်လှမ်းလှမ်းတော်တော်လေးလှမ်းသည့်နေရာမှ မြင်ကွင်းကိုလှမ်းမြင်လိုက်သည်။ ကျောင်းတို့ တိုက်ခန်းရှေ့လောက်မှာ. . .၊ ကက အငှား Taxi ဓါတ်တိုင်ကို ခေါင်းနှင့်ဝင်ခွေ့ခြင်းပါလား. . .၊ တော်သေးရဲ့. . .၊ စိမ်းပုပ်ရောင် ကရီနာမဟုတ်လို့. . .၊ ချစ်သူနေကောင်းပါစေ. . .၊ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းပါစေ. . .၊ သွားလမ်းသာလာလမ်းဖြောင့်လို့ ခလုတ်မထိဆူးမငြိပါစေနှင့်. . .၊ ခေတ်လှမ်းလာရာ ခြေလှမ်းတိုင်းမှာ





ကိုယ်ဟာ ပန်းပွင့်တွေကို ကြဲခံပေးချင်သူပါကွယ်. . .။

ဟန်းဖုန်းခေါ်သံကြောင့် အတွေးပျော်တို့ ဖျတ်ကနဲလွင့်သွား၏။ ကြည့်လိုက်တော့ မျိုးဆွေသန်း၏ နံပါတ်ဖြစ်နေသည်။ စပ်စပ်စုစုဒီကောင် သူ့တိုက်ခန်းရှေ့က ကက ဓါတ်တိုင်ခွေ့သည့်ကိစ္စ အာဘောလုပ်ခြင်းပဲဖြစ်လိမ့်မည်။

"ပြော. . . ကျောင်း မင်းတိုက်ခန်းရှေ့ ရှုတ်ရှုတ် ရှုတ်ရှုတ်ဖြစ်တာ ငါလှမ်းမြင်နေရတယ်။ ငါ့မျက်လုံးဘယ်လောက်ကောင်းလဲ ဟား ဟား ဟား"

"ဟေ့ကောင် မိုးဇက်. . . S.O.S, S.O.S ကွ၊ မင်းကားအဆင်သင့်ထုတ်ထား. . .၊ ငါဘကြီးကို ငါပွေ့ပြီးပြေးလာခဲ့မယ်. . . ဆေးရုံပို့ရမယ်ကွ၊ ငါ့ဘကြီး မြွေကိုက်လို့ကွ"

"ဘာ. . . ဘယ်က မင်းဘကြီးလဲ ကား. . . ကားတိုက်တာကော့ဘာလဲ"

"အေး ငါ့ဘကြီး ရွာကလိုက်လာတာ ကက က သူစီးတဲ့ကားဓါတ်တိုင်ကို ဝင်တိုက်တယ် အဲဒီမှာ ငါ့ဘကြီးကိုမြွေကိုက်တယ်. . . ဒါပဲ ဟေ့ကောင် သွားရင်းနဲ့ ငါမေးမယ် မင်းကားထုတ်ထား ဒါပဲ"

ပြဿနာ. . .၊ ဘာတွေလဲ. . . ခေတ်လာတော့မယ်ဆိုမှ

ရွာက ကျောင်းဘကြီးက ကားတိုက် မြွေကိုက်လို့ ဆေးရုံလိုက်ပို့ရမယ်. . . လို့၊ သူ ခြေမကိုင်မိ လက်မကိုင်မိ ဘာလုပ်လို့ဘာကိုင်ရမည်မသိဖြစ်နေဆဲမှာပင် အရပ်ကလန့်ကလား ဘကြီးဖြစ်သူအား မနိုင်မနင်းပွေ့ပြေးလာသော မျိုးဆွေသန်းအား ခပ်ဝေးဝေးမှာ လှမ်းမြင်လိုက်ရပါတော့သည်။

"အား. . ."

မျိုးဆွေသန်းက ရှေ့သို့ ဘုတ်ကနဲ ပစ်ချလိုက်သည့် သတ္တဝါကြောင့် သူ အလန့်တကြား နောက်ခုန်ဆုတ်လိုက်မိသည်။ မြွေပွေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်. . . ။

"သေသွားပါပြီကွာ. . . ဘဒွေးက ဇက်ကကိုင်ပြီး ကျောက်လမ်းပေါ် သူ့ခုံဖိနပ်နဲ့ ဖိနင်းပြီးသားပါ. . . ခေါင်းကြေနေပြီကွ ဟာ ဟော့ကောင် မိုးဇက် ကားထုတ်တော့ဟ"

"ကားက ဟိုမှာ၊ ဒီအတိုင်းထွက်လိုက်ရုံပဲ၊ အရေးကြီးတာက မင်းဘကြီးကို မြွေဆိပ်မပြန့်အောင် အရင်လုပ်ရမယ်ကွ"

သည်တော့မှ မျိုးဆွေသန်းက သတိရသွားကာ ဘကြီးဖြစ်သူအား ပခုံးထက်ထမ်းထားရာမှ အသာချကာ စတိုးဆိုင်နံရံမှာ မှီလိုက်သည်။ ဘကြီး၏နဖူးအထက်ပိုင်းမှာ ကွဲအက်ဖူးရောင် သွေးချင်းချင်း ရဲလျက်. . . ။

"ဟာကွာ. . . ဖြစ်မှဖြစ်ရလေ. . . မြွေကလည်း နဖူးမှတက်ကိုက်ရတယ်လို့"

"ချီးတဲ့မှပဲ၊ အဲဒါက ကားက ခါတ်တိုင်ဆောင့်လို့ ဘဒွေးခေါင်းမှန်နဲ့အောင်းထားတာဟ၊ မြွေကိုက်တာက လက်ခွမှာ၊ မိုးဇက် မီးခြစ်ပေး၊ ဒဏ်ရာကို ကြက်ခြေခွဲမယ်. . . ဓားပေး၊ ဟိုတုတ်ချောင်းပေး. . . ပြီးတော့ မင်းပုဆိုးတစ်ထည်ပေး. . . ပုဆိုးကို တစ်ထွာအကျယ် အပိုင်းရှည်တွေဆုတ်ပေး၊ မြွေဆိပ်မပြန့်အောင် လက်ကို တုတ်နဲ့ မလှုပ်အောင် တင်းတင်းစီးပစ်ရမယ်ကွ"

မျိုးဆွေသန်းက ရှေးဦးသူနာပြုနည်းနှင့် မြွေကိုက်ဒဏ်ရာကို အဆိပ်မပြန့်အောင်လုပ်ပေးနေချိန် သူကလည်း ဝိုင်းအုံလာသော လူအုပ်ကို လူစုခွဲပြန်လွှတ်နေရသည်။

"မင်း. . . ဘကြီးကလည်း ဘယ်လိုကြီးလဲဟာ၊ ကားလည်း တိုက်တယ်၊ မြွေလည်းကိုက်တယ်. . . ဘယ်လိုလဲဟ"

"မြွေက သူ ရွာကဖမ်းပြီးယူလာတာဟ၊ လွယ်အိတ်ထဲဖွက်ထည့်လာခဲ့တာ၊ ဘဒွေးကနောက်တောက်တောက်နဲ့၊ ကားရပ်ကာနီးမှာ





မြွေကို ဇက်ကကိုင်ပြီး ကားဆရာကို ကြည့်စမ်းကွာဆိုပြီး စ,လိုက်တာ၊ ကားဆရာက အားကနဲလန့်ပြီး ခါတ်တိုင်ဝင်ကျုံး၊ ဘဒွေးလည်း မှန်နဲ့ဆောင့်ရော၊ မြွေ လက်ကလွတ်ပြီး သူ့လက်ကိုကိုက်၊ ငါ့အိမ်ရှေ့ကွက်တိကြီး၊ ဘဒွေး. . . ဟုတ်တယ်မို့လား. . . နေသာရဲ့လား"

"နေသာပါတယ်ကွာ၊ ငါက ငါမျက်စိမမှိတ်ခင်လေး မင်းနဲ့တွေ့ချင်လို့ ရွာကလိုက်လာတာပဲ၊ သေလည်းအဖြောင့်ဖိုးကြာရ"

"ဟာ. . . ဘဒွေး သေလို့မဖြစ်သေးဘူး၊ ဘဒွေးဆီက Color အရောင်တွေ ကျွန်တော်ယူရဦးမယ်၊ မိုးဇက် ကားကို ဒီရှေ့ထုတ်တော့ဟေ့"

သည့်နောက် သူနှင့်မျိုးဆွေသန်းက ဘကြီးကို ကားပေါ် မလှုပ်ရအောင် မ,တင်ကြသည်။ သူသည် မျိုးဆွေသန်းအား အားနာစွာ ဆိုသည်။

"မင်းဘကြီး အမှန်ဆို နောက်မိနစ်နှစ်ဆယ်လောက်မှ မြွေကိုက်ရင်ကောင်းမှာကွာ၊ ခုဟာက ခေတ်လေ. . . နရီခေတ် ငါ့ဆီလာနေပြီကွ၊ ခေတ်က ဖုန်းဆက်ထားတယ်၊ ခု သူလာနေပြီမို့ အရောင်းကောင်မလေးလေးယောက်လည်း ငါ အိမ်ပြန်ခိုင်းလိုက်ပြီ၊ ခေတ်ကို စကားတစ်ခွန်းပြောဖို့ ငါစောင့်နေတာ၊ ခုတော့ လွဲတော့မှာပဲ ငကျောင်းရာ"

"ဟော့ကောင် မိုးဇက်၊ မြွေကိုက်ခံရတာ ငါ့ဘဒွေးပါဟ၊ မင်းက ကြားက ဘယ့်နှယ့်သွေးပျက်သွားရတာလဲ၊ ဘာ. . . နရီခေတ်လဲ. . . ဘာ ကယောင်ကတမ်းပြောနေတာလဲ"

"ငါ အမှန်ပြောနေတာပါ ငကျောင်းရာ၊ လိမ်ညာပြီးပြောရင် မင်းဘကြီး သေချင်းဆိုးနဲ့သေရပါစေရဲ့"

"ဖွပ်. . . ဖွပ်. . . ငါ့ဘဒွေး သေလို့မဖြစ်သေးဘူးဟ"

"အခုလည်း မင်းတို့ ငြင်းနေတာနဲ့ ငါ့အသက်မှ မီပါ့မလား



www.burmeseclassic.com

www.burmeseclassic.com



ကွာ၊ ဖိုးကြာ. . . ဖိုးကြာ. . . ဟိုနံရံကြီးကြည့်ရတာ ငါ့မျက်လုံးတွေ နီလာပြီကွ"

မိုးဇက် အဖိုးကြီး၏မျက်လုံးတွေကို ကြည့်လိုက်သည်။

ကြည်လို့. . . တောက်လို့. . .။

"အဘမျက်လုံးတွေ မနီပါဘူးအဘရ၊ အင်. . . ဖိုးကြာဆိုတာ ဘယ်သူလဲ"

"ငါ့ငယ်နာမည်ကွ၊ ငယ်ငယ်က စိမ်းစိမ်းညိုညိုလေး ကြာရိုးလေးနဲ့တူလို့ ဖိုးကြာလေးလို့ခေါ်တာ"

ဩော်. . . မျိုးဆွေသန်း၏ငယ်နာမည်မှာ ဖိုးကြာဆိုပါလား။ တိုးရှာ-တာရိုး၊ ကြိုးတာ-ကြာတိုးလို ဖိုးကြာကို ပြောင်းပြန်ဖတ်သော် ကြောက်စရာကြီးပါလား။

"သူ့မျက်လုံးတွေ နီနေတယ်ဆိုတာ ပြာတာကိုပြောတာကွ၊ ငါ့ဘခွေးက ကာလာဘလိုင်းကွ၊ အပြာကို အနီမြင်တယ်၊ လိမ္မော်ကို အစိမ်းမြင်တယ်၊ သူမြင်ချင်ရာအရောင်မြင်တာကွ"

အဖိုးကြီးက မျက်နှာတစ်ချက်မဲ့သည်။

"မင်းတို့ ငါ့ကို ဆေးရုံ ဒီနေ့ရောပို့ဖြစ်ပါ့မလားဟင်"

"ဟာ. . . ပို့မယ်. . . ပို့မယ်. . . အဘ"

မိုးဇက် ကားသော့ကိုဖွင့်လိုက်သည်။ ပြီး. . . ဆိုင်ကို တစ်ချက်ငဲ့ကြည့်မိတော့မှ သတိရလိုက်သည်။

"ပြဿနာပဲ ငကျောင်း၊ ဆိုင်စောင့်မယ့်သူမရှိဘူးဟ"

"ဒါဆို. . . ဆိုင် မြန်မြန်ပိတ်လိုက်ကွာ"

"ပိတ်လို့မဖြစ်ဘူး ငကျောင်း၊ ခေတ်လာမှာကွ၊ ခေတ်ကို Lily ဖိနပ်လေးရောင်းပေးရမှာ၊ ငါ ဘယ်လိုလုပ်ရပ့်"

အဖိုးကြီး ဟူးကနဲသက်ပြင်းချရင်း မျက်လုံးလေးမှိတ်သွားသည်။





"ငါပဲ ဝိညာဉ်ဘဝနဲ့ စောင့်ပေးလိုက်တော့မယ် ဖိုးကြာရာ"

သည်အခိုက်မှာပင် သူတို့အခက်အခဲကို ကူညီမည့်သူ ပေါ်လာ၏။ သူတို့ကားရှေ့မှာ ဆလွန်းတစ်စီးရပ်သည်. . . မတ်တူးအဖြူ. . .။ ကားပေါ်မှဆင်းလာသူကတော့ ညိုညိုမောင်းမောင်း လူရည်သန့်၊ မိုးဇက်ကတော့မသိ၊ မျိုးဆွေသန်းကသိသည်။

"အဲဒါ ငါ့တော်ဒါ ကိုညိုမှိုင်းပဲ၊ အဖြူရောင်သစ္စာ ဗီဒီယိုထုတ်လုပ်ရေးပိုင်ရှင်ကွ"

အနီး ကိုညိုမှိုင်းသည် သူတို့ရှိရာ အမြန်ဆင်းလာသည်။

"ဆရာကျောင်း မြွေကိုက်လို့ဆို၊ ကျွန်တော် ဘာလုပ်ပေးရမလဲ၊ မြွေက ဆရာကျောင်းရဲ့ပေါင်ခွကို ကိုက်တာဆို"

မရှင်းအား. . .။ မိုးဇက်ကားပေါ်မှအမြန်ဆင်းကာ ကိုညိုမှိုင်းအား ဆိုင်ထဲသို့လက်ဆွဲခေါ်သွား၏။ ရှင်းပြချိန်မှမရတာ. . .။

"လာပါဗျာ. . . ဒါလေး ကူညီပေးပါ ဆေးရုံသွားတုန်းမှာ ဆိုင်ကိုခဏစောင့်ပေးပါ. . . ဟိုမှာ ဟိုမှာတွေ့လား ဒီဖိနပ်လေး ဒီဖိနပ်လေးဗျာ ကိုညိုမှိုင်း. . ."

"ကောင်မလေးတစ်ယောက် အရမ်းလှတဲ့ကောင်မလေး စိမ်းပုပ်ရောင်ကရီနာနဲ့လာမယ်. . .၊ မမနဲ့က ဖိနပ်ဝယ်ခိုင်းတာလို့ သူပြောလိမ့်မယ်. . .၊ ဒီဖိနပ်လေးဗျဆိုပြီး ထုတ်ရောင်းလိုက်. . .၊ ဟုတ်တယ်နော်. . . ဘယ်လောက်လဲလို့ သူမေးလိမ့်မယ်. . . ကိုညိုမှိုင်းပြန်ပြောရမှာက သူများတွေဆို တစ်သောင်းခွဲရောင်းတယ်။

ခေတ်ဆိုကတော့ ကျွန်တော် တစ်ထောင့်ငါးရာပဲရချင်တယ် မဆစ်ပါနဲ့ဗျာလို့ ပြန်ပြောရမယ်. . . ဟုတ်တယ်နော် မှတ်မိပြီလား ကျွန်တော့်ကိုပြန်ပြောပြစမ်းပါ။ အရေးကြီးလို့ပါ ခေတ်. . . ခေတ်တဲ့ ကောင်မလေးနာမည်က ခေတ်လေဗျာ"

"ခေတ်. . . ခေတ်. . . အဲ မမစိမ်းကလွှတ်လိုက်တာ. . . တဲ့"

www.burmeseclassic.com



"ဟာ. . . မမနဲ့ပါဗျ အဲဒါ သူပြောမယ့်စကားပါ. . ."

"မှတ်မိပြီ ဒီဖိနပ်လေးဆိုပြီးထုတ်ပေးမယ် သူများတွေဆို တစ်သောင်းခွဲ ခေတ်ခေတ်ကိုတော့ တစ်ထောင့်ငါးရာ"

"ခေတ်ခေတ်မဟုတ်ဘူး ခေတ်ပါဗျ ခေတ် တစ်လုံးတည်း ခေတ်ဆီကတော့ ကျွန်တော် တစ်ထောင့်ငါးရာပဲရပါရစေ မဆစ်ပါနဲ့ဗျာ လို့ အဲဒါပဲပြောရမယ်နော် ကျန်တာ ဘာမှမပြောရဘူး ကဲ. . .၊ Thank You ဗျာ လစ်ပြီ ဟိုမှာ လူနာကသေတော့မယ်ဗျ"

မိုးဇက် ကားရှိရာသို့ ပြေးလာခဲ့သည်။

ကားကို မောင်းထွက်ခဲ့၏။ လမ်းမမှထွက်ကာနီးမှာ နောက်ကြည့်မှန်ကိုလှမ်းကြည့်လိုက်သည်။ သည်မှာပင် စိမ်းပုပ်ရောင်ကရီနာလေး သူ့စတိုးဆိုင်ရှေ့မှာ ရောက်လာတာတွေ့လိုက်ရသည်။ သူ ဘရိတ်ကို ကျွိကနဲ တုန့်လိုက်မိ၏။

"နောက်လှည့်ကြည့်လိုက် တွေ့လား ငကျောင်း ငါ့ဆိုင်ရှေ့မှာ အဲဒါ ခေတ်ရဲ့ကားလေကွာ တွေ့လား ခေတ် ဆိုင်ထဲဝင်သွားပြီ"

"အေး. . . ဟုတ်သားပဲ. . . ဘယ်လိုလုပ်မလဲ ကားကိုပြန်လှည့်မလား"

မျိုးဆွေသန်းစကားကြောင့် အဖိုးကြီး ဖျတ်ကနဲမျက်လုံးပွင့်လာသည်။

"ဖိုးကြာ မင်းတို့စိတ်ချမ်းသာသလိုသာ လုပ်ကြပါတော့ကွာ ငါ စိတ်လျှော့လိုက်ပါတော့မယ်"

"ဟာ. . . ဟုတ်သားပဲ မလျှော့နဲ့ မလျှော့နဲ့ ဘဒွေး. . . ဘဒွေး သေလို့မဖြစ်ဘူး. . . မောင်း မောင်းတော့ မိုးဇက်"

မိုးဇက် ကားကိုမောင်းထွက်ခဲ့သည်။ စိတ်နဲ့လူကတော့ ဘယ်လိုမှမကပ်နိုင်တော့ပါ. . .။ ကဲ ဘယ်သူ့ကို အပြစ်ပုံရပ့ါ။

ကိုယ်နဲ့ မင်းဟာ စကတည်းကသည်လိုပဲ အစီစဉ်တကျတွေကြားမှာ တော့လွဲကလေးနဲ့ နိဒါန်းစခဲ့တာပါ ခေတ်ရယ်။





အဲလိုပါပဲ. . .။

✠ ✠ ✠

"အဲဒီလိုပဲ အဲဒီလိုပဲ ညီမလတ်. . .၊ အခု လေးဆယ့်နှစ်ပေးတဲ့စိန်ကို ရပြီဆိုပြီး မလွှတ်လိုက်လေနဲ့. . .၊ နောက်ကျွမ်းပစ်ပက်လက်ပြဟက်တက်ကွဲသွားမယ်. . .၊ ကိုးရက်စောင့် Jewellery ကပြပွဲ ဟောင်ကောင်က ဝယ်လက်တွေကဆုန်ပေါက်လာမယ်. . . ညည်းတို့ထက်လည်တယ်၊ ဒါပေမယ့် ခြောက်ဆယ်ကျော်ရမယ်. . . ရှူးရှူးတောင်မှ တုန်နေအောင် ပေါက်ချင်ပေမယ့် အောင့်လို့ရသေးတာပဲ ဒါလေးတော့အောင့်ထား. . .၊ ကွန်နက်ရှင်ချိတ်မိသွားတာနဲ့ အားလုံး Ok ဟုတ်ပြီလား ညီမလတ်. . ."

"ဟုတ် ဟုတ်ကဲ့ပါ မမနဲ့. . . ညီမလတ်အောင့်ထားပါ့မယ်"

အန်တီလေး၏ အနားမှာ နရီခေတ် ယို့ယို့ဝင်ထိုင်သည်။ ဦးမိုးမြင့်က တီးတိုးဆို၏။

"Return of မမနဲ့လေ မမနဲ့ပြန်လာပြီ ဒါ Second Round ဒုတိယအချီပေါ့တူမကြီးရဲ့ မမနဲ့ ဒီမှာများ ညအိပ်မလားမသိဘူး ဧည့်စာရင်းတိုင်ဖို့မှတ်ပုံတင်တောင်းထားဦးမှ"

"ငါက ဧည့်စာရင်းမလိုဘူး မောင်တော်လေး နင်သာ ဘုရားကိုးဆူဆိုပြီး စင်တင်မှာမူးမူးနဲ့ မကောင်းတဲ့ဆိုင်မှာ သုံးနာရီရောက်သွားပြီး. . . အတ္တာချုတ်ခံလိုက်ရတာ ငါဖွင့်ချလိုက်ရမလား ဟွန်း. . . ဟွန်း. . . ဟွန်း"

"မဖွင့်ပါနဲ့ အဲဒီလို ကျီစားနဲ့လေ မမနဲ့ကလည်း အဲ. . . အဲဒီမှာတူမလေး နရီခေတ် အငယ်လေးလေ မမနဲ့၊ ဝမ့်တက် Wanted ဖြစ်နေတဲ့ ဖိနပ်လေးဝယ်ပြီးပြန်လာပြီဗျ"



www.burmeseclassic.com

www.burmeseclassic.com



ကြယ်ကြယ့်ကိုယ်သည် နရီခေတ်ဆိုသော အသံကြားသည်နှင့် ပိုမို ယိမ်းထိုးလာကာ တည့်ငင်းညှင်းရယ်ချလိုက်လေသည်။

"ဟင်း ဟင်း ဟင်း ဟင်း ဟင်း ဟင်း ဟင်း အငယ်မနရီခေတ် ဟင်း ဟင်း ဟင်း ဘယ်နှယ့်ရှိစ ဖူးစာရှင်တွေ့ခဲ့ပြီဆိုတော့ အသည်းတုန်အူတုန်ဖြစ် ဒိန်းဒလိန်း နတ်ဖမ်းစားနေပြီမဟုတ်လား ဟင်း ဟင်း ဟင်း ဟင်း"

မောလာရသည့်အထဲမှာ နရီခေတ်ဒေါသလေး ခေါင်းထောင်ထလာသည်။

"ခေတ် ဘာမှမဖြစ်ဘူး တီတီကြယ် Sorry မမနဲ့"

"ဟင်း ဟင်း ဟင်း ဟင်း ကောင်မ ငါ့ကိုမညာနဲ့ ငါ အကုန်သိတယ်ဟဲ့ မမနဲ့ အငယ်မနဲ့အတူ နံဘေးမှာလိုက်ခဲ့တာ ညည်းမသိဘူးမဟုတ်လား ဟင်းဟင်းဟင်း ဘယ်နှယ့်လဲ စတိုးဆိုင်က အဲဒီအတောင်နှစ်ဆယ်ဝတ်ကို အငယ်မ ဟပ်ထိသွားပြီမဟုတ်လား ပြောစမ်း"

"ရှစ် ဘာမှဟပ်မထိဘူး ပုံစံကအူကြောင်ကြောင်နဲ့. . . သူ့ကိုကြည့်ပြီး စိတ်တောင်ကုန်တယ် မမနဲ့ရေ့"

"အံမယ် အံမယ် ဗျောင်ညာတယ် ဟဲ့အငယ်မရဲ့ အဲဒါဟာ နင့်ရဲ့ဖူးစာရှင်ပဲ နင့်ရဲ့ အိမ်ထောင်ဖက်ဖြစ်လာမယ့် ယောကျာ်းသားဟဲ့ ဟင်း ဟင်း ဟင်း ငါအကုန်မြင်တယ်ဟဲ့ သူများတွေဆို တစ်သောင်းခွဲ ခေတ်ဆီက ကျွန်တော်ရချင်တာကတော့ တစ်ထောင့်ငါးရာ မဆစ်ပါနဲ့ဗျာ တဲ့ ကဲ ဘာငြင်းဦးမလဲဟေ့ ဟွန်း"

နရီခေတ် မျက်လုံးလေးဝိုင်းကာ ပါးစပ်အဟောင်းသားဖြစ်သွားသည်။ ကွက်တိပါလား ဘယ်လိုများသိလေသည်မသိ။

"ဘယ့်နှယ့်လဲ ဟွန်းဟွန်းဟွန်း နင် ငါ့ကိုညာလို့ရမလား အငယ်မ ဟင် ပြောစမ်း၊ ကောင်လေးက ပညာတတ်၊ ဥစ္စာပေါ. . . ရုပ်ချော အသားဖြူဖြူ လူကောင်သေးသေးလေ. . . ဟွန်း"





"အာ စိတ်ရှုပ်လိုက်တာ မမနဲ့ပြောတာ အမှားကြီး ညိုညိုမဲမဲ ခထောင်ထောင်မောင်းမောင်းနဲ့ ယောကျာ်းဖြစ်ပြီး စိန်လက်စွပ်ကြီး မြင်နေအောင်ဝတ်ထားသေးတယ်. . . စိတ်ကုန်စရာကြီး"

"ဘာ"

အော်ဇီကြယ်ကြယ် ပါးစပ်အဟောင်းသားနှင့် ခန္ဓာကိုယ်တောင့်တောင့်ကြီးဖြစ်သွားသည်။ ခေတ်သည်ဘယ်တော့မှ လိမ်ညာပြောတတ်သူမဟုတ်၊ ဒါဆို တစ်ခုခုတော့ မှားနေပြီ. . .၊ ဒါပေမယ့် ကြယ်ကြယ်တို့က နပ်သည်. . .။ စကားကို ရထားလို ရှန်တိန်လုပ်ပစ်လိုက်သည်။

"ဘာစိန်လက်စွပ် ဟုတ်လား အား Thank You အဖေကျော် အဖေကျော်သတိပေးပေလို့ မိန့် မိန့်ပါ ဖေကျော် အား"

ကြယ်ကြယ့်တွင် ဝှက်ဖဲများစွာရှိသည်။ အသံတုလေ့ကျင့်ထားသည်မှာလည်း ကြယ်ကြယ်၏ ဝှက်ဖဲတစ်ချပ်ဖြစ်သည်။ လူတစ်ယောက်လိုပြောလျှင်တကယ့်မိန်းမသံ။ (သ)ကို (တ) အသံအမြဲထွက်သည်။ နတ်သံနှောလျှင်တော့ (သ)နှင့် (တ)အသံကွဲသည်။ ယခုလည်း ကြည့်အသံသေးသေးစူးစူး မမနဲ့အသံက 'အား'ကနဲအော်ကာ Volume က ဇီးရှိုးရောက်သွားပြီး ယောကျာ်းသံကြီးရောက်လာ၏။

"ဟား ဟား ဟား ဟား ဘယ့်နှယ့်လဲ ညီဘွား၊ အချိန်ကျပဟ၊ ငါ ကိုကြီးကျော်. . . ကိုကြီးကျော်လေကွာ၊ ငါ့ကိုဘာမှတ်လဲဟေ့"

"ဘရိတ်ကီ. . . ဘရိတ်ကီအသံကြီးမှတ်နေတာ. . . အဲ. . . အဲ. . . ခွင့်လွှတ်ပါ. . . ခွင့်လွှတ်ပါ ကိုကြီးကျော်. . ."

"ညီဘွား အချိန်ကျပဟ ဒိုးတော့ ညောင်းတော့ကွ မင်းစိန်လက်စွပ်ကြီးပြန်တောင်းဖို့ အခုချိန်အခါရောက်ပကွ. . . ဟား ဟား ဟား ညီဘွား ယမန်နေ့ညက တဏှာရူးခဲ့တဲ့ မိန်းကလေးဆီ အခုပဲသွားပြီး တောင်းပေတော့ အော်ဇီကြယ်ကြယ် အကုန်သိတယ်ဆိုပြီး ငါသိမ်း ကြယ်နာမည်သုံးလိုက် မင်းကောင်မဖင်တုန်ပြီး ချက်ချင်းဖုတ်ဖေး



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ် အခုပဲသွားတော့ဟေ့ ဟား ဟား ဟား ဟား သွားရင်းနဲ့ တူမတော်ကိုမေးပြီး စတိုးဆိုင်နေရာကြည့်သွား အဲဒီ သူငယ်ဟာ တူမတော်ရဲ့ဖူးစာဘက်ပဲ. . .၊ တစ်ချိန်မှာ လူကြီးစုံရာနဲ့ မင်္ဂလာကိစ္စလာမြန်းလိမ့်မယ် လက်ခံရမယ်. . .၊ အဲဒီလိုလက်ခံလိုက်တာနဲ့ ညီဘွားတို့ဘဝ ဒီထက်ဆယ်ဆထောင်တက်ပကွ ဟား ဟား ဟား ဟား ကဲ ဟုံ့ကိုကော်မရှင်နာတစ်လုံးတောင် မဆက်တဲ့ ညီဘွားတို့စံအိမ်မှာ ငါကြာကြာမပျော်ဘူးဟေ့ ခွေးမသား ခွေးမသမီးတွေ”

အဲဒီနောက် ကြယ်ကြယ့်ကိုယ်ကြီး ယိမ်းထိုးရာမှတောင့်တောင့်ကြီး တဆတ်ဆတ်တုန်၊ မျက်လုံးတွေ ပွင့်လာ. . .၊ မောဟိုက်နွမ်းလျ ငြိမ်ကျသွား. . .။

ဒေါ်စန္ဒီခေတ် ဦးမိုးမြင့်ခေတ်ကို မျက်မှောင်ကြီးကျုံ့ကြည့်နေရာမှ နတ်အုန်းတိုင်ဆီအကြည့်ရွေ့သွား. . .၊ ပါးစပ်အဟောင်းသားရင်ကလေးဖိ. . .၊ ဘုရား. . .ဘုရား ကိုကြီးကျော် မိန့်တာ အဟုတ်သား. . .၊ နတ်အုန်းတိုင်မှာ Johney Walker အရက်ပုလင်းကြီး မရှိတော့ပါလား. . .။

✠ ✠ ✠

ဤသည်၏နောက်မှာတော့ ရှင်းရခက်အောင်ရှုပ်တော့မည့် အဖြစ်သနစ်က ရှင်းရှင်းလေးပါပဲ. . .၊ ဦးမိုးမြင့်ခေတ်တစ်ယောက် ဝသန်မိုးစတိုးဆိုင်ရှေ့မှာ ကားကိုရပ်သည်။ ဆိုင်တွင်းသို့ လှမ်းငေးကြည့်သည်။ ပြီးတော့ ဦးမိုးမြင့်ခေတ်မျက်နှာကြီးပြုံးသွားသည်။ ဆိုင်တွင်းမှာ ညိုညိုမဲမဲ ထောင်ထောင်မောင်းမောင်း စိန်လက်စွပ်ကြီး အပြုံးသား၊ မဝံ့မရဲနှင့် သကောင့်သားအား သူမြင်တွေ့လိုက်ရသည်လေ။





လက်စသပ် တော့ ညိုမှိုင်းပါလား. . .။ သူသိတာပေါ့ ဒီကောင် ‘အဖြူရောင်သစ္စာ’ ဗီဒီယိုထုတ်လုပ်ရေးပိုင်ရှင်လေ. . .၊ ညနေပိုင်း ဂေါက်ကွင်းမှာလည်းတွေ့နေကျ. . .၊ သူ့ ဘရားသားတွေကလည်း ကိုယ့်ဘော်ဒါတွေ အသိုင်းအဝိုင်းကလည်း ဆွေကြီးမျိုးကြီးတွေ၊ အသားကလေး ညိုမဲတာကလွဲလို့ ညိုမှိုင်းနဲ့က သဘောမတူစရာမရှိ၊ ကြယ်ကြယ့်ဟောကိန်း အရသာဆိုလျှင် တူမ ခေတ်အတွက် စိတ်အေးရပြီ. . .။ တူမခေတ်ကို သူတို့လို လူပျိုကြီး အပျိုကြီးတွေမဖြစ်စေရ။ ခေတ်ကို ညိုမှိုင်းနှင့် စုလျားရစ်ပတ်ပေးဖို့က သူ့ခေါင်းထဲမှာ တာဝန်တစ်ရပ်အဖြစ် နေရာစွဲသွားသည်။

ဦးမိုးမြင့်ခေတ်သည် ကားကို မောင်းထွက်လာခဲ့၏။

ကဲ. . .ကြယ်ကြယ် အတိအကျစီစဉ်သည့်ကြားက မိုးဇက်တို့ကိုက ကံချော်ချင်တော့လေ. . .။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com



" လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ထဲမှာရှိတဲ့ သွေးကြောတွေကို ဆံချည်မျှင်အရွယ် သွေးကြောလေးတွေကအစ အားလုံးကို ဆက်လိုက်ရင် ကမ္ဘာတစ်ပတ်ရတယ်ဆိုတာ သိပါရဲ့လား. . . ၊
ကျေးဇူးပြုပြီး ကိုယ့်ရဲ့သွေးကြောတွေအားလုံးကိုဆက်ပြီး ကမ္ဘာကြီးကို ပတ်ချည်ပေးပါ. . . ၊
ကိုယ့်ရဲ့ရှင်သန်စီးမြောနေတဲ့ သွေးကြောစက်ဝိုင်းလေးထဲမှာပဲ ခေတ်ကို ရှိနေစေချင်လို့ပါ. . . "





အခုကျတော့လည်း မမနဲ့ရော ကိုကြီးကျော်ရော Hight Way လမ်းမကြီးပေါ် မာရသွန်နှင်နေပြီလားမသိ. . .၊ ကြယ်ကြယ့်ကို ကြည့်လိုက်တော့ Dream Bed ပေါ်မှာ အပြစ်ကင်းစင်စွာ စက်တော်ခေါ်လျက် မိန်းမသာ ဆိုတော်တော်လှမည့် ကြယ်ကြယ် ခုတော့ ဘာမှန်းမသိတာကြီးဖြစ်နေသည်။ အတွေးဖြင့် နရီခေတ်ပြုံးသည်။ သည်အခိုက်မှာပင် ဒေါ်စန္ဒီခေတ်၏ ဟန်းဖုန်းက အသံမြည်လာသည်။

"ဟင်. . . မောင်လေးဆက်တာပဲ ဟယ်လို မောင်လေးပြောလေ"

"မမလတ် အိမ်မှာကြယ်ကြယ်ရှိသေးလား သူ့ဆီဆက်တာ ဖုန်းပိတ်ထားလို့ဗျ"

"အိပ်နေတယ် မိုးမြင့်ခေတ်ရဲ့ ခမြာလေးအတော်ပမ်းသွားရှာမှာလေ မမနဲ့က ဒီလောက်မဟုတ်ပေမယ့် ကိုကြီးကျော်ကြီးက ဝင်တာအတော်ကြမ်းမယ့်ပုံဟဲ့ ကိုကြီးကျော်ဝင်လာတာကြီးမှာ ကြယ်လေ 'အား'ဆိုအော်လိုက်တာလေ ဟယ် နင် ဘာပြောချင်လို့လဲ"

သည်မှာပင် ကြယ်ကြယ်၏ Eye Shadows ဝန်နံ့လန့်တာ



www.burmeseclassic.com

www.burmeseclassic.com



လေး ဖြည်းဖြည်းပွင့်လာသည်။ ကြယ်ကြယ်လက်လှမ်းတော့ ဒေါ်စန္ဒီခေတ်က Hand Phone ကိုပေးလိုက်၏။

"ပြော. . . ကိုမိုး ဘာကေ့စ်လဲ"

"ကြယ်ကြယ် ကျေးဇူးကွာ ကိုမိုးလက်စွပ်ကြီးပြန်ရပြီကွ"

"လက်စွပ်ပြန်ရပြီ ကိုမိုးလက်စွပ်က ပျောက်တွားလို့လား"

"ကြယ်ကြယ်ပဲပြောတာလေ မြတ်နိုး ခိုးချွတ်လိုက်တာဆိုတာ ကိုမိုးအစွပ်လေ၊ အဲဒါ အခုပြန်ရပြီကြယ်ကြယ်ရဲ့"

"ဘယ်ကမြတ်နိုးလဲ၊ ကိုမိုးကိုချွတ်တာတွေရော စွပ်တာတွေရော. . . အာ. . ကိုမိုးပြောတာ ကြယ်ကြယ်ဘာမှမတိဘူး"

"ကြယ်ကြယ်သိပါတယ်၊ ပြီးတော့လေ အသွားမှာ အဲ. . . ကိုမိုး စတိုးဆိုင်ရှေ့ကားရပ်ကြည့်တယ်၊ တူမလေးခေတ်ရဲ့ကောင်လေးကိုတွေ့တယ်၊ ကိုမိုးအသိထဲကပဲ၊ ဆွေကြီးမျိုးကြီးပဲ၊ ကိုမိုး လုံးဝသဘောတူတယ်၊ တူမလေးခေတ်ကို အဲဒီကောင်လေးနဲ့ ကိုမိုးကိုယ်တိုင်ပေးစားမယ်၊ အဲဒါ ကြယ်ကြယ့်ကိုလှမ်းပြောတာ. . . Fly Kiss"

ကြယ်ကြယ် ဖုန်းပိတ်လိုက်သည်။ ပင့်သက်မောကို မှုဉ်းချရင်း သွဲ့နွဲ့ခေါင်းခါသည်။ နှုတ်ခမ်းလေးက ကြာပန်းလေးလိုပွင့်လာသည်။

"ကိုမိုး တစ်ယောက်ဟာလေ၊ ဘာတွေဖြစ်နေမှန်းကို မတိပါဘူး၊ တူလေ. . . မနေ့ညက တငယ်ချင်းရဲ့ဘုရားကိုးဆူတွားမယ်လို့ အိမ်ကို လိမ်ထွက်ပြီး စင်တင်မှာ ကောင်မလေးတွေ ဟိုဖော်ဒီဖော်တွေကြည့် အရက်ထိုင်တောက်နေခဲ့တာတဲ့၊ အဲဒီကနေ ဆယ့်နှစ်နာရီခွဲကျတော့ ဆံပင်ညှပ်ဆိုင်ဘမ်းပြဖွင့်ထားတဲ့ အပျက်မလေးတွေဆီရောက်တွားတယ်တဲ့၊ အဲဒီမှာ မူးမူးရူးရူးနဲ့ နှာဘူးထပြီးကဲခဲ့တာတဲ့လေ၊ မလတ်. . . အဲဒီမှာလေ မြတ်နိုးဆိုတဲ့ကောင်မလေးက တူ့ဟာကြီးကို နှဲ့နှဲ့ပြီးဖြုတ်ယူလိုက်တာ တူမတိလိုက်ဘူးတဲ့တော့"





"ဘာ. . . ဘာကြီးလဲ ကြယ်ကြယ်၊ မောင်လေးတော့ လူညွှန့်တုံးပြီနဲ့တူပါတယ်"

"စိန်လက်စွပ်. . . စိန်လက်စွပ်လေ. . သိန်းတစ်ရာလောက်တန်တာကြီးဥစ္စာ၊ အဲဒါကို ခိုးခံလိုက်ရတာ တူမတိလိုက်ဘူးတဲ့၊ အဲဒါ တူ ဒုက္ခရောက်ပြီး စိတ်ညစ်နေတာ၊ အဲဒါလေ. . . ကြယ့်ကို ကိုကြီးကျော်ဝင်စီးပြီးပြောလို့ အခု တူ တူ့လက်စွပ်ကြီးပြန်ရပြီတဲ့၊ အဲဒါ မမလတ်တို့မတိပါစေနဲ့လို့ မှာထားလို့ ကြယ် ပြောတင့်မပြောတင့်စဉ်းစားနေတာ၊ ဟူး. . . မပြောတော့ပါဘူး မလတ်ရယ်. . . နော်"

ကဲ. . . ကြယ်ကြယ်ကတော့ ပညာသားပါပါနှင့် နှိပ်ကွပ်ပစ်လိုက်ပြီ။ မိုးမြင့်ခေတ်ကို လှုပ်လို့မရအောင် ချည်တုပ်ပစ်ရမည်။ ကြယ်ကြယ့်မှာ အစီအစဉ်ကြီးတစ်ချောင်းက အသင့်။ ဟန်မူပိုပို သက်ပြင်းချလိုက်သည်။

"ဟူး. . . ဒီအတိုင်းဆိုမလွယ်ဘူး၊ ကိုမိုးကို ဒီအတိုင်းလွှတ်ထားလို့မရတော့ဘူး၊ တူ့ကို တာတနာ့ဘောင်ထဲ လေးဆယ့်ငါးရက် သက်န်းဝတ်ခိုင်းပြီး ကံမြင့်မှရမယ်နဲ့တူတယ်၊ နောက်တစ်ခါမှ ဖေကြီးကျော်ကို ပင့်ပြီး ဝတ်တင့်မဝတ်တင့် မိန့်ခိုင်းဦးမယ်၊ သြော်. . . ပြောရဦးမယ်၊ ကြယ်လေ. . . မမစန္ဒီ့လက်ရာ ရှောက်တီးတုပ်လေးခံတွင်းတောင်းနေတာ၊ အဲဒါ. . . အဲဒါ. . . ဟက်ဟက်"

ဒေါ်စန္ဒီခေတ် မျက်စောင်းပြုံးကြီးကို ကြယ်ကြယ့်ထံထားခဲ့ကာ ခြေထောက်တွေက မီးဖိုဆောင်ဘက်သယ်သွားသည်။ နရီခေတ်က ကြယ်ကြယ့်ကိုပြုံးထေ့ထေ့ကြည့်နေ၏။

"ခေတ်ကို တစ်ခုခုပြောဖို့ အန်တီလေးကို ပ,ထုတ်လိုက်တာမဟုတ်လား တီတီကြယ်"

ကြယ်ကြယ်သည် ခေတ်အား တည့်တည့်စူးစူးကြည့်နေ၏။ စင်ယော်တောင်ပံသွဲ့သွဲ့ မျက်ခုံးနှစ်ခုကြားကို စူးစိုက်သည်။ ခေတ်မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လေးသည် စက်ဝိုင်းပျောက်လေးဖြစ်သွား၏။ နရီခေတ်အာရုံမှာ ကင်မရာဖလက်ရှ်မီးတစ်ချက် ဖြတ်ကနဲလက်သွားသလား. . .၊ သိခြင်းနံရံချပ်တွေ မိုက်ကနဲလှုပ်ယိမ်းသွားသလား. . . မသိလိုက်။

"တီကြယ်. . . တီကြယ် ဘာပြောချင်လို့လဲ၊ တီကြယ် တစ်ခုခုမှားနေပြီဆိုတာ ခေတ်သိတယ်၊ ပြောလေ. . . တီကြယ်"

"တီကြယ်မမှားဘူး၊ ခေတ်လေးလည်းမမှားဘူး၊ နေဦး. . . မိနစ်လက်တန်တွေကို တီကြယ် နောက်ပြန်လှည့်ကြည့်နေတယ်၊ ဟုတ်ပြီ. . . မြင်ပြီ. . . ခေတ်လေးနဲ့ဖုန်းပြောနေတာ အသားဖြူဖြူ. . . သန့်သန့်လေး. . . လူကောင်သေးတယ်. . . အဲရှိုးရှပ်အဖြူရောင်နဲ့"

"မဟုတ်ဘူး၊ အသားညိုညိုမဲမဲ လူကောင်ထွားထွား. . . စပို့ရှပ်အနက်ရောင်နဲ့. . . အဲဒီလူကို ခေတ်တွေ့ခဲ့တာ တီကြယ်"

"အဲဒါဆို ခေတ်လေးမှားသွားပြီ၊ စောစောက ကိုမိုး တီကြယ့်ဆီဖုန်းဆက်တယ်၊ အဲဒီစတိုးဆိုင်ရှေ့ သူရောက်ခဲ့တယ်၊ ကောင်လေးကိုသူတွေ့ခဲ့တယ်၊ သူသဘောတူတယ်တဲ့၊ အဲဒီကောင်လေးနဲ့ ခေတ်ကိုသူကိုယ်တိုင်ပေးစားမယ်တဲ့. . . တော်ပြီ. . . တီကြယ်တို့ ဒီအကြောင်းကို ဒီမှာပဲရပ်မယ်၊ ဘာမှမပြောနဲ့တော့ ခေတ်"

"ဘယ်လို. . . ဦးမိုးက အဲလိုပြောတယ်၊ အဲလိုပြောတယ်ဟုတ်လား၊ ခေတ်ကို အဲလိုလုပ်လို့ဘယ်ရမှာလဲ၊ မရဘူးလေ တီကြယ်ရဲ့၊ တီကြယ်ပြောလေကွာ"

နရီခေတ် စိတ်ရှုပ်စွာညည်းသည်။ ကြယ်ကြယ့်နှုတ်ခမ်းတွေကပြုံးထေ့ထေ့. . .။ ဒါပေမယ့် နှလုံးသားမှာ လိပ်ပြာမရှင်း။ နောက်ကျောမလုံ။ တီကြယ်သိတာပေါ့၊ တီကြယ်လည်းမမှား၊ ခေတ်လေးလည်းမမှား။ ကဲ. . . ဒါဆို မှားစရာက တစ်ယောက်ပဲရှိတော့တာပေါ့၊ ဒီလောက်အစီအစဉ်တကျလျက်နဲ့ သေနာလေး မိုးဇက်. . . ဘာများ တလွဲလုပ်လိုက်ပါလိမ့်။

✠ ✠ ✠





ကျနေကို ရေတမာရွက်အုပ်က ဒိုင်းတစ်ခုလို ဆီးကာထားသည်။ နေငွေ့မခသော်ငြား ခေတ်၏မျက်နှာလေးမှာ သုန်မှုန်မှိုင်းမြိုင်းရိပ်ဆင်လျက်. . .။ ခေတ်ဆိုသောကောင်မလေးသည် အမြဲတစေစိတ်ရှင်းရှင်းထားတတ်၏။ ဒီလူ့ကျမှ စိတ်စနိုးစနောင့် မတင်မကျနှင့်။ ခေတ် သည်လိုမနေတတ်ပါ။ နေ့လည်က စတိုးဆိုင်ဖုန်းနံပါတ်ကို Hand Phone ဖွင့်ကာရှာလိုက်သည်။ နည်းနည်းတော့အဆန်းသား။ ခေတ်နည်းနည်းရင်ခုန်နေသည်လေ။

သံရှည်နှစ်ခါခေါ် အပြီးမှာ တစ်ဘက်မှ တုန့်ပြန်သံက မျှော်လင့်ထားသည့်အတိုင်း တကယ့်ကို အူကြောင်ကျားလေ။

"ဟယ်လို. . . ခေတ်. . . အဲ. . . မမနဲ့. . . မမနဲ့ ဘယ်နတ်ကန္တာရမှာလဲခင်ဗျာ. . . မိန့်ပါမမနဲ့. . . မိန့်ပါ"

"ကျွန်မ မမနဲ့မဟုတ်ဘူး၊ ကျွန်မနာမည် ခေတ်. . . နရီခေတ်"

"ခေတ်. . . ခေတ်ကို ကျွန်တော်သိတယ်၊ ဒါ. . . ဒါဆို. . . အခု ခေတ်နဲ့စကားပြောရမှာပေါ့၊ လူလူချင်းပြောရမှာ အဲလိုလား ခေတ်"

"ဝဿန်မိုးစတိုးဆိုင်ဟာ ရှင့်စတိုးဆိုင်လား၊ ရှင့်နာမည်ဘယ်လိုခေါ်လဲ"

"မိုးဇက်. . . ကျွန်တော့်နာမည်မိုးဇက်ပါ၊ ဝဿန်မိုးဟာ ကျွန်တော့်ဆိုင်ပါ"

"မိုးဇက်. . . ရှင့်ပုံစံဟာ ဘယ်လိုပုံစံလဲ၊ အသားညိုမဲမဲ ထောင်ထောင်မောင်းမောင်း၊ စပို့ရှပ်အနက်နဲ့ပေါ့ဟုတ်လား"

"အား ခေတ်ပြောတာ အားလုံးဆန့်ကျင်ဘက်ချည့်ပဲ၊ အင်္ကျီကိုအဖြူရောင်ကလွဲပြီး တခြားဘာရောင်မှ ကျွန်တော် မဝတ်တတ်ဘူး"

"အိုး. . . ဒါဆို ကြယ်ကြယ်ပြောတဲ့အတိုင်းမှန်နေပြီ၊ မိုးဇက်ရှင် ကြယ်ကြယ်နဲ့သိလား"

မိုးဇက်ငြိမ်သွားသည်။ ဘာမှမဖြေ. . .။ ဘယ်လိုဖြေရမှန်းမှ



www.burmeseclassic.com

www.burmeseclassic.com



မသိတာ။ ခေတ်သည်လိုမေးလျှင် 'မသိဘူး'လို့ပဲဖြေရမည်ဟု ကြယ်ကြယ်ကသင်ထားသည်။ ဒါပေမယ့် ချစ်သူကို မိုးဇက် ဘယ်လိုမှ လိမ်ပြောနိုင်မည်မဟုတ်ပါ။ မိုးဇက် စဉ်းစားနေခြင်းပဲဖြစ်သည်။

"မိုးဇက်. . . ရှင် ဘာလို့ငြိမ်နေတာလဲ၊ ရှင်နဲ့ကြယ်ကြယ် သိတယ်မဟုတ်လား၊ ဖြေလေ. . . မဖြေရင် ရှင်မရိုးသားလို့လဲ"

"မရိုးသားတာကိုတော့ ဝန်ခံပါတယ်၊ ဒါပေမယ့် အခု ခေတ်မေးတဲ့မေးခွန်းကို ကျွန်တော်မဖြေတတ်ဘူး၊ အဓိပ္ပါယ်မပေါက်ဘူးဖြစ်နေတယ်"

"ရှင် ကြယ်ကြယ်နဲ့သိလားလို့မေးတာ၊ ကြယ်ကြယ်လေ. . . အော်ဇီကြယ်ကြယ်လေ မိုးဇက်"

"မော်စီကြယ်ကြယ်. . . မော်စီ. . . မော်စီဟုတ်လား၊ မော်စီကြယ်ကြယ် ကျွန်တော်မသိဘူး၊ ဘာဖြစ်လို့လဲ ခေတ်"

သည်တစ်ခါငြိမ်သွားသူမှာ ခေတ်ဖြစ်သည်။ ခေတ်သည် နှုတ်ခမ်းလေးကိုကိုက်ထား၏။ စိတ်ထဲမှာရှင်းချင်သည် သူက မော်စီလို့ကြားနေသည်။

"ကောင်းပြီလေ. . . ရှင် အခု စတိုးဆိုင်မှာလား"

"မဟုတ်ဘူးခေတ်၊ ကျွန်တော် 365 မှာ သူငယ်ချင်းနဲ့ ကော်ဖီသောက်နေတာ"

"သမ္မတဘေးက 365 လား၊ အဝေးကြီးပဲ၊ ရှင် သုဝဏ္ဏကနေအဲဒီ သမ္မတရုံထိ ကော်ဖီသွားသောက်တယ်"

"တစ်ခါတစ်လေပါ၊ ဘာဖြစ်လို့လဲ ခေတ်"

"ကျွန်မ ရှင့်ဆီလာမလို့၊ ရှင့်ကို လာကြည့်မလို့"

"ဗျာ"

"ဘာလဲ. . . ရှင့်ဘေးမှာ ကောင်မလေးရှိနေလို့လား၊ မပူနဲ့၊ ကျွန်မ ရှင်နဲ့ ကော်ဖီအတူသောက်မလို့မဟုတ်ဘူး၊ ရှင့်ပုံကိုမြင်ဖူးချင်လို့၊





ကြည့်ရုံပဲ၊ ရှင် 365 ရှေ့မှာရပ်နေ၊ အင်္ကျီအဖြူ ပုဆိုးဘာရောင်ဝတ်ထားလဲ"

"ပုဆိုးမဝတ်ထားဘူး၊ ဘောင်းဘီကွာတားနဲ့. . . နေ. . . နေဦးခေတ်. . . ကျွန်တော် သူငယ်ချင်းနဲ့ထိုင်နေတာပါ၊ ငကျောင်းနဲ့၊ ခေတ်မယုံရင်ဝင်ကြည့်ပါ. . . နေ. . . နေပါဦး ခေတ်"

"ဘာလဲ. . . ရှင်ဘာပြောချင်လို့လဲ မိုးဇက်"

"ခေတ်. . . ခေတ်ကို ကျွန်တော်ချစ်တယ်"

"လဲသေလိုက်၊ အဲဒီမှာပဲ လဲသေလိုက်တော့"

ဒေါသကလေး ဝုန်းကနဲထကာ ခေတ် ဖုန်းပိတ်ပစ်လိုက်သည်။ ပူပူနွေးနွေးရလိုက်သည့် အပြင်ထွက်ခွင့်ပါမစ်လေးကို အခွင့်ယူလျက် ခေတ် ကားကိုမောင်းထွက်ခဲ့သည်။ တွေ့သေးတာပေါ့မိုးဇက်ရယ်၊ ရှင် ဘယ်လိုပုံလဲ. . .။

✠ ✠ ✠

လဲသေလိုက်တော့. . . တဲ့။ လဲတော့မသေပါ။ သေချင်းသေ မတ်တတ်ကြီးပဲသေလိုက်မယ်။ Car Park နားက 365 ဆိုင်းဘုတ်လေး၏ သံလုံးတိုင်နားမှာ မိုးဇက် မတ်တတ်ကြီးရပ်နေသည်။ နေပူလက်တံရှည်က ယောက်လမ်းမကို တဆစ်ချိုးကျော်လှမ်းလျက် သူ့ခေါင်းကိုထိခတ်သည်။ ပူစမ်းပါစေ။ ရင်နှင့်မျှော်မိသော အမြင်ထဲမှာ လမင်းလေးက စိမ်းပုတ်ရောင်ကရီနာကို မောင်းနှင်မြန်းကြွလာနေပြီလေ. . .။

သည်မှာပဲ မျက်စိရှေ့မှာ တရွေ့သရဲတစ်ကောင်လို ဘွားကနဲချိုးကွေ့မောင်းဝင်လာသောကားကြီးကြောင့် မိုးဇက် မျက်လုံးပြူးကာ ဆံပင်တွေထောင်သွားသည်။ ပရာဒိုကြီး ကြယ်ကြယ်၏ပရာဒိုကြီး၊ ဘယ်လိုကဘယ်လို သူ့ရှေ့ရောက်လာပါလိမ့်။ သူ ပါးစပ်အဟောင်းသား ငေး



www.burmeseclassic.com

www.burmeseclassic.com



ကြောင်နေဆဲမှာပင် ကြယ်ကြယ်ကပြုံးပြုံးကြီး ကားပေါ်မှဆင်းလာသည်။

"ရှာလိုက်ရတာတားရယ်၊ ဒါတောင် ဟလဝါလေးက နတ်လမ်းညွှန်လိုက်လို့ ဟွန်း ဟွန်း"

"ကြယ်ကြယ်. . . လာ. . . လာ. . . အထဲ အမြန်ဝင်ရအောင်၊ ခေတ် ဒီကိုလာနေပြီ၊ ကြယ်ကြယ့်ကို ကျွန်တော်နဲ့အတူ တွေ့သွားလို့ မဖြစ်ဘူး"

"အင်း. . . ခေတ်လေး. . . ဒီကိုလာနေပြီဟုတ်လား တား၊ အိုး ဂေါ့. . . ဒုက္ခပဲ"

မိုးဇက် ကြယ်ကြယ့်လက်ကိုကိုင်ကာ ဆိုင်ထဲသို့ အမြန်နှုန်းနှင့် ဒရောသောပါး ဆွဲခေါ်လာသည်။ ကြယ်ကြယ် တုတ်တက်တုတ်တက်နှင့် ပါလာသည်။ ခုနေများ ခေတ်ရောက်လာလျက် သည်မြင်ကွင်းကိုမြင်သွားပါက သွားပြီ။ သူ့ရင်တွေ တဒိုင်းဒိုင်းခုန်လှုပ်နေ၏။ မျိုးဆွေသန်းနံဘေးမှာ နှစ်ဦးသားထိုင်မိကြသည်။ ဟူးကနဲသက်ပြင်းပြိုင်တူချမိကြသည်။ မျိုးဆွေသန်း တစ်စုံတစ်ယောက်နှင့် ဖုန်းပြောနေ၏။

"လာခဲ့လေ. . . နီးနီးလေးပဲဟာ. . . လာခဲ့ပါဗျာ. . . ကျွန်တော်တို့ 365 ထဲမှာပါ၊ OK ဒါပဲနော်"

ဖုန်းကိုပိတ်လျက် မျိုးဆွေသန်း ဟက်ကနဲရယ်သည်။

"ဒီနေ့တော့ တိုက်တိုက်ဆိုင်ဆိုင်လာဆုံကြတာပဲ မိုးဇက်ရေ၊ ကိုညိုမှိုင်းလေကွာ. . . အောင်ဆန်းကွင်း ကားဂိတ်မှာ ပစ္စည်းလာပို့တာ ငါနဲ့တွေ့ချင်လို့တဲ့၊ အဲဒါ အခု လမ်းလျှောက်လာနေပြီ"

"ဘာ"

မိုးဇက် အထိတ်တလန့်အော်လိုက်မိသည်။

ကြယ်ကြယ်. . . မျက်လုံးလေးကလယ်ကလယ် ဟိုကြည့်သည်ကြည့်. . .။

✠ ✠ ✠





ဘာသိဘာသာနေသော နှလုံးသားကို ခလုတ်တိုက်ခြင်းပဲဖြစ်သည်။ တိုက်သည့်ခလုတ်ကလည်း ရွှေခလုတ်။ ဒါပေမယ့် ဦးခင်သူရှိနှင့်ပြီးသား။ ညိုမှိုင်းထိုင်ရအခက် ထရအခက် မအီမလည် ရင်နှင့် စိတ်စနိုးစနောင့်ကြီးဖြစ်နေသည်။ နာမည်လေးက ခေတ်တဲ့။ နာမည်ကြားတုန်းက မထူးဆန်း၊ ခေတ်ကို မြင်လိုက်ရသည့်အချိန်မှာတော့ ညိုမှိုင်း၏ရင်တစ်ခုလုံး ပြောင်းဆန်သွားသည်။ နှလုံးသားသည် မုန်တိုင်းလှိုင်းကြမ်းပေါ်က သင်္ဘောပျက်သေတ္တာတစ်လုံးဖြစ်သွားသည်။ ကိုယ်စားပြောရသည်ဆိုသော်ငြား 'ခေတ်ဆီက ကျွန်တော် တစ်ထောင့်ငါးရာပဲရပါရစေ. . . မဆစ်ပါနဲ့ဗျာ' ဟု သူ့နှုတ်ခမ်းတွေကအထွက်မှာ ရင်သည် တဒိုင်းဒိုင်းခုန်လှုပ်နေသည်မှာ ခေတ်ပြန်ထွက်သွားသည်အထိ အတောမသတ်ဘဲကျန်ခဲ့သည်။

ဤသည်မှစ၍ မျက်စိဖွင့်ထားလည်း အလိုမကျရိပ်နှင့် ခေတ်မျက်နှာလေးပဲမြင်နေသည်။ မျက်စိပိတ်ထားလည်း ခေတ်မျက်နှာလေးပဲမြင်နေသည်။ ဘယ်လိုလုပ်ရမည်မသိ။ သူသည် ခေတ်၏အကြောင်းကို တစ်ခုခုလေးလောက်တော့ ရင်ပေါ့ဖြေစရာကြားချင်လာသည်။ ဆရာကျောင်း. . . ဆရာကျောင်းရေ. . . ခင်ဗျားပေါင်ခွကို မြွေပေါက်ခံရတာဟာ ညိုမှိုင်းရဲ့နှလုံးသားမှာလာပြီး အချစ်အဆိပ်ရည်တွေ ပြည့်တက်သွားတော့တာပါပဲ။ အောင်ဆန်းကွင်း ကားလက်မှတ်ဂိတ်မှာရောက်နေသော ညိုမှိုင်းသည် မျိုးဆွေသန်း၏ Hand Phone နံပါတ်ကိုရှာကာ ဆက်ကြည့်သည်။

ဆရာကျောင်းဘဒွေး မြွေကိုက်မှန်းသိသည်။ တိုက်တိုက်ဆိုင်ဆိုင် ဆရာကျောင်းသည် 365 မှာထိုင်နေသည်တဲ့။ ညိုမှိုင်းပျော်သွားသည်။ ကားကို ဟိုမှာဘက်မှာထားရစ်ခဲ့ကာ ခြေထောက်တွေကို အားကိုးလိုက်သည်။ ဘဝမှာ အတက်ကြွဆုံး ခြေလှမ်းတွေကို သူ့ခြေထောက်တွေ လှမ်းတတ်မှန်း သူ ယခုမှသိလိုက်သည်။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com



"ပြဿနာပဲကွာ. . . ခေတ်က ငါ့ကို ညိုမှိုင်းနဲ့မှားနေတယ်၊ အဲဒါ မင်းဘကြီးကောင်းမှုလေ၊ ကြယ်ကြယ်နဲ့ငါနဲ့ခင်တယ်ဆိုတာလည်း ခေတ်သိလို့မဖြစ်ဘူး၊ အခု ခေတ် ဒီကိုလာနေပြီကွ၊ ကြယ်ကြယ် ပြောပါဦး၊ ကျွန်တော် ဘယ်လိုလုပ်ရမလဲ"

"နေဦး တားရဲ့၊ ညိုမှိုင်းဆိုတာဘယ်တုလဲ"

"ညိုမှိုင်းဆိုတာ ကြယ်ကြယ်မသိဘူး၊ ဟာ ပြဿနာပဲ၊ ဒီလူ ဘာလို့ အခုကျမှ အကျီအဖြူ ကွာတားဘောင်းဘီဝတ်လာရတာလဲကွာ၊ ကြယ်ကြယ်. . . ကြယ်ကြယ်. . . အခုဝင်လာတဲ့သူဟာ ညိုမှိုင်းပဲ"

ညိုမှိုင်း ဆိုင်ထဲသို့ဝင်လာသည်။ မိုးဇက် မျက်လုံးပြူးမည်ဆိုလည်း ပြူးချင်စရာ။ ညိုမှိုင်းသည် ယခုကျတော့ တီရှပ်အဖြူကိုဝတ်ထား၏။ ရေညှိရောင်ဘောင်းဘီကွာတားကို ဝတ်ထား၏။ တိုက်ဆိုင်ပုံကများ တမင်လုပ်သလားအောက်မေ့ရသည်။ ဆိုင်ထဲသို့ ညိုမှိုင်း ဝေ့ဝန်းအကြည့်။ မျိုးဆွေသန်းနှင့် အကြည့်အဆုံမှာ မျိုးဆွေသန်း ထိုင်ရာမှ ထလိုက်သည်။

"ရတယ် မိုးဇက်၊ No Problem ပဲ၊ ဒီကိစ္စ ငါရှင်းပေးမယ်၊ ဒီဘဲကို ငါ ဒီနေရာက ခေါ်ထုတ်သွားမယ်၊ OK နော်"

မျိုးဆွေသန်းသည် ညိုမှိုင်းရှိရာသို့လှမ်းကာ ညိုမှိုင်း၏ခါးကို ဖက်လိုက်သည်။

"လာဗျာ. . . ကိုညိုမှိုင်း ကျွန်တော်တို့ တစ်နေရာရာသွားကြရအောင်"

"သွားလေ. . . ဆရာကျောင်း. . . ဘယ်သွားမလဲ"

"Somc where ပေါ့၊ ဝေးလေကောင်းလေ တစ်နေရာရာ ဟားဟား"

နှစ်ဦးသား ဆိုင်အပြင်ဘက်ရောက်လို့ ခြေလှမ်းခုနစ်လှမ်းပင် မပြည့်လိုက်။ Car Park ထဲသို့ စိမ်းပုပ်ရောင်ကရီနာလေး ဝင်လာ





သည်။

ကားကိုမြင်တော့ ညိုမှိုင်း ခြေထောက်တွေတုန့်ကနဲ အော်တိုဘရိတ်ဝင်သွားသည်။ မျိုးဆွေသန်း ပါးစပ်အဟောင်းသား ငေးကြောင်သွားရာမှ ရုတ်ချည်းပင် နောက်လှည့်ကာ ဆိုင်ထဲပြန်ပြေးဝင်သည်။ ရှပ်ကုန်ပြီ။ မှန်ချပ်တွေကြားခံလျက် မြင်ကွင်းကိုငေးကြောင်ကြည့်နေသော မိုးဇက်တို့အနီးသို့ မျိုးဆွေသန်းရောက်လာသည်။

"မိုးဇက်. . . ဟိုမှာ ခေတ်ရောက်လာပြီ၊ မင်းနဲ့ကြယ်ကြယ် အမြန် လူစုခွဲလိုက်ပါလား"

မိုးဇက်ထံမှ စကားပြန်မရ။ ကြယ်ကြယ်ရောမိုးဇက်ပါ ငေးကြောင်ထိတ်လန့်စွာ ခေတ်တို့ရှိရာ ရင်တလှပ်လှပ် လှမ်းကြည့်နေလေသည်။

✠ ✠ ✠

ခေတ်သည် ကားကို ညိုမှိုင်း၏ရှေ့မှာရပ်လိုက်၏။ ခေတ်ကိုမြင်တော့ ညိုမှိုင်းပျော်သွားသည်။

"ခေတ်. . . ခေတ်ကိုတွေ့ရတာ ဝမ်းသာလိုက်တာဗျာ၊ အထဲဝင်ပါဦး. . . အအေးသောက်ပါဦးဗျာ"

ခေတ်သည် ညိုမှိုင်းကိုကြည့်နေ၏။ နှုတ်ခမ်းလေးမဲ့သွားသည်။ ခေါင်းလေး အလိုလိုရမ်းမိလိုက်သည်။ ပြောတော့ အသားဖြူဖြူတဲ့။ ခေတ် အတော်လေးကိုစိတ်ကုန်သွားသည်။ ခေတ် ဟူးကနဲ သက်ပြင်းချလိုက်ရင်း ကားကို နောက်ပြန်ဆုတ်လိုက်ပါတော့သည်။ ညိုမှိုင်းသည် ငေါင်ငေါင်ကြီးရပ်လျက်ကျန်ခဲ့၏။ ခေတ်၏ကားလေးသည် ညိုမှိုင်းနှင့် ခြေလှမ်းဆယ်လှမ်းစာလောက် ဝေးသွားပြီ။

ဆိုင်ထဲမှ လူတစ်ယောက်ပြေးထွက်လာသည်။ ခေတ်ရှိရာသို့ ပြေးလာနေသည်။ အကျီအဖြူ မီးခိုးရောင်ဘောင်းဘီကွာတားနှင့်။



www.burmeseclassic.com

www.burmeseclassic.com



အသားကဖြူဖြူ. . .။ သူသည် ခေတ်အနီးသို့ရောက်လာ၏။ နောက်ဆုတ်နေသော ခေတ်ကားဘီးလေးတွေရပ်သွားသည်။ ခေတ်နှင့်သူ မျက်လုံးချင်းဆိုင်မိလိုက်ကြသည်။

"ခေတ်"

တစ်ခွန်းတည်းခေါ်လိုက်သည့်စကားဆိုသော်ငြား သူ့အသံသည် လှိုင်းတစ်ခုရှိနေ၏။ ခေတ်သည် သူ့ကို စူးစူးကြည့်နေသည်။

"မိုးဇက်ဆိုတာ ကျွန်တော်ပါပဲ ခေတ်"

ခေတ် မျက်နှာလွှဲသွားသည်။ နှုတ်ခမ်းလေးဖွဖွကိုက်သည်။ သရော်သောအပြုံးတစ်ခု ချိုးမြှင့်သည်။ နောက်. . . ခေတ် 'ဟက်'ကနဲ ရယ်သည်။ ခေတ်၏ရယ်သံ တံစဉ်းသွားသည် နှလုံးသားအခွံကာအား သိမ့်သိမ့်ခါအောင်ပွတ်တိုက်သွားသည်။ ပြီးတော့ သူ့မျက်နှာကို စူးစူးကြည့်သည်။

"မိုးဇက်. . . ရှင် ဘာရည်ရွယ်ချက်နဲ့ ဒီလိုလုပ်တာလဲ၊ ပထမတစ်ခါ ဖိနပ်လာဝယ်ဖို့ချိန်းတော့ ဟိုလူ့ကို ရှင်အစားထိုးတယ်၊ အခု ရှင့်ရုပ်ကို ကျွန်မကြည့်ဖို့လာတော့လည်း ဟိုလူ့ကို အစားထိုးပြန် ပြီ၊ ခေတ်ဟာ ရှင်ဟာသလုပ်စရာ မိန်းကလေးတစ်ယောက်မဟုတ်ဘူး၊ နောက်ပြီးတော့ ကြယ်ကြယ့်ကို ရှင်မသိဘူးပြောတယ်၊ ကြယ်ကြယ် ဒီဆိုင်ထဲမှာရောက်နေတာ ကျွန်မသိတာပေါ့၊ ဟောဟိုမှာ ကြယ်ကြယ့်ကားကြီးရပ်ထားတယ်၊ နဂိုခေတ်ဟာ ရှင့်လိုယောက်ျားလေးမျိုးက အရူးလုပ် ဟာသလုပ်ရမယ့်မိန်းကလေးမဟုတ်ဘူး၊ အဲလိုယောက်ျားလေးမျိုးကို ကျွန်မ အထင်သေးဆုံး အရွံဆုံးပဲ"

ခေတ် ကားစက်ကိုနှိုးလိုက်သည်။ မိုးဇက် ပြာသွား၏။

"မဟုတ်ဘူး. . . မဟုတ်ဘူး. . . ခေတ်. . . ကျွန်တော်ရှင်းပြပါရစေ"

အရာမဝင်တော့ပြီ။ ကားကို နောက်ပြန်ဆုတ်လျက် ခေတ်





တရှိန်ထိုးမောင်းထွက်သွားတော့သည်။

365 ဆိုင်ကလေးရှေ့ နေပူငွေ့ရိပ်အောက်မှာ ခြေလှမ်းဆယ်လှမ်းစီခြားကာ ကောင်လေးနှစ်ယောက် ငူငေါင်ငေါင်မျက်နှာတွေကို ကွန်ကရစ်ခင်းပေါ်ပစ်ချလျက် ရပ်ကျန်ရစ်ခဲ့သည်။

✠ ✠ ✠

သူသည် သူ့ခန္ဓာကိုယ်ထဲရှိ သွေးကြောမျှင်စတွေအားလုံးကအစ အကုန်လုံးကိုဆက်ကာ ကမ္ဘာကြီးကိုပတ်ချည်ပစ်လိုက်ချင်၏။ ဒါမှ သူ၏ ရှင်သန်စီးမြောနေသော သွေးကြောစက်ဝိုင်းလေး ထဲမှာပဲ သူ့နှလုံးခုန်သံတွေအောက်မှာပဲ ခေတ်ကို ရှိနေစေမည် မဟုတ်လား. .။

သည်လိုသာဆိုလျှင် သူသည် စည်းအပေါ်မှာပဲရှိနေတော့မည်။

စည်းအတွင်းမှာ ညှိမှိုင်းပါရှိနေမည်ဆိုသည်ကို သူ သတိမပြုမိခြင်းပဲဖြစ်ပါမည်။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com



*"အင်္ဂလိပ်စကားပုံလေးတစ်ခုရှိတယ်. . .*
*'ကိုယ်မပြောရဲတဲ့စကားလေးတွေကို*
*ပန်းကလေးတွေကို ပြောခိုင်းပါ'. . တဲ့။*
*အဓိပ္ပါယ်ရှိတဲ့ နှင်းဆီပွင့်လေးတွေမှာလည်း*
*နှုတ်ခမ်းလေးတွေရှိနေတယ်လေ. . ."*





မပြီးသေးသောပန်းချီကားအား ကောက်ကြောင်းပြန်ဖော်ရဦးမည်။

မိုးဇက်သည် မျိုးဆွေသန်းလမ်းညွှန်သမှုပြုသည့်အတိုင်း ကားကိုမောင်းလာခဲ့သည်။ ဆေးရုံရှေ့ ဆိုင်းဘုတ်ကြီးကိုမြင်တော့ သူ ကားဘရိတ်ကို ဖိနင်းလိုက်မိ၏။

"မင်းကိုမင်း ရန်ကုန်ကြမ်းပိုးဖြစ်နေပြီဆို. . . ခွေးမသား. . . ဒါ အမျိုးသမီးသားဖွားဆေးရုံကွ ငကျောင်းရ"

"ဟော့ကောင်. . . ဒါ အများမသိတဲ့ လျှို့ဝှက်ချက်ကွ၊ ငါ့သူငယ်ချင်း ကိုညီရဲ့မိန်းမ မွေးကာနီး မြွေစိမ်းမြီးခြောက်ကိုက်တုန်းက ငါကိုယ်တိုင် ဒီကိုလိုက်ပို့ဖူးတယ်၊ ဝင်မှာသာဝင်စမ်းပါကွာ၊ ဒီဆေးရုံကအနီးဆုံးပဲဟ"

ဆင်ဝင်အောက်ရောက်တော့ သူနာပြုဆရာမတစ်ဦး ပြေးထွက်လာသည်။

"ထမီဟောင်းတွေ ရေနွေးခါတ်ဘူး အိပ်ယာလိပ်အစုံပါခဲ့ရဲ့လား၊ မွေးကာနီးပြီလား။ သူ့လင်ဘယ်မှာလဲ. . . ရေမွှာပေါက်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ရေမှာရော သေးမှာရော အကုန်ပေါက်ပြီဗျ"

မျိုးဆွေသန်းက ပြောင်စပ်စပ်ပြောရင်း မိုးဇက်နှင့်အတူ သူ့ဘကြီးကိုပွေ့ချသည်။ ဆရာမ ဒေါ်သထွက်အသွားမှာ ဆရာမရှေ့သို့ မြွေကြီးကိုပစ်ချလိုက်၏။

'အမလေး' ဟု တစ်ချက်အော်ကာ ဆရာမ နောက်သို့ခုန်လိုက်သည်။

"အဲဒီမြွေကိုက်တာပဲ၊ ဆရာမက အပျိုကြီးနဲ့တူတယ်၊ ဒါ့ကြောင့် မြွေကြောက်တာဖြစ်ရမယ် ဟား ဟား"

"ကြောက်တာပေါ့။ ရှင့်မြွေက တုတ်တိုကြီး၊ မြွေပွေးကြီးဥစ္စာ၊ နေဦး၊ ဒီမြွေက ဒီဘကြီးကို ဘယ်လိုကိုက်တာလဲ"

"မြွေကိုက်ပါတယ်ဆိုမှဗျာ. . . အပေါက်ကလေးနှစ်ခုနဲ့ပေါ့ ဗျာ၊ တျပ်ဘကြီးရဲ့လက်ခွကိုကိုက်တာ၊ အဲဒါ မြွေကိုက်တဲ့နေရာကို ကြက်ခြေခတ်ခါးနဲ့ခွဲ၊ ရှေးဦးသူနာပြုနည်းနဲ့ကု. . . ကု. . . ကု"

မျိုးဆွေသန်း ပြောရင်း စကားရပ်သွားသည်။ မျက်လုံးက မြွေ၏ခေါင်းကမခွာ။ ယခုမှသေချာကြည့်မိသည်။ မြွေပွေးခမြာ အာခေါင်ကို သစ်သားချောင်းနှင့်ကန့်လန့်ခံထားပြီး ခေါင်းတစ်ခုလုံးကို ပါးစပ်ဟမရအောင် သွပ်နန်းကြိုးနှင့် အပီအပြင်တုပ်ချည်ခံထားရပါလား။ ခေါင်းကတော့ ပြားနေပြီ။

"ဘ. . . ဘ. . . ဘဒွေး. . . မြွေကို ပါးစပ်ဟမရပေါက်မရအောင် ဘဒွေးလာကတည်းက ခေါင်းကို သွပ်နန်းကြိုးတွေနဲ့တုပ်လာခဲ့တာလား"

"အေးလေကွာ၊ အဲလိုမှမတုပ်ရင် ငါ့ကိုကိုက်မှာပေါ့ ဖိုးကြာရ"

"ဟာဗျာ. . . သေလိုက်ပါတော့. . . ဒါ. . . ဒါဆို. . ဘဒွေး လက်ခွကအပေါက်နှစ်ပေါက်က မြွေခေါင်းက သွပ်နန်းကြိုးတုပ်ထားတဲ့ နန်းကြိုးစနဲ့ထိပြီး ပေါက်တာပေါ့၊ ကွိုင်ပါပဲ ဘဒွေးရာ"





မျိုးဆွေသန်း မျက်ရိပ်ပြသည်။ အထာကညက်ပြီးသား။ ပေါင်း လာတာကြာပြီလေ။ နှစ်ဦးသား အဖိုးကြီးအား ပြိုင်တူမ,လိုက်ကြပြီး ကားပေါ် ဘုတ်ကနဲပစ်တင်လိုက်ကြသည်။ ပြီးတော့ ကားကို အလျှင်အမြန်မောင်းထွက်ခဲ့ကြသည်။ မြွေကတော့ကျန်ခဲ့ပြီ။

✠ ✠ ✠

"အဖြစ်အပျက်ကတော့ အဲဒါပါပဲမာကြယ်ရာ၊ ကျွန်တော်တို့ အမြန်ပြေးခဲ့ရတာဗျ"

ဖြစ်ကြောင်းရယ်ကုန်စင်ကို မျိုးဆွေသန်း ပြန်ပြောပြတော့ ကြယ်ကြယ်၏ရယ်သံဖွဖွက 365 ထဲမှာ ပြဒါးလုံးလေးတွေလို လွင့်ဖိတ်သွားသည်။

"တိပြီ. . . တိပြီ. . ခုမှပဲ မာကြယ် တဘောပေါက်သွားတော့တယ်၊ ဟင်. . . ဒါဆို ညိုမှိုင်းရော ညိုမှိုင်း ဘာလို့ ဆိုင်ထဲပြန်ဝင်မလာတာလဲ၊ တိပြီ. . . တိပြီ. . . တူလည်း မင်းတို့ထဲမှာ ကွိုင်ပူးသွားမှာစိုးလို့ လစ်သွားတာပဲနေမှာ၊ ကောင်းပါတယ်လေ လူတန့်သွားတာပေါ့၊ ဟွန်း ဟွန်း. . . အင်း. . . ဒီအတိုင်းဆိုရင်တော့ ဆားလင်းကြီးလွှင့်လေးရဲ့ ဘကြီးက မြွေတွေကိုနိုင်တယ်ပေါ့ ဟုတ်လား"

"ဘဒွေးက မြွေလမ္မာယ်လေ. . . မာကြယ် ဘာလုပ်ချင်လို့လဲ"

"အင်း. . . မာကြယ့်မှာ အတုံးမကျတဲ့မြွေတစ်ကောင်ရှိတယ်၊ အဲဒီမြွေကို ဆြာကျောင်းရဲ့ဘကြီးကို အစတုံးခိုင်းမလို့"

"အာ. . . အဟုတ်မှတ်လို့၊ မာကြယ် တော်တော်နောက်တာပဲ ဟားဟားဟား"

ကြယ်ကြယ်နှင့် မျိုးဆွေသန်း ရယ်ကြပြန်သည်။ မိုးဇက် မရှိနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခေတ် သူ့ကို အထင်သေးရွံရှာသွားပြီ။ သူ ဘယ်လိုရယ်မောနိုင်မှာလဲလေ။ သူသည် ကြယ်ကြယ့်လက်ကို အားမလိုအားမရ လှုပ်ကိုင်မေးလိုက်၏။

"ကြယ်ကြယ်. . . ကြယ်ကြယ် ဘာလို့ရယ်နေတာလဲ၊ အခုဆို ခေတ် ကျွန်တော့်ကို အထင်သေးသွားပြီ၊ ကြယ်ကြယ့်ကိုလည်း အယုံအကြည်မရှိတော့ဘူး၊ ကျွန်တော် ဘာဆက်လုပ်ရမလဲ ကြယ်ကြယ်"

ကြယ်ကြယ်သည် မိုးဇက်ကိုကြည့်ကာပြုံးသည်။ ထေ့ထေ့ကြည့်သည်။

"အမလေး. . . ကြည့်. . . အခုမှ အဖြစ်တည်းနေလိုက်တာတားရယ်၊ ဖြစ်ရလေ. . . တူ့လိုကလေးမက အယုံအကြည်မရှိတော့ရောအော်ဇီကြယ်ကြယ်က ဂရုစိုက်မတဲ့လား. . . ဝေးတေး. . . စာမဖွဲ့လောက်ပါဘူးတားရဲ့ ဟင်း ဟင်း"

"ဟာ. . . ကြယ်ကြယ် အဲလိုမလုပ်နဲ့လေဗျာ၊ ကြယ်ကြယ် ဂရုမစိုက်ပေမယ့် အခုလို ခေတ် အထင်သေးသွားတော့ ကျွန်တော် နေလို့မရဘူးဗျ၊ ကြယ်ကြယ် ကြယ်ကြယ် စဉ်းစားပေးဦးလေ၊ ကျွန်တော် ဘာဆက်လုပ်ရမလဲ၊ ကြယ်ကြယ် အကြံပေးဦးလေ"

မိုးဇက်ကိုကြည့်ကာ ကြယ်ကြယ်သက်ပြင်းချသည်။ ပြီးတော့ ခုံပေါ်မှာ ဦးခေါင်းမှီချလိုက်ရင်း မျက်လုံးလေးတွေမှိတ်သွားသည်။ ကြယ်ကြယ့်စိတ်အာရုံသည် တိမ်စိုင်မျှင်စတွေနှင့်အတူ မြောလွင့်သွား၏။ ရေပြင်လှိုင်းတွေပေါ်မှာ ပေါ့ပေါ့လေးစီးမြောနေသည်။ လေပြေထွေးထွေးတို့က မြက်ခင်းစိမ်းစိမ်းတွေပေါ်မှာ ဖွေ့ဖွေ့သယ်ဆောင်သွားကြသည်။ နှင်းဆီရနံ့တွေက လွန့်လွန့်ဖွဖွ၊ သွဲ့ယိမ်းပျိုကြွဖူးတံဝင့်ချိစီရရီနှင့် လွန့်ယိမ်းနေသော နှင်းဆီမြစ်တစ်စင်း. . . ။

"နှင်းဆီတွေ နှင်းဆီတွေ စကားပြောကြတယ်. . . တား. . . နှင်းဆီပွင့်တွေကို စကားပြောခိုင်းရမယ်. . . တား"





ကြယ်ကြယ် မျက်လုံးလေးပွင့်လာသည်။ သူ့ကို တအံ့တသြကြည့်နေသောမိုးဇက်ကို မြင်လိုက်ရသည်။ ကြယ်ကြယ် နှစ်နှစ်ဖွယ်ဖွယ်ပြုံးသည်။

"ဘာကြောင့်ကြည့်နေတာလဲ၊ နှင်းဆီလေးတွေကို စကားပြောခိုင်းလေတားရဲ့၊ နှင်းဆီပန်းလေးတွေ ခေတ်လေးဆီပို့လိုက်လေ၊ မာကြယ် ပို့ပေးမယ်. . . မာကြယ့်တာဝန်ထား"

မျက်နှာမှာ ပြုံးရိပ်ဖြတ်သော်ငြား ကွဲပြားစွာ မိုးဇက်မမြင်မိသေး။

"တားကြည့်ရတာ မရှင်းတေးဘူးနဲ့တူတယ်၊ ဒီလိုကွာ၊ နှင်းဆီပန်းတွေမှာ အဓိပ္ပါယ်တွေရှိတယ်၊ ဘာလဲဆိုတော့နော်၊ အဲလိုပေါ့နော်၊ နှင်းဆီတစ်ပွင့်ဆို ရင်. . . 'ရင်ထဲမှာမင်းပဲရှိတယ်'၊ နှစ်ပွင့်ဆိုရင်. . . 'ဒီကမ္ဘာမှာတို့နှစ်ယောက်တည်း'၊ သုံးပွင့်ဆို. . . 'မင်းကိုငါချစ်တယ်'၊ အဲလိုလေ၊ မာကြယ်လည်း သုံးပွင့်ထိပဲတိတယ်၊ အဲဒီအဓိပ္ပါယ်တွေ တားရှာကြည့်လိုက်၊ ပြီးတော့ တားပြောချင်တဲ့အဓိပ္ပါယ်အတိုင်း နှင်းဆီပွင့်တွေကို ခေတ်လေးဆီပို့လိုက်၊ ခေတ်က နှင်းဆီလေးတွေကိုချစ်တာ တားမတိဘူးလား"

✠ ✠ ✠

"မသိဘူး ကြယ်ကြယ်'

"အ,ပါ့. . .၊ ကိုယ့်ချစ်သူ . . . ဘာကြိုက်တတ်မှန်းမသိတဲ့ယောကျ်ားလေးတစ်ယောက်ဟာ ချစ်တူကောင်မလေးရဲ့အနားကို ဘယ်လိုချည်းကပ်လို့ရမှာတဲ့လဲ တားရဲ့. . . ဟင်း ဟင်း"

သူသည် ပျော်စိတ်ချွန်းလွတ်လျက် ကြယ်ကြယ့်လက်ကို တင်းတင်းဆုပ်ကိုင်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ခေတ်သည် နှင်းဆီပွင့်တွေကို ချစ်သည်တဲ့။

နှင်းဆီပွင့်တွေ မှာလည်း စကားပြောတတ်သော နှုတ်ခမ်းလေးတွေ ရှိနေသည်လေ။

✠ ✠ ✠





နှင်းဆီပန်းတို့၏အဓိပ္ပာယ်. . . တဲ့။

➢ နှင်းဆီ ၁ ပွင့်

= ရင်ထဲမှာ မင်းပဲရှိတယ်။

➢ နှင်းဆီ ၂ ပွင့်

= ဒီကမ္ဘာကြီးထဲမှာ တို့နှစ်ယောက်တည်းပါပဲ။

➢ နှင်းဆီ ၃ ပွင့်

= မင်းကို ငါချစ်တယ်။

➢ နှင်းဆီ ၄ ပွင့်

= သေတောင်မခွဲဘူးအချစ်ရယ်။

➢ နှင်းဆီ ၅ ပွင့်

= တန်ဖိုးထားပြီး မြတ်နိုးတယ်။

➢ နှင်းဆီ ၆ ပွင့်

= တစ်ယောက်ကိုတစ်ယောက်လေးစားတယ်၊ခွင့်လွှတ်တယ်။

➢ နှင်းဆီ ၇ ပွင့်

= မင်းကို တိတ်တခိုးလေးချစ်နေမယ်။



www.burmeseclassic.com

www.burmeseclassic.com



➢ နှင်းဆီ ၈ ပွင့်
= မင်းရဲ့ကြင်နာမှုနဲ့ အားပေးမှုကို ကျေးဇူးတင်တယ်။
➢ နှင်းဆီ ၉ ပွင့်
= အမြဲတမ်း တစ်သက်တာ ထာဝရ။
➢ နှင်းဆီ ၁၀ ပွင့်
= အပြစ်ကင်းစင်သောချစ်သူ။
➢ နှင်းဆီ ၁၁ ပွင့်
= မင်းတစ်ယောက်တည်းကိုပဲ ဂရုစိုက်တယ်။
➢ နှင်းဆီ ၁၂ ပွင့်
= တစ်နေ့ထက်တစ်နေ့ တိုးလို့ချစ်တယ်။
➢ နှင်းဆီ ၁၃ ပွင့်
= သူငယ်ချင်းလိုပဲ ချစ်တယ်။
➢ နှင်းဆီ ၁၄ ပွင့်
= ဂုဏ်ယူပါတယ်။
➢ နှင်းဆီ ၁၅ ပွင့်
= *I am Sorry*
➢ နှင်းဆီ ၁၆ ပွင့်
= မတည်ငြိမ်သောအချစ်။
➢ နှင်းဆီ ၁၇ ပွင့်
= ပြန်မရနိုင်တော့တဲ့ အချစ်။
➢ နှင်းဆီ ၁၈ ပွင့်
= ရိုးသားပွင့်လင်းခြင်း။
➢ နှင်းဆီ ၁၉ ပွင့်
= မျှော်လင့်စောင့်စားခြင်း။
➢ နှင်းဆီ ၂၀ ပွင့်





= ငါ့မှာ ရိုးသားတဲ့အချစ်တစ်ခုတည်း ရှိပါတယ်။
➢ နှင်းဆီ ၂၁ ပွင့်
= ရိုးသားတဲ့အချစ်။
➢ နှင်းဆီ ၂၂ ပွင့်
= မင်း. . . ကံကောင်းပါစေ
➢ နှင်းဆီ ၂၅ ပွင့်
= မင်းပျော်ရွှင်ပါစေ. . .။
➢ နှင်းဆီ ၃၀ ပွင့်
= ဖူးစာကိုယုံတယ်။
➢ နှင်းဆီ ၃၆ ပွင့်
= ***Romantic***
➢ နှင်းဆီ ၅၀ ပွင့်
= မမျှော်လင့်ပဲတွေ့ကြတယ်။
➢ နှင်းဆီ ၉၉ ပွင့်
= ***Forever***
➢ နှင်းဆီ ၁၀၀ ပွင့်
= ရာနှုန်းပြည့်အချစ်။
➢ နှင်းဆီ ၁၀၁ ပွင့်
= အရမ်းအရမ်းချစ်။
➢ နှင်းဆီ ၁၀၈ ပွင့်
= လက်ထပ်ခွင့်ပေးပါ။
➢ နှင်းဆီ ၁၁၁ ပွင့်
= အဆုံးမဲ့အချစ်။
➢ နှင်းဆီ ၁၄၄ ပွင့်
= နေ့တိုင်းလတိုင်း အသက်ရှင်နေသရွေ့မင်းကိုချစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



➢ နှင်းဆီ ၃၆၅ ပွင့်
= နေ့တိုင်းလွမ်းတယ်။
➢ နှင်းဆီ ၉၉၉ ပွင့်
= မချုပ်ငြိမ်းတဲ့အချစ်. . . အမြဲတမ်းထာဝရ။
➢ နှင်းဆီ ၁၀၀၁ ပွင့်
= သက်ဆုံးတိုင် အချစ်မိုးတွေသည်းနိုင်ကြပါစေ. . .။





'နှင်းဆီပန်းတို့၏အဓိပ္ပါယ်' ကိုဖတ်ပြီးနောက် မိုးဇက်ပြုံးသွားသည်။ ရင်ထဲမှာ မျှော်လင့်ပျော်တို့နှင့်ပြည့်နေသည်။ နှင်းဆီပန်း ဘယ်နှပွင့်ကို မိုးဇက် ရွေးမည်ဟုထင်ပါသနည်း။ သူ့လက်ထဲမှာ ပန်းရောင်ဖဲပြားတွေ လိပ်ခွေဆင်ထားသော နှင်းဆီပန်းစည်းလှလှလေးကို ကိုင်ထားသည်။ ပန်းဖျော့ဇာကွက်ကန်တော့ထိုး နောက်ခံထုတ်ထားသည်။

ပွင့်သွေးညီပန်းနုနှင်းဆီတွေကို ရိုးတံတိပ်ကပ်ထိန်းလျက် လှလှလေးဆင်ထားသည်။ နှင်းဆီတစ်ဆယ့်ကိုးပွင့်တိတိ. . .။ အဓိပ္ပါယ်က. . .

"မင်းရဲ့အချစ်ကို မျှော်လင့်စောင့်စားလျက်ပါ" တဲ့. . .။

မိုးဇက်သည် ခေတ်တို့လမ်းထိပ်မှာ ကားရပ်လျက်စောင့်နေသည်။

သည်အချိန်ဆိုလျှင် ခေတ် အိမ်မှာမရှိပါ။ ခေတ်တို့ ဆိုင်သို့သွားနေချိန်ဖြစ်သည်။ ကြယ်ကြယ်မကြာခင် ခေတ်တို့အိမ်ရှေ့ရောက်လာတော့မည်။ နာရီကို တစ်ချက်ကြည့်လိုက်ပြီး မိုးဇက် ကားပေါ်မှဆင်းကာ ပန်းစည်းကိုင်လျက်လျှောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့ခင်းကြီးမှာ အိပ်ပျော်နေသော နရီခေတ်တို့တိုက်ကြီးကို ကြည့်မျှော်လျက် ခြံတံခါးဝမှ Bell ကို ဖိနှိပ်လိုက်သည်။ ခဏကြာတော့ အိမ်ဖော်ကောင်မလေး စူးစမ်းကြည့်ကြည့်ရင်း မထွက်ချင်ထွက်ချင်နှင့် လှမ်းလာသည်။ ပုံစံက အိပ်ချင်မူးတူးပုံစံ။ ဆက်ဆံပုံက ကျဲတောက်တောက် နားဝင်ပီယံမရှိ။

"ဘာကိစ္စလဲ. . .။ ရှုပ်ရှုပ်ယှက်ယှက်. . . အိမ်ရှင်တွေ တစ်ယောက်မှမရှိတာ မသိဘူးလား"

"ဒီမယ်. . . ညီမလေး. . . အစ်ကိုက နရီခေတ့်သူငယ်ချင်းပါ၊ နရီခေတ်ကို ဒီပန်းစည်းလေးပေးပေးပါ ညီမ"

"အို. . . ရှုပ်ရှုပ်ယှက်ယှက် မပေးနိုင်ပါဘူး၊ ပေးချင်ရင် ညနေငါးနာရီမှလာခဲ့၊ အခု. . . ပြန်တော့. . ."

"ပေးပေးပါညီမရယ်၊ အစ်ကိုက ညနေကျမအားလို့ပါ၊ ညီမလေးက လိမ္မာပါတယ်ကွာနော်"

"အို. . . မပေးနိုင်ဘူးဆိုမှတော်၊ ဘူးသီးသီးမှအရိုးမတော်နဲ့၊ ဖွတ်ထွက်မှတောင်ပို့မှန်းသိ၊ ခွေးရူးကောင်းစားတစ်မွန်းတည့်ပဲ၊ နဂါးမှန်းသိအောင် ဖင်ဘူးတောင်းထောင်ထားမယ်။ စောမေတို့က နောကျောနေပြီ. . . ဟွန်း. . ."

ပြဿနာပါလား. . .။ ဆိုင်လားမဆိုင်လားမသိ ကောင်မလေးက ဘာတွေပြဇာတ်စကားတွေ လွှတ်ခင်းနေသည်မသိ။ မိုးဇက် အတော်လေး စိတ်အိုက်သွားသည်။ သည်အခိုက်မှာပင် ကယ်တင်ရှင်ရောက်လာ၏။ မိုးဇက်၏နောက်နားမှာ ကြယ်ကြယ်၏ပရာဒိုကြီး ဇက်တုန့်ရပ်သည်။

"ဟဲ့. . . ဘာဖြစ်နေတာလဲ မိကြိုင်"

"ဒီမှာ. . . ဒီမှာလေ. . . မာမီကြယ်. . . ဟောဒီလူလေ. . ရွှေပန်းကြီးလာပေးနေလို့"

"ဟဲ့. . . ဘယ်ကရွှေပန်းလဲ၊ နင့်ဟာက မထိတ်တာမလန့်တာကြီး"

ကြယ်ကြယ်ပြောရင်းနှင့် ကားပေါ်ကဆင်းကာ သူ့အနား ရောက်လာသည်။

"ဟာ. . . ဘယ်ကရွှေပန်းရမှာလဲ၊ နှင်းဆီပန်းစည်းပါဗျ၊ နရီခေတ်ကိုလာပေးတာပါ။ ကျွန်တော် သူ့သူငယ်ချင်းပါ"

ကြယ်ကြယ်သည် ပန်းစည်းကိုတစ်လှည့် မိုးဇက်ကိုတစ်လှည့် ကြည့်နေသည်။ ပြီးမှ အိမ်ဖော်ကောင်မလေးကို ကြည့်သည်။

"ယူထားလိုက် မိကြိုင်၊ ပြီးတော့ ခေတ်လေးရဲ့ခေါင်းအုံးပေါ်သွားတင်ပေးလိုက်၊ ပန်းကလေးတွေရောက်လာတယ်ဆိုတာ မင်္ဂလာရှိခြင်းပဲ၊ မင်္ဂလာကိုမငြင်းရဘူး. . . တီလား"

"ဟုတ်. . . ဟုတ်ကဲ့ပါ မာမီကြယ်"

ကဲ. . . သည်အိမ်ကို ကြယ်ကြယ်တို့ပိုင်လိုက်ပုံများ ပီပြင်ပါပေ့။ မိုးဇက်လှည့်အထွက်မှာ ကြယ်ကြယ်ကလှမ်းအော်သည်။

"ဟဲ့. . . ဟဲ့. . . ကောင်လေးနေဦးလေ"

မိုးဇက်ပြန်လှည့်လာတော့ ကြယ်ကြယ်က ကောင်မလေးမမြင်အောင် မိုးဇက်ကို မျက်လုံးတစ်ဖက်မှိတ်ပြသည်။

"နေဦး. . . ကောင်လေး နင့်ကို ငါမြင်ဖူးတလိုပဲ၊ ဟင်. . . နင် . . . နင်. . . မနေ့က ကော်ဖီဆိုင်ထဲမှာ ငါ့နာမည်ကိုအော်နေတဲ့ကောင်လေးမဟုတ်လား၊ ဟုတ်တယ်. . . ဟုတ်တယ်. . နင်ပဲ ဒီအထဲမှာ အော်ဇီကြယ်ကြယ်ရှိပါတလားဆိုပြီး လိုက်အော်နေတာလေ"

"အဲဒါ. . . အဲဒါ. . . အဲ. . . အဲ. . . သွားတော့မယ်ခင်ဗျ"

ပြောအပြီးမှာ မိုးဇက် တစ်ချိုးတည်းလစ်ပြေးတော့သည်။ ဒါက ကြယ်ကြယ်စီစဉ်ထားသည့်ဇာတ်ကွက်။ ဘာပဲဖြစ်ဖြစ် ယခုဆိုလျှင် ခေတ်၏စက်ပျော်ရာ ခေါင်းဆုံးထက်မှာ သူပို့လိုက်သောပန်းစည်းလေး ရောက်ရှိသွားပြီမဟုတ်ပါလား. . . ဒါပေမယ့်. . .

✠ ✠ ✠







www.burmeseclassic.com

www.burmeseclassic.com



ထမင်းဟင်းချက်ပြုတ်အပြီး တစ်ရေးတမောနှပ်လိုက်မည်ကြံ တာမှ မာမီကြယ်ကရောက်လာပြီး ကိုကြီးကျော်အတွက် ဂျော်နီလမ်း လျှောက်တစ်လုံးလာဆက်သည်. . . တဲ့။ ယခု မာမီကြယ်ပြန်သွားပြီဆို တော့ ရွှေကြိုင်တစ်ရေးတစ်မော စက်တော်ခေါ်လိုက်ဦးမည်။ အတူနေ အကူအိမ်ဖော် မလုံးတင်ဆိုင်သို့ ထမင်းချိုင့်သွားပို့ချိန်မှာ ရွှေကြိုင် တစ်ရေးအိပ်စမြဲ. . .။ မှေးမှေးလေးပျော်ကာစမှာပင် တစ်စုံတစ်ခုကို သတိရလိုက်သည်။ ပန်းစည်းကြီး ဧည့်ခန်းစားပွဲပေါ်က ပန်းစည်းကြီး။ မမခေတ်၏ခေါင်းအုံးပေါ် သွားတင်မထားရသေးပါလား။ ရွှေကြိုင် အိပ် ချင်မူးတူးနှင့် မိုးဇက်၏ပန်းစည်းကြီးကိုကိုင်ကာ လျှောက်လာခဲ့သည်။

အိပ်ချင်မူးတူးဆိုတော့ သတိမမူဂူမမြင်. . .။ ဆိုဖာဆက်တီ ထောင့်စွန်းကိုမမြင်. . . ခလုတ်တိုက်. . . ဟပ်ထိုးလဲသွားသည်။ လက် ထဲကပန်းစည်းက အရုပ်လေးတွေအလှတင်ထားသည့် စင်ထောင့်စွန်းကို အရှိန်နှင့်ထိရိုက်ကာ ပါကေးခင်းပေါ်ပြုတ်ကျသည်။ နှင်းဆီပွင့်ဖတ် လေးတွေ ဖွာကနဲလွင့်ဖိတ်ပဲ့ကြွေသွား၏။ ရွှေကြိုင်သည် လူးလဲထလိုက် ကာ နှင်းဆီပွင့်ဖတ်လေးတွေ ပဲ့ကြွေလွင့်ဖွာသွားသော ပန်းစည်းကြီးအား ထိတ်လန့်ငေးကြောင်ကြည့်နေမိလေသည်။

✠ ✠ ✠

သူမ သတိဝင်လာသည်နှင့် ပန်းစည်းကြီးကိုကောက်ကိုင်လိုက် သည်။

တော်ပါသေးရဲ့။ အကုန်လုံးကြွေမသွားလို့။ လေးပွင့်တည်းပဲ ရုပ်ပျက်ဆင်းပျက် ပွင့်ဖတ်တွေပြုတ်ထွက်သွားသည်လေ. . .။ ရွှေကြိုင် သည် ရွှေဉာဏ်တော်စူးရောက်စွာ တစ်ချက်တွေးလိုက်ပြီး အကောင် အထည်ဖော်လိုက်၏။ သူမလက်ထဲမှာ ကတ်ကြေးတစ်လက်ပါလာ





သည်။ နှင်းဆီပွင့်ရယ်လို့ မပီပြင်တော့လေသော အပွင့်လေးပွင့်ကို ရိုးတံ ဖျားမှ ကတ်ကြေးနှင့်ကိုက်ထုတ်ပစ်လိုက်၏။ ပြီးတော့ ပွင့်ဖတ်အမှိုက်ဟူ သမျှ တစ်မှုံတစ်စမျှ ကြမ်းခင်းပေါ်မှာမမြင်ရအောင် ကောက်ယူကာ အမှိုက်ပုံးထဲပို့လိုက်သည်။

ပန်းစည်းကိုပြန်ကိုင်ကြည့်ရင်း ရွှေကြိုင် မျက်နှာပြုံးသွား၏။

ပိပိရိရိပါပဲ. . .။ ဘယ်သူသိတာမှတ်လို့. . .။ ရွှေကြိုင်သည် ပျော်ရွှင်စွာနှင့် ပန်းစည်းလေးကို ခေတ်၏ခေါင်းအုံးလေးပေါ်မှာ ကြွကြွ လေးတင်ပေးလိုက်သည်။

ပန်းနုနှင်းဆီ(၁၉)ပွင့်ရှိသော မိုးဇက်၏ပန်းစည်းလေးသည် ယခုတော့ နှင်းဆီ(၁၅)ပွင့်ရှိသော ပန်းစည်းလေးသို့ ဘဝပြောင်းသွား ပါတော့သည်။ အဓိပ္ပါယ်လည်းပြောင်းသွားသည်။

နှင်းဆီ(၁၅)ပွင့်၏ အဓိပ္ပါယ်မှာ . . .

I am Sorry ... တဲ့လေ. . .။

✠ ✠ ✠

"ဘယ်လို. . . အဲဒီလူက ကော်ဖီဆိုင်ထဲမှာ အော်ဇီကြယ်ကြယ် ဒီအထဲမှာရှိပါသလားလို့ လိုက်အော်မေးတယ်ဟုတ်လား မိကြိုင်"

"အဲလိုပဲနေမှာပေါ့ မမခေတ်ရဲ့၊ မာမီကြယ်က နင့်ကို ငါမှတ် မိပြီလည်းဆိုရော အဲဒီလူ ထွက်ပြေးလိုက်တာမှမှန်လို့"

ခေတ်ခေါင်းထဲမှာ Question - mark တွေ ရှုပ်ထွေးသွားသည်။ ပို၍ခံရခက်သည်မှာ ရွှေကြိုင်၏ ဖြီးစပ်စပ်ချိုချဉ်မျက်နှာဖြစ်သည်။

"မမခေတ်"

"ဘာလဲ"

"ဟိုလေ. . . အဲဒီအစ်ကိုလေ မမခေတ်ရဲ့ချစ်သူက ခွေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



နော်"

"အံမယ်လေး. . . ဘယ်ကင့်ချစ်သူရမှာလဲ၊ ဒီလူ ငါသိတောင် မသိဘူး ဟွန်း"

"မညာပါနဲ့မမခေတ်ရာ၊ မာမီကြယ်ကပြောသွားပြီသား၊ မိကြိုင် အကုန်သိပြီးသားပါ၊ မုန်လာဥမလုပ်ပါနဲ့"

"အံမယ်လေးဟယ်. . . ငါ့ကိုမျှား မဦးမချွတ်၊ နေပါဦး၊ တီတီကြယ်က ဘာပြောသွားလို့လဲ"

"အယ်. . . အဲဒီအစ်ကို ထွက်ပြေးသွားတော့လေ၊ မာမီကြယ်က ဒေါကန်နေတာ၊ ငါက ခေတ်လေးရဲ့မျက်နှာကိုထောက်ပြီး သည်းခံလိုက်တာတဲ့၊ ပုံစံကအူကြောင်ကြောင်နဲ့. . . တဲ့၊ ဒီကောင် ခေတ်ရဲ့ရည်စားဆိုတာ ငါသိတာပေါ့တဲ့၊ မနေ့က သူတို့နှစ်ယောက် ကော်ဖီဆိုင်မှာချိန်းကြတာလေ. . . တဲ့၊ ခေတ်လေးက ငါ့ကားကိုလက်ညှိုးထိုးပြပြီး အထဲမှာအသိရှိတယ်ဆိုပြီး ကားကိုမောင်းပြေးသွားတာ. . . တဲ့၊ အဲဒါနဲ့ သူ့ကောင်လေးက ပါ့ကိုရန်ရှာမလို့ ဆိုင်ထဲမှာ အော်ဇီကြယ်ကြယ်ရှိပါ သလားဆိုပြီး အော်မေးတာတဲ့၊ ငါသိတာပေါ့တဲ့၊ ငါ မသိချင်ယောင်ဆောင်ပြီး ဒီအတိုင်းလေးထိုင်နေလိုက်တာ. . . တဲ့၊ ခေတ်မျက်နှာထောက်လိုက်လို့. . . တဲ့၊ ရွှေကြိုင် ခေတ်ကို ပြန်ပြောမနေနဲ့၊ နင်လည်း မသိသလိုနေတဲ့၊ အဲဒါ ကျွန်မက အူပွလို့ပြန်ပြောပြတာ"

စိတ်ဓါတ်ကလေး အဝီစိတိုင်ထိုးဆင်းသွားသည်။ စိတ်ရှုပ်လိုက်တာ၊ ဒီလူ. . . မိုးဇက်. . . ဘာတွေလျှောက်လုပ်နေသည်မသိ။ သူလုပ်တာနှင့် ဘုမသိဘမသိ တီတီကြယ်ကပါ ခေတ်ကို တလွဲထင်နေပြီ. . .၊ ခေတ် ကြယ်ကြယ့်ထံသို့ ချက်ချင်းဖုန်းဆက်လိုက်၏။

"ဟယ်လို"

"တီတီကြယ်. . . တီတီကြယ်လား၊ ခေတ်ပါ တီတီကြယ်ရဲ့ ဟိုလေ. . . မနေ့က 365 မှာ တီတီကြယ့်ကို ဆိုင်ထဲရှိလားလို့ အော်မေး





တဲ့လူလေ၊ အဲ. . . အဲဒါ. . . ခေတ်နဲ့ဘာမှမဆိုင်ဘူး၊ အဲဒါ ခေတ်ရဲ့ ရည်းစားမဟုတ်ဘူးနော် တီကြယ်"

ကြယ်ကြယ့်ထံမှ တုံ့ပြန်သံမကြားရ။ ခေတ် ပိုပြီး စနိုးစနောင့် ဖြစ်လာသည်။

"တီတီကြယ်. . . တီတီကြယ်. . . ခေတ်ပြောတာကြားလား ဟင်"

"ကြားတယ်. . . ကြားတယ်. . . ခေတ်ရဲ့"

"တီကြယ်ကလည်းကွာ အဲဒါလေ အဲဒီကောင်လေးလေ သူ့နာမည်မိုးဇက်တဲ့၊ အဲဒါ. . . အဲဒါ. . . ခေတ်နဲ့ဘာမှမဆိုင်ဘူးရယ်၊ ခေတ်ရဲ့ရည်းစားမဟုတ်ဘူးနော် တီကြယ်"

"ဩော်. . . အင်း. . . အင်း. . . မဟုတ်လည်းပြီးတာပါပဲ ကွယ်၊ ဒါပဲမဟုတ်လား၊ ဒီမှာ တီကြယ် အလုပ်လေးနည်းနည်းရှုပ်နေလို့ နော်. . . ခေတ်"

မိန်းမလိုမိန်းမရ ဉာဏ်နီဉာဏ်နက်မှာတော့ အံ့ခွနေပြီဖြစ်သော ကြယ်ကြယ့်မာယာအား ခေတ်လိုက်မီပါမည်တဲ့လား။ စိတ်မပါသလို အရေးတယူမရှိတုံ့ပြန်သရုပ်ဆောင်ကာ ကြယ်ကြယ် ဖုန်းပိတ်ပစ်လိုက်သည်ကို ခေတ်မသိရှာ။ မိုးဇက်ရယ် ရှင် ဘာလို့ ကျွန်မကိုမှ စိတ်ကသိကအောင့်ဖြစ်အောင်လုပ်ရတာလဲ၊ ရှင်လေ. . . အူကြောင်ကြောင်နဲ့. . .။

အလိုမကျစိတ်လေးနှင့် ခေတ်သည် အခန်းတွင်းသို့ဝင်လာခဲ့၏။

မိုးဇက်၏ပန်းစည်းလေးကို ကိုင်ကြည့်လိုက်သည်။ နှင်းဆီပန်းလေးတွေကိုချစ်သောကောင်မလေးသည် ပန်းနုနှင်းဆီတွေကိုမြင်တော့ ည်း ရင်ထဲမှာ ချမ်းမြေ့သွားပြန်သည်။ အောက်မှဖဲပြားလေးနှင့်ချည်ထားသော ကဒ်ပြားလေးမှ မိုးဇက်၏လက်ရေးလေးကို ဖတ်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခေတ် . . .
နှင်းဆီပန်းကလေးတွေ အပွင့်အရေအတွက်ရဲ့
အဓိပ္ပါယ်ဟာ ခေတ်အပေါ်မှာထားတဲ့
ကျွန်တော့်ရဲ့သဘောထားပါပဲ
မိုးဇက်" . . . တဲ့။

ခေတ်သည် နှင်းဆီပွင့်လေးတွေကို ရေတွက်ကြည့်လိုက်၏။

တစ်ဆယ့်ငါးပွင့်တိတိလေ။ ခေတ် စာအုပ်စင်သို့သွားကာ စာအုပ်တစ်အုပ်ဆွဲထုတ်လိုက်သည်။ ပန်းနှင့်နှင်းဆီ(၁၅)ပွင့်၏အဓိပ္ပါယ်ကို ရှာကြည့်သည်။ တွေ့ပြီ။

နှင်းဆီ ၁၅ ပွင့် . . . အဓိပ္ပါယ်က

I am Sorry . . . တဲ့ . . . ။

ခေတ် 'တက်'တစ်ချက်ခေါက်လိုက်မိသည်။ နှလုံးသွေးတို့ ဆူကြွလာသည်။ နှီနှစ်ရောင်အသားအရည်နှင့် မျက်နှာနုနုမှာ ဒေါသရိပ်က ဖုံးဖိမရ ရဲတက်လာသည်။

လာလာချည်သေး မိုးဇက်ရယ် . . . နင့်လိုကောင်ကများ ငါ့ကို Sorry တဲ့လား . . . ။

နင်က Sorry ဆိုတော့ ငါကလည်း Sorry ပဲ မိုးဇက် . . . ။

✠ ✠ ✠

နံနက်ဆယ့်တစ်နာရီအချိန်တွင် ဝဿန်မိုးစတိုးဆိုင်ရှေ့သို့ ကကအငှားကားလေး ထိုးဆိုက်လာကာ ဒရိုင်ဘာက နရီခေတ်ပို့လိုက်သော ပန်းစည်းလေးကို မိုးဇက်၏လက်ထဲသို့နှင်းအပ်၏။ အဝါရောင်နှင်းဆီလှလှတွေချည့်ပါပဲ။ မိုးဇက်သည် ရင်ခုန်စွာဖြင့် ဖဲကြိုးမှာ





ချည်နှောင်ထားသော ကဒ်ပြားလေးကို ဖတ်ကြည့်လိုက်သည်။

"မိုးဇက် . . .
ကျွန်မလည်းရှင့်လိုပါပဲ . . .
နှင်းဆီပွင့်လေးတွေအရေအတွက်ရဲ့အဓိပ္ပါယ်ဟာ
ရှင့်အပေါ်မှာထားတဲ့ ကျွန်မရဲ့သဘောထားပေါ့ . . . ။
နရီခေတ်" . . . တဲ့ . . . ။

နှင်းဆီပွင့်လေးတွေကိုရေတွက်နေသော မိုးဇက်၏လက်ချောင်းလေးတွေ တုန်ယင်နေသည်။ ဘုရား . . . ဘုရား . . . ဆယ့်ငါးပွင့် . . . ဆယ့်ငါးပွင့်ဆိုတော့ . . . အဓိပ္ပါယ်က . . . I am Sorry . . . . I am Sorry . . . တဲ့။

မျှော်လင့်ရင်ခုန်ခဲ့သမျှ ထုထည်ကြီးက ဝုန်းကနဲ ပြိုကျကြေမွသွားခဲ့ပြီ။ ရင်သည် ဆတ်ဆတ်ခါအောင်နင့်သက်လာ၏။ ဘာဖြစ်လို့လဲ . . . ဘာဖြစ်လို့များ ကိုယ့်ရင်ကို ခွဲချေပစ်လိုက်တာလဲ ခေတ်ရယ် . . . ။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com



"ကမ္ဘာပေါ်မှာ
ပြောစရာစကားတွေ အများကြီးပါ. . .
ဘာဖြစ်လို့များ
မုန်းတယ်ဆိုတဲ့စကားကိုမှ
ရွေးပြီးပြောရတာပါလိမ့်. . . ။"





"ရိုက်ချက်ကတော့ ကမ်းကုန်ကွာ၊ ကြက်ကုန် လက်ကုန်ပါလားဟေ့၊ ဒီရိုက်ချက်မျိုးမြင်လို့ကတော့ တိုက်ဂါးဝုဖ်တောင်မျက်လုံးတစ်တောင်လောက်ပြူးထွက်လာမှာဟေ့"

ဂေါ့ဖ်ရိုက်ဖော်စိန်မြင့်အောင်က တအံ့တဩ မထောပနာပြုသည်။ မိုးမြင့်ခေတ်လည်း သူ့ကိုယ်သူအံ့ဩနေ၏။ လက်ဆပဲကွက်တိလား၊ ကြက်ကပဲဒက်ထိလား. . . ဘာပဲပြောပြော သဲကျင်းကိုကျော်ကာ ဟိုးဘက်ကမြက်ခင်းပေါ်ရှိတွင်းထဲမှာ ဂေါက်သီးကစိမ်သွားပြီ. . . ကြယ်ကြယ့်ကိုပြေးမြင်လိုက်ကာ မနေ့က ကြယ်ကြယ်ပြောလိုက်သောစကားကို သတိရမိလိုက်၏။ 'ဂေါက်အပြားရိုက်တဲ့ကိစ္စသာရပ်လိုက် ဂေါက်အလုံးမှာ သူတကာ လက်ဖျားခါသြချသွားစေမယ့် ရိုက်ချက်မျိုးတွေ့ရမယ်၊ စမ်းကြည့် ကိုမိုး' . . . တဲ့၊ ကြယ်ကြယ်က တစ်ခါတရံမှာ သည်လို အံ့ဩစရာတွေပေးတတ်စမြဲ။

"ဝမ်းဒါးဖူးပဲ. . . ကွန်ကရက်ကျူလေးရှင်းဗျာ. . . အစ်ကိုကြီး"

ညီမှိုင်းက သူ့ကိုလာပြီး လက်ဆွဲနှုတ်ဆက်သည်။ အဖွဲ့ကိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်းလိုက်ပါပဲ။ မိုးမြင့်ခေတ် ညိုမှိုင်းကိုပြုံးပြလိုက်သည်။

"ညိုမှိုင်းရေ. . . ကိုယ့်ညီနဲ့ကိုယ်နဲ့ သည်ထက်ပိုပြီး ရင်းနှီးဖို့တော့လိုပြီကွ၊ ဒီကအပြန်မှာ ကိုယ့်ညီမှာ တစ်ခြားအစီအစဉ်မရှိဘူးဆိုရင် အစ်ကို့ကို အိမ်လိုက်ပို့ပေးလေ၊ အစ်ကို့ကားက လမ်းမှာဖောက်သွားလို့ ဝပ်ရှော့ထိုးခဲ့ရလို့ကွ၊ ပြီးရင် ဘီယာလေးဘာလေး နည်းနည်းပါးပါးထွက်ကစ်တာပေါ့ကွာ"

"ရတယ်လေ အစ်ကို၊ ကျွန်တော်အားပါတယ်"

ဘုန်းကြွယ်နဲ့မြစိမ်း သိုက်ဇာတ်လမ်းထဲကလိုပါပဲ၊ ဘုန်းကြွယ်က သိုက်ဆရာကိုမှ လှေပေါ်ခေါ်တင်လာရတယ်လို့. . .။ အခုလည်းအဲလိုပါပဲ. . .။ သိုက်ဆရာကိုမှ အိမ်ခေါ်လာရတယ်လို့. . . မိုက်ပါ့မိုးမြင့်ခေတ်ရယ်. . .။

✠ ✠ ✠

အစက ကိုယ့်ဟာနဲ့ကိုယ် အကောင်းကြီး၊ ဦးမိုးမြင့်ခေတ်တို့အိမ်မှ ပြန်ထွက်လာတော့မှ ညိုမှိုင်းတစ်ယောက် ကတုန်ကယင်ကြီးဖြစ်နေသည်။ ကားကို သတိထားပြီးမောင်းနေရသည်။ ဦးမိုးမြင့်ခေတ်သည် ခေတ်၏ဦးလေးမှန်း ယခုမှသိလိုက်သည်။ အိမ်ကိုဝင်ဝင်ချင်းမှာတုန်းက သူ့ကိုမြင်တော့ အံ့သြငေးကြောင်သွားသော ခေတ်၏မျက်နှာလေးက မျက်စိထဲကမထွက်။ ဦးမိုးမြင့်ခေတ်ပြောသည့် စကားကလည်း. . . ကြည့်. . .။

"ခေတ်ရေ. . . တူမကြီး. . . သူ့နာမည်က မောင်ညိုမှိုင်းတဲ့ ဦးမိုးရဲ့ တူလိုညီလိုပဲ တူမကြီး၊ တူမခေတ်ကိုလည်း ဦးမိုးတို့လို လူပျိုကြီး အပျိုကြီး မဖြစ်စေရဘူးနော်. . . ဟား ဟား ဟား"

သည်တုန်းက ခေတ်မျက်နှာကလေးရဲသွားကာ တိုက်ထဲပြေ





ဝင်သွားသည့်ပုံက မျက်စိထဲကမထွက်. . .။ အစ်ကိုကြီး မိုးမြင့်ခေတ်၏ စကားကလည်း ဘာလိုလိုကြီးမဟုတ်လား။

"မျက်နှာကလေး ရဲသွားတယ်ဗျာ"

ညိုမှိုင်းပါးစပ်က လွှတ်ကနဲထွက်အသွားမှာ မိုးမြင့်ခေတ် မျက်လုံးပြူးသွားသည်။ နံဘေးမှထိုင်ရင်း သတိပေးသည်။

"မျက်နှာကလေးရဲသွားတာမဟုတ်ဘူး၊ မီးပွိုင့်ကြီးနီနေတာဟ၊ ညိုမှိုင်း. . . ညိုမှိုင်း. . . မီးပွိုင့်ကြီးနီနေတာ မင်း ဖြတ်မိနေပြီကွ"

မော်တော်ပီကယ်၏ 'တွီ'ကနဲ ဝီစီမှုတ်သံကို နှစ်ဦးသား ကြားလိုက်ရပါလေတော့သည်။

✠ ✠ ✠

"ဖြစ်ရလေညိုမှိုင်းရာ၊ ဒဏ်လည်းအရိုက်ခံရဦးမယ်၊ တရားရုံးမှာလည်း အပြစ်ဝန်ခံရဦးမယ်၊ အေးလေ. . . ဒါတွေကဖြစ်တတ်ပါတယ်၊ နရီခေတ်ကို ငါ့တူမမှန်းသိလိုက်တော့ မင်း ကတုန်ကယင်ကြီးဖြစ်သွားတာပဲ၊ ငါသိတာပေါ့. . . ဟားဟားဟား"

နှစ်ခွက်စာမျှသော တိုက်ဂါးချောင်းကလေး အစာပြွန်မှ စီးမြောကျအသွားမှာ နှစ်ဦးသား အာတွေသွက်လာသည်။ ပြောရဲဆိုရဲရှိလာတော့ ဦးမိုးမြင့်ခေတ်က သူထင်ထားသည့်အမှားကြီးကို ဝေ့လည်လည်ပြောသည်။

"ခေတ်ကြီးကပြောင်းသွားပြီ ကိုယ့်ညီရ၊ ငါတို့တုန်းက အဖေကြောက်ရ၊ အစ်မကြောက်ရနဲ့၊ ဝပ်နေအောင်နေခဲ့ရတော့ အပျိုကြီးလူပျိုကြီးတွေဖြစ်. . .။ အခုချိန်မှ ထကဲပြန်တော့ ငပေါကြီးဖြစ်အဲဒါကို ကိုယ်ချင်းစာပြီး တူမခေတ်ကို လွှတ်လပ်စွာသွားလာခွင့်ပေးလိုက်ပြီ။ သူ နှစ်နှစ်သမီးမှာ သူ့အဖေဆုံးသွားခဲ့တယ်၊ အဲဒီကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ငါတို့မောင်နှမသုံးယောက် ရင်အုပ်မကွာ တူမခေတ်ကို စောင့်ရှောက်ခဲ့ရတာကွ. . .။ ကျောင်းလည်းပြီးသွားပြီ။ သမီးကညာအခါမလင့်. . . တဲ့. . .။ အဲဒီအတွက် တူမခေတ်ကို လွတ်လပ်စွာ ပျံသန်းခွင့်ပြုလိုက်ပြီလေ. . .။ ငါတို့လည်း ကြယ်ကြယ်ထောက်ပြမှပဲ အဲဒီအသိ ဝင်သွားခဲ့တာကွ. . .။ ကြယ်ကြယ်က ချစ်ဖို့ကောင်းပါတယ်ကွာ"

"ကြယ်ကြယ်. . . ဟုတ်လား. . . ကြယ်ကြယ်ဆိုတာ အစ်ကိုကြီးချစ်သူလား"

"အာ. . . ကြယ်ကြယ်ဆိုတာ ယောကျ်ားမဟုတ် မိန်းမမဟုတ်ကြီးကွ၊ သူသာ မိန်းမစစ်စစ်တစ်ယောက်ဆို ငါယူပြီးပြီပေါ့ကွာ၊ ဣန္ဒြေရှိတယ်၊ တော်တော်လည်းလှတယ်၊ ခက်တာက ကောင်ထီးမကြီးဖြစ်နေတာပဲကွ၊ ငါကလည်း စ,နေ. . . နောက်နေရရင် ပျော်နေတာပဲဟေ့၊ အဲဒါတွေထားပါကွာ၊ မင်း. . . နှင်းဆီပန်းစည်းပို့လိုက်တဲ့ကိစ္စ အဆင်ပြေရဲ့လား၊ ငါ့ကို မျက်နှာပူစရာမလိုဘူး. . . ငါ့ညီ"

"ဗျာ. . . ဘာနှင်းဆီပန်းစည်းလဲအစ်ကို၊ အစ်ကိုပြောတာကျွန်တော် အဓိပ္ပါယ်မပေါက်ဘူးဖြစ်နေတယ် အစ်ကို"

"အေးလေ. . . အဓိပ္ပါယ်မပေါက်ဘူးဆိုလည်းထားပါတော့၊ ကြယ်ကြယ်က ငါ့ကို ပြောပြထားပြီးသားကွ၊ သူက အာရုံကြိုမြင်တာတွေ တစ်ခါတစ်ရံမှာ အံ့ဩလောက်အောင်စွမ်းတာကွ၊ သူပြောထားတယ်၊ ကောင်လေးက ခေတ်ကို နှင်းဆီပန်းစည်းပို့လိမ့်မယ်. . . တဲ့၊ နှင်းဆီပန်းတွေရဲ့ အရေအတွက်ဟာ အဓိပ္ပါယ်တွေရှိကြတယ်. . . တဲ့၊ အဲဒီကောင်လေးဟာ တစ်ချိန်မှာ လူကြီးစုံရာနဲ့ခေတ်လေးကို လာပြီးတောင်းရမ်းလိမ့်မယ်၊ ကိုမိုး အဲဒါကို လက်ခံရမယ်. . . တဲ့၊ နေဦး. . . နေဦး. . . ငါ့ညီ. . . ငါ ဘီယာသုံးခွက်သောက်ပြီး မူးပြီလားမသိဘူး မသိဟန်ဆောင်ရမယ့်ကိစ္စတွေပေါ်ကုန်ပြီလား မသိပါဘူးကွာ၊ ပေါက်တော့ကုန်ပြီဟေ့ ဟားဟားဟား"





ဘာတွေလဲ. . . ဘာတွေလဲ. . .။ မိုးမြင့်ခေတ်ပြောနေတာတွေ ညီမှိုင်း ဘာတစ်ခုမျှနားမလည်၊ ဒါပေမယ့် ညီမှိုင်း၏မျက်နှာထက်မှာ ဝမ်းသာရိပ်တွေက ရထားပြတင်းမှမြင်နေရသော သစ်ရိပ်တွေလို တရိပ်ရိပ်ပြေးဖြတ်နေသည်။ ရင်ထဲမှာ ပျော်ရိပ်တွေလိမ့်တက်နေသော ညီမှိုင်းသည် ဘာလုပ်ရမည်မသိတော့သည့်အဆုံး၌ ဘီယာခွက်ကိုကောက်ကိုင်ကာ အာလျှာသွက်သွက် ဆုတောင်းသမှုပြုလိုက်၏။

"ဘာပဲဖြစ်ဖြစ်. . . ကျွန်တော်မမြင်ဘူးသေးတဲ့ ကြယ်ကြယ့်ကိုကျေးဇူးတင်ပါတယ်. . . ကြယ်ကြယ် သက်တော်ရာကျော်ရှည်ပါစေ. . အစ်ကိုကြီးနဲ့ မကြာခင်မှာ ပေါင်းဖက်ရပါစေ"

"ဟာ. . . ညီမှိုင်း. . . မင်း ငါ့ကို တုတ်တုတ်ချင်း ရိုက်နိုင်းနေတာလား. . .၊ ကြယ်ကြယ်နဲ့ငါနဲ့ရရင် လက်မောင်းချင်းချိတ်ပြီး လက်သီးဆုပ်ပြီး လက်လှဲနေရမှာပေါ့ဟ၊ ကြယ်ကြယ်ဆိုတာ မင်းထင်သလို မိန်းမမဟုတ်ဘူး၊ မိန်းမလျာကွာ"

"ဗျာ"

ပါးစပ်အဟောင်းသားဖြစ်သွားသော ညီမှိုင်းကိုကြည့်ကာ မိုးမြင့်ခေတ်ရယ်သည်။ မိုးမြင့်ခေတ်ရယ်တော့ ညီမှိုင်းလည်းရယ်သည်။ ညီမှိုင်း၏အတွေးထဲမှာ နှင်းဆီပန်းစည်းကြီးတစ်စည်း ရှိနေ၏။ နှင်းဆီပွင့်အရေအတွက် မည်မျှရှိမည်ကိုတော့ အဓိပ္ပါယ်နှင့်တိုက်ကာ သူရှာရဦးမည်။ သူလိုချင်သည့်အဓိပ္ပါယ်က 'လက်ထပ်ခွင့်ပြုပါ' ဟူသော အဓိပ္ပါယ်ဖြစ်၏။

သည်လိုနှင့် မိုးမြင့်ခေတ်ထင်ထားသော ဝေ့လည်လည်အမှားကြီးမှာ ညီမှိုင်းသည် အလိုလိုနေရင်း စင်ပေါ်ရောက်သွားပါတော့သည်။

သူတို့ သည်လို ပျော်ရွှင်စွာရယ်မောနေသောအချိန်မှာ မိုးဇက်



www.burmeseclassic.com

www.burmeseclassic.com



ချမှာ မည်သို့ရှိနေပါမည်နည်း။

မိုးဇက်သည် ကြယ်ကြယ့်ထံရောက်နေ၏။

ခေတ်၏အချစ်ကို ရရှိဖို့ နောက်ထပ်နည်းဗျူဟာတစ်ခုနှင့် ဦးနှောက်စားပေးဖို့ ကြယ်ကြယ့်ထံ အပူတပြင်း ချဉ်းကပ်ပူဆာနေသော အချိန်ဖြစ်ပါသည်။

✠ ✠ ✠

"ကြံစမ်းပါဦးကြယ်ကြယ်၊ ကျွန်တော့်မှာ ကြယ်ကြယ်တစ်ယောက်ပဲ အားကိုးစရာရှိလို့ပါ"

"အင်း. . . ခက်တော့ခက်နေပြီ တားရဲ့၊ တားအတွက် မာကြယ် စီစဉ်ခဲ့တဲ့ program တွေ ဘယ်လောက်ကောင်းလဲ၊ တားတွေးကြည့်။ ဒီလောက်တေချာအောင်လုပ်ခဲ့လျက်တားနဲ့ တားကိုယ်က တော့တော့ပြီးလွဲခဲ့တာလေ။ ခေတ်လေးက တားကို sorry ဆိုပြီး ငြင်းခဲ့ပြီလေ။ ဆက်ကြိုးစားလည်း တားအခြေအနေက မကောင်းတော့ဘူး တားရဲ့"

"လုပ်ပါဦးကြယ်ကြယ်ရာ၊ ဒီတစ်ခါ နောက်ဆုံးအခွင့်အရေးပေးပါ၊ ကျွန်တော် ကြိုးစားကြည့်ပါရစေ"

"တစ်ခါကနှစ်ခါ၊ နှစ်ခါကတုံးခါဆို မကောင်းတော့ဘူး တား၊ အေးလေ. . . မာကြယ် ဦးနှောက်ကို ညှစ်ကြည့်ပါဦးမယ်"

"ညှစ်ဆို အခုပဲညှစ်ပေးပါ ကြယ်ကြယ်၊ နက်ဖြန်ဆို sunday ခေတ် ဈေးနားတဲ့ရက်၊ နက်ဖြန်မှာ အကောင်အထည်ဖော်မှဖြစ်မှာဗျ"

ကြယ်ကြယ်၏ ပန်းနုရောင်နှုတ်ခမ်းလေးပြုံးသွားသည်။ ဆိုဖာနောက်မှီပေါ် လျော့လျော့မှီချသည်။ မျက်တောင်ကော့ကြီးတွေ မေးပိတ်သွား၏။ မျက်နှာလေးကို နုနုလေးမော်ထားရင်း စကားဖွဖွဆို





သည်။

"ဦးနှောက်ကို ညှစ်နေရတဲ့အချိန်မှာ မာကြယ့်လက်ချောင်းလေးတွေ ညောင်းနေတယ်တားရဲ့. . . ဟွန်း. . . ဟွန်း. . ."

"ရတယ်. . . ရတယ်. . . ကျွန်တော်နှိပ်ပေးမယ်၊ လက်ချောင်းပဲနှိပ်ပေးမှာနော် ကြယ်ကြယ်"

"အံမယ်လေး. . . တကတည်း. . . မာကြယ်ကလည်း လက်ချောင်းလေးတွေပဲ နှိပ်ခိုင်းစရာရှိတာပါနော်၊ တားတို့လိုမဟုတ်ဘူး၊ တားတို့က ငယ်ရာကကြီးလာတာ၊ မာကြယ်က ကြီးရာကငယ်သွားတာ၊ အတက်လေ. . . အတက်ကိုပြောတာနော်"

"အသက်. . . အသက်လို့ပြောပါ ကြယ်ကြယ်ရာ၊ ကြယ်ကြယ်က သနဲ့ တ, ဘယ်လိုမှမကွဲပါလား"

ခေတ်ရယ်. . . မြင်စမ်းချင်ပါဘိ၊ အော်ဇီကြယ်ကြယ်ရဲ့ လက်ချောင်းလေးတွေကို ကိုယ်နှိပ်ပေးနေရတယ်လေ၊ သောက်ကောင်ထီးမကြီး ဘယ်လောက်ကြာအောင် ဇိမ်ခံနေဦးမှာလဲမသိ။

"မာကြယ့်ကို ဘာလို့ စိတ်ထဲက ကြိမ်ဆဲနေရတာလဲတားရဲ့၊ အဲလို စိတ်ပုပ်မမွေးရဘူးလေ. . . ဟွန်း"

မနောအာရုံလွှင့်သည်ကထက်သည်လား. . . ဖြစ်နိုင်ချေခန့်မှန်းရမ်းပြောသည်ကပဲ ကွက်တိဖြစ်သည်လားမသိပေမယ့် ကြယ်ကြယ့်ကို သူ အံ့သြသွားမိသည်က အမှန်။

"အခု မာကြယ်ပြောတာကို တေတေချာချာနားထောင်၊ ဒီတစ်ခါမှမအောင်မြင်ရင် တား ကုတိုလ်နဲ့တားပဲ၊ မာကြယ် မကူနိုင်တော့ဘူး၊ တေချာနားထောင်နော်၊ မနက်ဖြန်မနက်ကျရင် တား ကက တစ်စီးငှားရမယ်၊ အဖြူရောင်ဖြစ်ရမယ်၊ ခေတ်လေးတို့လမ်းထိပ်နဲ့ မျက်စောင်းထိုးက ဘာလမ်းလဲဆိုတော့ မြင်သာ(၉)လမ်း၊ (၉)လမ်းထဲဘား စောင့်နေရမယ်၊ တားက နောက်ခန်းမှာထိုင်ရမှာနော်၊ (၉)လမ်း



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ အလယ်လောက်ကစောင့်နေ၊ အဲ မနက်ဆယ်နာရီတိတိမှာ တားက ကားကို လမ်းထဲကထွက်ခိုင်းလိုက်၊ ဒီဘက်သယ်န်းကျွန်းဘက်ကို ထွက်ခဲ့၊ ခေတ်လေးတို့လမ်းထိပ်မှာ ခေတ်လေးကစောင့်နေလိမ့်မယ်၊ တားရဲ့ ကကကို သူတားမယ်၊ ခေတ်လေး တားနဲ့အတူ နောက်ခန်းမှာ ဝင်ထိုင်မယ်၊ ကဲ. . . ကျန်တဲ့ဇာတ်ကိုတော့ တားဆက်က,ပေတော့၊ တဘောပေါက်တယ်နော်"

မိုးဇက်သည် ကြယ်ကြယ်၏လက်မောင်းအိအိလေးကို ဝမ်းသာအားရ တင်းတင်းဆုပ်ကိုင်ပစ်လိုက်၏။

"ဟား. . . ပိုင်တယ်ဗျာ. . . ကြယ်ကြယ်တော်တယ်ဗျာ၊ ဒီတစ်ခါမှလွဲလို့ကတော့ ကျွန်တော် အသုံးမကျလို့ပေါ့၊ ကြယ်ကြယ်တကယ့်ကိုတော်တယ်ဗျာ၊ ဘယ်လိုများ တွေးလိုက်ပါလိမ့် ကြယ်ကြယ်ရာ"

ကြယ်ကြယ် မျက်နက်ဝန်းလေးဖျတ်ကနဲပွင့်လာသည်။

နှုတ်ခမ်းပါးလေးက ဖွဖွရယ်သွမ်းသွေးသည်။

"တားလိုပေါ့တားရယ်၊ တားမှာလည်း အားကိုးစရာဆိုလို့ မာကြယ်ပဲရှိတာလေ၊ မာကြယ့်မှာလည်း အားကိုးစရာဆိုလို့ မမနဲ့ရှိတာမဟုတ်လား၊ ရတန်းအော့ဖ် မမနဲ့တွေ ခဏခဏလုပ်ပြီး မလွဲမရှောင်သာ ခုတုံးလုပ်ရဦးမှာ တား. . . ရဲ့၊ ကောင်ပဲ့လေး မိုးဇက်၊ အဲဒါနင်လေးကြောင့်လေ. . . ဟွန်း"

မျက်စောင်းလှလှလေး နောက်ဆက်တွဲအဆစ်ရလိုက်သည်။ ဘာပဲဖြစ်ဖြစ် သူပျော်သွားပြီ။ Return of မမနဲ့. . . တဲ့၊ အိုး. . . ပျော်ဖို့ကောင်းလိုက်တာ. . .။

မနက်ဖြန်ရယ်. . . အခုပဲ ရောက်လိုက်ပါတော့. . .

သည်လိုနှင့် . . .

✠ ✠ ✠

ကြောင်နှစ်ကောင်စာပေ



ယောက်ျားလေးတွေက ဒါမျိုးဆို ဝီရိယကောင်းလွန်းလှချည့်။ ကြည့်လေ နံနက်(၉)နာရီ (၁၅)မိနစ်မှာ သူသည် ကကအငှားကားအဖြူရောင်လေးကို ကျသလောက်ယူ၊ ကြိုက်သလောက်တောင်းဆိုပြီး ငှားလာခဲ့ကာ (၉)လမ်းထဲကိုရောက်လာသည်။ ကားကလည်း အသန့်ဂျလေဘီစကားနှင့်ဆိုရလျှင် 'ဒေါက်ဝိုး' ပေါ့။ ၉လမ်းက လမ်းကျယ်လမ်းသန့်၊ ဥက္ကလာလမ်းမကြီးဘက်ခေါင်းလှည့်ကာ လမ်းအလယ် သစ်ရိပ်အောက်မှာ ကားရပ်လိုက်သည်။ ကားတံခါးဖွင့်ကာ သူနှင့်ဒရိုင်ဘာလမ်းပေါ် ဆင်းကာရပ်သည်။ ဒရိုင်ဘာ၏နာမည်မှာ ထွေးကိုဟုသိရ၏။

"ဆယ်နာရီတိတိမှာမှ ဒီကထွက်ရမှာဆိုတော့ မိနစ်လေးဆယ်လိုသေးတယ်ဗျ။ ဖြည်းဖြည်းပေါ့ကိုထွေးကိုရာ၊ ရော့. . . စီးကရက်သောက်ပါဦး"

စီးကရက်ကို လက်ဖက်ရည်ဆိုင်ထိုင်မှသာ တစ်လိပ်လောက်ဖွာတတ်သော မိုးဇက်တစ်ယောက် ဘာစိတ်ကူးပေါက်သည်မသိ။ မိုင်းဆဲဗင်းစီးကရက်တစ်ဗူး ဝယ်လာသည်။ သူတို့ စီးကရက်တစ်လိပ်စီထုတ်ကာ မီးညှိဖွာရှိုက်ကြသည်။ သည်စီးကရက်မီးပွားလေးသည် သူနှင့် ခေတ်အကြားမှာ နှလုံးသားကို လောင်မြိုက်သွားစေမည့်မီးတောက်တစ်ခုအဖြစ် မကြာမီ ဖြစ်လာတော့မည်ကို သူမသိ။

'ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေသည်'. . . တဲ့။ သူ့အတွက်တော့. . .

ဆေးလိပ်သောက်ခြင်းသည် အမုန်းတော်ခံဘဝနှင့် နှလုံးသားကို ကွဲအက်မွကြေသွားအောင် ဆိုးဆိုးရွားရွား လောင်ကျွမ်းထိခိုက်စေပါတော့မည်။

✠ ✠ ✠

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြယ်ကြယ်၏ ယိမ်းသွဲ့ခန္ဓာကောက်ကြောင်းကိုကြည့်ကာ မိုးမြင့်ခေတ် အူပွလာသည်။ ကြယ်ကြယ့်ကို ကလိလိုစိတ်က ရင်ထဲမှာ ဆူနာမီလှိုင်းလုံးတွေလို မောက်ကြွလာ၏။

"ဟား. . . မိုက်တယ်ကွာ. . . မမနဲ့ ဒီတစ်ခါ အဝင်ကြမ်းလှပါလားဟေ့၊ ကမ္ဘာ့ဖလားပွဲတွေမှာဆို အနီကတ်တန်းအပြခံရမှာပဲ၊ မမနဲ့ကိုကြည့်ရတာ လျှောင်လှုပ်နေတုန်းမှာ စားပွဲပေါ်တင်ထားတဲ့ စူမိုကော်ပတ်ရုပ်ကို ကြည့်ရတဲ့အတိုင်းပါလား ဟား ဟား ဟား"

"မောင်တော်လေး. . . နှောင့်ယှက်တာတွေများနေပြီနော်၊ ဟွန်း. . . မပြောချင်လို့ကြည့်နေတာ၊ ညီမတော် ကြယ်ကြယ်ရဲ့မျက်နှာကို ထောက်နေလို့သက်သာနေတာ၊ ဟွန်း. . . ဟွန်း. . . မမနဲ့ကို ဘာမှတ်နေလို့လဲ ဟေ့ကောင်"

"အင်မာဝပ်ဆန်လေး. . . ဟယ်ရီပေါ်တာ့မင်းသမီးလေး မှတ်နေတာပေါ့. . . မမနဲ့ရ"

"မောင်တော်လေး. . . စကားကိုဒီမှာရပ်ထား၊ အပြောင်အပျက်မလုပ်ရဘူးလေ၊ အလေနတော ဗရုတ်ဗရက်ကောင်စုတ်ရဲ့. . . ဟာသမလုပ်နဲ့. . . ဟွန်း"

"မလုပ်ဘူး. . . ဟာသမလုပ်ဘူး မမနဲ့၊ မောင်တော်လေး မမနဲ့ကို ရင်ဖွင့်ပြီး တိုင်ပင်မလို့ပါ မမနဲ့"

"ဟွန်း ဟွန်း ဟွန်း. . . မမနဲ့သိတာပေါ့၊ မောင်တော်လေး မိန်းမလိုချင်နေပြီမဟုတ်လား၊ ပြောစမ်း တဏှာရူးလေး ဟင်း. . . ဟင်း. . ."

"ဟာ. . . ပိုင်တယ်ကွာ၊ That's Right ဒါ အမှန်ပဲ၊ ဟုတ်တယ်၊ ဟုတ်တယ်. . . မမနဲ့"

"ပြောစမ်း. . . ဘယ်က မိမဆုံးမ ဖမဆုံးမ ဖွတ်ဖွတ်ကြေကောင်မကို မောင်တောင်လေး သဘောကျနေလို့လဲ. . . ပြောစမ်း"





"အော်ဒီကြယ်ကြယ်"

"ဘာ"

ပြောလိုက်သည့်စကားက လေးလုံးတည်း။ ဒါပေမယ့် ကြယ်ကြယ်၏ခန္ဓာကိုယ်ကြီး ဓါတ်လိုက်သလိုတုန်သွားကာ အရုပ်ကြီးလို အော်တိုမက်တစ် တောင့်တောင့်ကြီးဖြစ်သွားသည်။ ပါးစပ်အဟောင်းသား. . . တောင့်တောင့်ကြီး. . . ငြိမ်သက်. . .။

"ကြယ်ကြယ်. . . ကြယ်ကြယ်. . . အာ sorry မမနဲ့. . . မမနဲ့ ဘာဖြစ်သွားတာလဲ၊ ငုတ်တုတ်ကြီးများ အသက်ထွက်သွားတာလား၊ မမနဲ့. . . မမနဲ့. . . ဟောဗျာ"

မိုးမြင့်ခေတ် ကြယ်ကြယ်၏လက်မောင်းကို ကိုင်လှုပ်လိုက်မှ ကြယ်ကြယ့်ခန္ဓာကိုယ်လေး တုန့်ကနဲသတိဝင်သွားသည်။

"ကိုမိုး. . . ကိုမိုး. . . မကောင်းဘူးကွာ၊ ဘာတွေလာပြောမှန်းမတိဘူး၊ အဲ. . . မောင်တော်လေး. . . မောင်တော်လေး. . . စကားတွေကို ပြန်ရုတ်သိမ်းပါ၊ အဲလိုမပြောရဘူးလေ မောင်တော်လေးရဲ့"

"မရုတ်သိမ်းဘူး၊ ပြောမှာပဲ မမနဲ့၊ မောင်တော်လေး မနေ့ညက အသေအချာစဉ်းစားပြီးပြီ၊ မောင်တော်လေးရဲ့ဘဝကို အမြဲတမ်းတည့်မတ်ပေးတာဟာ ကြယ်ကြယ်ပဲ၊ မောင်တော်လေးရဲ့အနားမှာ အမြဲတမ်း ကြယ်ကြယ်ရှိနေမှဖြစ်မယ်၊ မောင်တော်လေး ကြယ်ကြယ့်ကို ချစ်တယ်၊ ကြယ်ကြယ့်ကိုလက်ထပ်မယ် မမနဲ့"

ကြယ်ကြယ် ခြေဖျားလက်ဖျားတွေအေးစက်သွားကာ နဖူးမှ ချွေးပေါက်တွေစို့တက်လာ၏။

"မ. . . မ. . . မဖြစ်နိုင်ဘူး၊ မောင်တော်လေးရဲ့၊ မင်းနဲ့ ညီမတော် ကြယ်ကြယ်နဲ့က ယူလို့မှမရတာလေ. . . အဝှါ. . . အဝှါလေ. . . အဝှါမှ အဝှါလုပ်လို့မရတာလေ. . . မောင်တော်လေးရဲ့"

"ဘာ. . . အဝှါလဲ? စကားကို ရှင်းရှင်းပြောစမ်းပါမမနဲ့ရာ"



www.burmeseclassic.com

www.burmeseclassic.com



"အဝ့ါဆိုတာ အဝ့ါကိုပြောတာပေါ့ မောင်တော်လေးရဲ့၊ ရှင်းပြီလား. . . ကဲ"

မိုးမြင့်ခေတ်မျက်နှာကြီး ရှုံ့သွားသည်။ ရင်တွေ တဒိန်းဒိန်း ခုန်နေသော ကြယ်ကြယ့်ခေါင်းထဲမှာ သတိရလိုက်သည်က ကိုကြီးကျော်။

"မဖြစ်နိုင်ဘူး. . မသင့်တော်ဘူးမောင်တော်လေးရဲ့၊ နောက်ပြီး တော့လေ ညီမတော်ကြယ်ကြယ့်ကို ကိုကြီးကျော်ကကောက်ပြီးသား၊ ကြယ်ကြယ်က ကိုကြီးကျော်နဲ့လက်ထပ်ပြီးသား၊ ရှင်းပြီလား"

"ဟာဗျာ. . . မကြားမိလိုက်ပါဘူး၊ မမနဲ့မျက်စိနဲ့ မြင်လို့လား၊ ဘယ်တုန်းကလဲ. . . ဘယ်မှာလက်ထပ်တာလဲ"

"မြင်တယ်. . . မမနဲ့ကိုယ်တိုင်မြင်တယ်၊ wedding ကို မမနဲ့ ကိုယ်တိုင်တက်ခဲ့တာ။ 2009 ဖေဖော်ဝါရီ (၃၀) ရက်က၊ ထရိတ်ဒါး မှာဆောင်တာ၊ ကိုင်ဇာကတောင် အေးရင်ကျူးပေး. . . ဟာ ဒုက္ခပါပဲ ဘုန်းကြီးပျံနဲ့ရောပြီးမှားကုန်ပြီ မောင်တော်လေးရဲ့၊ နောက်ဆုတ်လိုက်၊ နောက်ဆုတ်လိုက်. . . ကိုကြီးကျော်ကောက်ပြီးသားကွဲ့"

"ဟာ. . . ရတယ်လေ. . . ကိုကြီးကျော်ကဘော်ဒါ၊ သူ့ကို ဆက်တဲ့အရက်တွေဆို မောင်တော်လေး ပုလင်းလိုက်ဖျောင်နေကျ၊ သဘောကောင်းတယ်၊ ဘာမှမပြောဘူး၊ အခုလည်း ကြယ်ကြယ့်ကို ပုလင်းလိုက်ဖျောင်လိုက်ရုံပဲ. . . ဟား ဟား"

ကြယ်ကြယ် တကယ့်ကို အကျဉ်းအကြပ်ထဲမှာ ပိတ်မိနေပြီ။ ဘာဆက်လုပ်ရမည်မသိသည့်အဆုံး၌ 'အား'ကနဲအော်ပစ်လိုက်၏။

"အား. . . အား. . . ထရိတ်ဒါး. . . ထရိတ်ဒါး. . . မမနဲ့ လာရင်းကိစ္စ အခုမှသတိရပြီ၊ မောင်တော်လေး. . . မင်းကိစ္စကို ကြယ်ကြယ်နဲ့တွေ့ရင် မင်းတို့ချင်းဆွေးနွေးကြ၊ အခုအချိန်ကျလာတာက အငယ်မ. . . အငယ်မကို ခုခေါ်ပေး. . . အငယ်မကို အခုခေါ်ပေး"





မကြာခင်မှာပင် နရီခေတ် ကြယ်ကြယ့်ရှေ့မှောက်ရောက် လာ၏။

✠ ✠ ✠

အိမ်ကလူတွေနှင့် တီတီကြယ်သည် တစ်ခါတရံ ဘာတွေလုပ် ကြသည်မသိ။ စိတ်အိုက်မိသည်ကအမှန်။ ဒါပေမယ့် နရီခေတ်သည် အန်တီလေးနှင့်အတူ ကြယ်ကြယ့်စကားကို နားထောင်နေပါသည်။

"မိန့်ပါ မမနဲ့. . . မိန့်ပါ. . . ရှေ့မှောက်မှာ ညီမလတ်ရော အငယ်မပါ ရောက်နေကြောင်းပါ"

"ညီမလတ်. . . စန္ဒီခေတ်. . . နောက်ဆုတ်စမ်း၊ မမနဲ့ အငယ် မအတွက် အရေးတကြီးကြွလာခဲ့တာပဲ. . . အငယ်မ. . . အငယ်မ . . . နရီခေတ်. . . အချိန်မရှိတော့ဘူး၊ ဒီနှစ်ထဲမှာ သမီးလေး အိမ် ထောင်ကျတော့မယ်ကွဲ့"

"ဟင်. . . မဖြစ်နိုင်တာကြီး တီတီကြယ်ကလဲ"

"ငါ တီတီကြယ်မဟုတ်ဘူး၊ မမနဲ့လေ. . . မမနဲ့၊ ဒီနှစ်ထဲမှာ ငါ့သမီး အိမ်ထောင်ကျမယ်၊ အိမ်ထောင်ဘက် အတောင်နှစ်ဆယ်ဝတ် က တစ်ဦးတည်းသောသား၊ လူချမ်းသာလေး၊ အချိန်ကျတာနဲ့ လူကြီး စုံရာနဲ့ လာပြီးတောင်းရမ်းလိမ့်မယ်၊ ညီမကြီး ညီမလတ် မောင်တော် လေး အားလုံး တစ်ယောက်မှ မကန့်ကွက်ရဘူးဟေ့ ဟင်း ဟင်း ဟင်း"

"မ. . . မ. . . မကန့်ကွက်ပါဘူး မမနဲ့၊ ညီမလတ် ကတိပေး ပါတယ်"

"အေး. . . နင်တို့လူကြီးတွေ မကန့်ကွက်ပေမယ့် အငယ်မမှာ အမှောင့်ဝင်နေတယ်၊ အနှောင့်အယှက်ရှိတယ်၊ ဒါကို ဆယ်ဖောင်ဘို့



www.burmeseclassic.com

www.burmeseclassic.com



ငါလာခဲ့တာပဲဟေ့၊ ဆက်မယ်. . . မမယ်. . . ဆယ်နာရီမှာ စမယ်ဟေ့ ဟွန်း ဟွန်း"

"ဟေ့. . . အငယ်မ စာရွက်တစ်ရွက်ယူ. . . စာရေးစမ်း. . . ရေးလေ၊ 'အနှောင့်အယှက်ကောင်. . . ငါ့နားမကပ်နဲ့' လို့ အဲဒီလို ရေးစမ်း၊ ရေး. . . ရေးစမ်း၊ ရေးပြီးရင် အဲဒီစာရွက်ကို လုံးပြီး လက်ထဲ ဆုပ်ထားလိုက်"

"အဲဒီစက္ကူလုံးလေးကို လက်ထဲမှာဆုပ်ထား. . . ဆုပ်ထား. . . ဟုတ်ပြီ ဆယ်နာရီထိုးကာနီး ကိုးမိနစ်အလိုမှာ အိမ်ကထွက်၊ လမ်းထိပ် ကိုသွား၊ အား. . . အာရုံမြင်တယ်၊ အာရုံမြင်တယ်. . . ကကအဖြူ ရောင် ကိုးလမ်းထဲကထွက်လာမယ်. . . တားပြီးစီးလိုက်. . . ဆယ်နာရီ မှာ ဆယ်မယ်မ,မယ်ဆိုတော့ ဆူးလေဘုရားကိုသွားရမယ်၊ ဟွန်း ဟွန်း ဟွန်း. . . ကိုးလမ်းထဲကထွက်လာတဲ့ ကကအဖြူရောင်ပေါ်ထိုင်မိပြီး ကိုးမိနစ်ပြည့်တာနဲ့ လက်ထဲကစက္ကူလုံးကို ဘယ်ဘက်ကို လွှင့်ပစ်လိုက် နောက်လှည့်မကြည့်နဲ့ ဟွန်း ဟွန်း ဟွန်း"

"ဆူး. . . ဆူးလေဘုရားရောက်တော့ အငယ်မ ဘာလုပ်ရမှာ လဲဟင်"

"ဟဲ့. . . ကောင်မရဲ့ ဆူးလေကိုတန်းမဖူးရဘူး၊ ထရိတ်ဒါးရှေ့ မှာ ကားကိုရပ်ခိုင်း၊ ဆူးလေဘုရားကို ခြေလျင်လျှောက်၊ ဘုရားကို ရှိခိုး၊ 'ဆူးလေမှာ ဆူးလှည်းကြီးမှကင်းလွတ်သွားပါရစေ' လို့ ဆု တောင်းခဲ့၊ ဒါပြီးရင် နင့်ဘာသာဘာပဲဆက်လုပ်လုပ်. . . အဲ. . . နေဦး အရေးကြီးတာက လမ်းမှာ ဘယ်သူကဘာပြောပြော ရန်လုံးဝမဖြစ်နဲ့၊ ပြေပြေလည်လည်ပြန်ပြော၊ ရန်ဖြစ်လိုက်တာနဲ့ နင်ဟာ မချစ်မနှစ် သက်သူနဲ့ ပေါင်းရပြီး တစ်သက်လုံး စိတ်ထောင်းကိုယ်ကြေဖြစ်ပြီသာ မှတ်. . . ဟင်း ဟင်း ဟင်း ဟင်း. . . အား. . . ပူလှချည့်၊ ပူလှချည့်။ နင်တို့လူငွေ့တွေက ပူလှချည့်။ ငါမနေဘူး. . . ငါဆက်မဝင်နိုင်တော့





ဘူး၊ ငါထွက်တော့မယ်ဟဲ့. . . အငယ်မ. . . ငါမိန့်တာ သေချာလုပ်၊ သေချာလုပ်. . . အား. . . ဟား. . . "

ကဲ. . . ကြယ်ကြယ်က အဲလိုအပီအပိုင်ချည်ပြီးတုပ်ပြီး အကွက်ကျကျ လုပ်ပေးလိုက်ပါလျက်နဲ့. . .

ဖြစ်ချင်တော့. . .

✠ ✠ ✠

မိုးဇက်က နာရီကို လက်ညှိုးညွှန်ပြောက်ပြရင်း ကိုထွေးကိုကို သတိပေးလိုက်သည်။

"ငါးမိနစ်ပဲလိုတော့တယ်၊ ကားပေါ်တက်ကြရအောင်၊ (၁)မိနစ် အလိုမှာ ကျွန်တော်တို့ ဒီလမ်းထဲကထွက်မယ်နော်၊ အစီ အစဉ်ကို ကိုထွေးကိုလည်း သိပြီးသားဗျာနော"

နှစ်ဦးသား ကားပေါ်တက်ကာ အထိုင်လိုက်မှာပင် ဟိုဘက် တိုးလိုက် ဒီဘက်တိုးလိုက်နှင့် ညာဘက်ရောက်သွားလိုက် ဘယ်ဘက် ရောက်သွားလိုက်လျှောက်လာသော လူတစ်ယောက် လမ်းထဲသို့ဝင် လာသည်။

နံနက်ဆယ်နာရီမှာ ရေချိန်ကိုက်လာသော အနီလူသားသည် ကားအနီးရောက်လာ၏။ ကြည့်နေဆဲမျက်စေ့အောက်မှာပင် သူသည် ရပ်ထားသောကားကို ဝင်တိုက်ကာ ဖင်ထိုင်လဲကျသွား၏။ မိုးဇက်တို့ မျက်လုံးတွေပြူးသွားသည်။

"အား. . . လာကြပါဦး၊ ကျုပ်ကို ကားတိုက်ပြီဗျ"

အော်သံပင်မဆုံးလိုက်။ မိုးဇက်ရော ထွေးကိုပါ ကားပေါ်မှ အမြန်ဆင်းကာ သူ့အနားရောက်သွားသည်။ ကံကြမ္မာက ကိုယ့်ဘက် က နည်းနည်းသာတော့ ထိုသူနှင့်ထွေးကိုသည် အသိတွေဖြစ်နေ၏။

www.burmeseclassic.com



"ဟာ. . . ကိုစိုင်း. . . တကယ့်လူဗျာ ရပ်ထားတဲ့ကားကို ဝင်တိုက်ရတယ်လို့။ ဘာလို့ အစောကြီး ချလာရတာလဲ"

"ဟာ. . . ထွေးကို. . . နေဝင်တော့မှာဟ. . . မစောတော့ပါဘူး၊ ကိုယ်တွေဖောင်ပိတ်တာ နှစ်ရက်မိုးလင်းသွားတာ၊ ခု ညနေစောင်းတော့ အိပ်မရတာနဲ့ ထွက်သောက်တာဟ၊ ကိုယ်တွေ မမူးပါဘူးဟာ"

"ကိုမိုးဇက်. . . ပန်းချီစိုင်းလားရှိုးဆိုတာသူပဲ၊ ဟိုဘက်ကလမ်းထဲမှာနေတာ၊ ပုံရေးတာ နှစ်ရက်မိုးလင်းပြီး မနက်နဲ့ည မှားနေတာလေ"

"ဩော်. . . ဟုတ်ကဲ့၊ ဆေးလိပ်သောက်ပါဦး ကိုစိုင်း"

စိုင်းသည် မိုးဇက်တည်ခင်းသော စီးကရက်ကို တစ်လိပ်ထုတ်ယူကာ မီးညှိရှိုက်ဖွာ၏။ သည်အခိုက်မှာပင် သူတို့နောက်ကျောပေးထားရာမြင်ကွင်းထဲသို့ အဖြူရောင်ကကအငှားကားလေးတစ်စီး မောင်းလာနေသည်ကို သူတို့မသိ။ မိုးဇက် နာရီကိုကြည့်လိုက်တော့ ဆယ်နာရီတိတိ။ စိုင်းသည် စီးကရက်ကို အားရပါးရ နှစ်ဖွာသုံးဖွာ ဖွာလိုက်ပြီးနောက်. . .

"သောက်လို့တော့ကောင်းတယ်၊ ပြောရရင် ကိုယ်တွေက စီးကရက်နဲ့မတည့်ဘူးဟာ. . . နော"

စိုင်းက စီးကရက်သောက်လက်စကို နံဘေးသို့ ပစ်လိုက်၏။

ဖြစ်ချင်တော့ . . .

ကိုးလမ်းနောက်ထဲမှ မောင်းထွက်လာသော အဖြူရောင်ကကအငှားကားလေးက သူတို့အနီးမှဖြတ်ကျော်အသွားမှာ စိုင်းလွှင့်ပစ်လိုက်သော မီးလေးတဖွားဖွားနှင့် စီးကရက်တိုက ကားနောက်ခန်းထဲတန်းဝင်သွားသည်။ မြင်ကွင်းကိုကြည့်ကာ မိုးဇက် မျက်လုံးပြူးလျက်အော်လိုက်သည်။ သူ ထိတ်လန့်သွားသည်မှာ ဆေးလိပ်တို ကားနောက်





ခန်းထဲပါသွား၍မဟုတ်။ ဖြတ်မောင်းသွားသော ကကအငှားကားသည် အဖြူရောင်ဖြစ်နေခြင်းကြောင့်ဖြစ်၏။

"ကို. . . ကို. . . ကိုထွေးကို ဟိုမှာ ဒီလမ်းထဲကထွက်သွားပြီ ကက. . . ကကလေ. . . ပြဿနာပဲ အဖြူရောင်ဗျ၊ အာ. . . သွားပြီ ဒီကောင် ဘယ်ဘက်ချိုးသွားပြီ၊ တက်. . . တက်. . . လိုက်ရအောင်"

နှစ်ဦးသား ကားပေါ်အမြန်တက်၊ ကားကလည်း ဒေါက်ဗိုး. . . ချက်ချင်းမောင်းထွက်မည်ကြံကာမှ ကားရှေ့မှာပိတ်ရပ်နေသည်က ကိုစိုင်း။ မိုးဇက် ကားတံခါးကို အမြန်ဖွင့်ဆင်းကာ စိုင်း၏လက်ကို ဆွဲခေါ်လိုက်၏။

"လာ. . . လာ. . . ကိုစိုင်း ဒီအုန်းပင်အောက်က ပိုအေးတယ်ဗျ"

"အွန်."

လက်ဆွဲခေါ်လိုက်သည့်အရှိန်က များတော့ စိုင်းတစ်ယောက် လမ်းဘေးမှာ အွန့်ကနဲ ဖင်ထိုင်ကျကျန်ခဲ့သည်။ စိုင်းကိုလှည့်မကြည့်နိုင်တော့။ ကားပေါ်အမြန်တက်အလိုက်မှာပင် ထွေးကိုကလည်း ဝေါကနဲ မောင်းထွက်လိုက်သည်။ ဒါပေမယ့် လမ်းမကြီးကို ချိုးကွေ့လိုက်မှာပင် သူ့ခေါင်းကို မိုးကြိုးကြီးပစ်ချလိုက်သလို မြင်လိုက်ရသည်။

"ဟာ. . . သေလိုက်ပါတော့ဗျာ၊ ဟိုမှာ ခေတ် စောစောက ကကပေါ် တက်သွားပြီဗျ"

နှစ်ဦးသား ဘာဆက်လုပ်ရမှန်းမသိတော့သည့်အတွက် ခေတ်တက်သွားသော ကကအငှားကားလေးနောက်မှသာ ဆက်မောင်းလိုက်ခဲ့ကြသည်။ ဆိုးလိုက်တဲ့ကံကြမ္မာရယ်။

"အဲဒီကားကလည်းဗျာ ဒီအချိန်ကျမှ တိုက်တိုက်ဆိုင်ဆိုင် ဘာဖြစ်လို့ အချိန်ကိုက်ကြီး (၉)လမ်းထဲက ထွက်လာရတာလဲ၊ နောက်ပြီး အဖြူရောင်ဗျာ၊ သေချာစီစဉ်ထားလျက်နဲ့ ပြဿနာပါပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ပြဿနာက ကိုစိုင်းလွှင့်ပစ်လိုက်တဲ့ ဆေးလိပ်မီး အဲဒီကား နောက်ခန်းထဲကျသွားတာဗျ၊ တော်ကြာ မီးထတောက်နေရင် ခင်ဗျား တောင်မလေး ကားထဲမှာ မီးလောင်သွားလိမ့်မယ်၊ ကျွန်တော်က အဲဒါ တိုပူတာ"

"ဟာ. . . ဒါဆို အဲဒီကားကို မီအောင်လိုက်ဗျာ၊ ကားချင်း ယှဉ်တဲ့အခါ ခေတ်ကို ကျွန်တော်ခေါ်မယ် ကိုထွေးကို"

ဘုရားသိကြားမလို့ ခေတ် အဲဒီဆေးလိပ်မီးရဲ့ရန်က လွတ် ကင်းပါစေဟုဆုတောင်းရင်း ယခုမှ တွေ့ဖူးသော စိုင်းလားရှိုးကို စိတ်ထဲမှ တစ်တ,စ်ခွခွကြီး ဆဲရေးပစ်လိုက်ပါတော့သည်။

✠ ✠ ✠

ခေတ်. . . ကားပေါ်ထိုင်ကာစဉ် တင်ပါးမှာပူသွားသလိုတော့ ထင်လိုက်မိသည်။ နောက်တော့ မပူတော့ပါ။ ဘယ်ပူမှာလဲ၊ သူမဖိထိုင် လိုက်သည့်အတွက် စီးကရက်မီးက မီးငြိမ်းသွားသည်လေ။ ဒါပေမယ့် ခေတ်၏ အဝါဖျော့ဒူးဖုံးဂါဝန်လေးကိုတော့ တင်ပါးတည့်တည့် တကယ့် နေရာကြီးမှာ ကျပ်ပြားဝိုင်းသာသာ မီးလောင်ပေါက်ကြီးတစ်ခု ဖောက် ပစ်လိုက်ပြီးဖြစ်ပါသည်။

နရီခေတ်သည် နာရီကိုကြည့်လိုက်၏။ (၉)မိနစ်ပြည့်ပြီ၊ လက်ထဲမှာဆုပ်ထားသော စက္ကူလုံးလေးကို ကားနောက်ခန်းမှ ဘယ် ဘက်သို့လွှင့်ပစ်လိုက်၏။ တော်တော်ကြောင်တဲ့အလုပ်။

ထွေးကိုကလည်း ကျော်တက်ကာ ကားနှစ်စီးအယှဉ်လိုက်မှာ ဖြစ်သည်။ ခေတ်မကြည့်ဘဲလွှင့်ပစ်လိုက်သော စက္ကူလုံးလေးသည် မိုးဇက်၏ကားထဲသို့ ဝှီးကနဲဝင်လာကာ ထိုင်ခုံဆိုဖာပေါ် ကျသည်။ မိုးဇက်ကောက်ယူလိုက်၏။





"တွေ့လား. . . ခေတ်က ကျွန်တော့်ကိုစာပစ်ပေးလိုက်တာ ကိုထွေးကိုရ၊ မှန်းစမ်း ဘာတွေရေးထားလဲ မသိဘူးဗျာ"

မိုးဇက် ဝမ်းသာအားရ ခေတ်၏ စက္ကူလုံးလေးကို ဖြည်ဖတ် လိုက်၏။ ရေးထားသည်က . . .

"အနှောင့်အယှက်ကောင်. . .

ငါ့အနားမကပ်နဲ့". . . တဲ့။

ကိုယ်နဲ့မဆိုင်တဲ့စာတစ်စောင် လက်ထဲရောက်လာတာကို သူ မသိ။ သူကိုက ဖြစ်ချင်တော့ အဲလိုပါပဲ။ အနားမကပ်နဲ့ဆိုတော့ ဆေးလိပ်မီးအန္တရာယ်သတိပေးဖို့လည်း မစွမ်းသာတော့။

ခေတ်ကိုတင်ဆောင်သွားသည့် ကကအငှားကားလေး၏ နောက်မှသာ အသာလေး မောင်းလိုက်သွားရုံမှတပါး ဘာများ တတ် နိုင်ပါတော့မည်နည်း။ ဖြစ်ချင်တော့. . . အဲလိုပေါ့လေ. . .။

✠ ✠ ✠

ထရိတ်ဒါးဟိုတယ်ရှေ့နားမှာ ခေတ်စီးလာသောကားလေး ရပ်လိုက်တော့ သူတို့လည်း နောက်ဘက်မလှမ်းမကမ်းမှာရပ်သည်။ နောက်ခန်းတံခါးကိုဖွင့်ကာ ခေတ်ဆင်းသည်။ ပလက်ဖောင်းပေါ်မှာ ခေတ်၏ခွာမြင့်ဖိနပ်လေး လှမ်းအရွေ့၌ ခေတ်ကို မျက်တောင်မခတ် ကြည့်နေသော သူ၏မျက်ဝန်းအစုံမှာ ပြူးကျယ်သွားပါလေတော့သည်။ ခေတ်၏ နောက်ပိုင်းအလှမှာ အကျည်းတန်စွာ မြင်တွေ့လိုက်ရသည် က မီးလောင်ပေါက်ကြီးပါလား။

"ပြဿနာပဲ. . . ကျွန်တော် အမြန်လိုက်မှဖြစ်မယ်၊ ကိုထွေးကို ခင်ဗျား စောင့်ချင်တဲ့နေရာက စောင့်တော့"

ချစ်သူအား မြို့လည်မှာ အရှက်တကွဲ မဖြစ်စေလိုသော မိုး



www.burmeseclassic.com

www.burmeseclassic.com



ဇက်သည် ခေတ်၏နောက်သို့ လိုက်သွား၏။ မီးပွိုင့်ကိုဖြတ်ပြီးမှ ခေတ်ကို သူမီသည်။

"ခေတ်. . . ခေတ်. . . နရီခေတ် ခဏနေပါဦး. . . ခဏလေး"

သမင်လည်ပြန်အကြည့်တစ်ခု သူ့ရင်ကိုထိတွေ့သည်။ ခေတ်ဆက်လျှောက်သွား၏။ သူသည် ခေတ်နှင့်ကပ်လျက် သူ့ခန္ဓာကိုယ်နှင့်ကွယ်ကာလိုက်သည်။ ရွှေမြို့တော် ချစ်တီးထမင်းဆိုင်ရှေ့အရောက်မှာ မှတ်မှတ်ရရပါပဲ။

"ခေတ်. . . ခေတ်. . . ခဏရပ်ဦး. . . ခေတ်. . . ခေတ်. . ဖင်ပေါက်ကြီး"

"ဘာရယ်. . မိုးဇက်"

ခေတ် ရုတ်တရက် တုန့်ကနဲရပ်လိုက်ရင်း လှည့်အကြည့် ခြေကားယားလက်ကားယား ကာကာလိုက်နေသော သူ့ရင်ခွင်မှာ ခေတ်ပခုံးဝှက်ဝင်မိသွားသည်။ အမြန်လျှောက်ခဲ့တော့ နှစ်ဦးစလုံး မောနေသည်။

"မိုးဇက်. . . နင်ဘာလုပ်တာလဲ၊ ငါ့ကို လိုက်နှောင့်ယှက်နေတာလား"

ခေတ်၏မျက်နှာထက်မှာ ဒေါသသွေးတို့ နီစွေးနေသည်။ မီးတောက်မျက်ဝန်းများကိုမြင်ရတော့ သူ ခြေမကိုင်မိလက်မကိုင်မိဖြစ်သွားသည်။

"မဟုတ်ဘူး. . . မဟုတ်ဘူး. . . ခေတ်. . . အား. . . ခေတ်နားလည်အောင် ကိုယ် ဘယ်လိုပြောရမှန်းတောင်မသိဘူး. . . ခဏလေး. . ကိုယ်စဉ်းစားပါရစေ. . . ခဏလေး ခေတ်ရဲ့"

အကြံတစ်ခု မိုးဇက်ခေါင်းထဲ ခေါင်းဝှေ့ဝင်လာသည်။ မှားသည်မှန်သည် မစဉ်းစားမိ။ မိုးဇက် သူ၏ရှပ်အင်္ကျီကို အမြန်ချွတ်





ပစ်လိုက်သည်။ သူ့အကြံကကွေးသည်။ ရှပ်အင်္ကျီလက်နှစ်ဖက်တို့ ခေတ်၏ခါးမှာ ပတ်ချည်ကာ ကျောခြမ်းတွဲလောင်းကျ အင်္ကျီစနှင့် ခေတ်၏နောက်ပိုင်း မီးလောင်ပေါက်ကိုဖုံးကွယ်ပစ်ဖို့။ ဒါပေမယ့် မြို့လည်ခေါင် ဆူးလေစေတီတော်အနီး လူကြားသူကြားမှာ မိန်းကလေးတစ်ယောက်ကိုရပ်ခိုင်းပြီး ရုတ်တရက် ရှပ်အင်္ကျီချွတ်ပစ်ကာ အပေါ်ပိုင်းဗလာကျင်းပြလိုက်သော ယောကျ်ားလေးတစ်ယောက်အား ခေတ်နားလည်နိုင်ပါမည်တဲ့လား။ ရှက်စိတ်ကြောင့် ခေတ်၏မျက်ဝန်းမှာ မျက်ရည်တွေဝိုင်းလာသည်။

"မိုးဇက်. . . နင်. . . တကယ်ကြောင်တယ်နော်၊ ဒါ ငါ့ကို သက်သက် အရှက်ခွဲနေတာပဲ"

"ခဏလေးပါခေတ်ရယ်၊ စောင့်ကြည့်လိုက်၊ ဟောဒီလိုလေး လုပ်လိုက်ရင်. . ."

ပြောရင်းနှင့် မိုးဇက်သည် ခေတ်၏တင်ပါးအား သူ့အင်္ကျီကျောစနှင့် တွဲလောင်းချကွယ်ကာ အင်္ကျီလက်စနှစ်ခုနှင့် ခေတ်၏ခါးလေးအား ပတ်ချည်ပေးလိုက်သည်။ သူ့ပုံစံက သူ့လုပ်ရပ်ကို အားရကျေနပ်သွားဟန်အပြည့်။

"ကဲ. . . ဒီအတိုင်းဆိုတော့ စတိုင်လ်လေးက ပိုတောင်မိသွားသေးတယ် ခေတ်ရဲ့"

လူတွေက ဝိုင်းကြည့်နေသည်ကိုလည်း သူသတိမပြုမိ။ ချစ်သူ၏အရှက်ကို ကာကွယ်လိုက်နိုင်၍ ကျေနပ်နေသော မိုးဇက်။

ကိုယ့်ကိုယ်ကို သတ်သေပစ်ချင်လောက်အောင် ရှက်စိတ် ဒေါသစိတ်တို့ အမြင့်ဆုံးထိမြင့်တက်ကာ နှုတ်ခမ်းလေးဆတ်ဆတ်တုန်နေသည့် နရီခေတ်။

နရီခေတ်၏ညာလက်ဝါးလေး အပေါ်သို့မြင့်တက်သွားသည်ကို သူ့မျက်ဝန်းတွေသည် ခေါင်းလေးစောင်းလျက် လိုက်ကြည့်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ခေတ် ဘာလုပ်မလို့ပါလိမ့်။

"ဒီမှာ . . မိုးဇက်၊ နင် ငါ့ကို ဘယ်တော့မှ လိုက်မနှောင့်ယှက်နဲ့တော့၊ ကမ္ဘာပေါ်မှာ ငါအမုန်းဆုံးလူဟာ နင်ပဲ၊ နင့်ကိုငါမုန်းတယ်၊ နင့်ကို ငါ မုန်းတယ် မိုးဇက် . . . ကဲဟာ"

'ဖျန်း' ကနဲအသံ။

သူ လုံးဝထင်မှတ်မထားသည့် အပြုအမူ။

နေ့ခင်းကြောင်တောင်မှာ ကြယ်တွေလတွေ လျှပ်စီးတစ်ချက်လက်သလိုမြင်လိုက်ရသည်။ ပါးပြင်သည် ဖျဉ်းစပ်ထုံကျင်လျက်။

သူသည် ခေတ်ကို မမြင်ဘူးသူတစ်ယောက်လို ငေးကြောင်ကြည့်နေမိလေသည်။

"ခေတ် . . . နင် ငါ့ကို ဘာလို့ပါးရိုက်ရတာလဲ"

မိုးဇက်သည် ကောင်းကင်ကိုမော့ကြည့်ကာ ခေါင်းတစ်ချက်ရမ်းခါပစ်လိုက်သည်။ ပြီးတော့ ခေတ်ကို စူးစူးကြည့်လိုက်သည်။

"sorry ပဲ ခေတ်၊ ခုချိန်ကစပြီး နင့်ကို ငါ့ရင်ဘတ်ထဲကထုတ်ပစ်လိုက်ပြီ၊ နင်ဟာ ငါနဲ့မတန်ဘူးခေတ်"

ပြောအပြီးမှာ ချာကနဲလှည့်ထွက်ခဲ့သည်။

ခေတ် မည်သို့ဖြစ်ကျန်ခဲ့မည်ကို သူမစဉ်းစား။ စဉ်းစားဖို့လည်း မလိုတော့ဘူးလေ၊ ဘာဖြစ်ဖြစ်ပေါ့။

✠ ✠ ✠

အဲဒီအချိန်ကစပြီး ခေတ်ဆိုတဲ့ကောင်မလေးတစ်ယောက်ကို သူ့ရင်ဘတ်ထဲကနေ ဖျောက်ပစ်ခဲ့တော့တာပါပဲ။ ဒါပေမယ့် နှလုံးသားမှာတော့ အချစ်ဆိုတာ ဖန်တီးလို့လည်းမရ ဖျောက်ပစ်လို့လည်းမရတဲ့ ဥပ်ကောင်တစ်ကောင်အဖြစ် တွယ်ကပ်နေခဲ့တယ်ဆိုတာ မျက်ကန်းတစ်ယောက်လို သူမမြင်မိခဲ့ခြင်းပါလေ . . .။ အချစ်ဆိုတာ ဥပ်ကောင်တစ်ကောင်ပါပဲ။

✠ ✠ ✠







www.burmeseclassic.com

www.burmeseclassic.com



"ကမ္ဘာမြေပုံပေါ်မှာ. . .
မြန်မာပြည်ဟာ
သေးငယ်တဲ့အစက်အပြောက်လေးတစ်ခုပါ. . .
ဒါပေမယ့်. . .
တို့နှစ်ယောက်ရဲ့နှလုံးသားနှစ်ခုကတော့
ဘာ့ကြောင့်များ ယူဇနာအများကြီး
ဝေးနေကြတာပါလိမ့်. . . "





ဦးမိုးကြောင့်ခက်သည်။ တစ်ခါတစ်ရံ၌ ဦးမိုး အူကြောင်ကျား လုပ်ကာ ဝင်နှောင့်လိုက်သည့်အတွက် ခေတ်၏ပုံမှန်လည်ပတ်စီးမြော နေမှုလေး တွန့်ကွေးသွားတတ်သည်။ ယခုပဲကြည့်လေ၊ ခေတ် ဈေး ဝယ်ထွက်ချင်သည်၊ မယ်မယ်ရရဝယ်စရာကမရှိ၊ ရီဗလွန်နှုတ်ခမ်းဆိုး ဆေးဝယ်မည်။ ဆံပင်ပျော့ဆေးဝယ်မည်။ shampoo ဝယ်မည်၊ တီရှပ် တစ်ထည် ဒီဇိုင်းကြိုက်တာတွေ့လျှင် ဝယ်မည်။ ကားယူသွားမည် ဆိုတော့ သူသွားစရာရှိသည်ဆိုကာ အိမ်မှာ သူ့ထံအလည်ရောက် ချောင်းပေါက်နေသော ညိုမှိုင်းကို လိုက်ပို့ပေးလိုက်ပါဆိုကာ ထည့် လွှတ်လိုက်သည်လေ။ ခေတ် စိတ်ကလေးနောက်သွားသည်။ ညိုမှိုင်း ကတော့ပျော်နေသည်။ ပျော်မှာပေါ့လေ။ သူက ခေတ်နှင့် သည်လို သွားလာချင်သည့်သူ။ ခေတ်က ညိုမှိုင်းနှင့် သည်လိုမသွားချင်မလာ ချင်သူ။ သူ့နေရာမှာ မိုးဇက်သာဆိုလျှင်ရော။ ခေတ် ပျော်ပါလိမ့် မည်လား။ ဘာ့ကြောင့်များ သည်အတွေး ခေတ်ခေါင်းထဲရောက် ရောက်လာတတ်သည်မသိ။ ဘာကြောင့်များ မိုးဇက်၏ပုံရိပ်တွေက ခေတ်၏အာရုံထဲ ရောက်ရောက်လာတတ်သည်မသိ။ မိုးဇက်ရယ် နင်



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို ဘာ့ကြောင့်များ အကြောင်ရိုက်ပြီးချိုးခဲ့ရတာလဲ။ အဲဒါတွေသာ မရှိခဲ့ရင်. . ။ ခေတ် ဆက်မတွေးချင်တော့ပါ။

"ဘယ်ကိုပို့ပေးရမလဲ ခေတ်"

"မိုးဇက်. . . အဲ. . . ဟုတ်တယ်. . . မိုးဇက်တို့စတိုးဆိုင်"

"အိုး. . . Good Luck ကျွန်တော့်အတွက် မင်္ဂလာတံခါးဖွင့်ခဲ့တဲ့ဆိုင်ပဲ၊ မင်္ဂလာရှိလိုက်တာ၊ ဘယ်ကိုဖြစ်ဖြစ်ပို့ပေးပါ့မယ်ဗျာ၊ အဲဒါတစ်သက်လုံးအတွက် ပြောတဲ့စကားပါ"

စိတ်နောက်ရသည့်အထဲမှာ အဲဒါတွေလည်းပါသည်။ ခေတ်စိတ်ထဲမှာပဲ နှုတ်ခမ်းလေးမဲ့ပစ်လိုက်သည်။ မိုးဇက်၏စတိုးဆိုင်ကို သွားမည်။ မိုးဇက်ရှိနေပါစေ။ မိုးဇက်သာရှိနေပါလျှင် သိက္ခာကို ရွာမှာပို့ထားလျက် ချစ်ကြည်ရေးလုပ်ကာ ညိုမှိုင်းရှေ့မှာ ကြည်နူးမှုတွေပေးလိုက်မည်။ မိုးဇက်ထံမှ နှစ်လိုဖွယ်တုံ့ပြန်မှုကို ရရှိပါလျှင် ခေတ်သွားလိုသည့်နေရာကို မိုးဇက်အား လိုက်ပို့ခိုင်းကာ ညိုမှိုင်းအား ပညာပေးသည့်အနေနှင့် ထားပစ်ခဲ့မည်။ ကောင်မလေးခေတ်၏ရင်ထဲမှာ ရူးမိုက်သောသတ္တိတွေ လျှံတက်နေသည်။

ဝဿန်မိုးစတိုးဆိုင်ထဲသို့ ခေတ် လှမ်းဝင်ခဲ့သည်။ အာရုံနောက်စရာက ညိုမှိုင်းသည် ခေတ်၏နံဘေးမှာ ယှဉ်တွဲလိုက်လာခြင်းဖြစ်သည်။ ခေတ်တို့ ဆိုင်ထဲအဝင်မှာပင် မိုးဇက်နှင့်မျိုးဆွေသန်းက ဆိုင်ထဲမှထွက်လာသည်။ လူချင်းယှဉ်အဖြတ်မှာ တစောင်းကြည့်သော မျက်ဝန်းချင်း ဆုံသည်။ ချက်ချင်း မျက်နှာလွှဲသွားသော မိုးဇက်ကို ခေတ်လိုက်ကြည့်နေမိ၏။

မိုးဇက် တစ်ချက်လေးတောင်ပြန်မကြည့်ပါလား။ ဆိုင်ပြင်ရောက်သွားပြီ. . ။ မျိုးဆွေသန်းနှင့် ပျော်ပျော်ပါးပါး ရယ်မောထွက်သွားကြသည်။ မလှမ်းမကမ်းမှာ မိုးဇက်၏ကားရှိရာသို့ သူတို့ လှမ်းနေကြသည်။ ခေတ် ဘာလုပ်ရပါမည်နည်း။ ဆိုင်ပေါက်ဝမှာ ခေတ်





ဘာလို့ ရပ်နေမိပါသနည်း။

"မိုးဇက်"

ခေတ်. . . သူ့ကိုလှမ်းခေါ်လိုက်သည်။ မိုးဇက် ခြေလှမ်းတွေ တုန့်ကနဲဖြစ်သွားသည်။ မိုးဇက် လှည့်ကြည့်သည်။

ခေါင်းကလေးပါပဲ။ သည့်နောက် မိုးဇက်၏ခေါင်း ပြန်လှည့်သွားသည်။ အရေးမစိုက်သည့်အပြုအမူ။ မိုးဇက်သည် မျိုးဆွေသန်းနှင့်အတူ ကားပေါ်တက်ကာ မောင်းထွက်သွားသည်။ မျက်ရည်ဝေ့ဝေ့ မျက်ဝန်းအစုံနှင့် ခေတ် အံကြိတ်ကျန်ခဲ့၏။

"ခေတ်သာခွင့်ပြုမယ်ဆိုရင် ဒီငနဲကို ကိုယ်လိုက်ပြီးဆွဲထိုးလိုက်ရမလား"

ဩော်. . . အရေးထဲ ညိုမှိုင်းကတမျှောင့်။ မိန်းကလေးတွေ ရှေ့မှာဆို ယောကျ်ားလေးတွေသည် သည်လိုပဲ သူရဲကောင်းလူမိုက်လုပ်တတ်ကြသည်လား. . . ။ မိုးဇက်ကတော့ သည်လိုလူမျိုးမဟုတ်သည်ကို ခေတ်သိပါသည်။

"အဲဒါ ကျွန်မကိစ္စပါ။ ရှင်နဲ့အနေသာကြီးပဲ ကိုညိုမှိုင်း"

"sorry ... sorry ခေတ်၊ ကိုယ်က ခေတ်ဘက်က တအားကိုယ်ချင်းစာမိလို့ပါ၊ မိန်းကလေးက အရေးတယူခေါ်တာတောင်မှ အရေးမစိုက်ဘဲ အရယ်မပျက်ထွက်ချသွားတဲ့လူ၊ ဒီလူတော့လားကွာ၊ အဲ. . . အဲ. . . ခေတ်ဘာဝယ်မှာလဲ၊ ဆိုင်ထဲဝင်ရအောင်လေ"

ဆိုင်ထဲသို့ဝင်ခဲ့သည်။ အလှပြင်ပစ္စည်းကောင်တာရှေ့မှာ ရပ်သည်။ ပိုက်ဆံအိတ်ကြီးတကားကားနှင့် နံဘေးမှ ဟန်ရေးပြနေသော ညိုမှိုင်းကို အရောင်းကောင်မလေးက အပြုံးနှင့်ဧည့်ဝတ်ကြိုတော့ ခေတ် အာရုံနောက်သွားပြန်သည်။ ဘသားချောက မဏ္ဍပ်တိုင်ဆက်တက်ပြနေသည်ကိုး။

"ဘာယူမလဲ. . . ကြိုက်တာယူလေခေတ်ရဲ့၊ ဒါပေမယ့် ကျ



www.burmeseclassic.com

www.burmeseclassic.com



သလောက်တော့ ကိုယ့်ကိုရှင်းခွင့်ပြုရမယ်နော်"

'ကျွတ်' ဟု ခေတ်နှုတ်မှ ထွက်သွားမိသည်လားမသိ။ မျက်ဝန်းလိပ်ပြာသည် ကောင်တာထဲကပစ္စည်းတွေဆီ လုံးဝမဝဲပျံတော့။ အရောင်းကောင်မလေးကိုသာ အကြည့်တည်တည်နှင့် ခေတ် မေးလိုက်သည်။

"မိုးဇက် ဘယ်ကိုသွားတာလဲ ညီမ"

"ဪ. . . ကိုလေးလား. . ခုနကထွက်သွားတဲ့ ကိုလေးကို မေးတာလား၊ အဝ့ါလေ 365 သမ္မတရုံနားကဆိုင်လေ၊ အဲဒီကိုသွားထိုင်တာ"

ခေတ်က ညိုမှိုင်းကို မေးဆတ်ပြလိုက်သည်။

"ကျွန်မကို 365 လိုက်ပို့ပေးမလား ကိုညိုမှိုင်း"

"ဟင်. . . ဘာမှမဝယ်တော့ဘူးလား ခေတ်"

"မဝယ်တော့ဘူး၊ မိုးဇက်ဆိုင်က အချိန်မရွေး လာလို့ရပါတယ်၊ ကဲ. . . ကျွန်မတို့သွားကြရအောင်၊ လာပါ၊ ကျွန်မ ရှင့်ကို မိုးဇက်နဲ့ လက်သီးမထိုးခိုင်းပါဘူး၊ ရှင် ကားပေါ်ကပဲစောင့်ပါ၊ ကျွန်မ မိုးဇက်နဲ့ တောင်းပန်စကားလေးတစ်ခွန်းပြောပြီး ပြန်ထွက်ခဲ့မှာပါ"

"unlucky ပဲ၊ ကျွန်တော် ကံမကောင်းပါလား၊ ဒါပေမယ့် လိုက်ပို့ပေးပါ့မယ်ဗျာ၊ ညိုမှိုင်းဟာ အရာရာကို ခေတ်အတွက် ပေးဆပ်ထားတဲ့ကောင်ပါ"

သူ့စကားမဆုံးခင်မှာ ခေတ် ထွက်လာခဲ့တော့ ညိုမှိုင်းလည်း နောက်မှ သုတ်သုတ်လိုက်လာသည်။ ခေတ် မိုးဇက်ကို တောင်းပန်စရာရှိသည်။ လွန်ခဲ့သည့်တစ်လလောက်က မိုးဇက်ကို အထင်လွဲကာ ပါးရိုက်မိလိုက်သည့်ကိစ္စ။ သည်တုန်းက အိမ်ပြန်ရောက်မှ ဂါဝန်မှ မီးလောင်ပေါက်ကြီးကို ခေတ်သိလိုက်ရသည်။ ရှက်ရက်နှင့် မွန်ထူလျက်တွေ့သည့်အငှားကား ငှားစီးကာ ခေတ်ပြန်လာခဲ့ခြင်းဖြစ်သည်။ မိုးဇက်





ပတ်ချည်ပေးလိုက်သော သူ့အင်္ကျီက သူပတ်ချည်ပေးလိုက်သည့်အတိုင်း အိမ်အထိပါလာခဲ့၍သာ ခေတ် အရှက်တကွဲမဖြစ်ခဲ့ရခြင်းဖြစ်သည်။ ဖုန်းထဲက သူမ တောင်းပန်ဖို့ မိုးဇက်ဆီဖုန်းနှစ်ခါဆက်ခဲ့သည်။ သူမ၏ဖုန်းနံပါတ်ကို မိုးဇက်မကိုင်ပါ။

'နင့်ကို ငါ့ရင်ဘတ်ထဲကထုတ်ပစ်လိုက်ပြီ၊ နင်ဟာ ငါနဲ့ မတန်ဘူးခေတ်' တဲ့။ အံ့သြစွာနာနာကျည်းကျည်းပြောလိုက်သော မိုးဇက်၏စကားကို အာရုံမှာ ပြန်ကြားမိတိုင်း ရင်သည် ဘာ့ကြောင့်များ နင့်လိုက်သွားရလေသည်မသိ။ ငါ့ကို နင့်ရင်ဘတ်ထဲက ထုတ်ပစ်လိုက်တဲ့အချိန်မှာပဲ နင်ဟာ ငါ့ရင်ဘတ်ထဲကို ရောက်လာတာလား မိုးဇက်ရယ်. . .။

✠ ✠ ✠

"ဘဒွေးကို သတိရတယ်ကွာ"

သူတို့ရှေ့မှောက်သို့ ကော်ဖီနှစ်ခွက်အရောက်မှာ မျိုးဆွေသန်း တိတ်ဆိတ်ခြင်းကန့်လန့်ကာအား သည်စကားနှင့် ဆွဲဖွင့်ပစ်လိုက်၏။

"မင်းဘကြီး ပြန်သွားပြီလား ငကျောင်း"

"ပြန်သွားပြီ. . မနက်ကပဲ သူ့သားအကြီး ကိုကြီးသာဉာဏ်လာခေါ်သွားပြီ၊ ဘဒွေးက သနားစရာပါကွာ၊ သူက ဟပ်စကီးသိပ်စီးချင်တာကွ၊ ငါ ဟိုတစ်ခေါက်ပြန်တုန်းက ငါ့ကိုမေးတယ်၊ 'ဖိုးကြာလေးမင်း. . . ဟယ်ပလီကော်ပလာဝယ်စမ်းပါကွာ' တဲ့၊ 'ငါ ဟယ်ပလီကော်ပလာစီးချင်လို့' တဲ့၊ ငါကလည်း ပြီးပြီးရောပြောခဲ့တာလေ၊ အမ်တီဗီအခွေတစ်ရာလောက်ပေါက်ပြီဆို ကျွန်တော် ဘဒွေးစီးချင်တဲ့ ဟယ်ပလီကော်ပလာဝယ်ပြီး ပြန်ခဲ့မယ်. . . လို့၊ အဲဒါ. . အခုကျ ပြန်ကာနီးမေး



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်၊ မင်း တီဘီရောဂါစက်ဘီးခွေအခွေတစ်ရာ မဲပေါက်ပြီလား တဲ့၊ ဟယ်ပလီကော်ပလာ မဝယ်သေးဘူးလားကွာ. . . တဲ့"

မျိုးဆွေသန်းက အလွမ်းစကားဆိုသော်ငြား ဘကြီး၏ အရိုးခံ ရုပ်သွင်ကို အာရုံမှာမြင်မိတော့ သူပျော်ပျော်ပဲ ရယ်မောလိုက်မိသည်။ သူရယ်တော့ မျိုးဆွေသန်းလည်းလိုက်ရယ်သည်။ သူ ကြာကြာမရယ် လိုက်ရပါ။ ရယ်မောနေသောသူ့ကို အပေါက်ဝမှ တွေတွေကြီးရပ်ကြည့် နေသော ခေတ်ကို မြင်လိုက်ရတော့ သူအရယ်ရပ်သွားသည်။ ခေတ်၏ နောက်မှာ ညိုမြိုင်းကရပ်နေသည်။

"အနောက်ပါပဲကွာ၊ ဒီထိလိုက်လာပြီး ငါရှေ့မှာ လာတွဲပြနေ ပြန်ပြီ၊ အရေးမပါလိုက်တာ၊ သူတို့ကို ငါမမြင်ချင်ဘူး၊ ငါ Toilet ဘက်ရှောင်နေလိုက်ဦးမယ်. . . ကျောင်း"

သူ သန့်စင်ခန်းဘက်သို့ ရှောင်ထွက်ခဲ့သည်။ ရင်မှာ ကသိ ကအောင့်နှင့် တစ်ခုခုကို ဘဝင်မကျသလိုကြီးဖြစ်နေသည်။ ခေတ်ရယ် နင်ဘာလို့များ ငါ့ကို ဒီအထိလိုက်ပြီး စာဖွဲ့ပြနေရတာလဲ၊ ငါ့ဘာသာ ပျော်ပျော်ပဲ မေ့မေ့ပျောက်ပျောက်နေပါရစေကွာ။

သူထသွားသည်နှင့် နရီခေတ်သည် စက်ရုပ်တစ်ရုပ်အသွင် နှင့် မျိုးဆွေသန်းရှေ့ရောက်လာ၏။

"မျိုးဆွေသန်း. . . မိုးဇက် ဘာလို့ ထထွက်သွားတာလဲဆို တာ ငါ သိချင်တယ်"

"ရှင်းရှင်းလေးပဲဟာ၊ နင့်ကို မမြင်ချင်မတွေ့ချင်လို့ပေါ့"

နရီခေတ် နှုတ်ခမ်းပါးလေးကို ဖွဖွကိုက်လိုက်မိသည်။ အဲကွန်း ခန်းထဲမှာ ခေတ်မျက်နှာထက်မှ မိုးရိပ်ညို့တွေ နှင့် အုံမှိုင်းသွားသည်။

"ကောင်းပါတယ်. . . ငါသဘောပေါက်သွားပါပြီ၊ စိတ် မကောင်းပါဘူး၊ မိုးဇက်ဟာ တကယ်ပဲ ငါ့ကို သူ့ရင်ဘတ်ထဲကထုတ် ပစ်လိုက်ပြီကိုး၊ ဒီလိုပဲ ကောင်းပါတယ်လေ"





ထေ့ထေ့လေး. . . အံကြိတ်ပြုံးရင်း ခေတ် လှည့်ထွက်သွား သည်။ ညိုမြိုင်းသည် ခေါင်းကုတ်လျက် ရှို့ရှို့ကပ်ပါသွားသည်။

မျိုးဆွေသန်း ပခုံးတစ်ချက်တွန့်လိုက်ရင်း ဟန်းဖုန်းကိုနှိပ် သည်။ မိုးဇက်ကို ဖုန်းဆက်ခေါ်လိုက်သည်။

"ဟေ့ကောင်. . . Toilet ထဲမှာ ချိုးမွမ်းခံမနေနဲ့၊ ထွက်ခဲ့တော့၊ နရီခေတ်ပြန်သွားပြီ၊ ငါ့ကို မင်း ဘာလို့ထထွက်သွားတာလဲ လာမေးလို့ ငါကောပစ်လိုက်တယ်၊ နင့်ကို မမြင်ချင်လို့ပေါ့လို့"

"ဟား. . . တော်တယ်ကွာ၊ မင်း ဒီတစ်ခါ တီဘီရောဂါစက် ဘီးခွေအခွေတစ်ရာ မဲပေါက်လို့ ဟယ်ပလီကော်ပလာဝယ်ဖြစ်ရင် ငါ တစ်ဝက်စိုက်မယ် ကျောင်း ဟား ဟား ဟား"

မိုးဇက်ရယ်သည်။ ရယ်သံတွေက သွေ့ခြောက်ကာ အက် ကြောင်းထနေသည်။ ရင်ထဲမှ ကျေနပ်ခြင်းသည် အသက်ပါခြင်းမရှိ။ ဒါပေမယ့် သည်လိုဖြစ်သွားသည်ကို ကျေနပ်ပါသည်။ sorry ပဲခေတ် ရယ်။ ငါ့မှာလည်း မာနနဲ့ပါပဲ။ နင်က ဘာမို့လို့ ငါက အရေးစိုက်ရ မှာလဲ။ ရှေ့ဆက်ပြီး နင်ဟာ ငါ့ရင်ဘတ်ထဲမှာ မရှိစေရဘူးခေတ် ဟား ဟား ဟား"

သူ့ရှေ့မှာ ညိုမြိုင်းနှင့်လာတွဲပြနေသော ခေတ်ကို အာရုံထဲမှ နာကျည်းစွာ မောင်းထုတ်ပစ်လိုက်သည်။ ရင်ထဲမှာပဲ ရယ်မောပစ် လိုက်ခြင်းပါလေ။

သည်လိုနှင့်ပဲ အထင်တွေ အမြင်တွေ တော့လွဲတွေလွဲကာ သူနှင့် ခေတ်သည် ချစ်သူရည်းစားလည်းမဖြစ်ကြပါပဲ (၃)နှင့် (၄)လို ကျောချင်းကပ်ရာမှ နာကျည်းကျောခိုင်းခဲ့ကြခြင်းဖြစ်သည်။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com



"ခေတ်ကသာ သူ့ကိုတောင်းပန်ချင်နေတာ။ သူက ခေတ်ကို အရေးတောင်မလုပ်ဘူး။ မြင်တဲ့အတိုင်းပဲလေ။ ခေတ်ဟာ သူ့ခေါင်းထဲမှာတောင်မရှိဘူး။ ရယ်လို့. . . ပျော်လို့ဗျာ. . .။ ခေတ်ကိုလည်း မြင်ရော မတူမတန်သလို ရှောင်ထွက်သွားတာလေ။ ကိုယ်ဆွဲထိုးချင်တာ လက်ယားလွန်းလို့ ဆရာကျောင်းကိုတောင် နှုတ်မဆက်ခဲ့တော့ဘူး။ အဲဒီကောင်ကို ခေါင်းထဲကထုတ်ပစ်လိုက်ပါတော့ ခေတ်ရာ၊ ခေတ်အတွက် ခံပြင်းလွန်းလို့ပြောတာပါ"

အပြန်လမ်းမှာ ညီမှိုင်းက ကားမောင်းရင်းပြောသည်။ ခေတ် မဲ့မဲ့လေးပြုံးလိုက်မိ၏။

"နရီခေတ်ဟာ ပျော့ညံ့တဲ့မိန်းကလေးတစ်ယောက်လို့ ရှင်ထင်နေတာလား၊ မိုးဇက်ကို နရီခေတ်ရဲ့ခေါင်းထဲမှာ ထည့်ထားတယ်လို့ ရှင်ထင်ရင် မှားသွားမှာပေါ့ ကိုညီမှိုင်း"

မိန်းမအလှ၏မာနစကားက ချွန်းဖွင့်ထွက်ကျသွားသည်။ ရင်တစ်ခုလုံးပါမပါတော့ ဝေခွဲမသိ။ ခေတ် ခံပြင်းမိသည်ကတော့ အမှန်ပင်။

"ခေတ်ကို ကျွန်တော် နှင်းဆီ(၁၀၈)ပွင့်ပို့ထားတာကြာပြီနော်၊ (၁၀၈)ပွင့်ဆိုတာ ခေတ်ကို လက်ထပ်ပါရစေလို့ ကျွန်တော် ခွင့်တောင်းထားတာပါ၊ အဖြေသိရတော့မလားဟင်"

ခေတ် ရယ်သည်။ ခေတ်၏ရယ်သံအောက်မှာ ညီမှိုင်း၏ ခန္ဓာကိုယ်သည် သေးကျုံ့ကာ ပိစိညှောင့်လေးဖြစ်သွား၏။

"နှင်းဆီပွင့်အများကြီး ပျင်းလွန်းလို့ ရေတောင်မကြည့်မိဘူး။ အမှိုက်ပုံးထဲ တန်းထည့်ပစ်လိုက်တယ်။ အဲဒါဟာ ရှင့်အတွက် ကျွန်မမှာ အဖြေမရှိဘူးဆိုတဲ့သဘောပဲလေ၊ ရှင့်ကိုယ်ရှင်ရော ပွဲလန့်တုန်းမှာ ချော်လဲရောထိုင်ဖျာဝင်ခင်းတဲ့သူလို့ မခံစားမိဘူးလား မတွေးမိဘူးလား ကိုညီမှိုင်း"





"မတွေးမိပါဘူးဗျာ၊ အဲဒီအတွက်တော့ လိပ်ပြာရှင်းပါတယ်။ ပွဲလန့်လန့်မလန့်လန့် ဒီနေရာဟာ ကျွန်တော်ခင်းမယ့်ဖျာနေရာဆိုတာ ခေတ်ကို စပြီးတွေ့လိုက်ရကတည်းက ကျွန်တော် ဆုံးဖြတ်ခဲ့လို့ပါ"

"ဟုတ်ရဲ့လား၊ ရှင် တစ်ချက် မရိုးသားခဲ့တာရော စဉ်းစားမိရဲ့လား၊ တီတီကြယ်က ခေတ်နဲ့သင့်တော်တဲ့ကောင်လေးဟာ စတိုးဆိုင်က ကောင်လေးလို့ လူကြီးတွေကိုပြောခဲ့တာလေ၊ အဲဒီစကားအပေါ်မှာ ရှင်က လူကြီးတွေကို ဖြေရှင်းမပြခဲ့ဘဲ ရှင့်ကိုယ်ရှင် မိုးဇက်လိုလို ချော်လဲရောထိုင်ခဲ့တာလေ၊ မိုးဇက်နဲ့ကျွန်မ ဘာမှမဆိုင်လို့ ကျွန်မဘက်က ဒီကိစ္စဖွင့်မချလို့သာ ရှင် ဒီလိုလုပ်လို့ရနေတာမဟုတ်လား၊ ဒါပေမယ့် အဲဒီ ရှင့်ရဲ့မရိုးသားတဲ့အချက်ဟာ တစ်ချိန်မှာ ရှင့်ကို ပြန်ပြီးဒုက္ခပေးလိမ့်မယ် ကိုညီမှိုင်း၊ မိုးဇက်ဟာ ရှင့်လို မဖုံးကွယ်တတ်ဘူး၊ မိုးဇက်က ရိုးသားတယ်"

ညီမှိုင်းကိုယ်ကြီး ဆတ်ကနဲဖြစ်သွားသည်။ တီတီကြယ်. . . တီတီကြယ်. . . တဲ့၊ အော်ဇီကြယ်ကြယ်ပေါ့၊ လူချင်းမတွေ့ဘူးသော်လည်း ဒီကိစ္စ ငွေပုံအောကာ အော်ဇီကြယ်ကြယ့်ကို ပူးကပ်ပိတ်ဆို့ရမည်ဆိုသောအကြံက ညီမှိုင်းခေါင်းထဲရောက်လာသည်။

"အော်ဇီကြယ်ကြယ်. . . အော်ဇီကြယ်ကြယ်နဲ့ ကျွန်တော် တွေ့ချင်တယ်. . . ခေတ်"

"တွေ့ချင်လည်း တွေ့လို့မရဘူး ကိုညီမှိုင်း၊ တီတီကြယ်က အခု ဖိလစ်ပင်းန်မှာ ကျောင်းတက်နေတာ၊ မြန်မာပြည်မှာ တီတီကြယ် မရှိလို့သာ ရှင်ကံကောင်းနေတာလေ"

တကယ်လည်း အော်ဇီကြယ်ကြယ် မြန်မာပြည်မှာမရှိ၍သာ ညီမှိုင်း သည်လောက် နေရာရသွားခြင်းပဲဖြစ်ပါသည်။ ရှေ့ကိုမျှော်တွေးရင်း ညီမှိုင်းသက်ပြင်းချသည်။ သည်အတိုင်းဆို အော်ဇီကြယ်ကြယ် မြန်မာပြည်ပြန်မရောက်ခင်မှာ ကိုယ့်ဘက်က အသေချာဆုံးဖြစ်

www.burmeseclassic.com



စေဖို့ ဒုန်းစိုင်းရတော့မည်ဟု ညိုမှိုင်း တွေးလိုက်မိပါတော့သည်။

✠ ✠ ✠

သူတို့နှစ်ဦးကိုက ရေစက်မှာ တော့လွဲတွေနှင့် လွဲချော်ချင်တော့လည်း အဲဒီလိုပါပဲ။ စင်စစ် ကြယ်ကြယ် မြန်မာပြည်မှာရှိနေပါလျှင်လည်း သူတို့နှစ်ဦး နာကျည်းလွဲချော်နိုင်ဖွယ်မရှိနိုင်ပါ။ ယခုတော့ ကြားခံပေါင်းကူး ကြယ်ကြယ်မှာလည်း ဖိလစ်ပင်းန်မှာ နှစ်လသာသာ ကျောင်းတက်နေသည်။ ကြယ်ကြယ့်ကံကလည်း အံ့ဩစရာ။ မဖြစ်နိုင်သည့်ကိစ္စကြီးကို ရှူးသလိုပေါသလိုနှင့် အတည်ပေါက် လက်ထပ်ခွင့်တောင်းနေသော မိုးမြင့်ခေတ်ကို ကြယ်ကြယ်က ရှောင်ထွက်ချင်သည့်အချိန်မှာမှ အွန်လိုင်းမှ ကြယ်ကြယ်ဖြေနေသော ဖိလစ်ပင်းန်က . . . တက္ကသိုလ်မှာ ရက်(၇၂)ရက်တက်ရောက်ပြီး အပြီးသပ်ဘွဲ့တစ်ခုယူဖို့ အချိန်ကျအခွင့်သာခဲ့ခြင်းဖြစ်သည်။ ရေမြေခြားမှ ကြယ်ကြယ်သည် အားလုံးနှင့် ရေဒါထောက်လို့မရအောင် အဆက်အသွယ်ဖြတ်ထားခြင်းမှာ မိုးမြင့်ခေတ်၏ရန်ကို ကြောက်၍ဆိုသည်မှတစ်ပါး အခြားအကြောင်းမရှိသည်ကို သဘောပေါက်ပြီးဖြစ်ပါလိမ့်မည်။ သည်မှာပင် ကြယ်ကြယ်မရှိတော့သည်နှင့် မိုးဇက်နှင့် နရီခေတ်တို့၏နှလုံးသားနှစ်ခုကို ချည်ဆက်ထားသော မမြင်နိုင်သည့် ကြိုးလေးတစ်ချောင်းသည်လည်း အလိုလိုပဲ ပါးလျှမိန်ဖျော့သွားတော့သည်။ အချစ်ဆိုသော ငုပ်ကောင်သည် ပိန်းပိတ်သောအမှောင်ထုထဲမှာ သည်ကြိုးစအားဆုပ်ကိုင်ထားသည်ကို မသိကြဘဲ နရီခေတ်နှင့်မိုးဇက်တို့အမြင်တွေလွဲကာ နာကျည်းဖယ်ခွာခဲ့ကြသည်။

ညိုမှိုင်းက လူကြီးစုံရာနှင့်ရောက်လာတော့လည်း နရီခေတ်တို့ဘက်မှ မီးစိမ်းပြလိုက်သည့်တိုင် ခေတ်ခမြာ သံပတ်ပေးစက်ရုပ်





လေးလိုရှိနေဆဲ. . .။ မင်္ဂလာရက်သည်ပင် သိပ်မလိုတော့သည့်တိုင် ခေတ်ခမြာ အိပ်မက်ယောင်လမ်းလျှောက်နေသလိုကြီးရှိနေဆဲ။ နေသားကျဘဝနှင့် မိုးဇက်သည်လည်း နှလုံးသားချည်တိုင်ကင်းကာ သူငယ်ချင်းတွေနှင့် နာရီလက်တံတွေပေါ် စိတ်ပျော်လက်ပျော် ဖြတ်သန်းနေဆဲ. . .။

ဖြစ်ချင်တော့. . .

ညိုမှိုင်းနှင့်နရီခေတ်တို့ မင်္ဂလာပွဲမတိုင်မီ ငါးရက်အလိုမှာ အော်ဇီကြယ်ကြယ်သည် မြန်မာပြည်သို့ပြန်လည်ရောက်ရှိလာ၏။ အချစ်ဆိုတာ ငုပ်ကောင်တစ်ကောင်လို့ဆိုခဲ့သည့်အတိုင်းပါပဲ. . .။ ယခုမှ နရီခေတ်သည် အိပ်မက်ယောင်လမ်းလျှောက်နေရာမှ ဖျမ်းကနဲလွန့်နိုးသွား၏။

မနက်ဖြန်ဆိုလျှင် ခေတ်သည် ညိုမှိုင်းနှင့် မင်္ဂလာဆောင်ရတော့မည်။ တစ်ပါးသူ၏ရင်ခွင်မှာ မနှစ်မြို့ခိုဝင်ရတော့မည့်အချိန်ရောက်ကာမှ သူမသည် မိုးဇက်ကို လွမ်းတလိုက်မိ၏။ ယခုမှ သွေးရူးသွေးတန်းနှင့် နှလုံးသား၏လက်တွေက ရေနစ်ရာ ကောက်ရိုးမျှင်တစ်စကို ဆွဲကိုင်မိလိုက်သည်လားမသိ။ ကြယ်ကြယ့်ရှေ့မှာ ခေတ်ရင်ဖွင့်ငိုချမိလိုက်သည်။ ဒါပေမယ့် အားလုံးက လွန်သွားခဲ့ပြီလေ။ အခြေအနေတွေက သူမ ဘာမျှမတတ်နိုင်တော့သည့် အနေအထားကိုရောက်ရှိသွားပြီဖြစ်ပါသည်။

ပိန်းပိတ်သော အမှောင်ချောက်ထဲသို့ နှမ်းလျော့စိတ်နှင့် ခုန်ဆင်းချလိုက်ဖို့ သူမ၏မျက်လုံးလေးတွေကို မှိတ်ချပစ်လိုက်ပါတော့မည်။ မိုးဇက်ကို ရင်ထဲမှထုတ်ပစ်လိုက်တော့မည်ဟု ယတိပြတ်လိုက်မိကာမှ . . .

ဖြစ်ချင်တော့ . . .

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com



"သတ်စေ. . . သေမိန့်ရယ်က ကျပြီးသား
အာကာပါးကွက်သားကလည်းအသင့်. . .
တောင်စွယ်နေကွယ်လုကာမှ
ဖြောင်းဖြောင်းထ တောင်ပံခတ်သံကြားလိုက်တယ်. . .
ငှါရင်ဘတ်ထဲက အသံ. . .
အချစ်နဲ့ပတ်သက်ရင်. . .
နှလုံးသားတိုင်းမှာ
မီးတောက်ထဲက ရှုန်းထရှင်သန်လာတဲ့
ဖီးနစ်ငှက်ရှိတယ်. . ."





ယခုဆိုလျှင်. . .

မနက်ဖြန်မှာ နရီခေတ် မင်္ဂလာဆောင်တော့မည်ဖြစ်၍ ချစ်သူလည်းမဟုတ်ရပါပဲ ယခုမှ ကောက်ကာငင်ကာ ရုတ်တရက်ကြီး အသည်းထကွဲရရှာလေသော မိုးဇက်တစ်ယောက် . . .

✠ ✠ ✠

နီယွန်အကျီဝတ် ဆိပ်ကမ်းစားသောက်ဆိုင်လေးထဲမှာ ဗီသို ဗင်၏ဝိညာဉ် ပူးကပ်ထားသော သံစဉ်က ငြိမ့်သွဲ့ဖြန့်စီးနေသည်။ ညဏ် ကြယ်မျက်လုံးတွေက မြစ်ပြင်အရေပြားကို ငုံ့ကြည့်နေကြသည်။ ရေလှိုင်မျက်နှာပြင်ထက်က လှိုင်းလွှန့်လွှန့်တို့ထိပ်မှာတော့ ဘော်သွေး ရည်တို့နှင့်ဖိတ်လက်နေသည်။ တိုက်ဂါးနှစ်ဘူးစီကုန်သွားသည့်တိုင် သုံး ဦးသား သွေ့ခြောက်နေကြခြင်းမှာ မိုးဇက်အတွက် ကိုယ်စီရင်ခွဲ ခါး သက်နေကြခြင်းကြောင့်ဖြစ်ပါမည်။ Hand Phone ကို ဂိမ်းဆော့နေရာ မှ Battery အားကုန်သွား၍ ငြိမ်နေရသော ရွှေထွန်းသည် ခေါ်တ်



www.burmeseclassic.com

www.burmeseclassic.com



ဘက်ကိုကြည့်နေရာမှ မျက်လုံးပြူးသွားသည်။

"င. . . င. . . ငကျောင်း. . . ဘော. . . ဘော. . . ဘော. . ."

မျိုးဆွေသန်းလည်း အထိတ်တလန့်ငုံ့ကြည့်လိုက်သည်။

"ဟော့ကောင်. . . ငါ ဘာမှမပေါ်ဘူး၊ Jean ဝတ်လာတာကွ၊ Levi's လဗွိုက်စ်. . . လဗွိုက်စ်ကွ"

"မ. . . မ. . . မဟုတ်ဘူး. . . ဟို. . . ဟိုမှာ. . . ဘော. . . ဘော. . . ဗောတံတားပေါ်မှာ မီး. . . မီး. . . မီး. . . မီး. . ."

"ဟေ"

မိုးဇက်ရော မျိုးဆွေသန်းပါ ရွှေထွန်းလက်ညှိုးညွှန်ရာ အထိတ်တလန့်လှမ်းကြည့်မိလိုက်ကြသည်။ ဘာမှလည်းမထူးခြား။ မှောင်နေသည်။

"မီး. . . မီး. . . မီးလုံးနှစ်လုံး. . . တ. . . . တ. . . တစ်ချိန်တည်း ကျွမ်းသွားတာ"

"ဟာကွာ. . . ရွှေထွန်းရာ. . မင်းကလည်း ဘာများလဲလို့၊ အလန့်တကြားကွာ"

"ငါ. . . ငါ. . . ငါပြောတာ. . န. . န. . . နမိတ်မကောင်းဘူးလို့ပြောတာ ငကျောင်း၊ မီး. . . မီး. . . မီးလုံးနှစ်လုံး. . . တ. . . တ. . . တပြိုင်တည်းကျွမ်းသွားတယ်၊ မိုး. . . မိုး. . . မိုးဇက်နဲ့ ခေတ်ခေတ်လည်း နှလုံးသားနှစ်ခု. . . တ. . . . တ. . . တပြိုင်တည်း. . ."

ရွှေထွန်းစကားမဆက်. . .။ မျိုးဆွေသန်းလည်း ခေါင်းငိုက်ကျသွားသည်။

"နရီခေတ်ကို ငါအစာမကျေဘူး မိုးဇက်၊ သူကြောင်တာ မနက်ဆို မင်္ဂလာဆောင်ပြီ. . . အခုမှလာပြောလို့၊ မင်း ဘာလုပ်လို့ရမှာလဲ မိုးဇက်၊ နရီခေတ် အလုပ်မဟုတ်ဘူးကွာ"





အဝေးသို့ မျှော်ငေးနေသော မိုးဇက်၏မျက်ဝန်းတွေထဲမှာ ဆွေးရိပ်လဲ့လဲ့ ရစ်ဖွဲ့နေသည်။ ပွင့်အံကျလာသောစကားတွေက သွေ့သွေ့ခြောက်ခြောက်နှင့်။

"ခေတ်ကို ငါသနားလိုက်တာ ငကျောင်းရာ၊ ငါ့မှာက ခံစားရတာတစ်ခုတည်းပါ၊ ချစ်တဲ့သူနဲ့ကွေကွင်းရတဲ့ ဒုက္ခတစ်ခုတည်းပါ၊ ခေတ်က နှစ်ခုခံစားနေရတာ၊ ချစ်တဲ့သူနဲ့ကွေကွင်းရတဲ့ဒုက္ခရော၊ မချစ်မနှစ်သက်တဲ့သူနဲ့ ပေါင်းဖက်ရတဲ့ဒုက္ခရော၊ တစ်သက်လုံးကြီး၊ ဒါဟာ တစ်သက်လုံးကြီးသွားမှာနော်. . . ငကျောင်း၊ နောက်ပြီး မင်း. . . မင်းပြောတယ်နော်၊ အခုမှလာပြောလို့ ဘာမှလုပ်လို့မရတော့ဘူးဆိုတာလေ၊ ခေတ်ဟာ ငါ့ကိုပဲချစ်တာတဲ့၊ ခေတ်တကယ်ချစ်တာ ငါ. . . တဲ့၊ အဲဒီစကားဟာ ငါ့ရင်ကိုတစ်စစီခွဲချေပစ်လိုက်တာပါပဲ၊ ခေတ်ကို ငါ ဒီအတိုင်းပဲ လက်လွှတ်အဆုံးရှုံးခံလိမ့်မယ်လို့ မင်းတို့ထင်သလား"

"ဒါ. . . ဒါဆို. . . မင်း ဘာလုပ်မလို့လဲ မိုးဇက်"

"ခေတ်ကို ငါကယ်ထုတ်မယ်၊ မရရတဲ့နည်းနဲ့ခိုးပြေးမယ်၊ ငါ ဆုံးဖြတ်လိုက်ပြီ ငကျောင်း"

သူ့စကားကြောင့် မျိုးဆွေသန်းရော ရွှေထွန်းပါ ခေါင်းနဘမ်းကြီးသွားကာ မျက်လုံးပြူးသွားကြသည်။ မျိုးဆွေသန်းက မျက်မှောင်ကျုံ့လျက်ခေါင်းခါသည်။

"မဖြစ်နိုင်ဘူး. . . မရနိုင်တော့ဘူး. . . လွန်သွားပြီ၊ အားလုံးလွန်သွားပြီ. . . ဘာမှမလုပ်နဲ့တော့ မိုးဇက်"

မိုးဇက်က Hand Phone ကိုထုတ်ကာ ကြယ်ကြယ့်ဆီဆက်သည်။ သုံးခါခေါ်သော်လည်း ကြယ်ကြယ်လုံးဝဖုန်းမကိုင်။

"ဆက်. . . ဆက်. . . ဆက်လည်း အလကားပဲ မိုးဇက်၊ မာ. . . မာ. . . မာ. . . မာကြယ်က အ. . . အ. . . အခုအချိန်ဆို စိတ်. . . စိတ်. . . စိတ်လေ့ကျင့်ခန်းလုပ်နေတာ. . . ဆယ်. . . ဆယ်. .



www.burmeseclassic.com

www.burmeseclassic.com



ဆယ်နာရီထိုး. . . ထိုးနေပြီကွ"

မိုးဇက်သည် တစ်စုံတစ်ခုကို စိတ်ပိုင်းဖြတ်ပစ်လိုက်၏။

"ကဲ. . . ဒါဆိုလည်း ငါတို့ အခုပဲ ကြယ်ကြယ့်ဆီသွားမယ်၊ မင်းတို့ လိုက်ခဲ့ကြ"

လက်တွေ့မှာထင်ထားသလို မလွယ်နိုင်မှန်း ကြယ်ကြယ့်ဆီရောက်ပါမှ မိုးဇက်သိရပါတော့မည်။ အခုပဲ အချိန်က ညဆယ်နာရီ ထွန်းနေပြီလေ. . .။

✠ ✠ ✠

လက်နှစ်ဖက်ယှက် တင်ပျဉ်ခွေလျက် နံရံဖြူပေါ်မှ ကျပ်ပြားခန့်အနက်ဝိုင်းပြောက်အား ငေးစိုက်ငြိမ်သက်ကြည့်နေသော ကြယ်ကြယ်၏လက်ကို နံဘေးမှဆွဲလှုပ်ခြင်းခံလိုက်ရသည်။ စူးထက်မျက်ဝန်းတွေငဲ့အကြည့်မှာ သွေးပျက်မျက်နှာနှင့် မိုးဇက်ကိုတွေ့လိုက်ရ၏။ မိုးဇက်ကိုစူးစူးကြည့်ရင်း ကြယ်ကြယ် သက်ပြင်းချသည်။

"ဒလဝမ်ကတော့ မီချီဖွင့်ဆိုဖွင့်ပေးမှာပဲ၊ မီချီက ဟာလဝါလေးဆိုရင် ငါ့အိမ်က တံခါးမရှိ ခါးမရှိ။ ဟာလဝါလေးပါမှတော့ တား ဒီအပေါ်ထိရောက်လာတော့မှာပေါ့. . .။ တား. . . မိုးဇက်. . . ခုချိန်မှတော့ ဘာမှမကြိုးစားနဲ့တော့၊ တား ဘာမှလုပ်လို့မရတော့ဘူး၊ ခေတ်လေးကိုခိုးပြေးဖို့ မာကြယ့်ကို အပူကပ်မလို့ တားရောက်လာတာမဟုတ်လား"

မိုးဇက်တို့သုံးဦးသား ပါးစပ်အဟောင်းသားဖြစ်သွားသည်။ ကြယ်ကြယ်၏မနော‌အမြင်သည် တစ်ခါတရံ၌ ဘယ်ပေတံနှင့်တိုင်းရမည်ပင်မသိတော့. . .။ မိုးဇက်သည် ကြယ်ကြယ်၏လက်နှစ်ဖက်အားအားကိုးတကြီး ဆုပ်ကိုင်လိုက်၏။





"ကျွန်တော်တို့ကို ကယ်ပါဦးကြယ်ကြယ်၊ ခေတ်. . . ခေတ်ကို ကျွန်တော်သနားလို့ပါ၊ ကျွန်တော်နဲ့မပေါင်းရရင်နေပါစေ၊ မချစ်မနှစ်သက်တဲ့သူနဲ့တော့ ခေတ် တစ်သက်လုံး စိတ်မဆင်းရဲစေချင်လို့ပါ။ ကြယ်ကြယ်. . . ကြယ်ကြယ်ကယ်မှဖြစ်မှာပါ"

မိုးဇက်ကို ကရုဏာသက်စွာကြည့်ရင်း ကြယ်ကြယ် လေးတွဲ့စွာခေါင်းရမ်းသည်။

"စိတ်မကောင်းလိုက်တာ တားရယ်၊ မာကြယ် ဘာမှလုပ်ပေးလို့မရတော့ဘူးလေ၊ အချိန်ကလည်းကြည့်ဦး၊ ဆယ့်တစ်ထိုးတော့မယ်တားရဲ့"

"ကြယ်ကြယ်. . . ကြယ်ကြယ်. . . တတ်နိုင်ပါတယ်ဗျာ၊ ကြယ်ကြယ် ခေတ်ဆီကိုဖုန်းဆက်ပေးပါ. . . ကျွန်တော့်ကို ခေတ်နဲ့ဆက်သွယ်ပေးပါ"

ကြယ်ကြယ့်မျက်နှာ ချက်ချင်းအိုဆင်းသွားသည်။ 'ကျွတ်'ကနဲ စုပ်သပ်ရင်း မိုးဇက်ကိုကြည့်လိုက်သည်။

"အဲလောက်လွယ်မယ်လို့ တားထင်လား၊ လူတွေကို တားဘာလို့ လျှော့တွက်ရတာလဲ၊ ပါးစပ်နားရောက်နေတဲ့အစာကို ဘယ်သူက ပုတ်ချခံမှာတဲ့လဲ၊ ညီမှိုင်းက အ,အမှမဟုတ်တာ၊ ညနေက ခေတ်မာကြယ့်ဆီလာတော့ ညီမှိုင်းက တောက်တဲ့လိုကပ်ပါနေတာပဲ၊ သူ့ကိုဧည့်ခန်းမှာထားပြီးမှ ခေတ်နဲ့မာကြယ် စကားပြောလို့ရတာ၊ ခေတ်ငိုပြောသွားတာ ညီမှိုင်းတိတာပေါ့၊ ညနေက တားတို့နဲ့ မာကြယ် လာတွေ့တာလည်း ညီမှိုင်းတိတ္တားတယ်၊ အဲဒီကအပြန်မှာ ကိုမိုးဆီက ဖုန်းဝင်လာတာပဲ"

"ကြယ်ကြယ်တဲ့. . . ညီမှိုင်းက ကြယ်ကြယ်ကို တတိထားဖို့ပြောတယ်တဲ့၊ မင်္ဂလာဆောင်ခါနီးမှာမှ ကြယ်ကြယ်က ခေတ်ကို ကောင်လေးတစ်ယောက်နဲ့ ဆက်သွယ်ပေးနေတယ်တဲ့၊ အဲဒါအမှန်ပဲတား. . .



www.burmeseclassic.com

www.burmeseclassic.com



တဲ့၊ မှန်သည်ဖြစ်စေ၊ မမှန်သည်ဖြစ်စေ အားလုံး မျက်နှာပျက်ရမှာမို့ ကြယ်ကြယ့်ကို အဲဒီကိစ္စတတိပေးတာတဲ့၊ တူကတော့ ခေတ်ရဲ့ဖုန်းကို တိမ်းလိုက်ပြီတဲ့. . . ကဲ. . . ဘာလုပ်လို့ရတော့မှာလဲ"

ကြယ့်ကြယ့်စကားကြောင့် မိုးဇက်တို့သုံးယောက်သား ငေါင်ကျသွားသည်။ သည်အတိုင်းဆို ခေတ်နှင့်ဆက်သွယ်ဖို့က ခက်သွားပြီ။ ပိုဆိုးသည်မှာ ကြယ်ကြယ့် hand Phone မှ အသံမြည်လာခြင်းဖြစ်သည်။ နံပါတ်ကိုမြင်လိုက်တော့ ကြယ်ကြယ်ရင်ဖိသည်။

"ပြတနာပဲ၊ ကိုမိုးဆီက ဖုန်းဝင်လာပြီ၊ စပီကာဖွင့်ထားမယ်၊ တစ်ယောက်မှ အတံမထွက်ကြနဲ့နော်၊ တစ်ယောက်ယောက် အတံထွက်လို့ကတော့ တွားပြီ"

ကြယ်ကြယ်က မျက်လုံးလေးပေကလပ်ပေကလပ်နှင့် အိပ်ချင်မူးတူးပုံစံနှင့် ဖုန်းဖွင့်လိုက်သည်။ သူတို့ တုပ်တုပ်မျှမလှုပ်ရဲကြပါ။

"အင်. . . ဟယ်လို. . . ကိုမိုးလား. . . အချိန်မတော်ကြီး . . အင်. . . ဝှါး. . . "

"ကြယ်ကြယ်. . . ကြယ်ကြယ် အိပ်နေပြီလား. . . Sorry ကွာ"

"အင်. . . ဘယ်အချိန်ရှိနေပြီလဲ၊ တစ်နာရီထိုးတော့မှာ၊ အိပ်ပြီပေါ့"

"အာ. . . ဘယ်က တစ်နာရီရမှာလဲ၊ ခုမှ ဆယ့်တစ်ငါးမိနစ်ပဲရှိသေးတာ၊ ကြယ်ကြယ် အိပ်ချင်မူးတူးဖြစ်နေပြီ၊ နာရီလက်တံမှားကြည့်နေပြီ"

"အင်. . . ဝှါး. . ဟင်း. . . ဘာလဲ. . . ဘာပြောမလို့လဲ"

"ဆယ်နာရီခွဲတုန်းက ညီမှိုင်းဖုန်းဆက်တယ်၊ ကြယ်ကြယ့်တိုက်ထဲကို ကောင်လေးသုံးယောက်ဝင်သွားတယ်တဲ့၊ မိုးဇက်ဆိုတာလည်းပါတယ်တဲ့၊ အဲဒါ အန္တရာယ်တဲ့၊ ကြယ်ကြယ် ရှုပ်ရှုပ်ယှက်ယှက်မလုပ်နဲ့နော်၊ အဲဒါ အမှန်ပဲလား"





"အင်. . . မဟုတ်ပါဘူး၊ ဘယ်တူမှမလာပါဘူး၊ ကိုးနာရီဆိုကြယ်ကြယ် အိမ်တံခါးပိတ်နေကြလေ၊ ဘာတွေလဲကွာ၊ ကိုမိုးကလည်း အူကြောင်ကြောင်နဲ့ ဝှါး. . . ဘာတွေလာပြောနေတာလဲ၊ ရူးနေတာလား၊ ဝှါး. . . "

"ဒါဆိုလည်းပြီးရော. . . ကိုမိုး ကြယ်ကြယ့်ကို ယုံလိုက်တော့မယ်နော်၊ အိပ်တော့. . . အိပ်တော့. . . အိပ်မက်လှလှမက်ပါစေဗျာ၊ အိပ်မက်ထဲမှာ ကိုမိုးနဲ့တွေ့ကြမယ်နော်. . . Good Night "

"Night "

ပြောအပြီးမှာ ကြယ်ကြယ် ဖုန်းပိတ်ပစ်လိုက်သည်။

အခြေအနေက ဘယ်လိုမှလှုပ်လို့မရ။ ကျဉ်းထဲကြပ်ထဲမှာ ရောက်သွားပြီ၊ ဇီးရွက်လောက်မျက်နှာတွေနှင့် လေးဦးသား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း အသက်ရှူဖို့ပင်မေ့နေကြသည်ထင်၏။

✠ ✠ ✠

သည်အတိုင်းသာဆိုလျှင် . . .

ခေတ်ကို လက်လွှတ်ဆုံးရှုံးလိုက်ရရုံမှတပါး အခြားမရှိနိုင်တော့ပါ။ နာကျင်ခြင်း၊ ကြေကွဲခြင်းတို့နှင့် ခံပြင်းခံရခက်ခြင်းတို့သည် သူ့နှလုံးအိမ်အား ပြင်းစွာပုတ်ခတ်ခွဲချေပစ်နေကြပြီ။ မမြင်လိုက်ရသော်လည်း ရှိုက်ကြီးတငင် ငိုကြွေးနေသော ခေတ်၏မျက်နှာလေးကိုသာ မြင်ယောင်နေမိသည်။ ရင်သည် တဆတ်ဆတ်တုန်ခါလာ၏။ မိုးဇက်၏မျက်ဝန်းမှာ မျက်ရည်စတွေ ဝန်းခိုစီးကျလာသည်။ ကြယ်ကြယ်သည် မိုးဇက်၏မျက်နှာကိုကြည့်နေရင်း ရင်တစ်ခုလုံးကျဉ်တက်လာကာ ဆွံ့တင်ကဲရှိနေလေသည်။ ရွှေထွန်းသည် ခေါင်းငိုက်ချထား၏။ မှိုးဆွေ



www.burmeseclassic.com

www.burmeseclassic.com



သန်းသည် အံကြိတ်ကာ မျက်မှောင်ကျုံ့လျက် ခေါင်းကိုရမ်းခါနေသည်။

သူတို့ ဘာမှမတတ်နိုင်တော့ပြီ။

✠ ✠ ✠

မျိုးဆွေသန်းသည် လူ့စိတ်တွေကို သူများထက်ပိုဖတ်တတ်သူဖြစ်သည်။ မျိုးဆွေသန်းသည် ကြယ်ကြယ့်မျက်နှာကို မျက်မှောင်ကျုံ့ကြည့်နေရင်းမှ ဦးနှောက်ကို အလုပ်ပေးနေလေသည်။ သူစဉ်းစားနေသောအရာမှာ မာယာဖြစ်လေသည်။

"မိန်းမ၏မာယာသည် ကြောက်စရာကောင်း၏။ သည့်ထက်ပို၍ ယောကျ်ား၏မာယာသည် ကြောက်စရာကောင်း၏။ ပိုပြီးကြောက်စရာအကောင်းဆုံးမှာ မိန်းမဆန်သောယောကျ်ား၏မာယာပင်ဖြစ်လေသည်"

အတွေးတစ်ချက် ခေါင်းထဲရောက်လာသော မျိုးဆွေသန်းသည် ကြယ်ကြယ်ရှေ့သို့ တိုးရွှေ့လိုက်သည်။ မိန်းမလျာဆိုလျှင် အသားချင်းပင်မထိချင်သော မျိုးဆွေသန်းသည် ကြယ်ကြယ်၏လက်ဖျားလေးတွေအား တင်းတင်းအုပ်ကိုင်လိုက်ကာ ကြယ်ကြယ့်မျက်နှာကို တည့်တည့်စူးစူးကြည့်လျက် စကားတွေထွက်အံကျလာသည်။

"ကျွန်တော်သာ ကြယ်ကြယ့်နေရာမှာဆို ကိုယ့်ကိုယ်ကို ရှက်လို့သတ်သေပစ်လိုက်ပြီ မာကြယ်"

"ဘာ. . . ဘာ. . . ဘယ်လိုပြောလိုက်တယ် တား"

"ကျွန်တော်သာ မာကြယ့်နေရာမှာဆို ရှက်လို့ ကိုယ့်ကိုယ်ကိုသတ်သေပစ်လိုက်ပြီလို့ပြောတာလေ၊ မာကြယ်စဉ်းစားကြည့်၊ မိုးဇက်နဲ့ခေတ်နဲ့ကိစ္စ၊ စတိုးဆိုင်ကကောင်လေးကိုပဲ ခေတ်ယူရမယ်လို့ ခေတ်တို့





အိမ်ကို မာကြယ်ပြောထားလျက်နဲ့ သူတို့ ဘာလို့ ညီမှိုင်းနဲ့ပေးစားရတာလဲ၊ ညီမှိုင်းကရော သူ့ကိုယ်သူ စတိုးဆိုင်ပိုင်ရှင်ကောင်လေးမဟုတ်ဘူးဆိုတာ ဘာလို့ မရှင်းပြရတာလဲ၊ ဒီပွဲမှာ မာကြယ့်ရဲ့သိက္ခာကဇီးရိုးအောက်ရောက်သွားပြီလား"

ကြယ်ကြယ်နှင့်မျိုးဆွေသန်း အကြည့်ချင်းဆိုင်နေကြသည်။ စူးစူးအကြည့်များ. . .။ မလွှဲဖယ်ကြ။

ကြည့်နေရင်းမှ ကြယ့်ကြယ့်နှုတ်ခမ်းလေး တွန့်ကွေးသွားသည်။ ခါးစောင်းတင်ပစ်မည့် အပြုံးတစ်ခု ကြယ်ကြယ်ပြုံးသည်။

"တဘောပေါက်ပြီ၊ မာကြယ် တဘောပေါက်ပြီ၊ တားပြောတာဟုတ်တယ်၊ ခုချိန်ထိ မာကြယ့်ကို ဘယ်တူကြောလို့ရမှာလဲ၊ ညီမှိုင်းဟာ မာကြယ့်နောက်က လိုက်ကြည့်နေတာ နားရွက်တံတွေးဆွတ်တာပဲ. . . ကောင်းပြီလေ၊ ကျေးဇူးပြုပြီး တားတို့ ငြိမ်ပေးကြ"

ကြယ်ကြယ် မျက်တောင်ကော့ကြီးတွေ ပိတ်သွားသည်။

သူတို့ အသက်မရှူရဲကြ။

ကြယ်ကြယ် မျက်လုံးတွေ ဖြတ်ကနဲပြန်ပွင့်လာသည်။

Hand Phone ကိုထုတ်ကာ မိုးမြင့်ခေတ်ဆီဆက်သည်။

သူတို့ အသက်မရှူရဲကြပါ. . .။

✠ ✠ ✠

ကြယ်ကြယ်က ဉာဏ်ပြေးသည်။ မာယာပြည့်သည်။ ကြယ်ကြယ်၏ မာယာအကယ်ဒမီရှော့ကို သုံးဦးသားမလှုပ်ရဲပဲ ကြည့်နေကြသည်။ ကြယ်ကြယ့်မျက်နှာမှာ ဒေါသသွေးတို့ နီစွေးလိမ့်တက်လာသည်။ တိုက်စစ်ဖွင့်ဦးတည်ရာသည် မိုးမြင့်ခေတ်ဖြစ်နေ၏။

"ဟဲလို. . . ကြယ်ကြယ်လား. . . ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



"စောစောက ကိုမိုးပြောတဲ့စကားက ဘာလဲ၊ ဘာလို့ အဲလို ပြောရတာလဲ"

"ကြယ်ကြယ် ဘာလဲ. . . ဘာကိုပြောတာလဲ"

"တောက်"

"အား. . . ကြယ်ကြယ် ဒေါသထွက်နေတာလား၊ ဘာဖြစ်လို့လဲ၊ ကိုမိုး ဘာပြောမိလို့လဲ"

"အံမာ. . . ကောင်စုပ်ကြီး. . . မတာကြီး. . . တူများကို ပက်ပက်စက်စက်ပြောပြီးမှ ဘာ. . . ဘာလဲ မေးနေရတာလဲဟင်၊ စောစောက အိပ်ချင်မူးတူးမို့ ကြယ်ကြယ်တတိမပြုမိတာ၊ ခုကျ ဒေါသအရမ်းထွက်တယ် မတာကြီး၊ ခုလာပြီးကို ဆွဲလုပ်ပစ်မှာ. . . ဟွန်း"

"ဟာ. . . ပြဿနာပဲ. . . ကြယ်ကြယ်. . ဘာ. . . ဘာ. . အင်. . ."

"ဘာ. . . ဘာလဲ. . . လဲ. . . ကြယ်ကြယ့်မှာ အဲလိုဇယားမရှိဘူး၊ ညကြီးအိပ်ချိန်မှာ ကောင်လေးသုံးယောက်နဲ့ ခေါ်အိပ်တာဟုတ်လား၊ မတာကြီး. . . ကိုမိုးတာ အစုပ်ပလုပ်မတွေနဲ့ နှာကြောထနေတာ၊ တူ့ကို မဖြစ်နိုင်လို့ လက်မထပ်နိုင်တာနဲ့၊ တူများကို သွားပုပ်လေလွင့်ပြောရလား. . . ကြယ်ကြယ်တို့က တန့်တန့်လေးနေတာ၊ အချိန်မ ဒရွေးစမ်းကြည့်"

"ကိုမိုးကလည်း စမ်းကြည့်ချင်နေတာ၊ အာ. . . စ. . . စကားတွေတောင်မှားကုန်ပြီ၊ ပြဿနာပဲ လမ်းကြောင်းလွဲကုန်ပြီ၊ ကိုမိုးပြောတာ အဲဒီအဓိပ္ပါယ်မျိုးမဟုတ်ပါဘူးကွာ၊ ကိုမိုးကိုလည်း သူများက ဖုန်းဆက်ပြောလို့. . . အဲ. . . အဲဒါ. . . အဲဒါလေ. . ."

"ဘယ်တေချင်းဆိုးကပြောတာလဲ၊ ကာလနာ မြွေပွေးကိုက်တူများကို တိကျွာချတဲ့ကောင်၊ ပါးကိုဆွဲရိုက်မယ်၊ ကိုမိုး ဒီပြတနာကို ကြယ်ကြယ် လုံးဝ ဒီအတိုင်းမခံဘူး၊ ကိုမိုးရှင်းပေး၊ အဲဒီခပြောတဲ့ကောင်





ဆီကို ခုချက်ချင်းလိုက်ပို့ ပါးဆွဲရိုက်မယ်၊ ကိုမိုးစောင့်နေ၊ ကြယ်ကြယ် ခုလာပြီ၊ တွေ့ကြတေးတာပေါ့"

"ဟာ. . . ဒုက္ခပဲ. . . ကြယ်ကြယ် ကိုမိုးရှင်းပြမယ်၊ ရှင်းပြ. . ပြ. . ."

ကြယ်ကြယ် ဖုန်းပိတ်ပစ်လိုက်သည်။ ပြီးတော့ သက်ပြင်းချသည်။

သူတို့လည်း အခုမှ အသက်ပြင်းပြင်းရှူရဲတော့သည်။ ကြယ်ကြယ့်ဖုန်းမှ အသံမြည်လာပြန်သည်။

"ဟွန်း. . . မိုးမြင့်ခေတ် ရွှေဥကြမ်းညပ်နေပြီ၊ ခုချိန်မှာ ကိုင်လို့ဘယ်ဖြစ်မှာလဲ၊ တွေ့ကြတေးတာပေါ့၊ ကဲ. . . မိုးဇက် တားတို့ ဒီကပဲ စောင့်နေခဲ့ကြ၊ အရိပ်အယောင်ဖျောက်နေကြ၊ မာကြယ် တူတို့အိမ်ကို လိုက်တွားမယ်"

ကြယ်ကြယ်က ဖုန်းကို Ringtone အား Volume ကို ပိတ်လိုက်သည်။ ဖုန်းခေါ်လျှင် တုန်ခါမှုဖြင့်သာသိနိုင်ပြီ။ မိုးမြင့်ခေတ် ဘယ်လောက်ဖုန်းခေါ်ခေါ် ကြယ်ကြယ် ကိုင်တော့မည်မဟုတ်ပါ။ ကြယ်ကြယ်က ဖုန်းကို ပိုးပျော့ညဝတ်ဘောင်းဘီအိတ်ထဲ ထည့်လိုက်သည်။

သည့်နောက်မှာတော့ ကြယ်ကြယ်သည် ညကြီးအချိန်မတော်မှာ ပရာဒိုကြီးမောင်းလျက် မိုးမြင့်ခေတ်တို့အိမ်သို့ ထွက်သွားပါတော့သည်။

✠ ✠ ✠

ပိုးပျော့ညဝတ်အင်္ကျီကြီးနှင့် ကြယ်ကြယ် ကားပေါ်မှဆင်းလာသည်။ မဖြီးသင်ဆံနွယ်ပျော့တွေ ပါးနှစ်ဘက်အား ဖရိုဖရဲအုပ်ကျ



www.burmeseclassic.com

www.burmeseclassic.com



နေသည့်တိုင် ကြယ်ကြယ်ကတော့လှနေသည်။ နှုတ်ခမ်းတင်းတင်းစေ့လျက် ဒေါသသွေးအရေပြားဝတ်လွှာနှင့် ကြယ်ကြယ့်ကိုမြင်တော့ မိုးမြင့်ခေတ် တိုက်ပေါက်ဝမှ ပျာပျာသလဲဆီးကြိုသည်။

"ကြယ်ကြယ်. . . ကိုမိုးပြောတာ အဲဒီသဘောမဟုတ်ဘူး၊ ကိုမိုးရှင်းပြမယ် ကြယ်ကြယ်"

"ဘာမှလာမပြောနဲ့၊ အဲဒီပြောတဲ့ တေချင်းဆိုးဆီ အခုလိုက်ပို့"

ညဥ့်လည်ယံ၌ ကြယ်ကြယ်၏နှုတ်သီးကောင်းရန်တွေ့သံက တိုက်ထဲမှာ ဟိန်းထွက်သွားသည်။ ဒေါ်စန္ဒီခေတ်သည် လှေကားပေါ်မှ အထိတ်တလန့်ဆင်းလာ၏။

"ဟင်. . . ကြယ်ကြယ် ဘာတွေဖြစ်လာတာလဲဟင်"

ကြယ်ကြယ်သည် လှေကားရင်းမှရပ်လျက် နှုတ်ခမ်းတင်းတင်းစေ့ကာ လက်သီးလေးနှစ်ဘက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ထားသည်။ ဒေါသကြောင့် ကြယ်ကြယ့်ကိုယ်သည် တဆတ်ဆတ်တုန်နေ၏။ ဒေါ်စန္ဒီခေတ်သည် ကြယ်ကြယ့်ပခုံးနှစ်ဘက်ကိုကိုင်ကာ အပေါ်သို့ ဆွဲခေါ်သွားသည်။ ကြယ်ကြယ် သည်လောက်ခံပြင်းဒေါသထွက်ခြင်းကို ဒေါ်စန္ဒီခေတ် တစ်ခါမှမမြင်ဘူးခဲ့။

"ကြယ်ကြယ်. . . စိတ်ကိုလျှော့၊ စိတ်လျှော့နော်. . . ဘာတွေဖြစ်လာလို့လဲ၊ မမစန္ဒီကိုပြောပြလေ. . . နော်"

အပေါ်ထပ် ဒေါ်စန္ဒီခေတ်၏အခန်းရှေ့မှာ ရပ်လိုက်ကြသည်။ မိုးမြင့်ခေတ်သည် နောက်နားမှာရပ်နေ၏။

"စိတ်အေးအေးထား. . . စိတ်လျှော့နော်၊ ပြောစမ်း. . . မမစန္ဒီကိုပြော၊ ကြယ်ကြယ် ဘာဖြစ်လာလဲဆိုတာ၊ လာ. . . လာ. . . ခေတ်လေးရဲ့အခန်းရှေ့ကိုသွားရအောင်၊ ဒီဘက်မှာဆို မမကြီးနိုးသွားမှာစိုးလို့"





"မမစန္ဒီ"

"ပြောလေ. . . ကြယ်ကြယ်. . . ပြော"

"ကြယ်. . . ခုချိန်ထိ ဗိုင်းကောင်းကျောက်ဖိနဲ့ ကောင်လေးတွေနဲ့ကင်းကင်းပဲနေတာ မမစန္ဒီအသိပါ၊ ကြယ် တန့်တန့်လေးပဲနေတာနော်၊ အဲဒါကို ကိုမိုးက ကောင်လေးတုံးယောက်နဲ့ ခေါ်အိပ်တယ်ဆိုပြီး သွားပုပ်လေလွင့်ပြောတာလေ"

ဒေါ်စန္ဒီခေတ် မျက်လုံးပြူးကြီးနှင့် မိုးမြင့်ခေတ်အား ကြည့်လိုက်သည်။

"မိုးမြင့်ခေတ်. . . နင်ဘာလုပ်တာလဲ"

"မ. . . မဟုတ်ဘူး. . . မမလတ်၊ ကျ. . . ကျ. . . ကျွန်တော်ပြောတာ အဲလိုအဓိပ္ပါယ်မဟုတ်ဘူး. . . ကျ. . . ကျွန်တော့်ကို ညိုမှိုင်းက ဖုန်းဆက်ပြောလို့"

ညိုမှိုင်းဟူသောအသံကို ကြားလိုက်သည်နှင့် ကြယ်ကြယ့်လက်ဝါးလေးသည် မိုးမြင့်ခေတ်၏မျက်နှာရှေ့ ထောင်ထောင်လေးရောက်လာ၏။ မိုးမြင့်ခေတ် နောက်သို့ ယောင်ဆုတ်လိုက်သည်။

"လိုက်ပို့. . . ကြယ်ကြယ့်ကို အဲဒီပြောတဲ့ကောင်ဆီ ခုလိုက်ပို့. . . ပါးကိုရိုက်ပြီး ဆွဲလုပ်ပစ်မယ်"

ဒေါ်စန္ဒီခေတ် ကြားဝင်လာကာ ကြယ်ကြယ့်ပခုံးလေးကို ကိုင်လိုက်၏။

"ကြယ်ကြယ်. . . မမစန္ဒီတောင်းပန်ပါတယ်ကွယ်၊ ညိုမှိုင်းဆိုတာ သတ္တိသားလေ၊ မနက်ကျရင် ခေတ်လေးနဲ့မင်္ဂလာဆောင်မယ့် သတို့သားလေ ကြယ်ကြယ်ရဲ့"

ကြယ်ကြယ် မျက်နှာတွေကနဲဖြစ်သွားသည်။ ကြယ်ကြယ်၏ မာယာအကယ်ဒမီရှော့မှာ မောင်နှမနှစ်ယောက် ဖမ်းစားခံနေရခိုက်. . .



www.burmeseclassic.com

www.burmeseclassic.com



မောင်နှမနှစ်ယောက် အငိုက်မိ မှင်သက်နေဆဲမှာပင် ကြယ်ကြယ်သည် နရီခေတ်၏အခန်းတံခါးအား ရုတ်တရက် ဆွဲဖွင့်လိုက်ကာ အခန်းထဲဝင်လိုက်ပြီး အတွင်းမှလော့ချပစ်လိုက်သည်။ မျက်တောင်တစ်ချက်ခတ်အချိန်မှာပဲ ကြယ်ကြယ် အမြန်ဆုံးလှုပ်ရှားပစ်လိုက်ခြင်း ဖြစ်ပါသည်။

✠ ✠ ✠

ရုတ်တရက် အခန်းထဲလှစ်ကနဲရောက်လာသော ကြယ်ကြယ့်ကိုမြင်တော့ ကုတင်ပေါ်မှာငုတ်တုတ်လေးထိုင်နေသော နရီခေတ် ပါးစပ်အဟောင်းသားဖြစ်သွားသည်။ ကြယ်ကြယ်သည် ကုတင်အနီးသို့ အမြန်ဆုံးလှမ်းလာလျက် ဘောင်းဘီအိတ်ထဲလက်နှိုက်ကာ ဟန်းဖုန်းကို နရီခေတ်ထံ ပစ်ပေးလိုက်သည်။ စကားသံကတိုးတိုးလေး. . .။

"ဒါကို အရင်ဆုံး လုံခြုံတဲ့နေရာဖွက်ထား၊ မိုးဇက် ဖုန်းဆက်လိမ့်မယ်"

ပြောပြီးနောက် ကြယ်ကြယ်သည် အခန်းဝသို့ အမြန်ပြန်ရောက်သွားသည်။ အခန်းတံခါးကိုအဖွင့်မှာ ထိတ်ထိတ်ပျာပျာနှင့် မောင်နှမနှစ်ယောက် အခန်းထဲ ခေါင်းပြူကြည့်ကြသည်။

"ကြယ်ကြယ်. . . တူမခေတ်ကို ဘာမှမလုပ်ပါနဲ့၊ ဒီကိစ္စ သူ ဘာမှသိတာမဟုတ်ပါဘူး၊ တူမခေတ်ကို လည်ပင်းညှစ်"

"ဖြန်း"

"အ"

မိုးမြင့်ခေတ်ကို ပါးတစ်ချက်ရိုက်လိုက်ရင်း ကြယ်ကြယ်က အာရုံလွှဲပစ်လိုက်သည်။

"ကြယ်ကြယ် အဲလိုစိတ်မယုတ်မာဘူး ကိုမိုး၊ တူများကို အဲလို





အပုပ်ချပြောတဲ့ကောင်ဆီကို ခေတ်လေးကိုလိုက်ပို့ခိုင်းမလို့၊ အဲဒီမှာ ကုတင်ပေါ်ငုတ်တုတ်ကြီးလေ၊ တူက မိန်းမတား၊ ဒီအချိန်ကြီး တူဘယ်လိုက်ပို့လို့ရမှာလဲ၊ ဘဲ. . . ကိုမိုးပဲလိုက်ပို့၊ အဲဒီတိုမိုင်းကို ဒီနေ့ည ပါးဆွဲရိုက်ပစ်ရမှ ကြယ်ကြယ်ကျေနပ်မယ်၊ လာ. . . တိုမိုင်းဆီသွားမယ်"

"တိုမိုင်းမဟုတ်ပါဘူး. . . ညိုမိုင်းပါ. . . ကြယ်ကြယ်ရာ"

"မလုပ်ပါနဲ့ အဲလိုမလုပ်ပါနဲ့ ကြယ်ကြယ်ရာ၊ မမစန္ဒီ့မျက်နှာကိုလည်း ကြည့်ပါဦးကွယ်"

"ကြယ့်ကိုခွင့်လွှတ်ပါ မမစန္ဒီ၊ ဒီကိစ္စက ကြယ့်တိက္ခာကို ထိခိုက်တယ်၊ ကြယ် လုံးဝခွင့်မလွှတ်ဘူး၊ လာ. . . ကိုမိုး"

မိုးမြင့်ခေတ် ဘာမှမတတ်နိုင်တော့ပါ၊ ကြယ်ကြယ် ဆွဲခေါ်သွားရာသို့ ပါသွားရှာသည်။ ကားတံခါးဆွဲဖွင့်ကာ ကားပေါ်တက်မည်လုပ်ကာမှ အကြံတစ်ခု မိုးမြင့်ခေတ်၏ခေါင်းထဲရောက်လာသည်။

"နေ. . . နေဦး. . . ကြယ်ကြယ် ဒီလိုလုပ်ကြရအောင်၊ ဒီလိုလုပ်ပါ. . . ကိုမိုး ညိုမိုင်းကို ဖုန်းနဲ့လှမ်းဆဲပစ်လိုက်မယ်၊ ဒါဆို ကျေနပ်လား"

"စပီကာဖွင့်ပြော"

ဖြစ်ချင်ရာဖြစ်စေတော့ သဘောပိုက်လျက် မိုးမြင့်ခေတ်ခမြာ ညိုမိုင်းဆီဖုန်းဆက်လိုက်ရတော့၏။ မကြာလိုက်သောအချိန်မှာပင် အိပ်မှုန်စုံမွှားနှင့် ညိုမိုင်း ဖုန်းကိုင်ပါလေပြီ။

"ဟယ်လို. . . အစ်ကိုကြီးလား. . . ခေတ်. . . ခေတ်. . . ဘာဖြစ်လို့လဲဗျာ"

"ခေတ်. . . ဘာမှမဖြစ်ဘူး၊ အဲ. . . ဟေ့ကောင်ညိုမိုင်း. . . မင်း ဘာမှမပြောနဲ့၊ နောက်ဆိုရင် ကြယ်ကြယ့်ဆီမှာ ကောင်လေးသုံးယောက်လာတာတို့ ဘာတို့ မဟုတ်တဲနဲ့မပြောနဲ့ ကြားလား၊ မင်း တဘက်သားသိက္ခာကျအောင် ဗလေဗစာမပြောနဲ့၊ ကြယ်ကြယ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်ထိ ယင်ဖိုတောင်မသန်းတဲ့ သန့်သန့်လေး၊ ဒီမှာ မင်းသိအောင် ပြောမယ်၊ ကြယ်ကြယ်ဟာ ငါလက်ထပ်မယ့်မိန်းမ၊ အဲ. . . အဲ. . . ငါလက်ထပ်မယ့်ယောကျ်ား၊ အဲ. . မဟုတ်ဘူး. . . အဲ. . . ဟုတ်တယ် ကွ. . . အဲ. . . အဲ. . ."

ဖုန်းပိတ်လိုက်မည်စိုး၍ ကြယ်ကြယ်က မိုးမြင့်ခေတ်၏လက် မောင်းကို ဆုပ်ကိုင်လိုက်ရင်းပြောသည်။

"ဆဲလေ. . . ဆဲ. . . ဆဲလိုက်လေ"

"ဩော်. . . အင်း. . . အင်း. . . ဆဲရဦးမှာ. . . ဟုတ်သားပဲ၊ အဲ. . . အဲ. . . ဆဲပြီ. . . ဟေ့ကောင်ညီမှိုင်း ခွေးမသား. . ချီးပဲကွ"

"ဗျာ. . . အစ်ကိုကြီး"

"ထပ်ဆဲ. . . ထပ်ဆဲလေ"

ကြယ်ကြယ်က ဘေးမှလက်တို့ပြန်သည်။

"အဲ. . . အဲ. . . ဟုတ်တယ် ညီမှိုင်း ခွေးမသား"

"ဗျာ"

"ဆဲဦး. . ဆဲဦးလေ"

"အာ. . . ဆဲပြီ. . . ဆဲပြီ. . . ညီမှိုင်း. . . ခွေးမသား. . . ခွေးမသားကွာ. . . ကဲ. . . ခွေးမသား"

"ဗျာ. . . အစ်ကိုကြီး. . ."

"အေး. . . အေး. . . ဒါပဲနော်ညီလေး၊ Good Night "

" Night . . . နိုက်"

✠ ✠ ✠

ကြယ်ကြယ် ပြန်သွားသည်နှင့် မိုးမြင့်ခေတ်သည် နရီခေတ်၏ အခန်းထဲသို့ ချက်ချင်းရောက်လာ၏။ နရီခေတ်သည် ကုတင်ပေါ်မှာ





ငေးကြောင်ထိုင်နေဆဲ. . .။

"စောစောက ကြယ်ကြယ် တူမခေတ်ကို ဘာပေးသွားလဲ၊ ဖုန်းဖြစ်ဖြစ်. . . စာဖြစ်ဖြစ် တစ်ခုခုပေါ့. . .၊ နရီခေတ် စောင်ကို လှန်လိုက်စမ်း၊ နင့်လက်ထဲကကိုင်ထားတာ ဘာလဲ"

နရီခေတ်ရင်မှာ ဒိန်းကနဲခုန်ထွက်သွားသည်။ မျက်ဝန်းအစုံ သည် ဝိုင်းစက်ပြူးကျယ်သွားကာ ပါးစပ်အဟောင်းသားနှင့်. . .။

✠ ✠ ✠

"ကြယ်ကြယ်. . . တကယ့်ကိုကျေးဇူးပါ ကြယ်ကြယ်ရာ၊ ကျွန် တော်လေ ကျွန်တော် ဘာပြောရမှန်းတောင်မသိတော့ပါဘူး"

ရင်ထဲမှ လှိုက်လှိုက်လှဲလှဲကြီးပြောနေသော မိုးဇက်ကိုကြည့် ကာ ကြယ်ကြယ်လည်း ကြည်နူးရင်နှင့် လှိုက်ပျော်နေသည်။ ဟိုဘက် မှာ နရီခေတ် ဘာတွေဖြစ်နေသည်မသိတော့။ သူတို့လေးဦးသား ပျော်နေကြသည်လေ။

"ဒီလောက်ဆိုရပြီ. . . ခေတ်ဆီ ဖုန်းဆက်တော့လေ တားရဲ့"

မိုးဇက် Hand Phone ကိုထုတ်ကာ ကြယ်ကြယ်၏ ဖုန်းနံပါတ် ကိုနှိပ်သည်။ ကြယ်ကြယ့်ဖုန်းကို ချစ်သူဆီမှာ ရောက်ခဲ့ပြီလေ။ တစ် ဘက်မှတုံ့ပြန်သံကြောင့် မိုးဇက် မျက်ခုံးလေးတွန့်သွားသည်။

"ဘာတဲ့လဲ တားရဲ့. . . ပြောလေ"

"စက်ပိတ်ထားတယ်တဲ့ ကြယ်ကြယ်"

"ဩော်. . . အိမ်တားတွေအိပ်မှ အလစ်ကိုင်ရမယ်နဲ့တူတယ်၊ နောက် ဆယ့်ငါးမိနစ်နေရင် ထပ်ဆက်ကြည့်ပေါ့၊ အမလေး. . . တက တည်းကွယ်. . . ဖြစ်ရလေ"

နောက်ဆယ့်ငါးမိနစ်နေတော့ မိုးဇက် ထပ်ကြိုးစားကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ဘက်မှဖုန်းကိုင်လိုက်တော့ မိုးဇက်ပျော်သွားသည်။ အပျော်ကြောင့် ရင်သည် လှိုက်ခုန်လာ၏။ ဒါပေမယ့် ဖုန်းကိုနားထောင်နေသော မိုးဇက်၏မျက်နှာသည် တုန်လှုပ်ခြင်းသို့ ကူးပြောင်းလာ၏။ ဖုန်းထဲမှအသံတွေ သူ့နားထဲမှာကြားနေရသည်။

တဒုတ်ဒုတ်နှလုံးခုန်သံ။ နောက်. . . ဦးမိုးမြင့်ခေတ်၏အသံ။ အသံကတော့ ခပ်လှမ်းလှမ်းကအသံမျိုး တိုးတိုးအုပ်အုပ်။

"ဟားဟားဟား. . . ပွဲကတော့လှပြီ၊ ကြယ်ကြယ်က တော်တော်လည်တာပဲ၊ ဒါပေမယ့် တွေ့တယ်မဟုတ်လား၊ မိုးမြင့်ခေတ်နဲ့ တွေ့တော့ ကြွေဆင်းသွားရပြီလေ ဟား ဟား ဟား"

မိုးဇက်လက်ထဲမှဖုန်းကလေး အောက်ကဆိုဖာပေါ် ဘုတ်ကနဲ ပြုတ်ကျသွားသည်။ အကင်းပါးသောကြယ်ကြယ်သည် မိုးဇက်၏ဖုန်းကို အမြန်ကောက်ယူလိုက်ကာ ပိတ်ပစ်လိုက်၏။

"ဘယ်. . . ဘယ်လိုလုပ်ကြမလဲ ကြယ်ကြယ်၊ ဦးမိုးမြင့်ခေတ် အသံကြီးဗျ၊ ကြယ်ကြယ့်ဖုန်း သူ့လက်ထဲရောက်သွားပြီ ကြယ်ကြယ်"

လေးဦးသား အသက်ရှူဖို့ပင် ရပ်ဆိုင်းသွားကြပြီလားမသိ။

✠ ✠ ✠

သန်းခေါင်ယွန်း၍ မိနစ်လေးဆယ်ပြည့်တွင် စားပွဲပေါ်တင်ထားသော မိုးဇက်၏ဖုန်းမှ အသံမြည်လာသည်။

လေးယောက်သား သွေးပျက်စွာနှင့် ဖုန်းကို မကိုင်ရဲကြဘဲ ကြည့်နေမိကြလေသည်။

"ဟိုလူကြီး ဖုန်းခေါ်နေပြီ ကြယ်ကြယ်၊ ကျွန်တော်. . . ကျွန်တော် ဘာလုပ်ရမလဲ"

"ခေတ်ကိုကယ်ထုတ်ဖို့ ခုချိန်မှာ လူတစ်ယောက်ကိုတတ်ပစ်





ရမယ်ဆိုရင် မင်းတတ်ရဲလား တား"

"ကျွန်တော်သတ်ရဲတယ် ကြယ်ကြယ်"

"ဒါဆို ဖုန်းကိုင်လိုက်တော့ တား၊ ဘာပဲဖြစ်လာလာ ငါတို့ ရင်ဆိုင်ကြတာပေါ့"

ရဲရဲဝံ့ဝံ့ပင် မိုးဇက် ဖုန်းကိုကောက်ကိုင်လိုက်သည်။

ဘာတွေဖြစ်လာမလဲ. . . ဖြစ်ကြစမ်းလေ။

ကိုယ် မင်းအတွက် အားလုံးကို ရင်ဆိုင်ဖြိုလှဲပစ်လိုက်မယ်။

မိုးဇက်သည် ဖုန်းကိုဖွင့်လိုက်၏။

"ဟယ်လို"

". . ."

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com



“ကွဲအက်လွင့်စဉ်ကျသွားတဲ့
အမှုန်အစက် အပိုင်းအစ အားလုံးကိုကောက်ပြီး
စေ့စေ့စပ်စပ်ပြန်ဆက်ရင်
နှလုံးသားဆိုတာ အကောင်းအတိုင်းပြန်ဖြစ်တယ်။
ချစ်ခြင်းမေတ္တာဆိုတာ
ဖန်တီးလို့လည်းမရ
ဖျောက်ဖျက်လို့လည်းမရတဲ့အရာ. . .။”





“ဒါကို အရင်ဆုံး လုံခြုံတဲ့နေရာဖွက်ထား၊ မိုးဇက် ဖုန်းဆက်လိမ့်မယ်”

အမှောင်ထဲမှာ မျက်စိမှိတ်ငေးကြောင်နေရာမှ အလင်းမျှင်တစ်စကို ဆုပ်ကိုင်လိုက်မိသည်။ ကုတင်ပေါ်မှာ ငုတ်တုတ်ငေးကြောင်နေသော နရီခေတ်သည် ကြယ်ကြယ်ပစ်ပေးလိုက်သော hand phone ကို ပေါင်အောက် အလျှင်အမြန်ထိုးထည့်လိုက်သည့်အချိန်မှာပဲ ကြယ်ကြယ်က အခန်းတံခါးကို ပြန်ဖွင့်လိုက်သည်။ တံခါးအဟမှာပင် ထိတ်ပျာနေသော ဦးမိုးနှင့် အန်တီလေးတို့ကို တွေ့လိုက်ရ၏။

“ကြယ်ကြယ်. . . တူမခေတ်ကို ဘာမှမလုပ်ပါနဲ့၊ ဒီကိစ္စ သူ ဘာမှသိတာမဟုတ်ပါဘူး၊ တူမခေတ်ကို လည်ပင်းညှစ်. . .”

ကြယ်ကြယ်သည် ဦးမိုးအား ဖျတ်ကနဲ ပါးကို ဆတ်ဆတ်ရိုက်လိုက်တာမြင်လိုက်ရပြီး တံခါးပြန်ပိတ်သွားသည်။ တိုးတိုးအုပ်အုပ် ဦးမိုးအသံ မာမာရှရှ ကြယ်ကြယ့်အသံတို့ကြောင့် တီတီကြယ်သည် ဦးမိုးအား ပြဿနာရှာကာ ခေတ်ထံ hand phone အရောက်ပို့မှန်း သိလိုက်တော့ ခေတ်ပျော်သွားသည်။ သည့်နောက် တီတီကြယ်သည်



www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးအား အောက်ထပ်ဆွဲခေါ်ပ,ထုတ်သွားသည်။ hand phone အား လက်နှင့်အစမ်းလိုက်မှာပင် အခန်းတံခါးပွင့်သွားကာ လူရိပ်တစ်ခုဝင်လာတော့ ခေတ် မျက်လုံးပြူးသွားသည်။

"အား. . . လန့်လိုက်တာအန်တီလေးရာ၊ ဘာတွေဖြစ်ကြတာလဲ"

"သိပါဘူး. . . မောင်လေးက ကြယ့်ကို ဘာပြဿနာရှာလဲမသိပါဘူးကွယ်၊ ခေတ်လေးက မအိပ်သေးဘဲ ဘာလို့ ငုတ်တုတ်ကြီးထိုင်နေတာလဲ"

"ဟို. . . ဟိုလေ. . . ခေတ်. . . ဟို. . . ရှူးပေါက်မလို့လုပ်နေတုန်း ဝုန်းဆို တီတီကြယ်ဝင်လာတာ၊ ခေတ်ကို လန့်သွားတာပဲ"

ခေတ် ပြောမိပြောရာ ပြောလိုက်သည်။

"ပေါက်. . . ပေါက်. . . ဆီးအောင့်မခံနဲ့.မနက်ကျ ခန်းမထဲမှူးမော်နေဦးမယ်၊ အိပ်တော့၊ သူတို့ပြဿနာ သူတို့ရှင်းလိမ့်မယ်"

ပြောပြီးနောက် အန်တီလေးထွက်သွားရင်း အခန်းတံခါးကိုပိတ်ပေးသွားသည်။ ကုတင်ပေါ်ထိုင်ရင်း ခေတ် သက်ပြင်းချလိုက်မိ၏။ လောလောဆည် hand phone ကို power အရင်ပိတ်လိုက်သည်။ လုံခြုံသောနေရာမှာ အရင်ဖွက်ရမည်။ ခေတ် ကုတင်ပေါ်မှဆင်းသည်။ ကုတင်ခြေရင်းဘက်လှမ်းလှမ်းမှာ အဝတ်ဟောင်းတွေထည့်ရာ ခြင်းရှိသည်။ hand phone ကို ခြင်းထဲရှိ ဆပ်စပိုင်နာတွေ ဂါဝန်တွေကြားထဲ ထိုးထည့်လိုက်သည်။ အန်တီလေးကိုပြောလိုက်သော စကားနှင့်ညီစေဖို့ ခေတ် ရှူးအိုးလေးကိုကိုင်လိုက်သည်။ ခေတ် ရင်တွေခုန်နေသည်။ ယောင်ယောင်မှားမှားနှင့် ရှူးအိုးလေးသည် ကုတင်ပေါ်ထိပါလာသည်။ သည်မှာပင် လှေကားမှတက်လာနေသော ဦးမိုး၏ခြေသံကို ကြားလိုက်ရသည်။ ခေတ် အထိတ်တလန့်နှင့် ခန္ဓာကိုယ်အောက်ပိုင်းကို စောင်နှင့်ဆွဲခြုံလိုက်မိ၏။





ခြေထောက်ကြားမှာရောက်နေသော ရှူးရှူးအိုးလေးအား ဆွဲယူထုတ်ဖို့ စောင်အောက်ကို လက်လှမ်းအကိုင်လိုက်မှာပင် ဦးမိုးသည် အခန်းထဲသို့ ရုတ်ချည်းဝင်ချလာ၏။

"စောစောက ကြယ်ကြယ် တူမခေတ်ကို ဘာပေးသွားလဲ၊ ဖုန်းဖြစ်ဖြစ် စာဖြစ်ဖြစ်တစ်ခုခုပေါ့၊ နရီခေတ် စောင်ကိုလှန်လိုက်စမ်း၊ နင့်လက်ထဲက ကိုင်ထားတာဘာလဲ"

နရီခေတ်သည် ဝိုင်းစက်ပြူးကြောင်သော မျက်ဝန်းအစုံနှင့် ဦးလေးဖြစ်သူအား ကြည့်နေဆဲမှာပင် မိုးမြင့်ခေတ်သည် စောင်ကို ဆွဲလှန်လိုက်၏။

"ဟင်. . . ရှူးရှူးအိုးကြီးပါလား၊ sorry ကွာ၊ တူမခေတ် ရှူးရှူးပေါက်မလို့လား"

ပြောရင်းနှင့် ရှူးရှူးအိုးကိုကောက်ကိုင်လိုက်ကာ အဖုံးဖွင့်ကြည့်လိုက်ပြန်သည်။

"ဟင်. . . ဘာမှလည်းမရှိ၊ အဲ. . . ဘာမှလည်း မပေါက်ရသေးပါလား. . . ရော့. . . ရော့. . . ကိုင်ထား. . . ခဏဆင်းဦး"

ခေတ် ရှူးရှူးအိုးလေးကိုင်ရင်း ကုတင်ပေါ်မှအဆင်းမှာ မိုးမြင့်ခေတ်သည် အခန်းမီးတွေကို ဖွင့်ပစ်လိုက်သည်။ ပြီးတော့ ခေါင်းအုံးတွေ၊ ဖက်လုံးတွေ၊ စောင်တွေ၊ မွေ့ယာတွေအားလုံးလှန်ကာ ရှာနေသည်။ ဘာမှမတွေ့ရတော့ စိတ်ကျေနပ်ပုံမရ။ နောက်မှာရပ်နေသော ခေတ်ကို မျက်လုံးစူးစူးနှင့်ကြည့်သည်။

"နင် ကုတင်ပေါ်က လုံးဝမဆင်းသေးဘူးပေါ့. . . ဟုတ်လား . . . တူမခေတ်"

နရီခေတ်သည် ဦးလေးဖြစ်သူအား စိတ်ပျက်စွာကြည့်လိုက်မိ၏။

"ခေတ် ဆီးသွားမလို့လုပ်နေတုန်း တီတီကြယ်ဝင်လာတာယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒေါသဖြစ်နေတဲ့သူ့ပုံကြီးကြည့်ပြီး ခေတ် လန့်သွားတယ်၊ နောက်. . . အန်တီလေးဝင်လာပြန်ရော. . . အခု ဦးမိုးက ဝင်လာပြန်ပြီ၊ ဘာတွေဖြစ်နေကြတာလဲ၊ ခေတ် ဒီည ရူးရူးသွားလို့ရဦးမှာလား"

ခေတ်၏စကားကို ကျေနပ်ပုံမရ။ ဦးမိုး၏မျက်လုံးတွေသည် အခန်းထဲမှာ ကျိုးကန်းတောင်းမှောက်ကြည့်နေရာမှ ခြေရင်းဘက် လှမ်းလှမ်းမှာရှိနေသော ဂါဝန်နှင့် အတွင်းခံဘောင်းဘီတွေထည့်ရာ အဝတ်ခြင်းမှာ မျက်ဝန်းကြည့်က တန့်ရပ်သွားသည်။ မိုးမြင့်ခေတ်သည် တစ်ချက်ပြုံးလိုက်ပြီး ခြေလှမ်းတွေက အဝတ်ခြင်းရှိရာ ရောက်သွား၏။

မိုးမြင့်ခေတ်သည် အဝတ်ခြင်းထဲမှ ဆတ်စမိုင်နာတွေကို စူးစူးကြီးငုံ့ကြည့်နေသည်။ ခေတ်ရင်တွေ တဒုတ်ဒုတ်နှင့်လှိုက်ခုန်လာ၏။ ဘာလုပ်ရမည်မသိ ဇောချွေးတွေပျံနေခိုက်မှာပင်. မိုးမြင့်ခေတ်သည် အဝတ်ခြင်းထဲသို့ လက်လှမ်းလိုက်သည်။

"အား. . . ဦးမိုး. . . မကိုင်နဲ့. . . အဲဒါတွေမကိုင်နဲ့"

နရီခေတ် အထိတ်တလန့် အော်ဟစ်ဟန့်တားလိုက်သည်။

ဦးမိုးမြင့်ခေတ် လှမ်းစလက်တန့်သွားကာ လှည့်ကြည့်သည်။

"ဘာ. . ဘာဖြစ်လို့လဲ"

"ခေတ်. . . ခေတ်. . . အဝှါလာနေလို့"

ဒါမျိုးဆို မိန်းမတွေက ဉာဏ်ပြေးသည်။ ခေတ် ကြံရာမရနှင့် လက်နက်ကြီးထုတ်သုံးလိုက်ခြင်းဖြစ်သည်။ ဦးမိုးမြင့်ခေတ် အထိတ်တလန့်နှင့် နောက်သို့ခုန်ဆုတ်လိုက်ရင်း သူ့လက်တွေကို လေထဲမှာ ခါချနေသည်။

"အာ. . . ငါ. . . ငါ. . . ကိုင်မိလိုက်လား. . . ကိုင်မိလိုက်လား. . . တူမခေတ်"

"မသိဘူးလေ. . . ကိုင်မိလိုက်တယ်ထင်တာပဲ"





"အား. . . သွားပါပြီကွာ. . . ဒုက္ခပါပဲ၊ အချိန်မတော်ကြီး ရေချိုးပစ်ရတော့မှာပဲ"

မိုးမြင့်ခေတ် ထိတ်လန့်စိတ်ပျက်စွာနှင့် အခန်းထဲမှထွက်သွားသည်။ အခန်းဝရောက်မှ တစ်စုံတစ်ခုကို သတိရဟန်နှင့် နောက်လှည့်ကြည့်သည်။

"ခေတ်. . . ဒါဆို မနက်ကျ သတို့သမီးမိတ်ကပ်ပြင်တဲ့အချိန်မှာ မေ့ပြီး ခေါင်းမလျှော်လိုက်နဲ့နော်၊ ဒီလိုအချိန်မှာ ခေါင်းလျှော်လိုက်ရင် နင် တစ်ခါတည်းဂိသွားလိမ့်မယ် သိရဲ့လား"

ခေတ် ခေါင်းညိတ်ပြလိုက်သည်။ မိုးမြင့်ခေတ် ခြေလှမ်းကျဲကြီးတွေနှင့်ထွက်သွားရင်း တံခါးပိတ်ပေးသွားသည်။ နံ့ရုံကို ကျောမှီလိုက်ပြီး ခေတ် စိတ်ပျက်သက်မနှင့်ထိုင်ချလိုက်သည်။ အဲဒီအရာဟာ ယောကျ်ားတွေ အခါးသီးဆုံးအရာပါ။ စဉ်းစားလိုက်ရင်တော့ ပြုံးချင်စရာ။ ဒါပေမယ့် ဒီအချိန်မှာ ဘယ်သူကများ ပြုံးဖို့သတိရနိုင်မှာတဲ့လဲလေ. . .။

✠ ✠ ✠

ညသည် တိတ်တိတ်ငြိမ်ငြိမ်အိပ်မောကျနေ၏။ အေးစိမ့်ခြုံလွှာအောက်၌ ခေတ်တို့အိမ်သည် နရီစက္ကန့်လက်တံ၏ ခြေသံမှလွဲ၍ ဘာသံမှမကြားရ။ ခေတ်သည် ကုတင်ပေါ်မှဆင်းလာပြီး အဝတ်ဟောင်းခြင်းထဲမှ hand phone ကိုယူလိုက်၏။ အိပ်ယာထက်ရောက်မှ phone ကို power ဖွင့်လိုက်သည်။ သူမစက်ပိတ်ထားချိန်မှာ မိုးဇက်များ ဖုန်းဆက်ပြီးပြီလားမသိ။ တစ်ခါတစ်ခါမှာတော့ မမြင်နိုင်သော စိတ်ဆက်နွယ်လှိုင်းက အံ့သြဖို့ကောင်းသည်။

ခေတ်၏လက်ထဲမှာပင် ဖုန်းသည် vibration (တုန်ခါခြင်း)နှင့်



www.burmeseclassic.com

www.burmeseclassic.com



အချက်ပြသည်။ မိုးဇက် ဖုန်းခေါ်နေပြီ။ တလှုပ်လှုပ်ရင်နှင့် သူမ ဖုန်းဖွင့်လိုက်၏။ သည်အခိုက်မှာပင် ဆိတ်ငြိမ်ညဥ့်ယံ၌ နင်းရွှေ့လျှောက်လာနေသောခြေသံကို ကြားလိုက်ရသည်။လက်ထဲမှဖုန်းကလေး မွေ့ယာပေါ်ပြုတ်ကျသွားသည်။ ခေတ် အလျင်အမြန်ဝမ်းလျားမှောက်ချလိုက်၏။ မှောက်လျက်နှင့် ဖုန်းကို ရင်ဘတ်နှင့်ဖိထားလိုက်သည်။

သူမ၏ရင်သည် တဒိတ်ဒိတ်ခုန်လှုပ်နေသည်။ အခန်းတံခါးဖွင့်သံ. . .။ နောက် ဦးမိုး သူမအခန်းထဲဝင်လာသည်။

"ဟား. . . ဟား. . . ဟား. . . ပွဲကတော့လှပြီ၊ ကြယ်ကြယ်က တော်တော်လည်တာပဲ. . .၊ ဒါပေမယ့်. . . တွေ့တယ်မဟုတ်လား၊ မိုးမြင့်ခေတ်နဲ့တွေ့တော့ ကြွေဆင်းသွားရပြီလေ. . . ဟား ဟား ဟား"

သည်အချိန်မှာ တစ်ဖက်မှ ကြယ်ကြယ်က ဖုန်းပိတ်ပစ်လိုက်သည့်အတွက် နောက်ဆက်တွဲ မိုးမြင့်ခေတ်ပြောသောစကားများကို မိုးဇက်တို့ မကြားလိုက်ရခြင်းဖြစ်ပါလိမ့်မည်။

"တကယ်တော့ ကြယ်ကြယ်ဟာ ဦးမိုးကို မေတ္တာရှိနေတယ်ဆိုတာ ဒီည သူ့ရဲ့လုပ်ရပ်က သက်သေခံလိုက်တာပဲ၊ ဟားဟားဟား ကျေနပ်လိုက်တာ၊ သူသာ ဦးမိုးကို မေတ္တာမရှိရင် ဒီညကိစ္စမျိုးမှာ ဘာလို့ လာရှင်းမှာလဲ၊ ခုတော့ သူမှာ နေမထိထိုင်မသာဖြစ်ပြီး ညကြီးအချိန်မတော် ဦးမိုးအထင်လွဲမှာစိုးလို့ ဒေါသဖြစ်တဲ့ပုံစံနဲ့ ဟန်လုပ်ပြီး လာရှင်းတာလေ. . . မိန်းမတွေဟာ ဒီလိုပါပဲ. . .၊ အဲ. . . အဲ. . . မိန်းမလည်းမဟုတ်ဘူးနော်. . . ယောကျ်ား. . . အဲ အဲလိုလည်းမဟုတ်ဘူး၊ ဘယ်လိုပြောရမလဲ တူမခေတ်. . . ဟင် တူမခေတ်က အိပ်ပျော်နေတာလား. . .၊ မှောက်လျက်ကြီး ဒီကလေးမ. . . ခြော်"

မိုးမြင့်ခေတ်သည် တူမချော၏ လက်ကို ကိုင်လှုပ်လိုက်၏။ ရင်အစုံဖားဖိုလိုခုန်လှုပ်နေပါလျက် ခေတ် အိပ်ဟန်ဆောင်နေသည်။

"တူမခေတ်. . . တူမခေတ် အဲလိုမအိပ်နဲ့လေ. . . မှောက်





လျက်ကြီး ဘာလို့အိပ်နေရတာလဲ ဘေးတစောင်းဖြစ်ဖြစ် ပြောင်းအိပ်စမ်း"

ခေတ် မလှုပ်. . .၊ မှောက်ချထားသော မျက်နှာလေးသာ လှည့်လိုက်ပြီး မျက်လုံးမဖွင့်ဘဲတုံ့ ပြန်သည်။

"ဦးမိုး. . . ဘာလဲကွာ. . .၊ ခုထိမအိပ်သေးဘူးလား. . .၊ ဘာလို့လာနှောင့်ယှက်နေတာလဲ၊ ခေတ် ကောင်းကောင်းအိပ်ပါရစေ"

"ဟုတ်ဘူးလေ တူမခေတ်အိပ်နေတာ မှောက်လျက်ကြီး အသက်ရှူမကြပ်ဘူးလား"

"ကျွတ်. . . သေတော့မှာပဲ ဘယ် သတို့သမီးနေနေ မှောက်လျက်အိပ်ရတာပဲ၊ အဲဒါမှ မနက်ကျ မျက်တွင်းမကျဘဲ မျက်ခွံလေးမို့နေမှာ၊ သွားကွာ. . . ခေတ်အိပ်ပျော်နေပြီ"

"ဟာ. . . ဟုတ်သားပဲ၊ Sorry ကွာ. . ကဲ. . . အိပ်. . . အိပ်"

မိုးမြင့်ခေတ်ပြန်ထွက်သွားသည်။ အချိန်က ညဥ့်နက်နေပြီ၊ မိုးဇက်အထင်လွဲသွားပြီလားမသိ။ သူနှင့်က သည်လိုပဲ တော့လွဲတွေဖြစ်တတ်သည်။ လွဲတုန်းက လွဲမှန်းမသိခဲ့တာတွေလေ။

ခေတ် ခြေသံဖွဖွနင်းလျက် အခန်းတံခါးကို အတွင်းမှ လော့ချပစ်လိုက်၏။ သူမ၏ရင်ထဲမှာ မည်မျှလှိုက်ခုန်နေပါမည်နည်း။ စောစောကဝင်လာသော မိုးဇက်၏ဖုန်းနံပါတ်ကို ခေါ်လိုက်သည်။ တော်တော်နှင့်မကိုင်ပါလား. . .။ မိုးဇက်ရယ် ဘာလို့ ဖုန်းမကိုင်သေးတာလဲ။ ဒီအချိန်မှာ တစ်စက္ကန့်ဆိုတာ တစ်ကမ္ဘာလောက် ခံစားနေရတဲ့အချိန်ပါ။ သူမရင်ထဲမှာပဲ စကားပြောနေဆဲမှာပင် တစ်ဘက်မှ ဖုန်းကိုင်လိုက်သည်။ နောက်. . . အမျှော်လင့်ဆုံးသောအသံ။ မိုးဇက်၏အသံ။ တုန်တုန်ယင်ယင် သွေ့သွေ့ခြောက်ခြောက်နှင့်. . .။

"ဟယ်လို" တဲ့. . .။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com



"မိုးဇက်. . . မိုးဇက်လားဟင်"

"ဟာ. . . ခေတ်. . . ခေတ်. . . ခေတ်လား. . . အား. . . ကြယ်ကြယ်. . . ခေတ်. . . ခေတ်ဗျ၊ ဟိုလူကြီးပြောနေတာမဟုတ်ဘူး၊ ခေတ်ပြောနေတာဗျ"

"မိုးဇက်. . . နင် ဘာကြောင့်ပြန်ပြီလဲ၊ ဘယ်လူကြီးကပြောရမှာလဲ"

"စောစောက ငါဖုန်းလှမ်းဆက်တော့ နင့်ဦးလေးငကြောင်ကြီးပြောတာ ငါကြားလိုက်တယ်၊ နင့်ရဲ့နှလုံးခုန်သံတောင် ငါကြားတယ်၊ ငါ နားကောင်းပါတယ်ခေတ်ရာ၊ ဖုန်းက နင့်ဦးလေးရဲ့လက်ထဲ မိသွားတာမဟုတ်လား"

ခေတ်နားလည်လိုက်ပါသည်။ မိုးဇက်ကိုက သည်လိုပဲဖြစ်တတ်သည်လေ။

"မိုးဇက်ရယ်. . . နင် ဘယ်အချိန်ထိ လွဲနေဦးမှာလဲ၊ အဲဒီအချိန်တုန်းက ဖုန်းကို ငါ့ရင်ဘတ်နဲ့ဖိထားတာလေ၊ အဲဒီတုန်းမှာ ဦးလေးဝင်လာတာပါဟာ၊ ကဲပါ. . . အဲဒါတွေထားလိုက်ပါဦး၊ ငါ နင့်ကို တောင်းပန်စရာရှိတယ်၊ အဲဒီကိစ္စ နင့်ကိုမတောင်းပန်ရရင် ငါသေသွားတောင် အသေဖြောင့်မှာမဟုတ်ဘူး"

"ဘာလဲ. . . ဘာကိစ္စလဲ ခေတ်"

"ငါ နင့်ကို ပါးရိုက်ခဲ့တဲ့ကိစ္စလေ၊ မြို့လည်ခေါင်မှာ ငါ့အရှက်ကိုကယ်ခဲ့တာကို ငါ အထင်မှားပြီး နင့်ကိုပါးရိုက်ခဲ့မိတယ်၊ အိမ်ပြန်ရောက်မှ အဖြစ်မှန်သိရပြီး ငါ့ရင်ထဲမှာနင့်လာတယ်၊ နင့်စေတနာကို စော်ကားခဲ့မိတဲ့အတွက် ငါ့ကိုခွင့်လွှတ်ပါ မိုးဇက်ရယ်. . . နော်"

"ခေတ်ရယ်. . . နင် ငါ့အပေါ် ဘာပဲလုပ်ခဲ့လုပ်ခဲ့ အပြစ်ရယ်လို့ မြူတစ်မှုန်စာတောင် ငါမမြင်တော့ပါဘူး၊ ငါ့ရင်ဘတ်ကြီးကို နင့်အတွက် အဖြူရောင်ကြီး သုတ်ပစ်လိုက်ပါပြီဟာ"





ခေတ်ရင်ထဲမှာ နင့်ကနဲဖြစ်သွားသည်။

"ဝမ်းသာလိုက်တာ မိုးဇက်ရယ်၊ နင် မအိပ်ပါနဲ့ဦးနော်၊ နင်နဲ့ ငါနဲ့ တစ်ညလုံး စကားပြောကြရအောင်နော်၊ ကျေးဇူးပြုပြီး ငါ့ကို နောက်ဆုံးအနေနဲ့ ဒီအခွင့်အရေးလေးပေးပါဟာ၊ မနက်ဖြန်ဆိုရင် မနက်ဖြန်ဆိုရင်. . ."

ခေတ် စကားမဆက်နိုင်။ ရင်မှာ နင့်နင့်သည်း. . .ဉ်းနှင့်. . .။ မျက်ဝန်းမှာ မျက်ရည်စတွေက ဝေ့ဝေ့သီသီ. . .။

"မနက်ဖြန်. . . မနက်ဖြန်ဆိုရင် ငါ. . . ငါ. . . ကိုညိုမှိုင်းနဲ့ လက်ထပ်ရပြီ၊ နင်. . . နင်နဲ့. . . အ. . . အခုလိုစကားပြောလို့ မ. . . မရတော့ဘူး မိုးဇက်ရယ်၊ ငါ. . . ငါလေ. . . နင့်. . . နင့်ကို. . ."

ခေတ် စကားမဆက်နိုင်တော့ပါ။ ရင်ထဲမှာ ကွဲကြေလာသည်။ ချုပ်တည်းထားသမျှ လွင့်စဉ်ထွက်ကုန်ပြီ။ ခေတ်. . တသိမ့်သိမ့်ရှိုက်ငိုပစ်လိုက်ပါတော့သည်။

✠ ✠ ✠

ချစ်သူ၏ရှိုက်သံသည် နှလုံးအိမ်အား တနဲ့နဲ့ဆွဲကိုင်လှုပ်ခါနေ၏။

မိုးဇက်၏ရင်ထဲမှာ နင့်လှိုက်လာသည်။ ဒီအချိန်မှာ ငိုနေသော ချစ်သူအား ရင်ခွင်မှာထွေးပိုက်လျက် ခွန်အားတွေပေးချင်လိုက်တာ. . .။ ဒါပေမယ့် သူ ဘာမှမတတ်နိုင်ပါ။

"ခေတ်. . . ဘာလို့ငိုနေတာလဲ. . .။ မငိုပါနဲ့တော့ခေတ်ရယ်၊ ခေတ်ကို ဒီ့ထက်ပိုပြီး မနာကျင်စေရတော့ပါဘူး၊ ခေတ်. . နင့်ကို ငါ လာခိုးလှည့်မယ်၊ နင် ငါ့နောက်ကိုလိုက်ခဲ့ပါ"

"ဘာ. . . ဘယ်လို. . . မိုးဇက်. . . နင် ဘာပြောလိုက်တာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



နင်က ငါ့ကို လာခိုးမလို့ဟုတ်လား"

"ဟုတ်တယ် ခေတ်၊ နင် ဘယ်အချိန်ဆင်းခဲ့မလဲ၊ ငါတို့ အခု ပဲ လာခေါ်လှည့်မယ်ခေတ်"

ခေတ်ထံမှ တုံ့ပြန်သံမကြားရ။ ချစ်သူ အံ့သြငေးကြောင် သွားခြင်းဖြစ်ပါလိမ့်မည်။

"မိုးဇက်. . . နင် ငါ့ကို အကြောင်ရိုက်နေတာတော့ မဟုတ်ပါ ဘူးနော်၊ ငါ အိပ်မက်မျှားမက်နေတာလား၊ ဒါဟာ အိပ်မက်မဟုတ်ခဲ့ ရင်လည်း နင်ပဲ ရူးသွားတာလား၊နင့်နောက်ကိုလိုက်ရအောင် နင်နဲ့ငါ နဲ့က ချစ်သူတွေလည်းမဟုတ်ဘူးလေ"

"ခေတ်ရယ် နင် ညနေက ကြယ်ကြယ့်ကိုပြောပြီး ငိုခဲ့တာ လေ၊ ညီမှိုင်းကိုလုံးဝမချစ်ဘူး၊ နင်တကယ်ချစ်တာ မိုးဇက်ဆိုတဲ့ ငါပါ ဆို. . . ငါလေ နင့်ကို သိပ်ချစ်ပါတယ် ခေတ်ရယ်၊ နှလုံးသားချင်းရှင်း ရှင်းကြီးမြင်နေရတဲ့ ငါတို့နှစ်ယောက် ဒီထက်ပိုပြီး မကြေကွဲပါရစေနဲ့ တော့ ငါတို့စွန့်စားကြရအောင်. . .၊ နင်ပျော်တာပဲ ငါမြင်ချင်ပါတယ် ခေတ်ရယ်. . .နင့်ဘေးမှာ ငါတစ်သက်လုံး ကြင်ကြင်နာနာနဲ့ ရှိနေ ပေးပါ့မယ်. . .၊ ငါ ကတိပေးပါတယ် ငါ့နောက်ကို ရဲရဲလိုက်ခဲ့ပါနော်"

"မိုးဇက်. . . မိုးဇက် ငါဘာဆက်လုပ်ရမှာလဲ. . .၊ ငါ နင့်ဆီ က အဲလောက်ကြီးမမျှော်လင့်ခဲ့ပါဘူး. . .၊ ငါလည်း နင့်ကိုချစ်တယ် အဲဒါ ငါ့ကိုယ်ငါ နောက်ပိုင်းမှ သိလာခဲ့ရတာပါ. . .၊ နင် ငါ့ကိုချိုးတာ တော့မဟုတ်ပါဘူးနော်၊ ငါ နင့်ကိုဘယ်လိုယုံရမှာလဲဟင်"

"ခေတ်ရယ် ဘာကိုမယုံတာလဲ နင်ယုံအောင် ငါဘယ်လိုသက် သေပြရမလဲ. . .၊ ဖြစ်ခဲ့တာတွေကို နင် စဉ်းစားနေတာလား"

"ငါ နင့်ကိုဘယ်လိုယုံရမှာလဲ မိုးဇက်ရယ် နင်နဲ့ငါနဲ့ကြားမှာ Sorry ဆိုတဲ့စကားကို နင်ကပဲစပြောခဲ့တာလေ. . .ငါ့မှာ ဘယ် လောက်ထိခံစားရတယ်မှတ်လဲ၊ နင် ငါ့ကို နှင်းဆီ(၁၅)ပွင့်ပေးပြီး I am sorry လို့ယောကျ်ားလေးက စပြောခဲ့တာလေ. . .၊ ငါ့ကို အဲလိုချိုးခဲ့တဲ့နင့်ကို ငါယုံရမှာလားဟင်"

"ဘယ်လို. . . နှင်းဆီ(၁၅)ပွင့်ဟုတ်လားခေတ်. . .၊ မဟုတ် ဘူး. . .၊ ငါပို့ခဲ့တာ နှင်းဆီ(၁၉)ပွင့်ပါ မျှော်လင့်စောင့်စားခြင်း အဓိပ္ပါယ်ပါ. . .၊ (၁၅)ပွင့်မဟုတ်ပါဘူး၊ တစ်ခုခုတော့လွဲချော်သွားပြီ ခေတ်. . .ကြယ်ကြယ်လည်းသိပါတယ်. . .၊ ကြယ်ကြယ်နဲ့တိုင်ပင်ပြီးမှ ငါ နင့်ဆီကို နှင်းဆီ(၁၉)ပွင့်ပို့ခဲ့တာပါ ခေတ်ရယ်"

"(၁၉)ပွင့် ဟုတ်လား မိုးဇက် ခဏနော်၊ ငါ ပြန်ကြည့်မယ် နင်ပေးခဲ့တဲ့ ပန်းစည်းလေးအခုထိ ကတ်ဘူးနဲ့သိမ်းထားတယ်၊ နင် ပြောသလို (၁၉)ပွင့်ဆိုရင်တော့ ငါ နင်ခေါ်ရာလိုက်ခဲ့ပါ့မယ်၊ ခဏ စောင့်ပါ မိုးဇက်ရယ်"

ဘဝတစ်ခုလုံး လောင်းကြေးထပ်လျက် နှလုံးသားအရည် အချင်းစစ် စာမေးပွဲကို ဖုတ်ပူမီးတိုက်ဖြေဆိုနေရပြီ. . .၊ ခေတ် သူ့နောက်သို့လိုက်မလိုက်သည် သည်နှင်းဆီ(၁၉)ပွင့် ပန်းစည်းလေး ပေါ် သို့လုံးဝပုံကျသွားပြီ။ နှင်းဆီ(၁၉)ပွင့်ဆိုသည်မှာ သေချာသည်ဟု သူ့ဘက်က ပြောရသော်လည်း ကြားထဲမှာလုပ်ကြံမှုတစ်ခုရှိနေခဲ့ပါ လျှင်. . .။

အတွေးကြောင့် မိုးဇက်၏ရင်သည် တဒိုင်းဒိုင်းခုန်လှုပ်လာ၏။

✠ ✠ ✠

ကတ်ဘူးကိုဖွင့်လိုက်သည်။ ပတ်ထားသော ပလတ်စတစ် အကြည်လွှာကို လှပ်သည်။ နွမ်းခြောက် နှင်းဆီပန်းစည်းလေး၊ အပွင့် တွေကြွေမသွားသေးပါ။ ခေတ် နှင်းဆီပွင့်တွေကို ရေတွက်ကြည့်လိုက် သည်။ တစ်. . . နှစ်. . . သုံး. . . လေး. . . တစ်ဆယ့်ငါး. . .၊







www.burmeseclassic.com

www.burmeseclassic.com



ထပ်ရေတွက်ကြည့်ပြန်သည်။ ဒီတစ်ခါလည်း တစ်ဆယ့်ငါးပွင့်တိတိပါပဲ. . . ခေတ်မျက်နှာလေး အိုစာသွားသည်။ တစ်ဆယ့်ငါးပွင့်ပဲရှိပါတယ် မိုးဇက်ရယ်. . .။

'ငါပို့ခဲ့တာ နှင်းဆီ(၁၉)ပွင့်ပါ၊ မျှော်လင့်စောင့်စားခြင်း အမိပ္ပါယ်ပါ. . .၊ တစ်ခုခုတော့လွဲချော်သွားပြီခေတ်'. . . တဲ့၊ မိုးဇက်၏ အသံက အာရုံမှာလှုပ်နိုးဝင်ရောက်လာပြန်သည်။ ခေတ် ပန်းစည်း ခြောက်လေးကို သေသေချာချာ စူးစူးကြည့်သည်။ ခြောက်သွေ့၍ သေးကြုံ့သွားသော ပန်းပွင့်တွေကြားမှာ ကပ်ကြေးနှင့်ဖြတ်ထား၍ တိရိပိုင်းပြတ်နေသော ရိုးတံလေးတွေကို ယခုမှမြင်လိုက်ရသည်။ ခေတ်မျက်လုံးလေး ဝိုင်းစက်သွားသည်။ အပွင့်တွေကို တစ်စုံတစ်ယောက်က ကပ်ကြေးနှင့်ပိုင်းဖြတ်ထားသည့် တိရိပြတ်နေသော ရိုးတံလေးချောင်း. . .၊ ဒါဆို ဒီပန်းစည်းမှာ မိုးဇက်ပို့လိုက်စဉ်က နှင်းဆီပွင့်(၁၉)ပွင့်ဆိုသည်မှာ သေချာသွားပြီ. . .။ ကြားထဲမှာ အဓိပ္ပါယ်ဆန့်ကျင်သွားရအောင် ဘယ်သူကများ လုပ်ကြံလိုက်ပါလိမ့်၊ အတွေးနှင့်အတူ မသေချာသော်လည်း ညီမိုင်း၏မျက်နှာကို ရုတ်ချည်း ပြန်မြင်ယောင်လိုက်မိသည်။ ဒီလူများလား. . .၊ ဘယ်သူပဲဖြစ်ပါစေ သူမ၏ရင်မှာ မိုးဇက်အတွက် နင့်လှိုက်သွားရပါတော့သည်။ ဖြစ်ရလေ မိုးဇက်ရယ်၊ ခေတ် သည်နံဘေးမှာချထားသော ဖုန်းကို ကောက်ကိုင်လိုက်၏။

"မိုးဇက်. . . မိုးဇက်. . .၊ တို့နှစ်ယောက်ဘာလို့များ အဲလို အလွဲကြီးတွေနဲ့ ရေစက်ဆုံခဲ့ကြရတာလဲ. . .၊ ဒီတုန်းက နှင်းဆီ(၁၉) ပွင့်ဆိုတာကို ငါဘာလို့ အခုမှသိခဲ့ရတာလဲ. . .၊ ငါ့ကိုခွင့်လွှတ်ပါဟာ"

"ခေတ်. . . ခေတ် ဒါ. . . ဒါဆို နင် ငါ့နောက်လိုက်ခဲ့မှာ ပေါ့နော်"

ခေတ် ခေါင်းညိတ်ပြသည်။





"ခေတ်. . . ဖြေလေ. . . ဖြေပါဦး ခေတ်ရယ်"

"ငါ ခေါင်းညိတ်ပြနေတာ နင် မမြင်ဘူးလား မိုးဇက် နင် ဟာလေ"

ခေါင်းညိတ်ပြနေသော ကောင်မလေးခေတ်ကို ဖုန်းထဲမှာ မမြင်နိုင်သော်လည်း ပြုံးသွားသော ခေတ်နှုတ်ခမ်းလေးကိုတော့ အာရုံမှာ မိုးဇက်မြင်နိုင်လိမ့်မည်ဆိုတာ ခေတ်ပြောရဲပါသည်။

✠ ✠ ✠

လန်းဆတ်ပြုံးရိပ်တွေက လေးဦးသား၏ မျက်နှာထက်မှာ နေရာယူထားသည်။ ယခုမှ သူတို့ပြုံးရယ်နိုင်ကြသည်။ ဒါပေမယ့် ခေတ်ကို မိုးဇက်လှမ်းပြောလိုက်သောစကားကြောင့် ကြယ်ကြယ် မျက်လုံးပြူးသွား၏။

"ဒါဆို နောက် ငါးမိနစ်နေရင် ခေတ် အောက်ကိုတိတ်တိတ်ကလေးဆင်းခဲ့တော့. . .၊ ဘာပစ္စည်းမှမယူခဲ့နဲ့. . .၊ အဝတ်တစ်ထည်ကိုယ်တစ်ခုပဲဆင်းခဲ့၊ ငါတို့ အခုပဲလာပြီ၊ ခေတ် ခြံပြင်ကိုထွက်လာတာနဲ့ ကားကိုမောင်းပြေးရုံပဲ"

"နေဦး မိုးဇက် အဲလိုလုပ်လို့မဖြစ်နိုင်ဘူး တားရဲ့၊ ပေး. . . ပေး. . . မာကြယ့်ကို ဖုန်းပေး. . .၊ မာကြယ် ခေတ်လေးနဲ့ စကားပြောမယ်"

ကြယ်ကြယ်က မိုးဇက်ထံမှ ဖုန်းကို ယူကာခေတ်နှင့်စကားပြောသည်။

'ခေတ်. . . ခေတ်လေးလား. . . ဒီမယ် . . . တိတိကြယ် ပြောမယ် . . . ခေတ်လေးအခုဆင်းလာလို့ မရတေးဘူးလေ . . .။



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားကြည့်ပါအုံး . . .၊ ဒလဝမ်ဘေဆင်းရှိနေတယ်၊ တိုက် သစ္စာရှိတဲ့ ဘေဆင်းကို ခေတ်လေး ဘယ်လိုကျော်ဖြတ်လို့ရမှာလဲ. . .၊ နောက်ပြီး ကိုမိုးကိုလည်း လျှော့မတွက်နဲ့. . .၊ စောင့်ကြည့်မနေဘူးလို့ မပြောနိုင်ဘူး. . .၊ ဒီအချိန်မှာ မိသွားရင် တီတီကြယ်တို့ ဘာမှဆက်လုပ်လို့ရမှာ မဟုတ်တော့ဘူး. . .၊ အဲဒီတော့ ဒီလိုအစီအစဉ်ဆွဲကြရအောင်. . . မနက် အလှပြင်သွားတဲ့အထိ အယုံတွင်းနေလိုက်. . .၊ အဲဒီအချိန်ထိဆိုရင် တူတို့လည်း ဘာမှမဖြစ်လောက်တော့ဘူးဆိုပြီး စိတ်ပေါ့သွားပြီလေ. . .၊ အဲဒီကျမှ ခေတ်ဉာဏ်သုံးပြီး ပြေးထွက်ခဲ့. . အလှပြင်ဆိုင်နားလမ်းထိပ်မှာ တီတီကြယ် အဖြူရောင် ကကတစ်စီး အဆင်တင့်စောင့်ခိုင်းပေးထားမယ်၊ ဘူတာမှာဆုံကြမယ်. . . မနက်ခြောက်နာရီရထားနဲ့ ခေတ်လေးတို့ မန္တလေးကိုပြေးကြပေတော့. . .၊ တီတီကြယ် အစောကြီးရထားလက်မှတ် ဘူတာမှာစီစဉ်ပေးထားမယ် မရှင်းတာရှိလား ခေတ်လေး"

"ကျေး. . . ကျေးဇူးပါ တီတီကြယ်"

ဖျတ်ကနဲ စီစဉ်လိုက်ပေမယ့် ကြယ်ကြယ့်အစီစဉ်က လုံးဝ တိကျသေချာတဲ့အစီအစဉ်. . .၊ အားလုံးချောချောမွေ့မွေ့ပေါ့. . .။

ဒါပေမယ့်. . .

လူလုပ်လို့ဖြစ်လာမယ့် ကံကြမ္မာကရော မိုးဇက်ဘက်မှာရှိနေပါ့မလား၊ မနက်ဖြန်မှာ မိုးဇက်နဲ့ နရီခေတ်တို့ ကြယ်ကြယ်စီစဉ်ထားသလို ဆုံနိုင်ပါ့မလား. . .၊ သူတို့ကိုက အလွဲတွေနဲ့ ရင်းနှီးနေကျဆိုတော့လည်း. . .။

✠ ✠ ✠





"နှလုံးသားကို ချိန်ရွယ်ပြီး
တိကျသေချာတဲ့ ခါးတစ်ချောင်း
ပစ်ပေါက်လိုက်တယ်. . .။
ထိချက်ကိုမြင်လိုက်တော့မှ
ကိုယ့်ကိုယ်ကိုသိလိုက်တဲ့အဖြစ်. . .
ငါဟာ. . . ပစ်မှတ်လွဲတွေနဲ့ အသားကျနေကျ
ဆက်ကပ်ထဲက ခါးဝိဇ္ဇာ. . . "



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ပိုက်ဆံအိတ်ထဲမှာ ယဉ်မောင်းလိုင်စင်ရော၊ မှတ်ပုံတင်ရော အမြဲပါနေကျ၊ ကျွန်တော့်အတွက်မှတ်ပုံတင်အဆင်သင့်ပါလာပေမယ့် ခေတ်ရဲ့မှတ်ပုံတင်ကိစ္စ ဘယ်လိုလုပ်မလဲ. . .၊ ရထားလက်မှတ် ကြယ်ကြယ်ဝယ်ရင် ခေတ်ရဲ့ မှတ်ပုံတင်က ပြဿနာမဟုတ်လား ကြယ်ကြယ်"

မျက်မှောင်တွန့်ကွေး ရောစွက်လျက် ပြုံးထေ့အကြည့်နှင့် ကြယ်ကြယ်က သူ့ကိုကြည့်သည်။ လောကကြီးမှာ မင်းမသိသေးတာတွေ အများကြီးပါ မိုးဇက်ရယ်ဟူသော အဓိပ္ပါယ်မျိုးကို ကြယ်ကြယ်အကြည့်တွေထဲမှာ တွေ့လိုက်ရတော့ သူ့ကိုယ်သည် သေးကြုံ့သွားသည့်နှယ် ခံစားလိုက်ရသည်။ ကြယ်ကြယ်ကသူ့ပုခုံးကို အုပ်ကိုင်လိုက်ရင်းပြော၏။

"လောကကြီးမှာ တားမတိတေးတာတွေ အများကြီးပဲလို့တားတွေးနေတာမဟုတ်လား. . .၊ အဲလိုမထင်ပါနဲ့ မိုးဇက်ရယ်၊ မာကြယ်ပြောထားတယ်လေ၊ ညနေက ညိုမှိုင်းနဲ့ခေတ်နဲ့ မာကြယ့်ဆီလာတွားတယ်ဆိုတာ၊ တူတို့နှစ်ယောက်က မင်္ဂလာဆောင်ပြီး နှစ်ရက်လောက်





နေရင် ပေလီကို honey moon ပေါ့၊ ပျားရည်ဆမ်းခရီးထွက်ကြမလို့တဲ့၊ အဲဒါမာကြယ့်ကို လေယာဉ်လက်မှတ်လာစီစဉ်ခိုင်းတာ၊ ဒါကြောင့် ခေတ်လေးရဲ့မှတ်ပုံတင်က မာကြယ့်လက်ထဲမှာရှိပြီးတား၊ ခုကျ ညိုမှိုင်းကံဆိုးတွားပြီး တားအတွက် OK တွားတာပေါ့၊ ကျန်တာ ဘာမှမတွေးနဲ့တော့ တား"

"ကဲ နှစ်နာရီကျော်တွားပြီ၊ အချိန်မတေးတော့ဘူး၊ လေးနာရီလေးဆယ့်ငါးမှာ မာကြယ်ဘူတာကို ထတွားပြီး လက်မှတ်စီစဉ်ရမယ် ရထားလမ်းကတားတို့အတွက် အနှောင့်အယှက်မရှိနိုင်လို့ မာကြယ်က စီစဉ်လိုက်တာ တဘောပေါက်တယ်မဟုတ်လား တား၊ မာကြယ်လက်မှတ်စီစဉ်ပြီး ဘူတာကစောင့်နေမယ်၊ မာကြယ်တို့ အုပ်စုလိုက်ကြီးလူယောင်ပြထွက်လို့မရဘူး စောင့်ကြည့်နေတဲ့တူမရှိဘူး မတိနိုင်ဘူးလေ၊ ခြောက်နာရီမထိုးခင် ခေတ်လေးဘူတာရောက်လာမှာပဲ. . .၊ မိုးဇက် တားတို့လည်းခြောက်နာရီထိုးကာနီးရောက်အောင် လိုက်ခဲ့ကြ၊ ရထားက မနက်ခြောက်နာရီဆယ့်ငါးမှာထွက်မှာ၊ ကဲ. . . ဒီညတော့ ဒီမှာပဲဖြစ်တလိုအိပ်လိုက်ကြ၊ စားပွဲပေါ်မှာ နာရီရှိတယ်၊ နှိုးစက် Alarm ပေးထား၊ ကဲ. . . ကဲ. . . အိပ်ကြတော့ Good Night အဲ morning မောနင်းပေါ့. . .၊ မိုးဇက်. . ."

ပြောအပြီးမှာ မာကြယ်ထွက်သွားသည်။ အခန်းထဲမှာ သုံးဦးသားငေးကြောင် မျက်ဝန်းကိုယ်စီ တပ်ဆင်လျက်ကျန်ခဲ့၏။

မိုးဇက်. . .၊ ရွှေထွန်း နှင့် မျိုးဆွေသန်း. . .၊ တစ်ဦးချင်းစီ၏အတွေးတွေက မည်သို့ရှိနေပါမည်နည်း၊ ရှေ့ဆက်လာမည့်လုပ်ရပ်တွေကရော မည်သို့ဆက်ရှိနေပါလိမ့်မည်နည်း၊ အချိန်က ပန်းတိုင်ကိုရောက်လုဆဲဆဲအချိန်. . .၊ သည်အချိန်လေးအတွင်းမှာ မိုးဇက်လုပ်ရပ် တစ်ချက်တိမ်းစောင်းသွားခဲ့ပါလျှင်. . .၊ ရွှေထွန်း၏ လုပ်ရပ်တစ်ချက် ယိမ်းချော်သွားခဲ့ပါလျှင် မျိုးဆွေသန်း၏ အတွေးတစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



သွေလွဲသွားခဲ့ပါလျှင်. . .။

မိုးဇက်နှင့် နရီခေတ်တို့အနာဂတ်သည်. . .

✠ ✠ ✠

ချုပ်နှောင်ခြင်းလွတ်၍ စိတ်သည်ပေါ့ပါးသွား၍လားမသိ။ မျက်ခွံတွေမှာ မဟူရာကတ္တီပါပြည်ဖုံးကားလိပ်ကြီး လေးလေးအိအိ ပိကျလာသည်။ အာရုံမှာ မိုးတိမ်မဲတွေဖိအုပ်လိမ့်ကာ မိုက်ကနဲဖြစ်ဖြစ် သွားသည်။ သတိတစ်ချက်ထိမ်းလျက် စားပွဲပေါ်မှနာရီကို ယူလိုက်ကာ နှိုးစက်ကိုလှည့်သည်။ နံနက် ငါးနာရီနှစ်ဆယ်မိနစ်မှာ နှိုးစက်က ထမြည်ကာနှိုးလိမ့်မည်။

"မရတော့ဘူး ငါမှေးလိုက်ဦးမယ် အရမ်းအိပ်ငိုက်နေပြီ ရွှေထွန်းရာ. . .၊ ဘယ်လိုဖြစ်တာလဲမသိဘူး"

"ဘီ. . . ဘီ. . . ဘီ. . . ဘီ. . . ဘီယာတန်ခိုးလေ. . .၊ အိပ်. . . အိပ် အိပ်ချင်မှာပေါ့"

ရွှေထွန်းပြောသည်မှာဟုတ်သည်။ ဘီယာသောက်လိုက်မိ၍ ယခုလိုသွေးလေးကာ အိပ်ငိုက်ရခြင်းဖြစ်သည်။ နှစ်ယောက်ထိုင်ဆိုဖာ ကြီးပေါ် လှဲချလိုက်ပြီး ခဏမှာပင် သူအိပ်ပျော်သွားသည်။ ဘီယာ သောက်မိ၍ အိပ်ပျော်သွားသည့်အတွက် နံနက်ခင်းမှာ ချစ်သူနှင့် လွဲချော်ရမည့်သင်ခန်းစာတစ်ခု ရရှိတော့မည်ကိုသူမသိ၊ သူ ပင်ပန်း စွာ အိပ်ပျော်သွားတော့သည်။

ဤသည်မှာ မိုးဇက်၏ တိမ်းစောင်းသွားသောလုပ်ရပ်တစ် ချက် ဖြစ်ပါသည်။

✠ ✠ ✠





မျိုးဆွေသန်းသည် သည်ကနေ့ညမှာ ထူးဆန်းနေ၏။ ပရ လောကဝတ္ထုတွေကို ကောက်ပင်ကိုင်မကြည့်တတ်သောသူသည် ယခု တော့ စားပွဲပေါ်မှာတွေ့သော ပရဆန်းကြယ်ဝတ္ထုတစ်အုပ်ကို ဖတ် ကြည့်နေ၏။ ဘာလုပ်ရမည်မသိသော ရွှေထွန်းသည် မျိုးဆွေသန်း၏ ရှေ့ရောက်လာကာ စာအုပ်အဖုံးကို ငုံ့ဖတ်၏။

"စောက်. . . စောက်. . . စောက်ဂျမ်းကုန်း. . . ပပ်. . . ပပ် . . . ပပ်. . . ပပ်. . . ပပ်ကြား. . . လွင်ပြင်. . . ဖုတ်. . . ဖုတ်. . . ဖုတ်. . . ဖုတ်. . ."

မျိုးဆွေသန်း အာရုံနောက်သွားသည်။ စာဖတ်ရာမှ အကြည့် လွှဲကာ ရွှေထွန်းကို ခေါင်းခါလျက်ကြည့်သည်။

"ချိုးတဲ့မှပဲကွာ. . . ဇောင်ဂျမ်းကုန်းပတ်ကြားလွင်ပြင်မှ ဖုတ် တစ္ဆေရွာပါဟ၊ မင်းထစ်နေတာနဲ့ အယုတ္တအနတ္တထွက်တော့မှာပဲ၊ မင်းမအိပ်သေးဘူးလား. . . ရွှေထွန်း"

"ဂိမ်း. . . ဂိမ်း. . . ဂိမ်းဆော့မလို့ကွာ. . . ငါ့. . . ငါ့. . . ငါ့ဖုန်းက ဘက်. . . ဘက်. . . ဘတ္တရီကုန်သွားလို့. . . အား. . . အဲ . . . ရပြီ"

လက်ကနဲမျက်လုံးအကြည့်နှင့်အတူ ရွှေထွန်းက စားပွဲပေါ်မှာ ရှိနေသော မိုးဇက်၏ hand phone ကို ကောက်ယူလိုက်သည်။ ဂိမ်း ဆော့နေရမည်ဆိုလျှင် ထမင်းမေ့ဟင်းမေ့ အရာအားလုံးကိုမေ့တတ် သော ရွှေထွန်းသည် ခေါင်းထဲမှာဘာမျှမစဉ်းစားမိတော့. . .။ သည် လိုနှင့် အချိန်သည် မိနစ်လေးဆယ်ကို ကျော်လွန်သွား၏။ မိုးဇက်၏ hand phone သည် ရွှေထွန်း၏ ဂိမ်းအဆော့ကောင်းမှုကြောင့် Battery အားနည်းလာကာ အားကုန်သွား၏။ Battery အားကုန်သွားတော့ ရွှေထွန်းလည်း ဖုန်းကို စားပွဲပေါ်ပြန်တင်လိုက်သည်။ မိုးဇက်၏ hand phone မှာ power အော်တိုပိတ်သွားပြီ။ နံနက်စောစောမှာ ခေတ်



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်လာပါလျှင် ဆက်သွယ်မရဖြစ်တော့မည်ကို ရွှေထွန်း ခေါင်းထဲမှာရှိမနေပါ။

ဤသည်မှာ ရွှေထွန်း၏ ယိမ်းချော်သွားသော လုပ်ရပ်တစ်ချက်ဖြစ်ပါသည်။

✠ ✠ ✠

အမှားယွင်းဆုံးသောအတွေးတစ်ခု ခေါင်းထဲထည့်လိုက်သူမှာ မျိုးဆွေသန်းဖြစ်သည်။ "ဇောင်ဂျမ်းကုန်းပတ်ကြားလွင်ပြင်မှ ဖုတ်တစ္ဆေရွာ" သည် သူ့ခေါင်းထဲမှာရှိမနေ။ အနုပညာသမားဆိုတော့ သူများတွေထက် ခံစားချက်ပြင်းသည်။ မျိုးဆွေသန်းသည် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသော မိုးဇက်ကိုကြည့်ကာ တွေးနေသည်။ သူ့အတွေးသည် ဟိုဘက်သည်ဘက်လွန်းထိုးယိမ်းခုန်နေ၏။

(မနက်ခင်းမှာ ချစ်သူနဲ့တွေ့ပြီး တစ်ဘဝလုံး လက်တွဲလျှောက်ကြမယ့်အရေးမှာ ဒီလိုအချိန် အိပ်ပျော်နေတဲ့မိုးဇက်ကို အံ့သြတယ်ကွာ၊ ခေတ်က သူ့ကို ပါးရိုက်ပြီးတဲ့နောက်မှာ ဒီကောင်က ပျော်ပျော်ပဲ ငါတို့နဲ့အတူ ဟီးဟားတိုက်နေခဲ့တာပဲ၊ သူ့ရင်ဘတ်ထဲမှာ ခေတ်ကို ထုတ်ပစ်လိုက်ပြီလို့ သူပဲကြွေးကြော်ခဲ့တာပဲ၊ မနေ့ညကမှ ကောက်ကာငင်ကာကြီး ရင်ဘတ်ကိုဖွင့်ပြလို့. . .။ သံသယဝင်စရာပဲ။ မိုးဇက် သူငယ်ချင်းရေ. . . မင်း ခေတ်ကို တကယ်ချစ်တာမှဟုတ်ရဲ့လား၊ မင်းသာ ခေတ်ကို တကယ်ချစ်တာမဟုတ်ဘူးဆိုရင် ငါတို့ တစ်သက်လုံး တနုံ့နုံ့ခံစားရမှာပဲ သူငယ်ချင်း)

မျိုးဆွေသန်း၏အာရုံမှာ ညီမိုင်းသည်ဝင်ရောက်လာပြန်၏။

(ကိုညီမိုင်းဟာ ခေတ်ကို အရူးအမူးချစ်ရှာတာပါလား၊ ခေတ်သာ မိုးဇက်နောက်ကိုလိုက်သွားရင် မင်္ဂလာပွဲမှာ ဂုဏ်သရေရှိလူကြီး





တွေကို သူ ဘယ်လိုရင်ဆိုင်မျက်နှာပြမလဲ၊ အဲဒါဟာ သူ့လိုလူတစ်ယောက်ရဲ့ဂုဏ်သိက္ခာကို ဇီးရိုးထိချပစ်လိုက်တာပဲ၊ နောက်ပြီး မင်္ဂလာပွဲအတွက် သူကုန်ကျထားတဲ့ငွေကြေးပမာဏ. . . အဲဒါတွေကို ငါတို့နှလုံးသားထဲက delete လုပ်ပြီး ဖျက်ချပစ်လိုက်ရင် ငါတို့ တရားမျှတပါ့မလား၊ ဘဝရဲ့စာမျက်နှာတွေ ညစ်ထေးစွာရေးကြရမှာလား)

မဟော်သဓာလည်းမဟုတ် ခိုင်ဖုန်းတရားသူကြီးပေါင်ချိန်လည်းမဟုတ်ပါပဲနှင့် နှလုံးသားလူတတ်ကြီးလုပ်ကာ မျိုးဆွေသန်းသည် သူ၏ ဟိုဘက်ရောက်လိုက်သည်ဘက်ရောက်လိုက် ယိမ်းခုန်နေသော စိတ်ကို လိပ်ပြာသန့်စွာ ပိုင်းဖြတ်ပစ်လိုက်၏။

ပထမ. . . မိုးဇက်အတွက် စာတစ်စောင်ရေးသည်။

ဒုတိယ. . . စားပွဲပေါ်မှနာရီကိုယူသည်။ နှိုးစက်ထအော်မည့်အချိန်ကို နံနက်ငါးနာရီငါးဆယ့်ငါးမိနစ်သို့ ရွှေ့ပစ်လိုက်၏။ ပြီးတော့ နာရီကို စာရွက်ပေါ်ဖိလိုက်သည်။

နံနက်လေးနာရီထိုးနေပြီ. . .။ နောက်ထပ် လေးဆယ့်ငါးမိနစ်ဆိုလျှင် ကြယ်ကြယ် ဘူတာသို့ထသွားတော့မည်။ သူ ကြယ်ကြယ်နှင့်အတူထွက်လိုက်ကာ တစ်နေရာသွားရှောင်နေလိုက်မည်။ အိပ်ပျော်နေသော သူငယ်ချင်းနှစ်ယောက် မနိုးခင်ပေါ့. . .။ အတွေးနှင့် မျိုးဆွေသန်း သက်ပြင်းချသည်။

ဤသည်မှာ မျိုးဆွေသန်း၏ သွေလွဲသွားသော အတွေးတစ်ချက်နှင့် လုပ်ရပ်တစ်ချက်ဖြစ်ပါသည်။

✠ ✠ ✠

"ဒီမှာ. . . သတို့သမီးကို ဆံထုံးထုံးရင် ခေါင်းလျှော်လို့ဖြစ်ဘူးဗျ၊ ကျွန်တော့်တူမက ဟဝ့ါဖြစ်နေလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . . ဟဝ့ါလဲ"

အလှပြင်သော မိတ်ကပ်ဆရာမက မိုးမြင့်ခေတ်ကို မျက်မှောင်ကြုံ့လျက်မေးတော့ ဦးမိုး ခေါင်းကုတ်နေပုံကိုကြည့်ကာ ခေတ် စိတ်ညစ်သွားသည်။

"ဟဝ့ါဆိုတာ ဟဝ့ါပေါ့ဗျ. . . ရှင်းတယ်နော်"

"မောင်လေးရယ်. . . နင့်မလဲ ဒုက္ခပါပဲ၊ ငါတို့မိန်းမတွေကိုစွ ငါတို့သိပါတယ်၊ နင်က နေရာတကာဝင်ပါနေပြန်ပြီ၊ ကဲ. . . ကဲ. . . ပြန်တော့"

"ကျွန်တော်က စိုးရိမ်လို့ပါမမလတ်ရာ၊ ဩော်. . . တူမခေတ်ရော့. . . နင့်ဖုန်း"

မိုးမြင့်ခေတ်က တူမချောကို ဖုန်းပြန်ပေးသည်။ ခေတ် ခေါင်းခါ၏။

"အဲဒီဖုန်း တစ်သက်လုံးပြန်မယူတော့ဘူး၊ Reception ပြီးတာနဲ့ ကိုညိုမှိုင်းကို hand phone နှစ်လုံး တစ်ခါတည်းလိုက်ဝယ်ခိုင်းပြီး ဦးမိုးရှေ့မှာ ကိုင်ပြမယ်"

ခေတ်၏ အယုံသတ်စကားကို အဟုတ်မှတ်ကာ မိုးမြင့်ခေတ် သဘောကျသွားသည်။ ခေါင်းတညိတ်ညိတ်နှင့်ပြုံးရယ်ရင်း အလှပြင်ဆိုင်ထဲမှ ထွက်သွားတော့သည်။ ဆိုင်ထဲမှာ အန်တီလေးနှင့် ရွှေကြိုင် ရှိနေသေးသည်။ အန်တီလေးကို ဘယ်လိုပ,ထုတ်မည်ကို ခေတ် စဉ်းစားကြည့်နေသည်။ မိတ်ကပ်ဆရာမက မိတ်ကပ်ကို foundation စပြီး လိမ်းချယ်နေပြီ။ ခေတ် ငြိမ်သက်နေ၏။

"အန်တီလေး. . . ရွှေကြိုင်ကိုခေါ်ပြီး အိမ်ခဏပြန်လို့ရမလားဟင်"

ခေတ်စကားကြောင့် ဒေါ်စန္ဒီခေတ် ဆက်တီမှာ မှိန်းနေရာမှ မျက်လုံးကျယ်သွားကာ ထလာသည်။





"ဘာလဲ ခေတ်လေး၊ ဘာမေ့ကျန်ခဲ့လို့လဲ"

"underwear အဲ. . . ဘောင်းဘီအသစ်၊ ခေတ်ရဲ့ဘီဒိုထဲမှာ အလယ်ထပ်မှာ ရွှေကြိုင်သိတယ် အန်တီလေး၊ အဲဒါထက် အရေးကြီးတာက ရင်ထိုးလေ၊ စိန်တွေစီထားတဲ့ ဇာမဏီရုပ်လေးနှစ်ကောင်လေ အဲဒါလေးထိုးချင်လို့"

"ဖြစ်ရပြန်ပြီ၊ ဟိုရက်က ဆိုင်မှာပြတုန်းကတော့ မကြိုက်ဘူးတဲ့၊ တော်သေးတာပေါ့၊ ပစ္စည်းက အိမ်ပြန်သယ်လာတာမို့လို့"

"အဲဒီမှာ ချိတ်ထားတဲ့ wedding dress ကိုကြည့်လိုက်လေ၊ ရင်နေရာမှာရှင်းနေတယ်၊ အဲဒီရင်ထိုးလေးနဲ့ဆို တူမခေတ် အရမ်းကြွားသွားမှာနော်"

ဒေါ်စန္ဒီခေတ် သတို့သမီးဝတ်စုံဂါဝန်ကြီးကိုကြည့်ရင်း ပြုံးသွားသည်။ အစတည်းက ငါပြောခဲ့သားပဲဟူသော ဆရာမကြီးလေသံနှင့် အပြုံးဖြစ်သည်။ ပြီးတော့ အိမ်ဖော်ကောင်မလေးကိုနှိုးလိုက်သည်။

"ဟဲ့. . . ရွှေကြိုင်. . . ထဦး၊ ငိုက်မနေနဲ့ဦး၊ ငါတို့ အိမ်ခဏပြန်ရအောင်"

"ဖြည်းဖြည်းလည်းသွားပါ အန်တီလေးရယ်၊ အဲဒါက နောက်ဆုံးမှတပ်ရမှာပါ၊ အေးဆေးရတယ်ရယ်"

အန်တီလေးက ရွှေကြိုင့်ကိုခေါ်ကာ ကားကိုမောင်းထွက်သွားသည်။ ခေတ်ရင်ထဲမှာအခုမှပေါ့ပါးသွားသည်။ မိတ်ကပ်ဆရာမလောက်ကတော့ ခေတ် အသာလေးလှည့်လို့ရပြီလေ. . .။ ခေတ်၏မျက်နှာလေး ညှိုးသွားသည်။

"နှုတ်ခမ်းနီမဆိုးခင်မှာ မုန့်ဟင်းခါးစားချင်တယ်၊ ငရုပ်သီးစပ်စပ်လေး၊ သူတို့ပြန်ရောက်မလာခင်စားချင်တာ၊ သူတို့က ခေတ်ကို မုန့်ဟင်းခါးမစားရဘူးတဲ့၊ ခေတ်က မုန့်ဟင်းခါးသိပ်ကြိုက်တာ၊ အဲဒါလေး စားပါရစေနော်၊ ဒီနားမှာ မုန့်ဟင်းခါးဆိုင်ရှိလားဟင်၊ အမြန်စား



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြန်လာခဲ့ပါမယ်"

မိတ်ကပ်ဆရာမသည် ခေတ်၏မျက်နှာလေးကို ငေးကြည့်နေ၏။ ကြည့်ပါဦး. . .။ အပြစ်ကင်းလိုက်တဲ့မျက်နှာလေး. . .။ လူတွေအလှစုံကြား ဟန်ဆောင်ပြုံးရယ်မှုတွေကြား ရောက်မသွားခင်မှာကလေးမ သူစားချင်တာလေးစားပါစေလေ. . .။

"ဒီလမ်းထိပ်မှာရှိတယ်၊ အခုစောကြီးထွက်တာ၊ မြန်မြန်တော့ပြန်လာခဲ့နော်"

"ဟား. . . ကျေးဇူးနော်၊ သူတို့ပြန်ရောက်လာရင် တိုင်မပြောရဘူးနော်"

"မတိုင်ပါဘူးကွယ်၊ စိတ်ချပါ၊ မြန်မြန်သာပြန်လာခဲ့၊ မဝေးဘူး၊ နီးနီးလေးရယ်"

သူမသည် ခေတ်မုန့်ဟင်းခါးဆိုင်သို့ သွားနေသည်ကို ဆိုင်ပေါက်မှရပ်ကြည့်နေ၏။ ခေတ် မုန့်ဟင်းခါးဆိုင်ရှေ့ရောက်မှ သူမ ဆိုင်ထဲပြန်ဝင်သွားသည်။ ခေတ်သည် မုန့်ဟင်းခါးဆိုင်ရှေ့မှာမရပ်ပါ။ လမ်းတစ်ဘက်သို့ ဖြတ်ကူးလိုက်၏။

လမ်း၏ဟိုဘက်မှာ တီတီကြွယ် စီစဉ်ထားသော အဖြူရောင်ကာကအင်္ဂါးကားလေးက အသင့်စောင့်နေသည်။ ၎င်းကားလေးမှာ မိုးဇက်ကိုလိုက်ပို့ဖူးသော ထွေးကို၏ကားဖြစ်၏။

✠ ✠ ✠

"အဲဒီတုန်းက ကိုမိုးဇက် တအားပြာနေတာဗျ၊ သူက ဆေးလိပ်မီးကြောင့် အစ်မလေးရဲ့ကား မီးလောင်မှာကို စိုးရိမ်ပြီးလိုက်တာ၊ အဲဒီတုန်းက သူ့ကိုကြည့်ပြီး စိတ်မောလိုက်တာ၊ ရယ်ရတယ်၊ ကျွန်တော့်ကားဆီလည်း ပြန်ရောက်ရော အကျီတုံးလုံးကြီးနဲ့၊ ကျွန်တော့်မှာ အပြစ်လည်း





မရှိဘဲနဲ့တဲ့၊ လူလည်ခေါင်မှာ ပါးရိုက်တာခံလိုက်ရတယ်၊ ရှက်လိုက်တာဗျာ. . . တဲ့ ဟား ဟား"

ကာကအင်္ဂါးကားမောင်းသော ဒရိုင်ဘာပြောလိုက်သည့်စကားက ခေတ် ဘူတာထဲခြေချလိုက်သည့်တိုင် အာရုံမှာကပ်ပါလာသည်။ ခေတ်နှင့်မိုးဇက်က သည်လိုပါပဲ။ ကံကြမ္မာကိုက တော့တွေ့ပြီးလွဲစေခဲ့တာလေ၊ မိုးဇက်ရယ်. . . နင်နဲ့ငါ နောက်ဆို ဘယ်လိုမှမလွဲနိုင်တော့ပါဘူး ငါ အခု ဘူတာထဲကိုရောက်လာပါပြီဟာ. . .။

"လာ. . . လာ. . . ခေတ်လေး. . . ဒီမှာ ရထားလက်မှတ် တီတီကြွယ်အဆင်တင့်လုပ်ထားတယ်"

ဘူတာထဲမှာ တီတီကြွယ့်ကို အသင့်တွေ့လိုက်ရတော့ ခေတ်အားရှိသွားသည်။ သည်လိုကျတော့လည်း လောကကြီးက ပီတိဖြစ်စရာပါပဲ။ ဒါပေမယ့် ဘသားချောက ခုထိရောက်မလာသေးပါလား။ နာရီကိုကြည့်လိုက်တော့ ငါးနာရီလေးဆယ်။ တီတီကြွယ်က အားပေးသည်။

"မိုးဇက် ရောက်လာတော့မှာပါ။ ခေတ်လေး တီတီကြွယ့်ကို ဖုန်းပေး. . . တီတီကြွယ် ဖုန်းခေါ်လိုက်မယ်"

တီတီကြွယ် မိုးဇက်ဆီသို့ ဖုန်းခေါ်လိုက်သည်။ သည်မှာပင် တိကျပါသည်ဆိုသော ဒီဂျစ်တယ်စနစ်၏ မတိကျမှုကို ခံစားလိုက်ရသည်။ ဘတ္တရီအားကုန်၍ အော်တိုပိတ်သွားခြင်းကို စက်ပိတ်ထားသည်ဟု ဖုန်းက ပြန်ဖြေသည်လေ။ တီတီကြွယ် မျက်မှောင်လေးတွန့်တွေသွားသည်။

"စက်ပိတ်ထားတယ်. . . တဲ့၊ မဟုတ်တာ. . . ဒီအချိန်မျိုးမှာ ဘာလို့ စက်ပိတ်ထားရတာလဲ. . . ဪ. . . နေဦး. . . ရွှေထွန်းဆေးဟာလဝါလေးဆီ တီတီကြွယ်ဆက်ကြည့်ဦးမယ်"

ရွှေထွန်းဆီဖုန်းဆက်တော့လည်း ထိုနည်းလည်းကောင်းပါပဲ။ ရွှေထွန်းဖုန်းကလည်း battery အားကုန်နေသည်လေ။ တီတီကြွယ် မသိ



www.burmeseclassic.com

www.burmeseclassic.com



မသာ မျက်နှာပျက်စပြုလာသည်။

"မဟုတ်သေးပါဘူး၊ ဒီတစ်ယောက်ကလည်း စက်ပိတ်ထားတယ်တဲ့၊ ဒီအချိန်ဟာ ဖုန်းတွေစက်ပိတ်ထားရမယ့်အချိန်မှမဟုတ်တာ၊ အဲ. . . နေဦး. . . တစ်ယောက်ကျန်သေးတယ်၊ မျိုးဆွေတန်းလေ"

မျိုးဆွေသန်းကတော့ ဖုန်းဖွင့်ထားသည်။ ဒါပေမယ့် မျိုးဆွေသန်း၏အဖြေက ကျေနပ်လောက်စရာမရှိ။

"ကျွန်တော်က မာကြယ်နဲ့အတူထွက်လာတာပဲလေ၊ မိုးဇက်နဲ့ ရွှေထွန်း မာကြယ့်အိမ်မှာ ကျန်နေခဲ့တာပဲ၊ ရထားမထွက်ခင်ထိ မိုးဇက်ရောက်မလာဘူးဆိုရင်တော့ သူတို့ကံပဲပေါ့၊ ဖူးစာပါရင်တော့ သူတို့နှစ်ယောက်ပေါင်းရမှာပါ"

"အင်. . . ဘာလဲ. . ဘယ်လိုကြီးလဲတား. . ဘာအစီပွာယ်"

"ကံကြမ္မာပဲပေါ့ မာကြယ်၊ ဒါဟာ လူလုပ်တဲ့တံကြမ္မာပါ၊ ရထားမထွက်ခင်ထိ မိုးဇက်ရောက်မလာဘူးဆိုရင်တော့ သူတို့နှစ်ယောက် ဒီဘဝမှာ ရေစက်မရှိကြလို့ လို့ မာကြယ်သဘောပေါက်လိုက်ပါ. . .၊ ကျွန်တော် ဒါပဲပြောပါရစေခင်ဗျာ"

မျိုးဆွေသန်း ဖုန်းပိတ်သွားသည့်တိုင် ကြယ်ကြယ်သည် ဖုန်းကိုကိုင်လျက် ငေးကြောင်နေဆဲ။ ကြယ်ကြယ် ဘာလုပ်ရမည်မသိဖြစ်သွားသည်။ မျိုးဆွေသန်း၏အဖြေသည် ခေတ်အတွက် သွေးပျက်သွားစေလောက်သည့် စဉ်းစားစရာတွေ ပြည့်သိပ်နေသည်။ ခေတ်ရင်သည် တလှပ်လှပ်ဖြစ်လာကာ မျက်ဝန်းမှာ မျက်ရည်စတွေသီဝေ့လာ၏။

"တီတီကြယ့်အိမ်မှာ ဖုန်းရှိတယ်လေ၊ အိမ်ဖုန်းကို ဆက်ကြည့်ရင်ကော"

ခေတ်၏ မဝံ့မရဲအမေးကြောင့် ကြယ်ကြယ် ခေါင်းခါသည်။

"ညရှစ်နာရီကနေ မနက်ရှစ်နာရီထိ အိမ်ဖုန်းက ပလပ်ဖြုတ်ထားတယ်။ အဲဒါကိုတော့ ဆက်လို့ရမှာမဟုတ်ဘူး၊ ဒုက္ခပါပဲ၊ ဒီအတိုင်း





ဆို အဆက်အသွယ်ပြတ်တွားပြီ. . .။ မိုးဇက်. . . မိုးဇက်. . . ဘာတွေလုပ်နေတာလဲတားရယ်"

ခေတ်၏မျက်ဝန်းမှာ မျက်ရည်ချောင်းလေးစီးကျလာသည်။ ရင်မှာ တဆစ်ဆစ်နှင့်သက်ကြေလှိုက်လာသည်။

"သူ လာမှာမဟုတ်တော့ပါဘူး တီတီကြယ်၊ ခေတ် သဘောပေါက်ပါပြီ၊ သူဟာ အဲလိုပါပဲ၊ ဒါဟာ သူ ခေတ်ကို တမင်ချိုးလိုက်တာပါ၊ ဒါပေမယ့် ခေတ် သူ့ကို စိတ်မဆိုးပါဘူး တီတီကြယ်ရယ်"

ကြယ်ကြယ်သည် ခေတ်၏လက်ကလေးကို ဆုပ်ကိုင်လိုက်၏။

"မဟုတ်ဘူး. . . အဲလိုမဖြစ်စေရဘူး ခေတ်လေး၊ တူ အဲလိုလုပ်လို့မရဘူးလေ၊ တူ အဲလိုလုပ်လို့ကတော့ တီတီကြယ် တူ့ကို အတေတတ်ပစ်မှာပေါ့၊ အတက်ချင်းလဲပစ်လိုက်မယ်၊ အခြေအနေက မထင်မှတ်တာဖြစ်လာခဲ့ပြီ၊ ဒါပေမယ့် ပွဲပြီးအောင်တော့ တီတီကြယ်တို့ စောင့်ကြည့်ရအောင်နော်၊ ရထားမထွက်ခင်ထိ တီတီကြယ်တို့ မိုးဇက်ကို စောင့်ကြတာပေါ့ခေတ်လေးရယ်၊ တီတီကြယ် အာမခံရနေပါတယ်၊ မိုးဇက်ဘူတာကို မရောက်ရောက်အောင်ရောက်လာမှာပါ၊ တည်းခံနော် ခေတ်လေး"

ခေတ် နှုတ်ခမ်းပါးလေးကို တင်းတင်းဖိကိုက်ထားသည်။ သက်ပြင်းချသည်။ နုသက်သောကောင်မလေး၏ နှုတ်ခမ်းမှ ပြတ်သားသောစကားတွေ ဖိတ်ကျလာ၏။

"ရပါတယ် တီတီကြယ်၊ ခေတ် ခြောက်နာရီဆယ်မိနစ်ထိ စောင့်ပေးပါ့မယ်၊ အဲဒီအချိန်ထိမှ မိုးဇက်ရောက်မလာရင်တော့ ခေတ်အလှပြင်ဆိုင်ကိုပြန်သွားမယ်၊ ကိုညီမှိုင်းနဲ့ လက်ထပ်လိုက်ပါတော့မယ်"

အကယ်၍များ မိုးဇက်သာ ခြောက်နာရီဆယ့်ငါးမိနစ်မှာ ရောက်လာခဲ့ပါလျှင်. . .၊ ငါးမိနစ်ဆိုသော အချိန်ကလေးသည် သူတို့နှစ်ဦးအား တစ်ဘဝလုံး ဝေးကွာသွားစေပါလိမ့်မည်။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com



နာရီနှိုးစက်သံ၏ ဆူညံလှုပ်နှိုးမှုကြောင့် မိုးဇက် မျက်လုံးနှစ်လုံး ဖြတ်ကနဲနိုးလာသည်။ ရွှေထွန်းလည်း အိပ်ပျော်နေရာမှ ငေါက်ကနဲ ထထိုင်လိုက်သည်။ မိုးဇက်က နာရီနှိုးစက်ကို ယူအပိတ်မှာ မျိုးဆွေသန်း၏စာကို တွေ့သွားသည်။ မိုးဇက် ကောက်ယူဖတ်လိုက်၏။

*မိုးဇက် . . .*

*ဒီလိုအခြေအနေမှာ အိပ်ပျော်နိုင်တဲ့အတွက် မင်းရဲ့အချစ်ကို ငါ အံ့သြတယ်၊ သံသယဝင်တယ်၊ ကိုညိုမှိုင်းဘက်ကို ငါစဉ်းစားတယ်၊ သူ့ရဲ့ဂုဏ်သိက္ခာ၊ မင်္ဂလာပွဲအတွက် ကုန်ကျစားရိတ်၊ ဒါတွေကိုစဉ်းစားပြီး နာရီနှိုးစက်ကို ငါနောက်ဆုတ်လိုက်တယ်၊ ငါလုပ်တာ တရားမျှတပါတယ်၊ မင်းအတွက် မိနစ်နှစ်ဆယ် အချိန်ပေးလိုက်တယ်၊ ဘူတာကို အမြန်ပြေးပေတော့. . .။ ဖူးစာပါရင်တော့ မင်းနဲ့ နရီခေတ် ပေါင်းရမှာပါ. . .*

*မျိုးဆွေသန်း*

စာရွက်ကိုဖတ်လျက် မိုးဇက် ပါးစပ်အဟောင်းသားဖြစ်သွားသည်။ သတိတစ်ချက်ဝင်လိုက်သည့်အတွက် hand phone ကို ကောက်ဆက်သည်။ ဖုန်းက ဆက်မရတော့ battery အားကုန်နေပြီ။

"ပြဿနာပဲ ရွှေထွန်း၊ ငါ့ဖုန်း ဘတ္တရီအားကုန်သွားပြီ၊ မင်းဖုန်းပေးစမ်း၊ ငါ ခေတ်ဆီဖုန်းဆက်မှဖြစ်မယ်"

"ငါ့. . . ငါ့. . . ငါ့ဖုန်းလည်း. . . အား. . . အား. . . အား. . . ကုန်နေတယ်"

မျိုးဆွေသန်း၏စာကိုယူဖတ်လျက် ရွှေထွန်း မျက်နှာကြီးရဲသွားသည်။ ရွှေထွန်း 'တက်'ခေါက်သည်။





"တောက်. . . ဒီ. . . ဒီ. . . ဒီကောင်. . င. . . င. . . ငကျောင်း. . . ဘာ. . . ဘာ. . . ဘာကြောင်တာလဲ၊ မင်း. . . မင်း. . . မင်းတို့လွဲလို့ကတော့ ဒီ. . . ဒီကောင်. . . တ. . . တစ်သက်လုံး လူညွှန့်တုံးအောင်. . . သူ. . . သူ့ဟာထိပ်ကို. . . ငါ. . ဓါးနဲ့ ဖြတ်. . . ဖြတ်ပစ်မယ်၊ လက်. . . လက်ညှိုးကို. . ဒါ. . . ဒါမှ၊ ကွန်. . . ကွန်ပျူတာ. . . နှိပ်လို့မရမှာ"

မိုးဇက် ဝုန်းကနဲထလိုက်ကာ ရွှေထွန်းကိုဆွဲခေါ်လိုက်သည်။

"ငါတို့ ဘူတာကို အမြန်ဆုံးလိုက်ကြရအောင်၊ ဘယ်လမ်းက အမြန်ဆုံးရောက်နိုင်မလဲ။ လာ. . . သွားကြရအောင်၊ ကားကို မင်းမောင်းခဲ့. . .၊ ငါ ဘယ်လိုမှမောင်းလို့ရမှာမဟုတ်ဘူး၊ အရမ်းစိတ်လှုပ်ရှားနေပြီ ရွှေထွန်း၊ ဘုရားသိကြားမလို့ ဘူတာမှာ ခေတ်ကို ငါ မီပါစေ၊ တွေ့နိုင်ပါစေ. . . ရွှေထွန်းရယ်"

ဒါပေမယ့်. . . သွားရမယ့်ခရီးအကွာအဝေးက အချိန်ကိုက်ကွက်တိကြီး၊ မင်း ဘယ်လိုမှ မမီနိုင်ပါဘူး မိုးဇက်ရေ. . .။

✠ ✠ ✠

မျိုးဆွေသန်းဆီသို့ ဖုန်းဝင်လာသည်။ ကြယ်ကြယ့်ဆီမှဖြစ်မည်ထင်၏။ ကြည့်လိုက်တော့မဟုတ်။ ညိုမှိုင်း၏ဖုန်းနံပါတ်ဖြစ်နေသည်။ စောစောစီးစီး ထူးထူးဆန်းဆန်းပါလား. . .။

"ဟယ်လို. . . ကိုညိုမှိုင်းလား"

"ဟုတ်တယ်. . . ဆရာကျောင်း၊ ဆရာကျောင်း အခုဘယ်မှာလဲ"

"အိမ်မှာပဲလေ. . ဘာဖြစ်လို့လဲ"

"ဆရာကျောင်းသူငယ်ချင်းရော. . .၊ မိုးဇက်ဆိုတဲ့ကောင်လေ၊



www.burmeseclassic.com

www.burmeseclassic.com



သူ. . . ဘယ်မှာရှိလဲ"

"အာ. . . အဲဒါတော့ ကျွန်တော် ဘယ်သိမလဲဗျာ. . .၊ သူ့အိမ်မှာပဲ နေမှာပေါ့. . . ဘာဖြစ်လို့လဲ"

"ဟုတ်ရဲ့လားဗျာ၊ ဆရာကျောင်းနဲ့ အတူရှိနေတာမဟုတ်လား"

"မရှိပါဘူးဗျာ၊ ကျွန်တော်က အိမ်မှာပါ၊ ခင်ဗျားအိမ်နဲ့ ကျွန်တော့်အိမ် ဘာမှမဝေးပါဘူး၊ ခင်ဗျား လာကြည့်လှည့်လေ"

"ဒါဆို အခု မိုးဇက်ဘယ်မှာရှိလောက်လဲ၊ အော်ဇီကြွယ်ကြွယ်ရဲ့အိမ်မှာတော့ ဘာအရိပ်အယောင်မှ မတွေ့ရဘူးဗျ"

မျိုးဆွေသန်း သဘောပေါက်လိုက်သည်။ ပြုံးလိုက်မိ၏။ သည်လူ စားရကာနီးထမင်းလုတ် ပုတ်ချခံရမည်ကို သွေးပျက်အောင်ကြောက်နေပြီထင်၏။ သူ့ကိုပါ မယုံသင်္ကာဖြစ်နေပုံရသည်။ သည်လိုမျိုးလှမ်းထောက်နေသည်ကိုတော့ ဘဝင်မကျမိပါ။

"ခင်ဗျား ဘာဖြစ်နေတာလဲ၊ ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်းပြောပါလား ကိုညိုမှိုင်း၊ ဘာဖြစ်လို့ မိုးဇက်ကိုမေးနေရတာလဲ"

ညိုမှိုင်းမဖြေ. . .။ ငြိမ်သက်နှုတ်ဆိတ်နေသည်။ မျိုးဆွေသန်း ပြုံးလိုက်မိသည်။

"စိတ်မပူပါနဲ့ဗျာ၊ အရာအားလုံးဟာ တရားမျှတစွာနဲ့ဖြစ်သွားမှာပါ၊ အဲ. . . မေတ္တာတရားနဲ့ပတ်သက်လို့ပေါ့၊ ခင်ဗျားဘက်က ဒီလောက်ကြီး ငွေကြေးကုန်ကျစိုက်ထုတ်ထားရတဲ့အကျိုးကို ခင်ဗျား ခံစားရမှာပါ"

"ဗျာ. . . အဲလိုကြီးလား. . . အဲလိုကြီးဖြစ်သွားမှာလား"

"အသေအချာပါပဲ၊ သိပ်သေချာတာပေါ့ဗျာ၊ မင်္ဂလာပွဲအတွက် ခင်ဗျား ဘယ်လောက်ရင်းနှီးကုန်ကျထားရတယ်ဆိုတာ ကျွန်တော် သိတာပေါ့၊ အဲဒီအကျိုးကို ခင်ဗျား သေချာပေါက်ခံစားရမှာပါ ကိုညိုမှိုင်း၊ ကျွန်တော်ပြောသလို လုံးဝဖြစ်လာစေရမယ်. . . ဟား ဟား ဟား"





"မဖြစ်ရဘူး. . . ခင်ဗျားပြောသလို မဖြစ်ရဘူးဗျာ"

"ဖြစ်ပါတယ်. . . လုံးဝသေချာပေါက် အဲလိုဖြစ်စေရမယ်၊ ပါး ရိုက်ကြေးလောင်းမလား"

"ဆ. . . ဆရာကျောင်း. . . အဲလိုမလုပ်ကြပါနဲ့ဗျာ၊ တောင်းပန်ပါတယ်၊ ကျွန်တော်မှားပါတယ်၊ ဒီအခြေအနေရောက်မှတော့ ကျွန်တော့်ကိုခွင့်လွှတ်ပေးပါ၊ ရှိခိုးပါရဲ့ဗျာ"

စကားက ဘာအဓိပ္ပါယ်လဲ၊ မျိုးဆွေသန်းခေါင်းထဲမှာ ပဟေဠိတွေ တိုးခွေ့ဝင်ရောက်လာကာ မျက်မှောင်ကြုံ့သွားသည်။

"ခင်ဗျားသိတဲ့အတိုင်းပဲ၊ ဦးမိုးမြင့်ခေတ်က ငကြောင်ကြီးလေ၊ ကျွန်တော်က စီးပွားရေးသမားဆိုတော့ ကျွန်တော့်အရင်းအနှီး ပဲ့သွားမှာစိုးလို့ မင်္ဂလာပွဲကုန်ကျစားရိတ်ကို အစ်ကိုကြီးမိုးမြင့်တို့ဘက်က ထုတ်ပါလို့ပြောကြည့်တာ သူတို့ လက်ခံခဲ့လို့ပါ၊ ခေတ်လိုလှပတဲ့ကောင်မလေးကို တစ်ပြားမှမကုန်ဘဲ အလကားရလိုက်တယ်၊ သူတို့ဘက်က လက်ဖွဲ့မှာနဲ့ ကျွန်တော့်မှာ အမြတ်ချည်းပဲလေ၊ ကျွန်တော်မှားပါတယ်၊ ဒီကရှေ့မှာ ချော်လဲရောထိုင်ပြီး လျော့ကြုံစီးတဲ့ ကျွန်တော့်အကျင့်ကိုပြင်ပါ့မယ်၊ ဆရာကျောင်းပြောသလို မင်္ဂလာပွဲအတွက် ကျွန်တော်ကုန်ကျထားတဲ့အကျိုးအတိုင်း ကျွန်တော်ခံစားရမယ်ဆိုတာကြီး မကြားပါရစေနဲ့၊ အဲလိုမဖြစ်ပါစေနဲ့ဗျာ၊ ဆ. . . ဆရာကျောင်း. . . စကားပြန်ပြောပါဦးဗျာ"

မျိုးဆွေသန်း ဖုန်းကိုကိုင်လျက် တောင့်တောင့်ကြီးမှင်သက်ငေးကြောင်သွားသည်။ မှားသွားပြီ. . . သူ လုံးဝမှားယွင်းသွားခဲ့ပြီ။ တစ်ပြားကို နှစ်ပြားဖြစ်အောင်ခွာတတ်သော ဂဏန်းတွက်စက်ကြီး ဖုံးလွှမ်းနေသည့် စီးပွားရေးသမား၏နှလုံးသားအား ကိုယ်ချင်းစာလျက် အနုပညာနှလုံးသားနှင့် ခံစားမိလိုက်သည့် သူ့ကိုယ်သူ နောင်တကြီးစွာရလိုက်၏။ မှားသွားပြီ။ ဒီအမှားဟာ ငါ့ရဲ့စာမျက်နှာကြီးကို တွန့်ကြေသွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီ. . .။ မိုးဇက်. . . နရီခေတ်. . . နင်တို့အတွက် ငါ ဘာဆက်လုပ်လို့ရနိုင်ပါ့မလဲ. . .။ ငါမှားသွားပြီ မိုးဇက်ရေ. . .။

မျိုးဆွေသန်း နာရီကိုကြည့်လိုက်သည်။

အားလုံးပြီးဆုံးသွားပြီ။ သူ ဘယ်လိုမှမမိနိုင်တော့သည့်အနေအထား။

အချိန်က နံနက်ခြောက်နာရီတစ်ဆယ့်ငါးမိနစ်တိတိမှာ. . .။

✠ ✠ ✠

အချိန်က နံနက်ခြောက်နာရီတစ်ဆယ့်ငါးမိနစ်. . .။

ရန်ကုန်မှ မန္တလေးကိုထွက်ခွာမည့် ရထားကြီးသည် ဥဩသံဝါကြီး ဝမ်းတွင်းလှိုက်အောင်လျက် သံဘီးလုံးတွေလည်ပတ်ကာ ရန်ကုန်ဘူတာကြီးထဲမှ ခုတ်မောင်းထွက်ခွာနေပြီ။ ရွှေထွန်းသည် ရန်ကုန်ဘူတာကြီးရှေ့ဘက် ကားပါကင်မှာ ကားကိုချိုးကွေ့မောင်းဝင်လိုက်၏။ မိုးဇက်နှင့်ရွှေထွန်း ကားပေါ်မှအမြန်ဆင်းလိုက်ကာ ဘူတာကြီးကဲသို့ ဒရောသောပါး ပြေးဝင်လာကြသည်။

စကြံန်မှာ လူတွေရှင်းနေပြီ. . .။ အသံတွေလည်း တိတ်ဆိတ်ငြိမ်သက်လျက်. . .။ မိုးဇက်၏ခြေအစုံလည်း တန့်ရပ်သွားသည်။ မိုးဇက်သည် လက်နှစ်ဘက်ကို ဆံပင်တွေကြားထိုးဖွလျက် ဆောက်တည်ရာမဲ့စွာ လူသူရှင်းလင်းနေသော စကြံန်ထဲမှာ ကျိုးကန်းတောင်းမှောက်မျက်ဝန်းဝဲလည်ခတ်ကာ ရှာကြည့်နေသည်။ သူတွေ့လိုက်ပါပြီ။ ခပ်ဝေးဝေးက စကြံန်ခုံတန်းပေါ်မှာ ခေါင်းငိုက်စိုက်မျက်လွှာချလျက် ကြေကွဲရင်နှင့် ထိုင်နေလေသည့်ကြယ်ကြယ်. . .။ သူသည် ကြယ်ကြယ်ရှိရာသို့ အပြေးလှမ်းလိုက်၏။

ကြယ်ကြယ့်ရှေ့မှာ အမောတကောနှင့်သူရပ်လိုက်သည်။





"ကြယ်ကြယ်. . . ခေတ်. . . ခေတ်. . . ခေတ်ဘယ်မှာလဲ ခေတ် ဘယ်မှာလဲဟင်"

ငိုက်စိုက်ချထားသော ကြယ်ကြယ့်မျက်နှာလေး ဖြည်းလေးစွာမော့လာသည်။ ကြယ်ကြယ့်မျက်ဝန်းမှာ မျက်ရည်စတွေနှင့်ပါလား. . .။ နှုတ်ခမ်းတွေက ဖွင့်ဟမဖြေနိုင်။ ကြယ်ကြယ် ခေါင်းကိုရမ်းခါသည်။ သူသည် ကြယ်ကြယ်၏ပခုံးနှစ်ဘက်ကို အားမလိုအားမရနှင့် ဆွဲကိုင်လှုပ်လိုက်၏။

"ပြောပါဦး. . . ပြောပါဦး. . . ကြယ်ကြယ်ရယ်. . . ခေတ်ဘယ်မှာလဲ၊ ခေတ် ဘယ်မှာလဲဗျာ"

ကြယ်ကြယ်သည် သူ့မျက်နှာကို တွေတွေကြီးကြည့်နေ၏။ ကြယ်ကြယ့်မျက်ဝန်းမှ မျက်စတွေ ပြည့်လျှံစီးကျလာသည်။

"ပြန်တွားပြီ. . . ပြန်တွားပြီ တား. . .၊ တူ ခြောက်နာရီဆယ်မိနစ်ထိ တားကို စောင့်နေတေးတယ်. . .၊ တူ. . . တိပါပြီတဲ့၊ မိုးဇက်ဟာ အဲလိုပါပဲတဲ့၊ ခေတ်ကို တမင်ချိုးလိုက်တာပါ. . . တဲ့၊ ဒါပေမယ့်တူ့အပေါ်မှာ အခုလိုချိုးလိုက်ရလို့ မိုးဇက် ပျော်တွားတယ်ဆိုရင် တူကျေနပ်ပါတယ်. . . တဲ့၊ ညတစ်ဝက်စာလေး ပျော်ရွှင်ကြည်နူးမှုပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ မိုးဇက်ကိုပြောပေးပါ. . . တဲ့၊ ခေတ်နဲ့မိုးဇက်ရဲ့ရေစက်ဟာ ဒီမှာပဲ ပြီးဆုံးတွားပါပြီ တိတိကြယ်ရယ် . . . တဲ့၊ ငိုပြီး ပြေးထွက်တွားတယ်၊ တူပြန်တွားပြီ၊ ညိုမှိုင်းနဲ့လက်ထပ်ဖို့တူ ပြန်တွားပြီ. . .၊ တူ. . . တားကို စိတ်နာတွားပြီ၊ တား. . . ဘာလို့အခုမှရောက်လာရတာလဲ၊ အခုမှ ဘာလို့ ရောက်လာရတာလဲ မိုးဇက်ရယ်"

ကြယ်ကြယ့်ပခုံးကို အုပ်ကိုင်ထားသော သူ့လက်တွေပြေလျော့သွားသည်။ ရင်မှာ နင့်သက်ခြင်းကြီးစွာ ယူကြုံးမရနှင့် နှလုံးအိမ်ကိုရိုက်ပုတ်ခွဲချေနေသည်။ စိတ်အစဉ်သည် ချွန်းလွှတ်လျက်. . .။ တဒင်္ဂ



www.burmeseclassic.com

www.burmeseclassic.com



ဆောက်ဘည်ရာကင်းမဲ့သွားသည်။ ရင်မှာ မွန်းကြပ်ပိတ်လှောင်နေပြီ။ သူ့ရှုးတစ်ယောက်လိုပင် အံကြိတ်လျက် ဦးခေါင်းကိုသာ အကြိမ်ကြိမ် ရမ်းခါနေမိသည်။

သူ့ ဘာမှ မတတ်နိုင်တော့ပါ. . .။

စကြိန်ကွန်ကရစ်ခင်းပေါ်မှာ အားလျော့စွာ ခေါင်းကိုင့်ချလျက် ဒူးထောက်ကျသွားပါတော့သည်။

အခုတော့လည်း တကယ်ပဲ အားလုံးဟာ . . .

ပြီးဆုံးသွားခဲ့ပြီပေါ့. . .။

ဒီတစ်ခါတော့ ငါ ဘာမှကိုမတတ်နိုင်တော့ပါဘူး ခေတ်ရယ်။

✠ ✠ ✠

အဲလိုပါပဲ. . .

သူတို့နှစ်ယောက်ဟာ အမြဲတမ်း တွေ့တွေ့ပြီးလွဲခဲ့ကြရတာပါ။

ငါးမိနစ်ဆိုတဲ့အချိန်ကလေးမှာပဲ နှစ်ဦးစလုံးဟာ တစ်ဘဝလုံး ဝေးကွာသွားရတဲ့အဖြစ်ရယ်ပါလား. . .။

✠ ✠ ✠





နီပိုး



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကားကို ဒီထက်အရှိန်လျှော့လို့မရတော့ဘူးလား"

ဘီးလိမ့်ရုံသာသာမောင်းနေသော ထွေးကိုအား ခေတ် အငေါ့တူးစကားဆိုသည်။ ထွေးကို ပခုံးနှစ်ဘက်တွန့်ရုံလေးတွန့်သည်။

"စိတ်ဆိုးပြေသွားပြီလား အစ်မလေး၊ ကျွန်တော် ကားကို ဘူတာဘက်ပြန်ကွေ့လိုက်ရမလား"

"အလုပြင်ဆိုင်ကိုပဲမောင်းပါရှင်၊ ကျွန်မ တစ်ခါ ထပ်ပြီး အရှုံးလုပ်မခံပါရစေနဲ့တော့"

ထွေးကို သက်ပြင်းချသည်။ ကားကို စက်ရှိန်နည်းနည်းမြှင့်သည်။

"အခု အစ်မလေးကြုံသလိုမျိုးပဲ ကျွန်တော်လည်း တစ်ချိန်က ကြုံခဲ့ဖူးတယ်၊ ဆယ်မိနစ်ဆိုတဲ့အချိန်လေး နောက်ကျလိုက်တာနဲ့ ချစ်သူနဲ့ တစ်သက်လုံးဝေးခဲ့ရတယ်။ အချစ်ဆိုတာ ဝေးသွားမှ ပိုပြီး ခံစားကြရတာပါ"

ခေတ် မျက်နှာကိုလွှဲလိုက်သည်။ အကြည့်ကို လွှဲလို့ရပေမယ့်

www.burmeseclassic.com



အာရုံက လွဲလို့မရ။

"ဒါပေမယ့် အခုကျတော့ရော သူမရှိလည်း ရှင် နေလို့ရနေတာပဲ မဟုတ်လား"

ခေတ်စကားကြောင့် ထွေးကို 'ဟက်'ကနဲရယ်သည်။ ပြီးမှ. . .

"နေလို့တော့ရတာပေါ့၊ ဒါပေမယ့် မတူတော့ဘူးလေ၊ ဘဝဆိုတာ အဓိပ္ပါယ်မလေးနက်တော့သလိုမျိုးကြီး ခံစားရတယ်။ တစ်ခုခုလုပ်တိုင်း ငါ ဘာရည်ရွယ်ချက်နဲ့ ဒါကြီးကိုလုပ်နေတာလဲဆိုတဲ့ မေးခွန်းကြီးကို ခဏခဏ ကိုယ့်ကိုယ်ကို ပြန်မေးနေမိတယ်။ အရာတိုင်းမှာ တစ်ခုခုလိုသလိုမျိုးကြီး အမြဲဖြစ်ဖြစ်နေတယ်။ သူမရှိတော့တဲ့ဘဝဟာ ခန္ဓာကိုယ်ထဲက အရေးပါတဲ့အစိတ်အပိုင်းတစ်ခုကို ဆွဲထုတ်ယူသွားသလိုပါပဲ၊ သူလည်း ကျွန်တော့်လိုပဲရှိနေတယ်လေ. . ."

အိုး. . . ဒီလူ ဘယ်လိုလူပါလိမ့်၊ တက်ဇီမောင်းနေလို့သာ တော်တော့သည်။ သူ့စကားတွေက ခေတ်ရင်ကိုထိခတ်နေသည်။ မိုးဇက်ရယ် နင်ရော အဲလိုမျိုးရှိမှာလားဟင်၊ မဟုတ်ဘူး၊ နင် ငါ့ကိုချိုးနေတာ ငါသိတာပေါ့။

"ကျွန်တော် ကားကို ပြန်လှည့်လိုက်တော့မယ် အစ်မကြီး"

"မလှည့်နဲ့၊ ကျွန်မ အလှပြင်ဆိုင်ကိုပဲပြန်မယ်၊ ကျွန်မ ဆုံးဖြတ်ပြီးပြီ"

ခေါင်းမာလိုက်သည့်ကလေးမ၊ သည်ကလေးမကို ထွေးကိုနားချ၍ရနိုင်မည်မဟုတ်တော့။ ကားက အလှပြင်ဆိုင်ကိုရောက်ဖို့ သုံးလမ်းသာလိုတော့သည်။ သည်မှာပင် ဟန်းဖုန်းမြည်သံက ငြိမ်ဆိတ်ထုထည်အား ခွဲဖြိုချလိုက်သည်။ ကြည်ကြယ်ဖုန်းအား ခေတ် ပြန်မပေးခဲ့ရပါလား. . .။ ခေတ်သည် ဟန်းဖုန်းပေါ်မှနံပါတ်အား ငေးကြောင်ကြည့်နေမိ၏။ ဦးမိုးတော့မဟုတ်. . .။ ဘယ်သူ့ဆီကပါလိမ့်. . .။ ခေတ် ဖုန်းဖွင့်လိုက်၏။





"ဟယ်လို"

"နရီခေတ်. . . နရီခေတ်လား. . . ဖုန်းမချလိုက်နဲ့နော်. . . ကျွန်တော် ခင်ဗျားကို အရေးကြီးတဲ့စကားပြောမလို့"

"ရှင်. . . ဘယ်သူလဲ"

"မျိုးဆွေသန်းပါ"

"... ... ..."

"... ... ..."

✠ ✠ ✠

အမှတ်(၁)စကြံန်မှ သံလမ်းမကြီးသည် သူ၏ခြေထောက်ရှည်ကြီးနှစ်ခုကို မန္တလေးထိဆန့်တန်းထားလျက် တောင့်တောင့်ကြီးလဲလျောင်းနေသည်။ စကြံန်သည် လူတစ်ဦးစနှစ်ဦးစနှင့် ယခုမှ ပြန်လည်သက်ဝင်စပြုလာသည်။ စကြံန်ကွန်ကရစ်ခင်းပေါ်မှာ မိုးဇက်သည် ခြေတစ်ဘက်ဒူးထောက်၊ တစ်ဘက်ကို ဒူးထောင်လျက်ထောင်ထားသော ခြေပေါ်မှာ လက်တစ်ဘက်တံတောင်ကွေးကာ နဖူးတင်မျက်နှာငုံ့ချ မလှုပ်မယှက်ကြီးထိုင်နေ၏။ မိုးဇက်ရှေ့က ခုံတန်းပေါ်မှာ ကြယ်ကြယ်သည် ခြေတစ်ဘက်စင်းစင်းလေးချ ကျန်တစ်ဘက်ကို ပေါ်ပေါ်လိမ်ယှက်တင်လျက် မလှုပ်မယှက်ကြီးထိုင်နေ၏။

ခပ်လှမ်းလှမ်းမှ တည့်တည့်ထိုင်၍ကြည့်လျှင် မိုးဇက်လက်နှစ်ဘက်ပုံစံသည် အသဲတစ်ခြမ်းပုံဖြစ်နေ၍ ကြယ်ကြယ်၏ ရှူးဖိနပ်ဦးလေးနှင့် ခြေသလုံးလေးနှစ်ခုအနေအထားသည် အသဲတစ်ခြမ်းပုံဖြစ်နေသည်။ သူတို့နှစ်ဦး၏ကြားတွင် အသဲနှလုံးပုံစံလေးလစ်ဟာနေ၏။ အသဲနှလုံးပုံဖြစ်နေသောမြင်ကွင်းထဲမှာ တဒေါက်ဒေါက်နှင့် မျဉ်းဖြောင့်လှမ်းရွေ့လာနေသော ခွာမြင့်ဘိနပ်ကလေးနှင့် ခြေထောက်ဖွေးဖွေးလေးဝင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာ၏။ ခြေထောက်လှလှလေးတွေသည် ဝေးရာမှ တဖြည်းဖြည်း နီးလာကာ သူတို့အနီးမှာရပ်သွားသည်။ ကြယ်ကြယ် နှုတ်ခမ်းလေးပြုံးသွားကာ မျက်လုံးလေးဝင့်ကြည့်လိုက်သည်။ မိုးဇက် မျက်နှာကို အသာမော့ကြည့်လိုက်မိသည်။

"ဟင်. . . ခေတ်. . . ခေတ်. . . နင်ပြန်လာတယ်နော်"

ချစ်သူရဲ့အပြုံးဟာ ပန်းတစ်ပွင့်ပွင့်သလိုပါပဲ၊ ခေတ်က သူ့ကို ပြုံးပြီးကြည့်နေသည်။ ခေတ်၏မျက်ဝန်းမှာလည်း မျက်ရည်စတွေ ဝေ့သီလျက်ပါလား. . .။

"မထပါနဲ့ဦး မိုးဇက်ရယ်၊ ငါ့အတွက် နင်ခံစားနေရတဲ့ပုံစံလေး မြင်ရတာ ငါကြည်နူးလို့ပါ၊ Please ကျေးဇူးပြုပြီး အဲလိုလေးဆက်နေပေးပါ"

"တော်ပြီဟာ. . . ငါညောင်းနေပြီခေတ်ရဲ့"

ဘယ်လောက်ကြာအောင် ဒီကောင် ထိုင်နေသည်မသိ။ အထလိုက်မှာ ဒူးညွှတ်ကာ ခန္ဓာကိုယ်ယိုင်သွားသည်။ ခေတ်က မိုးဇက်ကို လှမ်းပြီးထိမ်းကိုင်လိုက်ရ၏။

"ခေတ်. . . နင် ငါ့ဆီ တကယ်ပဲပြန်လာတာပေါ့နော်"

"ပြန်လာမှာပေါ့၊ နင့်ကို Lesson ပေးချင်လို့သာ လူက ခဏထွက်သွားတာ၊ စိတ်ကတော့ ဒီမှာပဲချန်ထားခဲ့တာပဲလေ"

"အိုး. . . ငါပျော်လိုက်တာခေတ်ရယ်"

လောကကြီးကိုမေ့နေသော သူတို့နှစ်ယောက်အတွက် ကြယ်ကြယ် ရှိနေသေးသည်ဆိုသော သတိဝင်လာစေဖို့ ကြယ်ကြယ်က တစ်ချက်ချောင်းဟန့်သည်။

"အဟမ်း. . . အလွမ်းသယ်လို့ပြီးကြပြီလား၊ ရထားတော့မမီတော့ဘူး၊ မိုးဇက်. . ခေတ်ကို မင်းရဲ့ကားနဲ့ပဲ မန္တလေးခေါ်သွားပေတော့"





ကျေးဇူးရှင် ကြယ်ကြယ့်ကို နှစ်ဦးသား ဦးညွှတ်မိလိုက်သည်။

သည်တော့မှ ခေတ်၏နောက်မှာရပ်နေသော ထွေးကိုကို ကြယ်ကြယ် မြင်တွေ့သွားသည်။

"မင်းတော်ပါတယ် ထွေးကို၊ ငါတင်ပေးလိုက်တဲ့အတိုင်းပြောပြီး မင်း ခေတ်ကို ပြန်ခေါ်လာနိုင်တာပဲ"

ခေတ် နှုတ်ခမ်းလေးဝလုံးလေးလိုဝိုင်းသွား၏။

"ဟင်. . . ကားပေါ်မှာ သူပြောခဲ့တာတွေက သူ့ရဲ့ရင်တွင်းဖြစ်မဟုတ်ဘဲ တီတီကြယ်ရဲ့ ကော်ပီတွေပေါ့၊ ဟုတ်လား တီတီကြယ်"

ကြယ်ကြယ် အပြုံးနှင့်ဝန်ခံသည်။

"ပိုက်ထဲဝင်လာတဲ့ငါးကလေး ပြန်ပြီးခုန်ထွက်မသွားဖို့က အစိကပဲလေ. . .။ ဒါကြောင့် တကယ်လို့ ဘယ်လိုဖြစ်လာရင် ဘယ်လိုလုပ်ဆိုတာ အဆိုးကိုလည်း ကြိုပြီး တူ့ကိုတင်ထားခဲ့တာ၊ ပင်နယ်တီကန်ခွင့်ရတဲ့ဘောလုံးကို ပြန်အန်ထွက်လာလည်း ဂိုးထဲပြန်ကန်သွင်းဖို့ အတင့်စောင့်ခိုင်းခဲ့တဲ့တဘောပါကွယ်"

အစီအစဉ်ကျလှသော တီတီကြယ်၏မျှော်မြင်ခြင်းကို ခေတ် အံ့သြမိပါသည်။ ဒါပေမယ့် ပြုံးနေသောကောင်မလေးခေတ်သည် ဦးခေါင်းကို အသာလေးရမ်းခါပြလိုက်၏။

"သူပြောတုန်းကတော့ ခေတ် ပထမ စိတ်ကလေးယိုင်သွားတာကို ဝန်ခံပါတယ်။ ဒါပေမယ့် ခေတ် ဒီကို ယတိပြတ်ပြန်လာဖြစ်တာက မျိုးဆွေသန်းက အဖြစ်မှန်ကိုဖုန်းဆက်ပြီး အချိန်မီ လှမ်းပြောလိုက်လို့ပါ၊ ဟိုမှာလေ. . . မျိုးဆွေသန်းလည်း ဒီကိုလိုက်လာနေပြီ"

ယခုတော့လည်း သူမဟုတ်သလိုမျက်နှာနှင့် မျိုးဆွေသန်းတစ်ယောက် သူတို့အနီးရောက်လာသည်။ မိုးဇက် ပြုံးရယ်လျက်နှင့်ပင် မျိုးဆွေသန်းအား လက်သီးနှင့်ချိန်ရွယ်လိုက်၏။

"ငကျောင်း မင်း တော်တော်ဆိုးတဲ့ကောင်ပဲ၊ ခေတ် ငါ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



လက်သီးနဲ့ထိုးမလို့ နင် မဆွဲရဘူးနော် ဟားဟားဟား"

"မဆွဲပါဘူး မိုးဇက်ရဲ့၊ နင်ဘာဖြစ်ဖြစ် ငါ နင့်ကိုမဆွဲဘူး"

"င. . . င. . . ကျောင်း. . . ငါ. . . ငါ. . . မင်းရဲ့ထိပ်ကို ဖြတ်. . . ဖြတ်. . . ဖြတ်မလို့၊ လက်. . . လက်. . . လက်ကိုပြောတာ"

ပျော်နေသော သူတို့တသိုက်ကိုကြည့်ကာ ကြယ်ကြယ် တစ်စုံတစ်ခုကိုတွေးမိလိုက်ပြီး မျက်နှာပျက်သွားသည်။ ကြယ်ကြယ်သည် မျိုးဆွေသန်း၏မျက်နှာကို ကြည့်လိုက်၏။

"တား. . . မျိုးဆွေတန်း. . . ခုမနက် တားဆီ ဘယ်တူဖုန်းဆက်တေးလဲ"

"ကိုညိုမြိုင်းဆက်တယ်လေ၊ မိုးဇက်ဘယ်မှာရှိလဲမေးတာ၊ ကျွန်တော့်ကို မယုံသက်ာနဲ့လေ"

မျိုးဆွေသန်းစကားကြောင့် ကြယ်ကြယ် မျက်လုံးပြူးသွားသည်။

"တား. . အခု ဒီကိုလိုက်လာတော့ ကားကို ဘယ်မှာရပ်လိုက်တာလဲ"

"ကျွန်တော်က တက်စီနဲ့လာတာ၊ သမ္မတခုံရှေ့ရပ်တယ်၊ ဒီဘက်ကို မာရသွန်ဖြတ်ပြေးလာခဲ့တာ"

ကြယ်ကြယ် ခေါင်းနဘမ်းကြီးသွားသည်။

"အား. . . ထင်တားပဲ၊ အာရုံတွေရနေတာ၊ ထင်တဲ့အတိုင်းပဲ၊ တား မိုးဇက် အချိန်မရှိတော့ဘူး၊ အခုပဲ ခေတ်ကိုခေါ်ပြီး ဟိုစတိုးဆိုင်ထဲ အကူအညီတောင်းပြီးဝင်ပုန်းနေ၊ မြန်မြန်တွား. . . တွားလေ"

မိုးဇက် ခေတ်လက်ကိုဆွဲကာ ဘုမသိဘမသိနှင့် စတိုးဆိုင်လေးရှိရာပြေးထွက်ခဲ့သည်။ ဆိုင်ရှင်အစ်ကိုကြီးက သဘောပေါက်စွာကူညီသည်။ နှစ်ဦးသား ဆိုင်ရှင်၏ထိုင်ခုံနံဘေး အောက်ဖက်မှာ ငုတ်တုတ် ကျုံ့ကျုံ့လေးထိုင်လျက်ပုန်းအောင်းမိသည်။ လက်မတင်လေးပါပဲ။ မိုးဇက်တို့ပုန်းမိခိုက်မှာပဲ ညိုမြိုင်းတစ်ယောက် ဘူတာထဲပြေးဝင်လာ





သည်။ ခုံတန်းပေါ်မှာထိုင်နေကြသော ကြယ်ကြယ်တို့ကိုမြင်တော့ ကြယ်ကြယ်တို့ရှိရာသို့ ညိုမြိုင်း အမောတကောပြေးလာ၏။ သြော်. . . မိုးဇက်တို့ကတော့ ဖြစ်လိုက်ရင်ဒီလိုချည်းပါပဲလား။

✠ ✠ ✠

ဖြစ်ပုံက နံနက်ခြောက်နာရီတစ်ဆယ်မိနစ်တွင် မိုးမြင့်ခေတ်ထံသို့ အစ်မလတ် ဒေါ်စန္ဒီခေတ် ဖုန်းဆက်ခြင်းက ပြန်စကြည့်ကြရမည်ဖြစ်ပါသည်။

"ကိုမိုး. . . မောင်လေး. . . ကိုယ်ကျိုးတော့နည်းပြီ. . . ခေတ် . . . ခေတ်. . . တူမခေတ်မရှိတော့ဘူး ကိုမိုးရဲ့၊ ဘယ်လိုလုပ်ကြမလဲ"

"ဗျာ. . . ဘာ. . . ဘာ. . . တူမခေတ်မရှိတော့ဘူးဟုတ်လား . . . အား. . . ကျွန်တော်ပြောတယ်၊ အတန်တန်သတိပေးလျက်နဲ့ ခေါင်းမလျှော်ပါနဲ့လို့ ပြောထားပါလျက်နဲ့. . . ကျ. . ကျ. . . ကျွန်တော့် တူမလေး ကျွန်တော့်တူမလေး"

"ဟဲ့. . . နင် ဘာတွေပြောနေတာလဲ၊ အခုဟာက လူမရှိတော့တာဟဲ့ မုန့်ဟင်းခါးစားဆိုပြီး ပျောက်သွားတာ၊ ထွက်ပြေးသွားတာဟဲ့"

"ဗျာ. . . ဒါဆို ဒီကောင်မလေး မင်္ဂလာမဆောင်ချင်လို့ ထွက်ပြေးသွားတာပေါ့၊ ဘယ်လိုလုပ်ကြမလဲ အစ်မလတ်"

"ဟဲ့. . . ငါဘာလုပ်ရမှန်းမသိလို့ နင့်ကိုမေးနေတာပေါ့ ငပေါရဲ့"

"နေ. . . နေဦး. . . ကျွန်တော် ညိုမြိုင်းဆီ ဖုန်းဆက်လိုက်မယ် အစ်မလတ် အဲဒီကပဲစောင့်နေ၊ ဖုန်းဖွင့်ထားနော်"

မိုးမြင့်ခေတ် ညိုမြိုင်းဆီသို့ဖုန်းဆက်သည်။ ညိုမြိုင်း ဖုန်းကမအား။ အရေးထဲမှာမှ ခွေးမသား ဘယ်သူနှင့်ဖုန်းပြောနေပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ ညိုမှိုင်းနှင့် ဆက်သွယ်၍ရသည်။ စိတ်ကမရှည်ချင်တော့။

"ခိုးတဲ့မှပဲ ညိုမှိုင်းရာ၊ အရေးကြီးပါတယ်ဆိုမှ မင်း ဘယ်အစုတ်အပြတ်နဲ့ စကားပြောနေရတာလဲ၊ ဒီမှာ ခေါင်းမီးတောက်နေပြီကွ"

"ကျွန်တော် ဆရာကျောင်းနဲ့စကားပြောနေတာပါ၊ ဘာတွေဖြစ်လို့လဲ အစ်ကိုကြီး၊ ခေတ်ရော အလုပြင်လို့ပြီးပြီလား"

"ဟော့ကောင် . . . ခေတ် ထွက်ပြေးသွားပြီကွ၊ အဲဒါပဲ ငါတို့ဘယ်လိုရှာကြမလဲ၊ ဘယ်ကိုလိုက်ကြမလဲ အဲဒါပဲ ညိုမှိုင်း"

"ဗျာ"

တဒင်္ဂ၌ ညိုမှိုင်းတစ်ယောက် ကမ္ဘာကြီးနှင့် အဆက်ပြတ်သွားပုံရသည်။ အချိန်အတန်ကြာသည်ထိ ညိုမှိုင်းထံမှ တုံ့ပြန်သံမကြားရ။

"ဟော့ကောင် . . ညိုမှိုင်း . . . ညိုမှိုင်း . . . ဟ . . . ဖြေပါဦး . . ညိုမှိုင်းရ"

"ဗျာ . . . အစ်ကိုကြီး . . . ကျွန်တော်စဉ်းစားနေလို့ပါ၊ ဒီလိုလုပ်ရအောင်၊ ကျွန်တော် ဆရာကျောင်းဆီလိုက်မယ်၊ အစ်ကိုကြီးက မိုးဇက်အိမ်ကိုသွားပြီးစုံစမ်း၊ လူစုခွဲပြီးလိုက်ရအောင်လေ"

"အေး . . . မိုးဇက်ရဲ့အိမ်က ဘယ်မှာလဲ"

"ဟို စတိုးဆိုင်ပဲလေ၊ ဝဿန်မိုးစတိုးဆိုင်ပေါ့"

"ဟင် . . . အဲဒါ မင်းရဲ့စတိုးဆိုင်မဟုတ်လား"

"မဟုတ်ဘူး အစ်ကိုကြီး၊ အဲဒါက မိုးဇက်ရဲ့စတိုးဆိုင်ပါ"

"မင်း . . . မင်းပြောတော့ . . . ကြယ်ကြယ်ပြောတဲ့စတိုးဆိုင် ကကောင်လေးဟာ မင်းပါဆို၊ အဲဒီစတိုးဆိုင်ဟာ မင်းဆိုင်လို့ပြောခဲ့တာလေ"

"အာ . . . အစ်ကိုကြီးကလည်း အဲဒီစတိုးဆိုင်က ဘယ်လောက်တန်ဖိုးရှိလို့လဲ၊ ကျွန်တော်ချမ်းသာတာ မဟုတ်ပါ့မလား"

"မင်းချမ်းသာတာ မချမ်းသာတာက အဓိကမဟုတ်ဘူး ညို





မှိုင်း၊ ငါ့အတွက်တော့ ကြယ်ကြယ့်စကားကသာ အဓိကပဲ၊ ကြယ်ကြယ်ပြောတဲ့ စတိုးဆိုင်ကကောင်လေးဆိုတာသာ အဓိကပဲ၊ မင်း ငါ့ကို ဘာလို့ အဲဒီစတိုးဆိုင်ဟာ မင်းဆိုင်လို့လိမ်ပြောခဲ့တာလဲကွာ"

"အခုမှတော့ အဲဒါတွေပြောမနေပါနဲ့တော့ အစ်ကိုကြီးရာ၊ ကျွန်တော် ခေတ်ကို တကယ်ချစ်တာပါ၊ နေဦး . . ကျွန်တော် . . . ကားမောင်းနေတာ ဆရာကျောင်းအိမ်ရှေ့ရောက်တော့မယ်၊ အဲ . . . ဆရာကျောင်း သူ့အိမ်ရှေ့မှာဗျ၊ ဘယ်သူနဲ့ဖုန်းပြောနေတာလဲမသိဘူး၊ ဟော . . . တက္ကစီကားကိုတားနေတယ်၊ တက်သွားပြီဗျ၊ ကျွန်တော် သူ့နောက်ကိုလိုက်မယ်၊ အစ်ကိုကြီးဆီဖုန်းထပ်ဆက်လိုက်မယ်"

ဤသည်မှစ၍ မျိုးဆွေသန်း၏နောက်မှာ ညိုမှိုင်း လိုက်လာခြင်းဖြစ်သည် ။ မျိုးဆွေသန်းက သမ္မတရုံရှေ့ဆင်းကာ ဘူတာဘက်ဖြတ်ပြေးလာတော့ ကားနှင့်လိုက်ရသည့်ညိုမှိုင်းတစ်ယောက် တစ်ပတ်ကြီးပတ်ကာ ဘူတာကိုပြန်ဝင်ရခြင်းဖြစ်သည်။ သည်တစ်ခါတော့ ကံကြမ္မာက မိုးဇက်တို့ကို ပုန်းချိန်ရဖို့ လက်မတင်လေး အလေးသာပေးလိုက်ခြင်းပဲဖြစ်မည်ထင်၏။

✠ ✠ ✠

ကြယ်ကြယ်သည် မျိုးဆွေသန်းနှင့်ရွှေထွန်းကို နံဘေးမှာ ခြံရံလျက် စကြိန်ခုံတန်းပေါ်မှာ အေးအေးဆေးဆေးထိုင်နေ၏။ ညိုမှိုင်းသည် ဒေါသတကြီးနှင့် ကြယ်ကြယ်တို့ရှေ့မှာ ရပ်လိုက်သည်။

"ခေတ် . . . ဘယ်မှာလဲ၊ မိုးဇက်ဘယ်မှာလဲ၊ ခင်ဗျားတို့ သိကိုသိရမယ်၊ မပြောရင် ခင်ဗျားတို့ကိုဖမ်းချုပ်မယ်"

ကြယ်ကြယ့်နှုတ်ခမ်းလေးပြုံးသွားသည်။ တည်တည်ငြိမ်ငြိမ်ပါ ညိုမှိုင်း၏မျက်ခုံးနှစ်ဘက်ကြားကို စူးစိုက်ကြည့်လိုက်သည်။ ညိုမှိုင်း



www.burmeseclassic.com

www.burmeseclassic.com



သည် စက်ဝိုင်းပျောက်လေးဖြစ်သွား၏။

"ခေတ်က ဘယ်အချိန်က ပျောက်တွားတာလဲ ညိုမှိုင်း"

"ခြောက်နာရီမထိုးခင်ကဗျ"

"ခု မနက်ရထားက ဘယ်အချိန်ထွက်တာလဲ ညိုမှိုင်း"

"ခြောက်နာရီတစ်ဆယ့်ငါး. . . ဒါ. . ဒါ. . . ဒါဆို. . . သူ . . . သူတို့. . ."

ကြယ်ကြယ်ရယ်သည်။ ညိုမှိုင်းသည် ကတုန်ကယင်နှင့် မိုးမြင့်ခေတ်ဆီဖုန်းခေါ်လိုက်သည်။ မိုးမြင့်ခေတ် ဖုန်းမကိုင်ပါ။

"ဘာဖြစ်တာလဲ. . . အစ်ကိုကြီးကိုမိုး ဘာလို့ ဖုန်းမကိုင်တာလဲ"

"မင်းလိမ်ညာထားတဲ့ကိစ္စ တူ အခုမှတိလိုက်လို့နေမှာပေါ့ ညိုမှိုင်းရယ်၊ ခုချိန်မှာ တူ့ခေါင်းထဲမှာ ကြယ်ကြယ်ပဲရှိနေမှာလေ၊ မှတ်ထား ညိုမှိုင်း မိုးမြင့်ခေတ်ဆိုတာ ကြယ်ကြယ့်စကားတစ်ခွန်းကိုပဲ ကမ္ဘာကြီးတည်ထားတဲ့တူကွဲ့"

ကြယ်ကြယ်ရယ်သည်။ ကြယ်ကြယ့်ရယ်သံအောက်မှာပင် ညိုမှိုင်း ချာကနဲလှည့်ထွက်သွားတော့သည်။

✠ ✠ ✠

နရီခေတ်နှင့်မိုးဇက်တို့သည် ကြယ်ကြယ့်အားကန်တော့ပြီး ထလိုက်ကြ၏။

"ညိုမှိုင်းကတော့ ကမူးရှူးထိုးနဲ့ မန္တလေးကိုလိုက်တွားမှာပဲ ဒါပေမယ့် တေတောချာချာစဥ်းစားပြီးတော့ ပဲခူးမရောက်ခင်မှာပဲ တူ လှည့်ပြန်လာလိမ့်မယ်၊ ဒါ့ကြောင့်လည်း တားတို့လမ်းခရီး အနှောင့် အယှက်ကင်းအောင် ဟောဒီဟာလဝါလေးနဲ့အတူ ပတိန်(ပုသိမ်)တို့





တွားခိုင်းလိုက်တာလေ၊ ကဲ. . . တားနဲ့ခေတ်လေး ဒီက ရှေ့မှာ ခဏ လမ်းဖြောင့်တန်းပါပြီကွယ်"

ရွှေထွန်းသည် ရှေ့မှထွက်သွား၏။ မိုးဇက်သည် ခေတ်၏ လက်ကလေးကိုဆွဲကိုင်လျက် ဘူတာထဲမှထွက်သွားသည်။ ဒီကရှေ့မှာ သည်လက်ကလေးနှစ်ဖက် မြဲမြံစွာ တွဲဖက်မဖြုတ်ရှိကြပါတော့မည်။

စကြံန်ခုံတန်းလေးပေါ်မှာ မျိုးဆွေသန်းနှင့်ကြယ်ကြယ်သာ ကျန်တော့သည်။ မျိုးဆွေသန်းသည် ကြယ်ကြယ်၏မျက်နှာအား ဘေးတိုက်ငေးကြည့်နေမိ၏။ ကြယ်ကြယ် ပင်ပန်းနေပြီ။

'ကောင်ထီးမကြီး မိုးဇက်ကို ကြိုက်နေလို့များ သည်လောက်ကူညီနေတာလား' ဟု မျိုးဆွေသန်း တွေးနေမိလေသည်။ ကြယ်ကြယ်သည် မျိုးဆွေသန်းကို လှည့်မကြည့်ပါ။

"ကောင်ထီးမကြီး မိုးဇက်ကိုကြိုက်နေလို့များ သည်လောက်ကူညီပြီး လုပ်ပေးနေတာလားလို့ မဟုတ်မဟပ်တွေးနေတာမဟုတ်လား မျိုးဆွေတန်း၊ မှတ်ထား. . . တား၊ အော်ဇီကြယ်ကြယ်ကြိုက်တဲ့ ယောကျ်ားတားဟာ ကမ္ဘာပေါ်မှာ ဘရက်ပစ်တစ်ယောက်ပဲရှိတယ်၊ ကံကြမ္မာဟာ မိုးဇက်နဲ့နရီခေတ်ကို တော့လွဲတွေ့ပဲလွဲစေခဲ့တယ်၊ အဲဒီ ကံကြမ္မာကို အော်ဇီကြယ်ကြယ်က အနိုင်ယူပြမယ်၊ ကံကြမ္မာတွေကို အနိုင်ယူချော့တိပ်မယ့်တူဟာ အော်ဇီကြယ်ကြယ်ပဲရှိတယ် တား၊ ဒါကို ဘဘောပေါက်ထား"

ပြောပြီးနောက် လောကကြီးကို သဘောကျစွာ ကြယ်ကြယ် ရယ်ပစ်လိုက်သည်။ ကြယ်ကြယ့်ရယ်သံသည် သက်ဝင်စ ဘူတာစကြံန် ဘလျှောက် စီးလွှင့်မြောပျံ့သွားလေသည်။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com



အချစ်ကို ပန်းသီးနှင့်တင်စားကြသည်။
ဧဝသည် အာဒံ၏နံရိုးတစ်ချောင်းဖြစ်သည်။
နံရိုးထဲမှာ ဗုံးတစ်လုံးရှိနေသည်။
သည်ဗုံး ရုတ်တရက်ပေါက်ကွဲခဲ့လိုက်သည့်အချိန်မှာ
သူတို့အားလုံး သွေးပျက်ခဲ့ကြကာ .
ညတွင်းချင်းပဲ
ပန်းသီးတစ်လုံးပြန်လည်တည်ဆောက်ခဲ့ကြရသည်။
ပန်းသီးထဲမှာ နံရိုးရှိနေသည်။
နံရိုးထဲမှာ ဗုံးရှိနေသည်။

နီကိုရဲ

BURMESE CLASSIC .com

www.burmeseclassic.com